www.dhammaransi.com

# ပရိတ်ကြီးလက်စွဲ

(ဦးဓမ္မာဒိဓမ္မာသင်လေး)

၂

www.dhammaransi.com

မြဝတီ
စာပေတိုက်

ဟုတ်သောအကြံ၊ မှန်သောအကျင့်၊
သင့်သောအယူ၊ ဖြူသောနှလုံး၊
သူတော်ထုံးကို
စွဲသုံးသောထွေ မှန်လှစေ။ ။

(ရှင်မဟာရဋ္ဌသာရ)

www.dhammaransi.com


| | |
|---|---|
| ဘာသာရေးဆိုင်ရာ စာမူ ကြိုတင်ပုံနှိပ်ခွင့် အမှတ် | ၆၄၉ |
| မျက်နှာဖုံးပုံနှိပ်ခွင့်အမှတ် | ၃၃ |
| ၁၉၇၇-ခုနှစ် | ဖေဖော်ဝါရီလ၊ ပထမအကြိမ် |
| အုပ်ရေ | ၃၀၀၀ |
| တန်ဖိုး | ၂၅-ကျပ် |
| အဖုံးပန်းချီ | ဦးစိုးလှိုင် |
| အဖုံးရိုက် | မြစ်မခ အော့ဖ်ဆက်<br>၁၁၂၊ ၃၃-လမ်း၊ ရန်ကုန်မြို့။<br>ဓမ္မာစရိယ ဦးမောင်မောင်လေး၊<br>(စာရေးသူ၏မူပိုင်) |
| ထုတ်ဝေသူ | ဒေါ်ဝင်းကြည် (မြဲ-၀၂၁၄၅)<br>ရွှေစင်ဝင်း စာပေ<br>၁၂၉-စုပေါင်းအိမ်ယာ၊<br>သုဝဏ္ဏမြို့၊ ရန်ကုန်။ |
| ပုံနှိပ်သူ | ဒေါ်သန္တာအောင်<br>(မြဲ-၀၂၇၇၃)<br>သတင်းဂျာနယ်ပုံနှိပ်တိုက်၊<br>၇၉၊ ၃၉-လမ်း၊ ရန်ကုန်မြို့။ |

မြစ်မခ အယ်ဒီတာအဖွဲ့က စီစဉ်သည်။

မြစ်မခ စာအုပ် အမှတ်—၂

www.dhammaransi.com

၁၇၉၇၉

( ဘာသာရေး စာစဉ် -၁ )

# မြစ်မခ ပရိတ်ကြီးလက်စွဲ

## ဓမ္မာစရိယ ဦးမောင်မောင်လေး

ပရိတ်ကြီး (၁၁) သုတ် ပါဠိ၊ မြန်မာပြန် အတ္ထုပ္ပတ္တိ စသည်
တို့နှင့် တကွ
ဝတ်ရွတ်စဉ် အန္တရာယ်ကင်း ဂါထာအမျိုးမျိုး
ငါးရံ့မင်း ပရိတ် အာဝေဏိက ဂုဏ်တော်များ
ပါဝင်ပါသည်။

ဖြန့်ချိရေး

မြစ်မခ
စာပေတိုက်

၆၇၄- ကုန်သည်လမ်း (၂၈-လမ်းထောင့်)
ရန်ကုန်မြို့။ ဖုန်း-၇၇၈၀၅။

www.dhammaransi.com

# မြစ်မခ ပရိတ်ကြီး လက်စွဲ

* ပရိတ်ဟူသည် ရဟန်းရှင်လူတို့ ဘေးအန္တရာယ်မှကင်းရှင်းရေး အတွက် ရည်ညွှန်း ဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်များ ဖြစ်ပါသည်။

* မြတ်စွာဘုရား လက်ထက်မှစ၍ ယနေ့အထိ သာသနာ့သမိုင်း တစ်လျှောက်လုံး၌ ဗုဒ္ဓဘာသာဝင် သူတော်စင် တို့သည် ပရိတ်ကြီး (၁၁) သုတ်ကို ယုံကြည်လေးစားစွာ နာယူခဲ့ ရွတ်ဖတ်ခဲ့ကြပါသည်။ ပရိတ်ကြီး၏ အကျိုးကျေးဇူးများကို လည်း ခံစားခဲ့ကြရပါသည်။

* ပရိတ်ကြီး၏ အကျိုးကျေးဇူးကို ခံစားလိုလျှင် ပရိတ်ကြီး ပါဠိကို မှန်ကန်ပီသစွာ ရွတ်ဖတ်တတ်ဖို့လိုသည်။ ထိုပါဠိ၏ အနက်အဓိပ္ပာယ်တို့ကိုလည်း နားလည်ဖို့လိုသည်။

* ဤစာအုပ်တွင် အထက်ပါ လိုအပ်ချက်များနှင့်တကွ ပရိတ် ကြီးနှင့်စပ်သော အခြားသိမှတ်ဖွယ်ရာတို့ကိုလည်း ပြည့်စုံစွာ ဖော်ပြထားပါသည်။

* ပရိတ်ကြီး (၁၁)သုတ်အပြင် ဝတ်ရွတ်စဉ်၊ အန္တရာယ်ကင်း ဂါထာအမျိုးမျိုး၊ ငါးရံ့မင်းပရိတ်နှင့် အာဋာနာဋိယ တော်များလည်း ပါရှိသောကြောင့် ဗုဒ္ဓဘာသာဝင် ရဟန်း ရှင် လူတိုင်း လက်စွဲပြုရမည့် စာအုပ်ဖြစ်ပါသည်။

www.dhammaransi.com

# မြစ်မခ ပရိတ်ကြီး လက်စွဲ

## မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ပရိတ်ကြီး မိတ်ဆက် နိဒါန်း | .... | ၁ |
| ပရိတ်ကြီး ရွတ်ဖတ်နည်း အညွှန်း | .... | ၁၇ |
| ပရိတ္တပရိကမ္မပါဠိနှင့် မြန်မာပြန် | .... | ၂၃ |

၁။ မင်္ဂလသုတ်

| | | |
|---|---|---|
| (က) မင်္ဂလသုတ် ပါဠိ | .... | ၂၇ |
| (ခ) မင်္ဂလသုတ် မြန်မာပြန် | .... | ၂၉ |
| (ဂ) မင်္ဂလသုတ် ဖြစ်ပေါ်လာပုံ | .... | ၃၂ |
| (ဃ) မင်္ဂလသုတ် ရွတ်ဖတ်သင့်သောအခါ | .... | ၃၃ |
| (င) မင်္ဂလသုတ်၏ အကျိုးကျေးဇူး | .... | ၃၄ |

www.dhammaransi.com




| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|

## ၂။ ရတနသုတ်

| | | |
|---|---|---|
| (က) ရတနသုတ် ပါဠိ | .... | ၃၅ |
| (ခ) ရတနသုတ် မြန်မာပြန် | .... | ၄၀ |
| (ဂ) ရတနသုတ် ဖြစ်ပေါ်လာပုံ | .... | ၄၆ |
| (ဃ) ရတနသုတ် ရွတ်ဖတ်သင့်သောအခါ | .... | ၄၇ |
| (င) ရတနသုတ်၏ အကျိုးကျေးဇူး | .... | ၄၈ |

## ၃။ မေတ္တသုတ်

| | | |
|---|---|---|
| (က) မေတ္တသုတ် ပါဠိ | .... | ၄၉ |
| (ခ) မေတ္တသုတ် မြန်မာပြန် | .... | ၅၁ |
| (ဂ) မေတ္တသုတ် ဖြစ်ပေါ်လာပုံ | .... | ၅၄ |
| (ဃ) မေတ္တသုတ် ရွတ်ဖတ်သင့်သောအခါ | .... | ၅၅ |
| (င) မေတ္တသုတ်၏ အကျိုးကျေးဇူး | .... | ၅၅ |

## ၄။ ခန္ဓသုတ်

| | | |
|---|---|---|
| (က) ခန္ဓသုတ် ပါဠိ | .... | ၅၇ |
| (ခ) ခန္ဓသုတ် မြန်မာပြန် | .... | ၅၈ |
| (ဂ) ခန္ဓသုတ် ဖြစ်ပေါ်လာပုံ | .... | ၆၁ |
| (ဃ) ခန္ဓသုတ် ရွတ်ဖတ်သင့်သောအခါ | .... | ၆၂ |
| (င) ခန္ဓသုတ်၏ အကျိုးကျေးဇူး | .... | ၆၂ |

www.dhammaransi.com


အကြောင်းအရာ                                                စာမျက်နှာ

## ၅။ မောရသုတ်

(က) မောရသုတ် ပါဠိ .... ၆၃
(ခ) မောရသုတ် မြန်မာပြန် .... ၆၄
(ဂ) မောရသုတ် ဖြစ်ပေါ်လာပုံ .... ၆၇
(ဃ) မောရသုတ် ရွတ်ဖတ်သင့်သောအခါ .... ၆၉
(င) မောရသုတ်၏ အကျိုးကျေးဇူး .... ၇၀

## ၆။ ဝဋ္ဋသုတ်

(က) ဝဋ္ဋသုတ် ပါဠိ .... ၇၁
(ခ) ဝဋ္ဋသုတ် မြန်မာပြန် .... ၇၂
(ဂ) ဝဋ္ဋသုတ် ဖြစ်ပေါ်လာပုံ .... ၇၃
(ဃ) ဝဋ္ဋသုတ် ရွတ်ဖတ်သင့်သောအခါ ... ၇၆
(င) ဝဋ္ဋသုတ်၏ အကျိုးကျေးဇူး .... ၇၆

## ၇။ ဓဇဂ္ဂသုတ်

(က) ဓဇဂ္ဂသုတ် ပါဠိ .... ၇၇
(ခ) ဓဇဂ္ဂသုတ် မြန်မာပြန် .... ၈၁
(ဂ) ဓဇဂ္ဂသုတ် ဖြစ်ပေါ်လာပုံ .... ၈၉
(ဃ) ဓဇဂ္ဂသုတ် ရွတ်ဖတ်သင့်သောအခါ .... ၉၁
(င) ဓဇဂ္ဂသုတ်၏ အကျိုးကျေးဇူး .... ၉၂

www.dhammaransi.com


အကြောင်းအရာ စာမျက်နှာ

## ၈။ အာဠာနာဋိယသုတ်

(က) အာဠာနာဋိယသုတ် ပါဠိ .... ၉၃
(ခ) အာဠာနာဋိယသုတ် မြန်မာပြန် .... ၉၇
(ဂ) အာဠာနာဋိယသုတ် ဖြစ်ပေါ်လာပုံ ... ၁၀၃
(ဃ) အာဠာနာဋိယသုတ် ရွတ်ဖတ်သင့်သောအခါ .... ၁၀၆
(င) အာဠာနာဋိယသုတ်၏ အကျိုးကျေးဇူး .... ၁၀၆

## ၉။ အင်္ဂုလိမာလသုတ်

(က) အင်္ဂုလိမာလသုတ် ပါဠိ .... ၁၀၇
(ခ) အင်္ဂုလိမာလသုတ် မြန်မာပြန် .... ၁၀၈
(ဂ) အင်္ဂုလိမာလသုတ် ဖြစ်ပေါ်လာပုံ .... ၁၀၉
(ဃ) အင်္ဂုလိမာလသုတ် ရွတ်ဖတ်သင့်သောအခါ .... ၁၁၄
(င) အင်္ဂုလိမာလသုတ်၏ အကျိုးကျေးဇူး .... ၁၁၄

## ၁၀။ ဗောဇ္ဈင်္ဂသုတ်

(က) ဗောဇ္ဈင်္ဂသုတ် ပါဠိ .... ၁၁၇
(ခ) ဗောဇ္ဈင်္ဂသုတ် မြန်မာပြန် .... ၁၁၈
(ဂ) ဗောဇ္ဈင်္ဂသုတ် ဖြစ်ပေါ်လာပုံ .... ၁၂၀
(ဃ) ဗောဇ္ဈင်္ဂသုတ် ရွတ်ဖတ်သင့်သောအခါ .... ၁၂၄
(င) ဗောဇ္ဈင်္ဂသုတ်၏ အကျိုးကျေးဇူး .... ၁၂၅

www.dhammaransi.com

# မာတိကာ

အကြောင်းအရာ — စာမျက်နှာ

## ၁၁။ ပုပ္ဗကျသုတ်


(က) ပုပ္ဗကျသုတ် ပါဠိ .... ၁၂၇

(ခ) ပုပ္ဗကျသုတ် မြန်မာပြန် .... ၁၃၀

(ဂ) ပုပ္ဗကျသုတ် ဖြစ်ပေါ်လာပုံ .... ၁၃၄

(ဃ) ပုပ္ဗကျသုတ် ရွတ်ဖတ်သင့်သောအခါ .... ၁၃၇

(င) ပုပ္ဗကျသုတ်၏ အကျိုးကျေးဇူး ... ၁၃၈


## ပရိတ်ကြီး(၁၁)သုတ်၏ အကျိုးပြလက်ာ

## ပရိတ်(၁၁)သုတ်နှင့် ဝတ်ရွတ်စဉ်


(က) ခုနစ်ရက်ခွဲ၍ ရွတ်ပုံ .... ၁၄၁

(ခ) အများသုံး ဝတ်ရွတ်စဉ် .... ၁၄၂

(ဂ) ဝတ်ရွတ်စဉ် ပါဠိ .... ၁၄၂

(ဃ) ဝတ်ရွတ်စဉ် မြန်မာပြန် .... ၁၄၇


## ငါးရံ့မင်းပရိတ်


(က) ရှေးဦး အမှာစကား .... ၁၅၅

(ခ) ငါးရံ့မင်းပရိတ် ပါဠိ .... ၁၅၆

(ဂ) ငါးရံ့မင်းပရိတ် မြန်မာပြန် .... ၁၅၇

www.dhammaransi.com

အကြောင်းအရာ　　　　　　　　　　　　　　　စာမျက်နှာ

## အာဝေဏိကဂုဏ်တော် ၁၈-ပါး

(က) ရှေးဦးမှတ်ဖွယ် .... ၁၅၉
(ခ) အာဝေဏိက ဂုဏ်တော် ၁၈-ပါး ပါဠိ .... ၁၆၀
(ဂ) အာဝေဏိက ဂုဏ်တော် ၁၈-ပါး မြန်မာပြန် .... ၁၆၁

## နောက်ဆက်တွဲ လေ့လာမှတ်သားဖွယ်များ

(က) စကြဝဠာနှင့် လောကဓာတ်သုံးမျိုး .... ၁၆၅
(ခ) လောကဓံတရားရှစ်ပါး .... ၁၆၇
(ဂ) ပါရမီဆယ်ပါး အမျိုးသုံးဆယ် .... ၁၆၇
(ဃ) စွန့်ခြင်းကြီးငါးပါး ... ၁၆၉
(င) မာရ်ငါးပါး .... ၁၇၀
(စ) ကိုးပါးသော လောကုတ္တရာတရား .... ၁၇၂
(ဆ) စက္ခုငါးပါး .... ၁၇၃
(ဇ) ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏ(၁၅)ပါး .... ၁၇၃
(ဈ) ဉာဏ်တော်အားဆယ်ပါး .... ၁၇၆
(ည) ဝေသာရဇ္ဇဉာဏ်လေးပါး .... ၁၇၇
(ဋ) ယောကျ်ားမြတ် လက္ခဏာ (၃၂) ပါး .... ၁၇၈
(ဌ) လက္ခဏာတော်ငယ် ရှစ်ဆယ် ၁၈၀

www.dhammaransi.com

# ပရိတ်ကြီး မိတ်ဆက် နိဒါန်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ပရိတ်ကြီး အဓိပ္ပာယ်

ကျွန်တော်တို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတိုင်း ''ပရိတ်ကြီး''ဟူသော စကားကို ကြားဖူးကြပါလိမ့်မည်။ အလှူဒါနပြုလုပ်သည့် အခါ စသည်တို့၌ ဘုန်းတော်ကြီးများ ပရိတ်ရွတ်သည်ကို ကျွန်တော်တို့ မကြာခဏ ကြားနာကြရပါသည်။

ရပ်ကွက်များအတွင်းရှိ ဓမ္မာရုံနှင့် ဇရပ်တန်ဆောင်း စသည်တို့၌လည်း လူကြီးလူငယ်များ စုပေါင်း၍ ပရိတ်ရွတ်ဖတ်လေ့ရှိကြပါသည်။ အထူးအားဖြင့် ဝါတွင်းကာလ ဥပုသ်နေ့တို့၌ စုပေါင်းပရိတ်ရွတ်သံများကို အများဆုံး ကြားနာရကြပါသည်။

ထို့ပြင် တစ်ဦးချင်း တစ်ယောက်ချင်းအနေဖြင့် တစ်သုတ်ဖြစ်စေ၊ နှစ်သုတ်ဖြစ်စေ၊ သုံးသုတ်ဖြစ်စေ ပရိတ်ကို နေ့စဉ်မပြတ် စွဲမြဲ ယုံကြည်စွာ ရွတ်ဖတ်နေကြသော လူပုဂ္ဂိုလ်တို့လည်း အမြောက်အမြား ပင် ရှိပါသည်။

ဖော်ပြပါ ပရိတ်ကြီးဟူသော ဝေါဟာရ၌ ''ပရိတ်'' ဟူသော စကားလုံးမှာ ''ပရိတ္တ''ဟူသော ပါဠိပုဒ်ကို မြန်မာမှုပြုထားခြင်းဖြစ်ပါ

www.dhammaransi.com


သည်။ "ပရိတ္တ"၏ မူရင်းအနက်မှာ "အကာအကွယ်" "အရံအတား" ဟူ၍ ဖြစ်ပါသည်။ "အကာအကွယ်" "အရံအတား"ဟု ဆိုရာ၌လည်း ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်တို့မှ ကြိုတင်၍ ကာကွယ်တားဆီး ခြင်း အပြင် ကျရောက်နေဆဲဖြစ်သော ဘေးအန္တရာယ်တို့ကို ကင်းပျောက် စေခြင်းလည်း ပါဝင်ပါသည်။

မြတ်စွာဘုရားသည် လူ, နတ်, ဗြဟ္မာ သတ္တဝါတို့အား တရား ဟောကြားရာ၌ အခြေခံအားဖြင့် သစ္စာလေးပါးအမှန်တရားကို သိမြင် ၍ အို, နာ, သေမှု ဆင်းရဲအစုတို့ဖြင့် ပြီးသော သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရေးဟူသော "ဝိမုတ္တိရသ" ကိုသာ ဦးတည်ဟောကြား ခဲ့ပါသည်။ သို့ရာတွင် မဟာကရုဏာတော်ရှင်ဖြစ်သော ဗုဒ္ဓရှင်တော် မြတ်သည် ကိုယ်တော်၏မျက်မှောက်တွင် သတ္တဝါတို့ ရင်ဆိုင်ကြုံတွေ့နေ ရကြသော ဘေးအန္တရာယ်အမျိုးမျိုးတို့ကိုလည်း ဥပေက္ခာပြုလျစ်လျူရှု၍ မနေခဲ့ပါ။ ပစ္စုပ္ပန်ဘေးအန္တရာယ်တို့မှ လွတ်မြောက်ရေးနည်းလမ်းများ ကိုလည်း အခါအခွင့် အားလျော်စွာ ဟောကြား ညွှန်ပြခဲ့ သည်သာ ဖြစ်ပါသည်။

ပရိတ်ကြီးဟူသည် နိကာယ်ငါးရပ် ပိဋကတ်သုံးသွယ်တို့မှ ဘေး အန္တရာယ် ကာကွယ်တားဆီးရေးကို အညွှန်းပြုထားသော ဟောကြား ချက်များပင် ဖြစ်ပါသည်။ ယင်းဟောကြားချက်များကို "ပရိတ်" ဟု သာမန်အားဖြင့် မခေါ်ဘဲ "ပရိတ်ကြီး" ဟု "ကြီး"တပ်၍ ခေါ်တွင် ခဲ့ခြင်းမှာမူ ထိုပရိတ်တရားတော်တို့၏ တန်ခိုးစွမ်းအင် အာနိသင်ကြီးမား ထက်မြက်မှုကြောင့် ဂုဏ်ပြုခေါ်တွင်ခြင်း ဖြစ်ပါသည်။ ပရိတ်ကြီးနှင့် ပရိတ်ငယ်ဟူ၍ နှစ်မျိုးခွဲ ခြားနိုင်သည်ဟူသော အဆိုအမိန့် များမှာမူ ကျိုးကြောင်း ယုတ္တိမခိုင်လုံလှဟု ယူဆပါသည်။

## ပရိတ်ကြီး ၁၁-သုတ်

မြန်မာနိုင်ငံ သာသနာ့သမိုင်းတွင် အလွန်ရှေးကျသော အချိန် ကာလမှစ၍ ပရိတ်ကြီးစာရင်းတွင် ပါဝင်ခဲ့သော သုတ်များမှာ (၁၁) သုတ် ရှိပါသည်။ ထိုသုတ်များကို ပရိတ်ကြီးစာရင်း၌ ထည့်သွင်းထား ခြင်းကား အကြောင်းမဲ့မဟုတ်၊ မိလိန္ဒပဉ္ဟာကျမ်းနှင့် ရှင်မဟာဗုဒ္ဓဃောသ

www.dhammaransi.com


၏ အဋ္ဌကထာ အဆိုအမိန့်များကို အထောက်အထားပြုလျက် ရှေးပညာရှင်များက စီစဉ်သတ်မှတ်ခဲ့ခြင်းသာ ဖြစ်ပါသည်။

ဖော်ပြပါ ပရိတ်ကြီး ၁၁ သုတ်တို့၏ အရင်းအမြစ်ကို စိစစ်မည်ဆိုလျှင်—

၁။ မင်္ဂလသုတ်-ခုဒ္ဒကနိကာယ်၊ ခုဒ္ဒကပါဌ ပါဠိတော်နှင့် သုတ္တနိပါတ် ပါဠိတော်။

၂။ ရတနသုတ် - ခုဒ္ဒကနိကာယ်၊ ခုဒ္ဒကပါဌ ပါဠိတော်နှင့် သုတ္တနိပါတ် ပါဠိတော်။

၃။ မေတ္တသုတ်-ခုဒ္ဒကနိကာယ်၊ ခုဒ္ဒကပါဌ ပါဠိတော်နှင့် သုတ္တနိပါတ် ပါဠိတော်။

၄။ ခန္ဓသုတ်-ဝိနယပိဋက စူဠဝဂ္ဂပါဠိ၊ အင်္ဂုတ္တရနိကာယ တိကနိပါတပါဠိ၊ ခုဒ္ဒကနိကာယ ဇာတကပါဠိ တိကနိပါတ်။

၅။ မောရသုတ်-ခုဒ္ဒကနိကာယ ဇာတကပါဠိ ဒုကနိပါတ်။

၆။ ဝဋ္ဋသုတ်-ခုဒ္ဒကနိကာယ စရိယာပိဋကပါဠိ၊ ဇာတကပါဠိ ဧကကနိပါတ်။

၇။ ဓဇဂ္ဂသုတ်-သံယုတ္တနိကာယ သက္ကသံယုတ်။

၈။ အာဋာနာဋိယသုတ်-ဒီဃနိကာယ ပါထိကဝဂ္ဂပါဠိ။

၉။ အင်္ဂုလိမာလသုတ်-မဇ္ဈိမနိကာယ မဇ္ဈိမပဏ္ဏာသပါဠိ။

၁၀။ ဗောဇ္ဈင်္ဂသုတ်-သံယုတ္တနိကာယ ဗောဇ္ဈင်္ဂသံယုတ်။

၁၁။ ပုဗ္ဗဏှသုတ်-အင်္ဂုတ္တရနိကာယ တိကနိပါတ် ပါဠိ—

တို့၌ အသီးသီးပါဝင်နေကြောင်း လေ့လာတွေ့ရှိရပါသည်။

ဤနေရာ၌ အနည်းငယ်ဖြည့်စွက်တင်ပြရန် ရှိပါသည်။ ပရိတ်ကြီး ၁၁-သုတ်တို့တွင် မင်္ဂလသုတ်၊ ရတနသုတ် စသည်တို့၌ အမှန်းဂါထာမျှကိုသာ ထည့်သွင်းဖြည့်စွက်၍ ဘုရားဟော ပါဠိတော်မူရင်းအတိုင်းပင် ရွတ်ဖတ်ရန် စီစဉ်ထားပါသည်။ အာဋာနာဋိယသုတ်၊ ဗောဇ္ဈင်္ဂသုတ်နှင့် ပုဗ္ဗဏှသုတ်တို့၌မူ အမှန်းဂါထာ ထည့်ရုံသာမက မူရင်းစာသားကိုလည်း ရွတ်ဖတ်မှုနှင့် အဆင်ပြေအောင် စီစဉ် ဖြည့်စွက်ထားချက်များ ပါရှိကြောင်း မှတ်သားကြရန်ဖြစ်ပါသည်။

www.dhammaransi.com


## ရှေးဦး အစီအစဉ်

ပရိတ်ကြီးပါဠိ၏ ရှေးဦးအစဉ်၌ပါရှိသည့်"သမန္တာစက္ကဝါဠေသု" မှစ၍"အာရက္ခံ ဂဏှန္တု"တိုင်အောင်သောပါဠိစာပိုဒ်တို့ကား ပရိတ်ရွတ်တော့မည်ဆိုလျှင် မရွတ်မီ ရှေ့အဖို့၌ ကြိုတင်ပြုလုပ်အပ်သော အစီအစဉ်တို့ကို ဖော်ပြသော စာပိုဒ်များ ဖြစ်ပါသည်။

ထိုအစီအစဉ်များတွင် နတ်ပြဟ္မာတို့အား ပရိတ်နာရန် ဖိတ်ခေါ်ခြင်း၊ မြတ်စွာဘုရားအား ရှိခိုးပူဇော်ခြင်း၊ သာသနာတော်နှင့် ကမ္ဘာသူကမ္ဘာသားအပေါင်းတို့အား နတ်ပြဟ္မာတို့က ကူညီ စောင့်ရှောက်ရန် တိုက်တွန်းတောင်းဆိုခြင်းစသော အကြောင်းအရာများ ပါဝင်ပါသည်။

အမှန်အားဖြင့် "သမန္တာ"အစရှိသော ပါဠိစာပိုဒ်တို့ကိုမရွတ်ဘဲ မိမိတို့လိုရာပရိတ်တော်များကိုသာရွတ်ဖတ်မည်ဆိုပါကလည်း ရွတ်ဖတ်နိုင်ပါသည်။ သို့ရာတွင် ပရိတ်ရွတ်ခြင်းကို တသီးတသန့်အနေဖြင့် ကျယ်ပြန့်စွာ ပြုလုပ်ရာ၌မူ "သမန္တာ"အစရှိသော ပါဠိစာပိုဒ်များဖြင့် နတ်ပင့်ခြင်း အစရှိသော ရှေးဦး အစီအစဉ်တို့ကို မလွဲမသွေ ဆောင်ရွက်သင့်ပါသည်။ အကြောင်းမှာ ထိုအစီအစဉ်များကို ဆောင်ရွက်ခြင်းဖြင့် အကျိုးကျေးဇူးများ ပိုမိုတိုးပွားနိုင်သောကြောင့် ဖြစ်ပါသည်။

## ပရိတ်မွန်း ဂါထာများ

မင်္ဂလသုတ်စသည်တို့၏ အဦးအစ၌ပါရှိသည့် "ယံမင်္ဂလံ"အစရှိသော ဂါထာတို့ကို ပရိတ်မွန်းဂါထာများဟု ခေါ်ပါသည်။ ယင်းဂါထာတို့ကို ရှေးပညာရှင်တို့က စီစဉ်ထည့်သွင်းခဲ့ခြင်းဖြစ်ပါသည်။ ယင်းဂါထာတို့ဖြင့် သက်ဆိုင်ရာ ပရိတ်တော်၏ တန်ခိုးစွမ်းအင် အာနိသင်တို့ကို ထုတ်ဖော် ချီးကျူးလျက် ယင်းသုတ်ကို ရွတ်ဖတ်ရန် စိတ်အားထက်သန်မှုကို ဖြစ်စေပါသည်။ ယင်းတို့ကိုပင် "ပရိတ်ချီး" ဟူ၍လည်းကောင်း၊ "ပရိတ်ပျိုး" ဟူ၍လည်းကောင်း အချို့က ခေါ်ဝေါ်ကြပါသည်။

## ပရိတ်ရွတ်ခြင်း အစဉ်အလာ

ရှင်မဟာမောဂ္ဂလ္လာန်နှင့် ရှင်မဟာကဿပတို့ နာမကျန်းဖြစ်နေကြစဉ် မြတ်စွာဘုရားက ဗောဇ္ဈင်္ဂသုတ်ကို ဟောကြားရာ မထေရ်နှစ်ပါး

www.dhammaransi.com


တို့မှာ ချက်ချင်းပင် ရောဂါမှ ထမြောက်ခဲ့ကြကြောင်း၊ မြတ်စွာဘုရား ကိုယ်တော်တိုင် နာမကျန်းဖြစ်စဉ်ကလည်း ရှင်မဟာကဿပရွတ်ဆိုသော ဗောဇ္ဈင်္ဂသုတ်ကို နာကြားခြင်းဖြင့် ရောဂါမှထမြောက်တော်မူခဲ့ကြောင်း၊ အရှင်အင်္ဂုလိမာလ မထေရ်သည်လည်း မီးမဖွားနိုင်ဘဲ ဖြစ်နေသော မိန်းမထံသို့သွား၍ "ယတောဟံ ဘဂိနိ" အစရှိသော သစ္စာစကားကို မြွက်ဆိုခြင်းဖြင့် ချမ်းသာစွာ မီးဖွားစေနိုင်ခဲ့ကြောင်း ပိဋကတ် ကျမ်းဂန် တို့၌ ဖော်ပြချက်များ ရှိပါသည်။

ထိုကဲ့သို့သောအကြောင်း အတ္ထုပ္ပတ္တိတို့အရ မြတ်စွာဘုရား လက်ထက်ကပင် ပရိတ်ရွတ်ခြင်း အစဉ်အလာရှိခဲ့ကြောင်း သိရပါသည်။

## သီဟိုဠ်ခေတ်ပရိတ်

သာသနာတော်နှစ် ၉၀၀-ကျော် (အေဒီ ၅-ရာစု) တွင် ပေါ် ပေါက်ခဲ့သော ရှင်မဟာဗုဒ္ဓဃောသ၏အဋ္ဌကထာကျမ်းတို့၌ လူတို့အတွက် ပရိတ်ရွတ်ပေးရာတွင် ရဟန်းတော်များ လိုက်နာဖွယ် အချက်တို့ကို ဖော်ပြထားသည်။ ပရိတ်ရေ၊ ပရိတ်ချည်တို့ကို အသုံးပြုပုံ များလည်း ပါရှိသည်။

ထို့ပြင် သာသနာတော်နှစ် ၉၁၂-ခုနှစ်တွင် နန်းတက်သော သီဟိုဠ်ဘုရင် ဥပတိဿလက်ထက်၌ သီဟိုဠ်တစ်ကျွန်းလုံးတွင် မိုးခေါင်၍ ဆန်ရေစပါးများ ရှားပါးပြီး ဒုဗ္ဘိက္ခန္တရကပ်နှင့် ရောဂန္တရကပ်များ ဆိုက်ရောက်ခဲ့ကြောင်း၊ ထိုအခါ ရဟန်းသံဃာတို့က ရတနသုတ်ကို နေ့ညမပြတ် ရွတ်ဆိုကြရာ ထိုကပ်ကြီးနှစ်ပါး ပျောက်ငြိမ်း သွားခဲ့ကြောင်း စူဠဝံသကျမ်း၌ ဖော်ပြထားပါသည်။

## ပုဂံခေတ်သို့ ရောက်သောအခါ

ဗုဒ္ဓသာသနာတော်သည် ပုဂံခေတ် အနော်ရထာမင်းလက်ထက်မှ စ၍ မြန်မာနိုင်ငံ၌ ခိုင်မာ ကျယ်ပြန့်စွာ အခြေစိုက်ခဲ့ပါသည်။ ထိုပုဂံ ခေတ်ဦးပိုင်းကပင် ပရိတ်ရွတ်ဖတ်မှုရှိခဲ့ကြောင်း ကျောက်စာအထောက် အထားများအရ သိရှိရပါသည်။

### မြစ်မခစာပေ

www.dhammaransi.com

ကျွန်စစ်သားမင်းကြီးနန်းတော်ဆောက်လုပ်သောအခါ ရှင်အရဟံအမှူးရှိသော ရဟန်းတော်တို့ကိုပင့်ဖိတ်၍ ပရိတ်မင်္ဂလာရွတ်စေခဲ့ကြောင်း၊ သိဿသူရမည်သော အမတ်ကြီးနှင့် အစောလတ်မင်းသမီးတို့သည် ဂူဘုရားဥပနာသောအခါ သံဃာတော်တို့ကိုပင့်၍ ပရိတ်ရွတ်စေ ခဲ့ကြောင်း သက်ဆိုင်ရာ ကျောက်စာတို့၌ ဖော်ပြထားပါသည်။

## မင်းတုန်းမင်းခေတ် ပရိတ်အဖွဲ့များ

ပုဂံခေတ်လွန်၍ အင်းဝခေတ်၊ ကုန်းဘောင်ခေတ်များသို့ ရောက်သောအခါ ပရိတ်ရွတ်ဖတ်မှု အစဉ်အလာမှာ ပို၍ကျယ်ပြန့်လာခဲ့ကြောင်း လေ့လာသိရှိရပါသည်။ ဘုရင်တို့၏ မြို့သစ်နန်းသစ် တည်ဆောက်ခြင်း၊ အိမ်တော်တက်မင်္ဂလာနှင့် ဘိသိက်ခံယူပွဲကျင်းပခြင်းမှစ၍ အများပြည်သူတို့၏ အလှူဒါနပွဲတို့၌ပါ ပရိတ်ရွတ်မှုကို အလေးအနက်ထား၍ ပြုလုပ်လာခဲ့ကြပါသည်။

ပဉ္စမသံဂါယနာတင် မင်းတုန်းမင်းတရားကြီး လက်ထက်တွင် နေပြည်တော် လေးပြင်လေးရပ်ရှိ ရပ်ကွက်အသီးသီးတို့၌ ဝတ်အသင်း ပရိတ်အသင်းများဖွဲ့ကာ ဝတ်တက်ဝတ်ကပ်ခြင်းများ ပြုခဲ့ကြသည်။ လပြည့်လကွယ်နှင့် ရှစ်ရက်ဥပုသ်နေ့များ၌ နေပြည်တော် တစ်ဝန်းလုံးတွင် ဘုရားရှိခိုးသံ၊ ပရိတ်ရွတ်သံ၊ မေတ္တာပို့သံများ ပဲ့တင်ထပ်မျှရှိခဲ့ကြောင်း သိရပါသည်။

## ကိုလိုနီခေတ် ပရိတ်သံ

ကျွန်တော်တို့ဗုဒ္ဓဘာသာ မြန်မာလူမျိုးများသည် ကံမကောင်းအကြောင်းမလှ၍ ထီးကျိုးစည်ပေါက် သူ့ကျွန်ဘဝသို့ ရောက်ခဲ့ရငြားသော်လည်း မိမိတို့၏အမျိုးဘာသာ သာသနာကိုမူ အစွမ်းကုန်ထိန်းသိမ်း စောင့်ရှောက်ခဲ့ကြ၏။ သို့ဖြစ်သည်နှင့်အညီ သာသနာပြု မင်းကောင်းမင်းမြတ်တို့ ပြုစုပျိုးထောင်ပေးခဲ့သော ဘာသာရေးနှင့် ယဉ်ကျေးမှုအစဉ်အလာတို့သည် ကိုလိုနီခေတ် မြန်မာနိုင်ငံ၌လည်း ဆက်လက်၍ ရှင်သန်တည်တံ့ တိုးတက်ခဲ့၏။ ကိုလိုနီခေတ်တွင်လည်း တောလက်ကျေးရွာများနှင့်တကွ မြို့ကြီးပြကြီးတို့၌ပါ ဘုရားဝတ်တက်သံ၊ ပရိတ်ရွတ်သံများကို ဝမ်းမြောက်ကြည်နူးဖွယ်ရာ ကြားနာခဲ့ကြရလေသည်။

www.dhammaransi.com



မြန်မာနိုင်ငံ လွတ်လပ်ရေး ရပြီးနောက်ပိုင်းတွင် ဗုဒ္ဓသာသနာတော်၏ အရှိန်အဝါသည် အထင်အရှား တိုးတက်မြင့်မားလာခဲ့သည်မှာ မှန်ပါ၏။ သို့သော်လည်း တောလက်ကျေးရွာများနှင့် မြို့ပြရပ်ကွက်တို့၌ ယခင်က အဆက်မပြတ် ကြားနာခဲ့ရသော ပရိတ်ရွတ်သံတို့မှာမူ အတော်ပင် တိတ်ဆိတ် လျော့ပါး သွားခဲ့လေသည်။

ယင်းသို့ဖြစ်ရခြင်း၏ အဓိက အကြောင်းရင်းများကို ရှာလျှင် တစ်နိုင်ငံလုံး ဒုတိယ ကမ္ဘာစစ်ကြီး၏ဒဏ်ကို အလူးအလဲ ခံခဲ့ရခြင်း၊ စစ်ကြီးပြီးသောအခါ၌လည်း ပြည်တွင်းရေး မငြိမ်သက်မှုများ ကြာမြင့်စွာဖြစ်ပေါ်နေခဲ့ခြင်းနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေများ ကျယ်ပြန့်စွာ ပြောင်းလဲလာခဲ့ခြင်း တို့ကြောင့် ဖြစ်သည်ဟုဆိုရပါမည်။

## သာသနာတော် သန့်ရှင်းရေးနှင့်အတူ

အတိတ်ခေတ်များက မည်သို့ပင်ဖြစ်ခဲ့စေကာမူ ပြည်ထောင်စုဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်ခေတ်သို့ဆိုက်ရောက်လာသောအခါ နိုင်ငံတော်အစိုးရ၏ ကူညီအားပေးမှုဖြင့် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးကျင်းပ၍ သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေး လုပ်ငန်းများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်လာသည်နှင့်အမျှ ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့၏ ဘာသာရေးအသိနှင့် ယဉ်ကျေးမှုအစဉ်အလာတို့သည်လည်း တစ်ခေတ်ဆန်းလာပြီ ဖြစ်ပါသည်။ ရန်ကုန်လို မြို့တော်ကြီး၏ ရပ်ကွက်အသီးသီးတို့မှာပင် ဓမ္မာရုံများ ဆောက်လုပ်၍ စုပေါင်းဆွမ်းလောင်းခြင်း၊ စုပေါင်းဥပုသ်ဆောက်တည်ခြင်း၊ စုပေါင်းဝတ်တက်ခြင်းစသော ဘာသာရေး လုပ်ငန်းများကို တက်တက်ကြွကြွ လုပ်ဆောင်လာကြကြောင်း တွေ့မြင်ရပါသည်။

အထူးအားဖြင့် ဗုဒ္ဓဘာသာဝင် မိဘမျိုးရိုးမှ ဆင်းသက်လာသော်လည်း အကြောင်းကြောင်းကြောင့် ဘာသာရေး နယ်ပယ်နှင့် အလှမ်းဝေးနေခဲ့သော ခေတ်ပညာတတ် လူငယ်လူရွယ်များစွာတို့သည် ယခုအခါ ဘာသာရေးကို စိတ်ဝင်စားလာကြသည်။ ပုတီးစိပ်ခြင်း၊ ပရိတ်ရွတ်ခြင်း၊ ကမ္မဋ္ဌာန်းထိုင်ခြင်းစသော ဘာသာရေး လုပ်ငန်းတို့၏ အနှစ်သာရကို သိရှိခံစားရန် စိတ်အားထက်သန် လာခဲ့ကြပါသည်။

www.dhammaransi.com


## ခေတ်ပညာတတ် လူငယ်များအတွက်

အမှန်အားဖြင့် ပရိတ်ကြီးသည် ဘုန်းတော်ကြီးကျောင်း ပညာရေးစနစ် ထွန်းကားသောရှေးခေတ်မြန်မာနိုင်ငံ၌ မြန်မာလူငယ်တို့၏ ကျောင်းသင်ခန်းစာတစ်ရပ် ဖြစ်ခဲ့၏။ ထို့ကြောင့် ရှေးခေတ်မြန်မာလူငယ်တို့သည် အများအားဖြင့် ပရိတ်ကြီးကို ကောင်းစွာရွတ်ဖတ်တတ်ခဲ့ကြသည်။ ပရိတ်ကြီး၏ အနက်အဓိပ္ပာယ်နှင့်အနှစ်သာရကို ကောင်းစွာနားလည်ခံစား နိုင်ခဲ့ကြလေသည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ယနေ့ခေတ် လူငယ်လူရွယ်အများစုအဖို့ကား ပရိတ်ကြီးမှာ အတန်ငယ် စိမ်းလျက်ရှိပါသည်။ ဘုန်းတော်ကြီးများ ပရိတ်ရွတ်သည်ကို ကြားနာရငြားသော်လည်း ဘာတွေရွတ်သည်ဟု မသိကြ၊ ဘယ်လို အကျိုးသက်ရောက်မှုရှိနိုင်သည်ကိုလည်း နားမလည်ကြပါ။ ပရိတ်ကြီး ပါဠိကို ကိုယ်တိုင်ကိုယ်ကျ ရွတ်ဖတ်နိုင်ဖို့ကား ပို၍ခက်ခဲလျက်ရှိကြပါသည်။

ဖော်ပြပါအခြေအနေ အရပ်ရပ်ကို ဆင်ခြင်သုံးသပ်မိသော မြတ်မင်္ဂလာစာစောင် အယ်ဒီတာချုပ် ဆရာမင်းယုဝေက ပရိတ်ကြီးစာအုပ်တစ်အုပ် ရေးသားပြုစုရန် ကျွန်တော့်အား တိုက်တွန်းခဲ့ပါသည်။ ဆရာမင်းယုဝေ၏ ကောင်းမြတ်သောဆန္ဒကို ဖြည့်ဆည်းသည့်အနေဖြင့်ပင် ဤစာအုပ်ကို ကျွန်တော် ရေးသားခဲ့ခြင်း ဖြစ်ပါသည်။

စင်စစ်အားဖြင့် ပရိတ်ကြီး (၁၁) သုတ်သည် အနက်အဓိပ္ပါယ်အားဖြင့်ကျယ်ပြန့်၏။ နက်နဲသိမ်မွေ့သော တရားသဘောများ ပါရှိ၏။ အသေးစိတ်ရှင်းလင်း ဖွင့်ပြမည်ဆိုလျှင် ကျမ်းကြီးကျမ်းခိုင် တစ်ခုပင် ဖြစ်လာနိုင်၏။

သို့ရာတွင် ကျွန်တော့်အနေဖြင့်မူ ပရိတ်ကြီးကို အကြောင်းပြု၍ ကျမ်းကြီးကျမ်းခိုင် တစ်ခုဖြစ်အောင် ရေးသားရန် မရည်ရွယ်ပါ။ ခေတ်လူငယ်များအနေဖြင့် ပရိတ်ကြီးပါဠိကို မှန်မှန်ကန်ကန် ရွတ်တတ်ဖတ်တတ်ဖို့နှင့်ပရိတ်ကြီး၏ အနှစ်သာရကို ကျေနပ်နှစ်သက်စွာ ခံယူနိုင်ကြဖို့အတွက်သာ ရည်ရွယ်ပါသည်။

www.dhammaransi.com


## အပြစ်ကင်းသော အရံအတား

ဤနေရာ၌ စကားအလျဉ်းသင့်၍ အထူးတင်ပြလိုသော အချက်တစ်ရပ်ရှိပါသည်။ ပရိတ်ဟူသည် အကာအကွယ် အရံအတားပင်ဖြစ်ကြောင်း နိဒါန်းအစ၌ ဖော်ပြပြီးဖြစ်ပါသည်။ သို့ရာတွင် ဗုဒ္ဓမြတ်စွာ၏ အကာအကွယ် အရံအတားသည် လောကီဆရာတို့၏ အကာအကွယ် အရံအတားနှင့် အလွန်ပင် ကွဲပြားခြားနားပါသည်။

လောကီဆရာတို့သည် ဂါထာမန္တန်၊ အင်းအိုင်လက်ဖွဲ့ စသည်တို့ဖြင့် စုန်းတစ္ဆေစသော အန္တရာယ်တို့ကို ကာကွယ်တားဆီးလေ့ ရှိကြပါသည်။ သူတို့၏ အကာအကွယ် အရံအတားများ သည်လည်း အထိုက်အလျောက် အစွမ်းသတ္တိ ရှိကြပါသည်။ သို့သော် ၎င်းတို့မှာ အခါခပ်သိမ်း အပြစ်ကင်းသော အရံအတား များကား မဟုတ်ကြချေ။ သူတစ်ပါးတို့အား ခြိမ်းခြောက်ခြင်း၊ အမိန့်ပေးခြင်း၊ ထိခိုက်နစ်နာစေခြင်း စသော မကောင်းမှုတို့နှင့် စပ်ယှဉ်လျက်သာ ရှိကြလေသည်။

ဗုဒ္ဓမြတ်စွာ၏ ပရိတ်အရံအတားသည်ကား ထိုသို့မဟုတ်ပေ။ အခါခပ်သိမ်း အပြစ် ကင်းစင်သော အရံ အတားသာ ဖြစ်ပေ၏။ အကြောင်းမှာ ရတနာသုံးပါး၏ဂုဏ်ကျေးဇူးတို့ကို မြွက်ဆိုခြင်း၊ သတ္တဝါတို့အပေါ်၌ မေတ္တာစိတ်ပွားများခြင်း၊ မှန်ကန်သောသစ္စာကို မြွက်ဆိုခြင်း စသည်တို့ဖြင့် ပြုအပ်သော အရံအတားများ ဖြစ်သောကြောင့်ပင် ဖြစ်ပါသည်။

## နာလည်းနာ ရွတ်လည်းရွတ်

ဗုဒ္ဓမြတ်စွာ၏ ပရိတ်တော်တို့က အဘယ်သို့သောဘေးအန္တရာယ်များကို ကာကွယ်တားဆီးနိုင်ကြောင်းမှာ သက်ဆိုင်ရာ ပရိတ်တော်တို့၏ နိဒါန်းအသီးအသီး၌ ထင်ရှားပေါ်လွင်မည်ဖြစ်ပါသည်။ စင်စစ်အားဖြင့် ဗုဒ္ဓ၏ပရိတ်တော်များသည် ရွတ်ဖတ်သူ၌လည်းကောင်း၊ နာကြားသူ၌ လည်းကောင်း အကျိုးကျေးဇူး ရှိနိုင်ပါသည်။ ထို့ပြင် ပရိတ်ရွတ်ဖတ်ရာအရပ်၌လည်း ဘေးအန္တရာယ်ကင်းရှင်း၍ ကောင်းကျိုးများ ဖြစ်ထွန်းစေနိုင်ပါသည်။

ဖော်ပြပါ အကြောင်းများအရ ကျွန်တော်တို့သည် အခါအခွင့်သင့်တိုင်း ပရိတ်ဒေသနာတော်များကို နာကြားခြင်းပြုသင့်ကြပေသည်။

www.dhammaransi.com


မိမိကိုယ်တိုင် တတ်စွမ်းသမျှ ရွတ်နိုင်ဖတ်နိုင်အောင်လည်း ကြိုးစား အားထုတ် ကြရမည်ဖြစ်ပါသည်။ "ကာလေန ဓမ္မဿဝနံ" ဟူသော မင်္ဂလာတရားတော်နှင့်အညီ သင့်လျော်လျောက်ပတ်သော အချိန်အခါ၌ တရားကို နာကြားခြင်းသည် အကျိုးစီးပွား တိုးတက်စေနိုင်သော မင်္ဂလာတစ်ပါးပင် မဟုတ်ပါလော။

## ပရိတ်နာသင့်သောအခါ

"ဘယ်လို အချိန်အခါမျိုး၌ ပရိတ်ကိုနာကြားခြင်း ပြုသင့်ပါသနည်း" ဟု မေးလျှင်ကား ထိုအမေးကို ပြည့်စုံအောင် ဖြေရန်မလွယ်ပါ။ ယေဘုယျအားဖြင့် ခြုံ၍ဖြေရသော်- အလှူဒါနပြုလုပ်သည့်အခါ၊ ရှင်ပြုမင်္ဂလာ၊ ထိမ်းမြားမင်္ဂလာပြုလုပ်သည့်အခါတို့၌ ပရိတ်ကို ကြားနာသင့်၏။ နှစ်သစ်ကူးသည့်နေ့၊ မွေးနေ့၊ အိမ်သစ်ယာသစ်တက်သောနေ့တို့၌လည်း ပရိတ်ကိုကြားနာသင့်၏။ ထို့ပြင် နာမကျန်းဖြစ်သောအခါ၊ ကံဇာတာနိမ့်ကျနေသောအခါ၊ အနှောင့်အယှက် အခက်အခဲတစ်မျိုးမျိုးနှင့် ကြုံတွေ့နေရသော အခါတို့၌လည်း ပရိတ်ကို နာကြားခြင်း ပြုသင့်သည်။

ယခုခေတ်တွင် နှစ်ဆန်းတစ်ရက်နေ့ရောက်တိုင်း မြို့ရွာ ရပ်ကွက်တို့၏ လမ်းအသီးအသီးတို့၌ လူအများ စုပေါင်း၍ ပရိတ်နာခြင်းသည် အလွန်ကောင်းသော အစဉ်အလာတစ်ရပ်ပင် ဖြစ်ပေသည်။

## ပရိတ်နာရာ၌ လိုအပ်ချက်

ပရိတ်နာရာ၌ ပရိတ်ကိုရွတ်ဖတ်သော ပုဂ္ဂိုလ်သည် အကျင့်သီလ ဖြူစင်သူဖြစ်ဖို့လိုပါသည်။ နာကြားသော ပုဂ္ဂိုလ်ကလည်း ပရိတ်တော်အပေါ်၌လည်းကောင်း၊ ပရိတ်ရွတ်သောပုဂ္ဂိုလ်အပေါ်၌လည်းကောင်း ယုံကြည်မှုအပြည့်အဝရှိပြီး ရိုသေလေးစားစွာ နာကြားရန် လိုပါသည်။ ဤအင်္ဂါရပ်များနှင့် ပြည့်စုံမှသာလျှင် ပရိတ်တော်၏ တန်ခိုးအာနိသင်များ စူးရှထက်မြက်မည်ဖြစ်ပါသည်။

ရဟန်းသံဃာတို့ထံမှ ပရိတ်နာကြားရာ၌ ပရိတ်အိုး၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများထားရှိပြီး ပရိတ်နာပြီးသောအခါ ၎င်းတို့ကို

www.dhammaransi.com



မိမိတို့အလိုရှိသော နေရာများ၌ သွန်းလောင်း ကြဲဖြန့် ပေးခြင်းသည် အဓိပ္ပါယ်ရှိသော ဆောင်ရွက်မှုများပင် ဖြစ်ပါသည်။ အကြောင်းမှာ ၎င်းတို့မှတစ်ဆင့် ပရိတ်တော်၏ တန်ခိုးအာနိသင်များ ကူးဆက်ပျံ့နှံ့သွားနိုင်သောကြောင့် ဖြစ်ပါသည်။ အင်္ဂုလိမာလသုတ်၌ အရှင်အင်္ဂုလိမာလ မထေရ် ထိုင်၍ပရိတ်ရွတ်သောနေရာကို ဆေးသောရေသည်ပင် အန္တရာယ် အမျိုးမျိုးကို ကင်းပျောက်စေနိုင်ကြောင်း ပါရှိပေသည်။

## ပရိတ်ရွတ်ခြင်းနှစ်မျိုး

ပရိတ်ကို မိမိကိုယ်တိုင် ရွတ်ဖတ်ရာ၌မူ ပရိတ်အသင်း၊ ဝတ်အသင်း များဖြင့် ညစဉ်ဖြစ်စေ၊ အပတ်စဉ်ဖြစ်စေ စုပေါင်း ရွတ်ဖတ်ခြင်းနှင့် မိမိ တစ်ဦးတည်း အဆင်ပြေသလို ရွတ်ဖတ်ခြင်းဟူ၍ နှစ်မျိုးရှိပါသည်။ ထို နှစ်မျိုးတို့တွင် အသင်းအဖွဲ့များဖြင့် ရွတ်ဖတ်ရာ၌ ပရိတ် သက်သက်သာ မကဘဲ ဘုရားရှိခိုး၊ မေတ္တာပို့ စသည်တို့ကိုပါ ကျယ်ကျယ်ပြန့်ပြန့် ရွတ် ဖတ်လေ့ ရှိကြပါသည်။ ထိုကဲ့သို့သော အသင်းအဖွဲ့များ၌ ပရိတ်ကြီး ပါဠိကို အဖြတ်အတောက်မှန်မှန်နှင့် ပီပီသသ ဌာန်ကရိုဏ်း ကျအောင် ရွတ်ဖတ်တတ်ရန် လမ်းညွှန်ပေးနိုင်သော ပုဂ္ဂိုလ်တစ်ဦးရှိဖို့ အထူးလိုအပ် ပါသည်။

## ပါဠိအခက်အခဲ

ပရိတ်ကြီးကို မိမိဘာသာ ရွတ်ဖတ်ရာ၌လည်း ပထမဆုံး လိုအပ် ချက်မှာ ပါဠိကို အသံထွက်မှန်အောင် ဖတ်တတ်ဖို့ပင်ဖြစ်ပါသည်။ ယခင် က ပါဠိမသင်ဖူးသူများအတွက် ပါဠိအသံထွက်မှာ သိပ်မလွယ်လှပါ။ ပါဠိတတ်ကျွမ်းသောပုဂ္ဂိုလ်နှင့် လက်ထပ်သင်ယူခြင်းသည် အကောင်းဆုံး နည်း ဖြစ်ပါသည်။ ဘုန်းတော်ကြီးများ ရွတ်ဖတ်ပုံကို လေ့လာမှတ်သား ခြင်းဖြင့်လည်း အထောက်အကူ ရနိုင်ပါသည်။

ဤစာအုပ်သည် ပရိတ်ကြီးပါဠိကို အသံထွက်မှန်မှန်ဖြင့် ရွတ်ဖတ် တတ်ရန် ဦးစားပေး၍ ရေးသားထားသော စာအုပ်ဖြစ်ပါသည်။ ပါဠိ၌ သံယုဂ်ဟု ခေါ်သော လုံးဆင့်အက္ခရာတို့၏ အသံထွက်ပုံများကို သီးခြား ကဏ္ဍတစ်ခုဖြင့် ရှင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ပါဠိစာကိုယ်၏

www.dhammaransi.com


အောက်ခြေ၌လည်း ထူးခြားခက်ခဲသောပုဒ်တို့၏ အသံထွက်များကို နေရာပေးနိုင်သလောက် ထည့်သွင်းဖော်ပြထားပါသည်။ ပါဠိ အဆက်အစပ်၊ အဖြတ်အတောက်တို့ကိုလည်း ဆဋ္ဌသံဂါယနာတင် ဆရာတော်တို့၏ မူနှင့်ညှိနှိုင်း၍ ပီပြင်ရှင်းလင်းစွာ ရိုက်နှိပ်ထားပါသည်။ ထိုဖော်ပြချက်များ၏ အကူအညီဖြင့် ဖြည်းဖြည်းနှင့်မှန်မှန် လေ့ကျင့်သွားလျှင် မကြာမီကာလ အတွင်း၌ပင် ပရိတ်ကြီးပါဠိကို မှန်ကန်စွာ ရွတ်ဖတ်သွားနိုင်ကြလိမ့်မည် ဟုမျှော်လင့်မိပါသည်။

## အနက်အဓိပ္ပာယ် နားလည်ဖို့

ပရိတ်ကြီးပါဠိကို အသံထွက်မှန်အောင် ရွတ်ဖတ်တတ်ပြီးနောက် ဒုတိယ လိုအပ်ချက်မှာ အနက်အဓိပ္ပာယ်ကို နားလည်ဖို့ပင် ဖြစ်ပါသည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ပရိတ်ကြီးပါဠိ၌ အချို့နေရာများတွင် သိမ်မွေ့နက်နဲသော တရားသဘောများ ပါရှိပါသည်။ ထိုတရားသဘောများကို ပုဒ်စေ့ပါဌ်စေ့ အသေးစိတ် နားလည်ရန်ကား မလွယ်လှပါ။ ထပ်တလဲလဲလေ့လာစဉ်းစားမှ တစိမ့်စိမ့် ထင်မြင်လာနိုင်သော တရားသဘောများဖြစ်ပါသည်။ သို့ရာတွင် ယင်းသို့ အသေးစိတ် နားမလည်နိုင်သေးစေကာမူ ပရိတ်ရွတ်ခြင်းမှာ အချည်းနှီး မဖြစ်ပါ။ ဂါထာတစ်ပုဒ် သို့မဟုတ် သုတ်တစ်သုတ်၏ ဆိုလိုရင်း အနက်အဓိပ္ပါယ်ကို ခြုံငုံ၍ နားလည်ခြင်းဖြင့်လည်း ပရိတ်၏ အကျိုးကျေးဇူးများကို ရရှိနိုင်ပါသည်။

ပရိတ်ကြီးပါဠိ၏ အနက်အဓိပ္ပါယ်တို့ကို နားလည်ရန် အားထုတ်ရာ၌ နည်းနှစ်နည်းရှိပါသည်။ ပထမနည်းမှာ ပါဠိနှင့်မြန်မာပြန်တွဲဖက်၍ တစ်လုံးချင်း မြန်မာပြန်ပေးသော ပရိတ်ကြီးနိဿယကိုဖတ်ခြင်း ဖြစ်ပါသည်။ ဒုတိယနည်းကား ပါဠိမပါသော မြန်မာသက်သက်ကို ဖတ်ခြင်း ဖြစ်ပါသည်။

ဖော်ပြပါ နည်းနှစ်နည်းတို့တွင် နိဿယနည်းသည် ပို၍တိကျပြီး မြန်မာပြန်သက်သက်နည်းကားပို၍ လွယ်ကူ၏။ ဤစာအုပ်တွင် စာဖတ် ပရိသတ်အများစုတို့အတွက် အဆင်ပြေစေရန် မြန်မာသက်သက်နည်းကိုသာ ဖော်ပြထားပါသည်။ နိဿယနည်းဖြင့် လေ့လာလိုသူတို့ အတွက်

www.dhammaransi.com


ကား ရှေးဆရာမြတ်တို့ ရေးသားခဲ့သော ပရိတ်ကြီး နိဿယမှ အမျိုးမျိုးရှိပြီး ဖြစ်ပါသည်။ ကြိုက်ရာရွေး၍ ဖတ်ရှုလေ့လာကြရန် ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုသော် ဤစာအုပ်၌ ပရိတ်ကြီး ၁၁-သုတ်တို့ကို တစ်သုတ်ချင်းစီ၌—

(က) ပါဠိ

(ခ) မြန်မာပြန်

(ဂ) ပရိတ်ကြီး အတ္ထုပ္ပတ္တိခေါ် ထိုပရိတ်တော်ဖြစ်ပေါ်လာပုံ

(ဃ) ထိုပရိတ်ကို ရွတ်ဖတ်သင့်သောအခါ

(င) ထိုပရိတ်၏ အကျိုးကျေးဇူး

ဟူ၍ ခေါင်းစဉ်ငါးခုဖြင့် ခွဲခြား ဖော်ပြထားပါသည်။ ဤမျှဖြင့်ပင် ပရိတ်ကြီး ၁၁-သုတ်ကို အကျိုးရှိစွာ ရွတ်ဖတ်နိုင်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

## ပရိတ်ကြီးနှင့်ဝတ်ရွတ်စဉ်

ပရိတ်ကြီး ၁၁-သုတ်ကို အထက်ပါ ခေါင်းစဉ်ငါးရပ်ဖြင့် ဖော်ပြပြီးနောက် ဤစာအုပ်ကို အဆုံးသတ်ရန်ပင် ဖြစ်ပါသည်။ သို့ရာတွင် ဝတ်အသင်းများအတွက် လိုအပ်ချက် ပြည့်စုံစေရန် မေတ္တာပို့၊ ဆုတောင်းစသည် ပါဝင်သော ဝတ်ရွတ်စဉ်ကိုလည်း ဆက်လက် ဖော်ပြလိုက်ပါသည်။

မေတ္တာပို့ စသည်၌ မူအမျိုးမျိုးရှိကြရာတွင် လူပုဂ္ဂိုလ် အများစုနှင့် ဆီလျော်သောမူကို ဤစာအုပ်၌ ဖော်ပြထားပေသည်။ မေတ္တာပို့စသည်တို့နှင့် တစ်ပါတည်း ရွတ်ဖတ်နိုင်ကြစေရန် ဆင်ခြင်ဖွယ်ရာ သံဝေဂဂါထာများနှင့် အစွမ်းထက်သော အန္တရာယ်ကင်း ဂါထာများကိုလည်း ဝတ်ရွတ်စဉ်နောက်ပိုင်းတွင် ထည့်သွင်းထားပါသည်။

ရှေးဆရာကြီးများသည် ဓမ္မစကြာသုတ်၊ အနတ္တလက္ခဏသုတ်၊ ပဋ္ဌိစ္စသမုပ္ပါဒ်ပါဠိ၊ ပဋ္ဌာန်းပစ္စယနိဒ္ဒေသပါဠိစသော ဘုရားဟော ဒေသနာတို့ကိုလည်း ဝတ်ရွတ်စဉ်အဖြစ်ဖြင့် ညစဉ် ရွတ်ဖတ်တော် မူလေ့ရှိပါ

www.dhammaransi.com


သည်။ ထို့ပြင် မဟာသမယသုတ်ကိုလည်း နတ်တို့ချစ်သော ဒေသနာ အဖြစ်ဖြင့် ရွတ်ဖတ်မှုပြုကြပါသည်။ ပရိတ်ကြီး ၁၁-သုတ်ကို အခြေခံသော ဤစာအုပ်တွင်မူ ယင်းတို့အတွက် နေရာကျယ်ပြန့်စွာ မပေးနိုင်သောကြောင့် ချန်လှပ်ခဲ့ရပါသည်။

## ငါးရံ့မင်းပရိတ်

ပရိတ်ကြီး ၁၁-သုတ်တွင် မပါဝင်သော်လည်း ငါးရံ့မင်းပရိတ်ခေါ် မစ္ဆရာဇပရိတ်ကို ဤစာအုပ်တွင် နောက်ဆက်တွဲအဖြစ်ဖြင့် မြန်မာပြန်နှင့်တကွ ထည့်သွင်းထားပါသည်။

ငါးရံ့မင်း ပရိတ်ကို ထည့်သွင်းရခြင်းမှာ အကြောင်းရှိပါသည်။ ပရိတ်ကြီး ၁၁-သုတ်တို့အနက် ဝဋ္ဋသုတ်သည် ဘုရားအလောင်းတော် ငုံးငှက်ဖြစ်စဉ်က သစ္စာပြုခြင်းဖြင့် တောမီးဘေးမှ လွတ်ကင်းခဲ့ပုံကိုဖော်ပြသော သုတ်ဖြစ်ပါသည်။ ဤငါးရံ့မင်းပရိတ်သည်လည်း ဘုရားအလောင်းတော် ငါးရံ့မင်း ဖြစ်စဉ်က သစ္စာပြုခြင်းဖြင့် မိုးရွာသွန်းစေခဲ့ကြောင်း ဖော်ပြသောသုတ် ဖြစ်ပါသည်။

ဖော်ပြပါ သုတ်နှစ်သုတ်သည်လည်း ခုဒ္ဒကနိကာယ် စရိယာပိဋကပါဠိတော်၌ အခိုင်အမာ ပါရှိသော ဘုရားဒေသနာများ ဖြစ်ပါသည်။ ယင်းဒေသနာများဖြင့် သစ္စာတရား၏တန်ခိုးသတ္တိကြီးမားပုံကို အံ့သြဖွယ်ရာ သိရှိရပါသည်။ မြန်မာနိုင်ငံ၌လည်း မိုးခေါင်သောအခါ ငါးရံ့မင်းပရိတ်ကို ရွတ်ဖတ်ခြင်း အစဉ်အလာ ရှိခဲ့ပါသည်။ ယင်းအကြောင်းများကြောင့်ပင် ဤစာအုပ်၌ ငါးရံ့မင်းပရိတ်ကို ထည့်သွင်း လိုက်ခြင်း ဖြစ်ပါသည်။

## အာဝေဏိကဂုဏ်တော် ၁၈-ပါး

ဤစာအုပ်တွင် နောက်ဆုံး ဖော်ပြလိုက်သော အာဝေဏိကဂုဏ်တော် ၁၈-ပါး ပါဠိနှင့် အနက်တို့ကား စာရေးသူ၏ မေတ္တာလက်ဆောင်ဟု ဆိုလိုက ဆိုနိုင်ပါလိမ့်မည်။ အာဝေဏိကဂုဏ်တော် ဟူသည် ပစ္စေက ဗုဒ္ဓသာဝကတို့နှင့် မဆက်ဆံ၊ သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားတို့သာ

www.dhammaransi.com



လျှင် ရရှိပိုင်ဆိုင်နိုင်သော ဂုဏ်တော်များ ဖြစ်ပါသည်။ ထိုဂုဏ်တော်များကိုတစိမ့်စိမ့်ရွတ်ဆိုခြင်းဖြင့် မြတ်စွာဘုရားအပေါ်၌ ကြည်ညိုသဒ္ဓါ တိုးပွားပြီး ဘေးအန္တရာယ် ကင်းရှင်းခြင်း၊ လိုအင်ဆန္ဒ ပြီးမြောက်ခြင်းစသော အကျိုးကျေးဇူးများလည်း ဖြစ်ထွန်းလိမ့်မည်ဖြစ်ပါသည်။

ထို့ကြောင့် အဆိုပါ အာဝေဏိကဂုဏ်တော်များကို ဘုရားရှိခိုးအနေဖြင့်ဖြစ်စေ၊ ပရိတ်အရံအတားအနေဖြင့်ဖြစ်စေ ရွတ်ဖတ်နိုင်ကြစေရန် စာရေးသူ၏ အထူးမေတ္တာလက်ဆောင် အဖြစ်ဖြင့် ဤ ပရိတ်ကြီးလက်စွဲစာအုပ်၏နောက်ပိုင်းတွင် ဖော်ပြလိုက်ပါသည်။ ။

သတ္တဝါအားလုံး ဘေးရန်ကင်းကွာ ချမ်းသာကြပါစေ

ဓမ္မာစရိယ ဦးမောင်မောင်လေး

၁၃၄၇-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉-ရက်။

www.dhammaransi.com

## ပရိတ်ရွတ်သူ၏ အင်္ဂါ ၃-ပါး

ပရိတ်ဟူသည်–

(၁) အနက်သဒ္ဒါကို သုတ်သင်၍ ကောင်းစွာသင်ယူထားခြင်း၊

(၂) ပုဒ်၊ ဗျည်းတို့ကို မယုတ်စေရဘဲ ပြည့်စုံစွာ လေ့လာကျက်မှတ်ထားခြင်း၊

(၃) လာဘ်လာဘကို မငဲ့ဘဲ မေတ္တာရှေ့ထား၍ ရွတ်ဆိုခြင်း

ဟူသော အင်္ဂါသုံးပါးနှင့်ညီမှ ပရိတ်အကျိုးပြီး၏။

ပါ တိကဝဂ် အဋ္ဌကထာ–၁၄၉။

## ပရိတ်နာသူ၏ အင်္ဂါ ၃-ပါး

(၁) ပဉ္စာနန္တရိယကံ မရှိသူဖြစ်ခြင်း၊

(၂) နိယတ မိစ္ဆာဒိဋ္ဌိ မဟုတ်ခြင်း၊

(၃) ပရိတ်တန်ခိုးကို ယုံကြည်ခြင်း၊

ဟူသော အင်္ဂါသုံးပါးနှင့်ညီမှ ပရိတ်နာသူသည် ပရိတ်အကျိုးကို ခံစားရ၏။

မိလိန္ဒပဉှ–၁၅၅။

www.dhammaransi.com

# ပရိတ်ကြီးပါဠိ ရွတ်ဖတ်နည်းအညွှန်း

## မိရိုးဖလာအသံထွက်

ပရိတ်ကြီးပါဠိကို နှုတ်မှအသံထုတ်၍ ပီပီသသရွတ်ဖတ်တတ်ရန် လိုပါသည်။ သို့မှသာ အစွမ်းသတ္တိများ ပေါ်လွင်ပြီး လိုအပ်သော အကျိုးများ ပြီးမြောက်ပါလိမ့်မည်။'

ပါဠိအသံထွက်နှင့် ပတ်သက်၍ ကျွန်တော်တို့ မြန်မာလူမျိုးတို့၏ မိရိုးဖလာ အသံထွက်သည် သီဟိုဠ် (သီရိလင်္ကာ) ယိုးဒယား (ထိုင်း) စသော အခြားနိုင်ငံသားတို့၏ ပါဠိအသံထွက်နှင့် အနည်းငယ်ကွဲလွဲမှုရှိပါသည်။ သို့ရာတွင် ယင်းကွဲလွဲမှုကြောင့် ပရိတ်ကြီး၏ အကျိုးအာနိသင် ထိခိုက်ပျက်ပြားဖွယ်မရှိပါ။ ထို့ကြောင့် ဤစာအုပ်၌ မြန်မာတို့၏ မိရိုးဖလာ အသံထွက်ဖြင့်သာ ပရိတ်ကြီး ပါဠိရွတ်ဖတ်နည်းကို ဖော်ပြသွားမည်ဖြစ်ပါသည်။

## ခပ်ဖြည်းဖြည်းကျက်မှတ်ပါ

ပါဠိမသင်ဖူးသူများသည် ပရိတ်ကြီးပါဠိကို လေ့လာကျက်မှတ်လိုလျှင် ကျွမ်းကျင်သော ပုဂ္ဂိုလ်တစ်ဦးဦးနှင့် လက်ထပ်သင်ယူနိုင်ပါက အကောင်းဆုံးဖြစ်ပါသည်။ ဘုန်းတော်ကြီးများနှင့် ကျွမ်းကျင်သော လူပုဂ္ဂိုလ်တို့၏ ရွတ်ပုံဖတ်ပုံများကိုလည်း နည်းယူလေ့ကျင့်သင့်ပါသည်။

မိမိဘာသာ စတင်လေ့ကျင့်လိုသူတို့ အတွက်ကား လောမကြီးဘဲ ခပ်ဖြည်းဖြည်း လေ့လာကျက်မှတ်သွားရန် အကြံပြုလိုပါသည်။ ဤအခန်းတွင်ဖော်ပြထားသော ပါဠိအသံထွက်နည်းများနှင့် တိုက်ဆိုင်၍ တစ်ပုဒ်ချင်းတစ်ပိုဒ်ချင်း လေ့လာကျက်မှတ် သွားမည်ဆိုပါက မကြာမီ

www.dhammaransi.com



ကာလအတွင်း၌ပင် ပရိတ်ကြီး (၁၁) သုတ်ကို ကျွမ်းကျင်စွာရွတ်ဖတ်နိုင်သူ ဖြစ်လာပါလိမ့်မည်။

## လုံးဆင့်အက္ခရာများ

ပါဠိအသံထွက်ကို ဌာန်ကရိုဏ်း စသည်တို့နှင့်တကွ အသေးစိတ်ဖော်ပြမည်ဆိုလျှင် ကျယ်ဝန်းပါသည်။ အမှန်စင်စစ် မြန်မာတို့အဖို့ပါဠိဖတ်ရာ၌ အခက်ခဲဆုံးမှာ သံယုက်ခေါ် လုံးဆင့်အက္ခရာများ ဖြစ်ပါသည်။ ထို့ကြောင့် ဤအခန်း၌ လုံးဆင့်အက္ခရာတို့နှင့်ဆိုင်သော အသံထွက်နည်းကိုသာ အဓိကထား၍ ဖော်ပြသွားပါမည်။ အထူးခက်ခဲသောပုဒ်တို့၏ အသံထွက်များကိုမူ ပါဠိစာကိုယ်၏ အောက်ခြေ၌လည်းနေရာရသလောက် ဖော်ပြသွားပါမည်။

ပါဠိကို ရွတ်ဖတ်ရာ၌ လုံးဆင့်အက္ခရာတို့နှင့် သက်ဆိုင်သောအောက်ပါအချက်များကို အထူးမှတ်သားသင့်ပါသည်။

(၁) ပါဠိ၌ နှစ်လုံး သုံးလုံးဆင့်ထားသော လုံးဆင့်အက္ခရာတို့၏အပေါ် အက္ခရာသည် ယင်းတို့၏ ရှေ့တွင် ရှိသောအက္ခရာတို့၏ အသတ်(်)ပင်ဖြစ်ပါသည်။ ဥပမာ—

သမန္တာ၌ န–ငယ်သည် မ–၏ အသတ်ဖြစ်၍၊ သမန်တာဟု ဖတ်ရပါသည်။

စက္က၌ အပေါ် က–ကြီးသည် စ–လုံး၏ အသတ်ဖြစ်၍စက်က ဟု ဖတ်ရပါသည်။

(၂) က–ဝဂ်အုပ်စုတွင်ပါဝင်သော က္က၊ က္ခ၊ဂ္ဂ၊ ဂ္ဃ တို့၏ ရှေ့မှအက္ခရာတို့ကို က–သတ်သံဖြင့်ဖတ်ရသည်။ ဥပမာ—

စက္က=စက်က

စက္ခု=စက်ခု

မဂ္ဂ=မက်ဂ

ဗျဂ္ဃ=ဗျက်ဃ

(၃) စ–ဝဂ်အုပ်စုတွင်ပါဝင်သော စ္စ၊ စ္ဆ၊ ဇ္ဇ၊ ဇ္ဈ တို့၏ ရှေ့မှအက္ခရာတို့ကို စ–သတ်သံဖြင့်ဖတ်ရသည်။ ဥပမာ—

www.dhammaransi.com


သစ္စ=သစ်စ
အစ္ဆ=အစ်ဆ
ဝဇ္ဇ=ဝစ်ဇ
အဇ္ဈ=အစ်ဈ

(၄) တ–ဝဂ်အုပ်စုတွင်ပါဝင်သော တ္တ၊ တ္ထ၊ ဒ္ဒ၊ ဒ္ဓ တို့၏ရှေ့မှ အက္ခရာတို့ကို တ–သတ်သံဖြင့်ဖတ်ရပါသည်။ ဥပမာ–
အတ္တ=အတ်တ
လောကတ္ထ=လောကတ်ထ
သဒ္ဒ=သတ်ဒ
ဗုဒ္ဓ=ဗုတ်ဓ

(၅) မြန်မာဘာသာ၌ အသုံးနည်းသည့် ဋ–ဝဂ်အုပ်စုတွင်ပါဝင်သော အက္ခရာတို့ကို တ–ဝဂ်အက္ခရာများ ကဲ့သို့ပင် ဖတ်ရပါသည်။ ဥပမာ–
ဝဋ္ဋ=ဝဋ္ဋ (ဝတ်တ)
အဋ္ဌ=အဋ်ဌ (အတ်ထ)
အဍ္ဍ=အဍ်ဍ (အတ်ဒ)
ဝုဍ္ဎ=ဝဍ်ဎ (ဝုတ်ဓ)

(၆) ပ–ဝဂ်အုပ်စုတွင်ပါဝင်သော ပ္ပ၊ ပ္ဖ၊ ဗ္ဗ၊ ဗ္ဘ တို့၏ ရှေ့မှ အက္ခရာတို့ကို ပ–သတ်သံဖြင့် ဖတ်ရပါသည်။ ဥပမာ–
သပ္ပ=သပ်ပ
နိပ္ဖလ=နိပ်ဖလ
သဗ္ဗေ=သပ်ဗေ
ဂဗ္ဘ =ဂဗ်ဘ

(၇) နောက်အက္ခရာပေါ်တွင်ရှိသော ကင်းစီး( ꩻ )ကို ရှေ့မှ အက္ခရာ၏ င–သတ်သံဖြင့် ဖတ်ရပါသည်။ ဥပမာ–
မင်္ဂလံ=မင်ဂလံ
သင်္ဂါမော=သင်ဂါမော

(၈) ပါဠိဘာသာ၌ စ–ဝဂ်၏ အဆုံးအက္ခရာမှာ ဉ ဖြစ်၏။ (ည)မှာ (ဉ) ကို နှစ်လုံးဆင့်ထားခြင်း ဖြစ်ပါသည်

www.dhammaransi.com


(ဉ)ကို ညလေး၊ (ည)ကို ညကြီးဟုခေါ်လေ့ရှိပါသည်။ ဉ သို့မဟုတ် ည ရှေ့ရှိအက္ခရာကို င-သတ်သံဖြင့် ဖတ်ရပါသည်။ ဥပမာ-

ဒါနဉ္စ=ဒါနင်စ
ဗျဉ္ဇနာ=ဗျင်ဇနာ
မဉ္စေထ=မင်စေထ
ပညာ=ပင်ညာ (ပြင်ညာဟု မဖတ်ရ)
အညမညံ-အင်ညမင်ညံ
[ကိဉ္စိ၊ သုည၊ ပုညစသည်တို့၌လည်း ကိန်စိ၊ သုန်ည၊ပုန်ည စသည်ဖြင့် ဖတ်ရပါသည်။]

(၉) လုံးဆင့်အက္ခရာတို့၏အပေါ်၌ရှိ ဏ-ကြီးနှင့် န-ငယ်တို့ကို န-သတ်သံဖြင့် ဖတ်ရပါသည်။ ဥပမာ-

စဏ္ဍာ=စဏ်ဍ (စန်ဒ)
ကဏ္ဍကတောဝါ=ကဏ်ဍကတောဝါ(ကန်တကတောဝါ)
ကဏ္ဌ=ကဏ်ဌ (ကန်ထ)
သမန္တာ=သမန်တာ
သန္ဒိဋ္ဌိကော=သန်ဒိဋ်ဌိကော(သန်ဒိတ်ထိကော)

(၁၀) လုံးဆင့်အက္ခရာတို့၏အပေါ်၌ရှိသော(မ)ကို မ-သတ်သံဖြင့်ပင် ဖတ်ရပါသည်။ ဥပမာ-

ဓမ္မံ=ဓမ်မံ
ဆမ္ဘိတတ္တံ=ဆမ်ဘိတတ်တံ
သဒ္ဓမ္မံ=သတ်ဓမ်မံ
ဣဒမ္ပိ=ဣဒမ်ပိ

(၁၁) ပါဠိ၌ယ-ပင့် (-ျ) အသုံးနည်း၏။ စင်စစ် ယ-ပင့်သည် (ယ)ကို အခြားအက္ခရာတစ်လုံးနှင့် ဆင့်ထားခြင်းပင် ဖြစ်၏။ ထို့ကြောင့်-

သကျပုတ္တ ကို သက်ကျပုတ်တ ဟု ဖတ်ရပါသည်။
နိယျာနိကံ ကိုလည်း နိန်ယာနိကံ ဟု ဖတ်ရပါသည်။

သို့ရာတွင်–
တျာဟံ ကို တယာဟံ ဟု လည်းကောင်း၊
ကလျာဏံ ကို ကလယာန် ဟု လည်းကောင်း၊
သရေယျာထ ကို သရေယာထ ဟု လည်းကောင်း
ဖတ်ပါသည်။

(၁၂) ပါဠိ၌ ရ–ကောက်ကို အင်္ဂလိပ်အက္ခရာ (R) ကဲ့သို့ လျှာ လိပ်သံဖြင့် ဖတ်ရ၏။ ရ-ရစ် (ြ) သည် ရ–ကောက်ကို အခြားအက္ခရာ တစ်လုံးနှင့် ဆင့်ထားခြင်းပင် ဖြစ်ပါ သည်။ ထို့ကြောင့်–

ဘဒြာနိ ကို ဘဒ်ဒရာနိ
တတြ ကို တတ်တရ
ဥတြာသီ ကို အုတ်တရာသီ
သန္တိန္ဒြိယော ကို သန်တိန်ဒရိယော ဟု ဖတ်ရပါသည်။
သို့ရာတွင်–
ဗြဟ္မာ ကို ဗရဟာမာ ဟု ဖတ်ရမည်ဖြစ်သော်လည်း ဗျမာ ဟု အမျှားအားဖြင့် ဖတ်နေကြ၏။
ဗြာဟ္မဏော ကိုလည်း ဗရာဟာမဏော ဟု ဖတ်ရမည့်အစား ဗျမဏော ဟု အမျှားအားဖြင့် ဖတ်နေကြ၏။

(၁၃) လ နှစ်လုံးဆင့်၏ ရှေ့မှအက္ခရာကို န–သတ်သံဖြင့် ဖတ်ပါသည်။ ဥပမာ–
ပလ္လင်္ကေ=ပန်လင်ကေ
ကလ္လံ=ကန်လံ
ဥလ္လောကေယျာထ=အုန်လောကေယာထ

(၁၄) ဝ–ဆွဲ ( ွ ) သည် (ဝ) ကို အခြားအက္ခရာ တစ်လုံးနှင့် ဆင့်ထားခြင်းပင် ဖြစ်ပါသည်။ ထို့ကြောင့်–
ဝတ္တာန ကို ဝတ်တဝါန
ဗုဇ္ဈိတွာ ကို ဗုဇ်ဈိတ်တဝါ
အနုမောဒိတွာ ကို အနုမောဒိတ်တဝါ
ဩဘာသေတွာ ကို ဩဘာသစ်တဝါ ဟု ဖတ်ရ၏။

www.dhammaransi.com

(၁၅) ဿ–သည် (သ)ကို နှစ်လုံးဆင့်ထားခြင်းပင် ဖြစ်ပါသည်။ ဿ ရှေ့မှအက္ခရာကို တ–သတ်သံဖြင့် ဖတ်ရပါသည်။ ဥပမာ– သဟဿေသု = သဟတ်သေသု
ဓမ္မဿဝနံ = ဓမ်မတ်သဝနံ
မနုဿ = မနုတ်သ
ဖုဋ္ဌဿ = ဖုဋ်ဌတ်သ
တိဿော = တိတ်သော

(၁၆) (သ)နှင့်(မ) ဆင့်ထားသော အက္ခရာတို့၏ရှေ့မှ အက္ခရာကိုလည်း တ–သတ်သံဖြင့် ဖတ်ရပါသည်။ ဥပမာ–
တသ္မာ = တတ်သမာ
အာယသ္မာ = အာယတ်သမာ
ပထမသ္မိံ = ပထမသမိံ

(၁၇) ဟ–ထိုး ( ှ )သည် (ဟ) ကို အခြားအက္ခရာတစ်လုံးနှင့် ဆင့်ထားခြင်းပင် ဖြစ်ပါသည်။ ထို့ကြောင့်–
အမှေ ကို အမ်မှေ
တုမှာကံ ကို တုမ်မှာကံ
ကဏှာ ကို ကန်ဏှာ
ဂိမှာန ကို ဂိမ်မှာန
ဂဏှိတုံ ကို ဂန်ဏှိတုံ ဟု ဖတ်ရ၏။

(၁၈) နှင့် ဩတို့နောက်တွင် လုံးဆင့်အက္ခရာများရှိပါက နှင့် ဩတို့သည် အသံပြောင်းသွားတတ်ပါသည်။ ဥပမာ–
ဩဘာသေတွာ = ဩဘာသစ်တဝါ
အဘိဝါဒေတွာ = အဘိဝါဒစ်တဝါ
သောတ္တာနံ = သွတ်ထာနံ
ဂဗ္ဘဝေါက္ကန္တိံ = ဂဗ်ဘဝေါက်ကန်တိန်
ဗောဇ္ဈင်္ဂေ = ဗွဇ်ဈင်ဂေ
ဟောန္တု = ဟွန်တု

www.dhammaransi.com

# ပရိတ်ကြီး ပါဠိ

## ပရိတ္တ ပရိကမ္မ ပါဠိ

၁။ သမန္တာ စက္ကဝါဠေသု၊ အတြာဂစ္ဆန္တု ဒေဝတာ[၁]။
သဒ္ဓမ္မံ မုနိရာဇဿ၊ သုဏန္တု သဂ္ဂမောက္ခဒံ[၂]။

၂။ ဓမ္မဿဝနကာလော* အယံ ဘဒန္တာ။

၃။ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၄။ ယေ သန္တာ သန္တစိတ္တာ၊ တိသရဏသရဏာ၊ ဧတ္ထ လောကန္တရေ ဝါ။
ဘုမ္မာဘုမ္မာ စ ဒေဝါ၊ ဂုဏဂဏ ဂဟဏ ဗျာဝဋာ သဗ္ဗကာလံ။
ဧတေ အာယန္တု ဒေဝါ၊ ဝရ ကနကမယေ မေရုရာဇေ ဝသန္တော။
သန္တော သန္တောသဟေတုံ၊ မုနိဝရဝစနံ သောတုမဂ္ဂံ သမဂ္ဂံ။

၅။ သဗ္ဗေသု စက္ကဝါဠေသု၊ ယက္ခာ ဒေဝါ စ ဗြဟ္မုနော။
ယံ အမှေဟိ ကတံ ပုညံ၊ သဗ္ဗသမ္ပတ္တိသာဓကံ။

---

၁။ သမန္တာ=သမန်တာ၊ စက္က= စက်က။ အတြာဂစ္ဆန္တု= အတ်တရာ ဂစ်ဆန်တု—ဟု ဖတ်ပါ။

၂။ သဒ္ဓမ္မံ=သတ်ဓမ်မံ၊ သုဏန္တု—သုဏန်တု၊ သဂ္ဂ=သက်ဂ၊ မောက္ခဒံ= မောက်ခဒံဟုဖတ်ပါ၊ မုနိရာဇဿ ၌ (ရ) ကိုအင်္ဂလိပ်အက္ခရာ(R) ကဲ့သို့ လျှာလိပ်သံဖြင့် ဖတ်ပါ။

*။ ဓမ္မဿဝန=ဓမ်မတ်သဝန ဟုဖတ်ပါ။

www.dhammaransi.com

၆။ သဗ္ဗေ တံ အနုမောဒိတွာ၊ သမဂ္ဂါ သာသနေ ရတာ။
ပမာဒရဟိတာ ဟောန္တု၊ အာရက္ခာသု ဝိသေသတော။
၇။ သာသနဿ စ လောကဿ၊ ဝုဍ္ဎိ ဘဝတု သဗ္ဗဒါ။
သာသနမ္ပိ စ လောကဉ္စ၊ ဒေဝါ ရက္ခန္တု သဗ္ဗဒါ။
၈။ သဒ္ဓိံ ဟောန္တု သုခီ သဗ္ဗေ၊ ပရိဝါရေဟိ အတ္တနော။
အနီဃာ သုမနာ ဟောန္တု၊ သဟ သဗ္ဗေဟိ ဉာတိဘိ။
၉။ ရာဇတော ဝါ စောရတော ဝါ၊
မနုဿတော ဝါ အ-မနုဿတော ဝါ၊
အဂ္ဂိတော ဝါ ဥဒကတော ဝါ။
ပိသာစတော ဝါ ခါဏုကတော ဝါ၊
ကဏ္ဍကတော[1] ဝါ နက္ခတ္တတော ဝါ၊
ဇနပဒရောဂတော ဝါ အ-သဒ္ဓမ္မတော[2] ဝါ၊
အ-သန္ဒိဋ္ဌိတော* ဝါ အ-သပ္ပုရိသတော ဝါ၊
စဏ္ဍ ဟတ္ထိ အဿ မိဂ ဂေါဏ ကုက္ကုရ အဟိ ဝိစ္ဆိက
မဏိသပ္ပ ဒီပိ၊ အစ္ဆ တရစ္ဆ သူကရ မဟိံသ[4]၊ ယက္ခရက္ခသာဒီဟိ၊
နာနာဘယတော ဝါ နာနာရောဂတော ဝါ၊
နာနာဥပဒ္ဒဝတော ဝါ အာရက္ခံ ဂဏှန္တု။

## ပရိမရွတ်မိ ရှေးဦးရွတ်ဆိုဖွယ်

### ရှေးဦးမှတ်သားဖွယ်

"သမန္တာစက္ကဝါဠေသု" မှစ၍ "အာရက္ခံ ဂဏှန္တု" အထိ ပါဠိ စာပိုဒ်တို့မှာ ပရိတ်မရွတ်မီ ရှေးဦးစွာရွတ်ဆိုရန် ရှေးပညာရှင်တို့ စီစဉ်ထားခဲ့သော စာပိုဒ်များဖြစ်ပါသည်။ ပရိတ်တရားနာရန် နတ်တို့အား ဖိတ်ခေါ်ပုံ၊ မြတ်စွာဘုရားအား ရှိခိုးပုံ၊ သတ္တဝါအားလုံး ချမ်းသာကြစေရန် တောင့်တပုံများ ပါရှိပါသည်။ ထိုစာပိုဒ်တို့ကို ရွတ်ဆိုခြင်းဖြင့်

---

၁။ ကဏ္ဍကတော=ကန်ဒကတော ဟု ဖတ်ပါ။
၂။ အသဒ္ဓမ္မတော=အသတ်ဓမ်မတော ဟု ဖတ်ပါ။
*။ အသန္ဒိဋ္ဌိတော=အသန်ဒိတ်ထိတော ဟု ဖတ်ပါ။
၄။ မဟိံသ = မဟိန်သ ဟု ဖတ်ပါ။

ပရိတ်၏ အရှိန်အဝါနှင့် အာနိသင်များ ပိုမိုထက်မြက်နိုင်ပေသည်။ သို့ရာတွင် ထိုစာပိုဒ်တို့ကို မရွတ်ဆိုဘဲ မိမိလိုရာပရိတ်ကိုပင် တိုက်ရိုက်ရွတ်ဆိုပါကလည်း ရွတ်ဖတ်နိုင်ပါသည်။ ထိုစာပိုဒ်တို့၏ မြန်မာပြန် စကားပြေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

## မြန်မာပြန် စကားပြေ

၁။ ဤစကြဝဠာ၁၏ အနီးပတ်ဝန်းကျင် တစ်သောင်းသော စကြဝဠာတို့၌ နေကုန်သော နတ်ဗြဟ္မာအပေါင်းတို့သည် ဤပရိတ်တရားဟောကြားရာအရပ်သို့ လာခဲ့ကြပါကုန်လော့။ ရဟန်းမင်းဖြစ်သော မြတ်စွာဘုရား၏ နတ်ပြည် နိဗ္ဗာန်အကျိုးကို ပေးစွမ်းနိုင်သော သူတော်ကောင်းတရားကို နာကြားလှည့်ကြပါကုန်လော။

၂။ အိုနတ်အပေါင်းတို့၊ ဤအချိန်ကား တရားနာရမည့် အချိန်အခါပေတည်း။

၃။ ကိလေသာ အညစ်အကြေးတို့မှ ကင်းဝေးသည်ဖြစ်၍ သစ္စာလေးပါး အမှန်တရားကို အမှန်အတိုင်း ကိုယ်တိုင်သိမြင်တော်မူသော မြတ်စွာဘုရားအား (တပည့်တော်) ရှိခိုးကန်တော့ပါ၏။

၄။ ကျွန်ုပ်တို့ နေထိုင်ရာ ဤစကြဝဠာ အတွင်း၌လည်းကောင်း၊ တစ်ပါးသော စကြဝဠာတို့၌လည်းကောင်း ကိုယ်စိတ် နှစ်ပါး အေးချမ်း တည်ငြိမ်းမှုရှိကြပြီး ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ကြသည့် မြေပေါ်၌တည်သော (ဘုမ္မစိုး) နတ်၊ ကောင်းကင်၌တည်သော (အာကာသစိုး) နတ်တို့သည် ရှိကုန်၏။ လောကီလောကုတ္တရာ ဂုဏ်ကျေးဇူးအပေါင်းကို ရရှိရန် အခါခပ်သိမ်း ကြောင့်ကြစိုက်၍ နေကြသော ထိုနတ်အပေါင်းတို့နှင့်တကွ မြတ်သော ရွှေစိုင်အတိပြီးသော မြင်းမိုရ်တောင်

---

၁။ စကြဝဠာနှင့် လောကဓာတ်သုံးမျိုးအကြောင်းကို နောက်ဆက်တွဲ (က) ၌ ရှုပါ။

www.dhammaransi.com

မင်း၌ မှီတင်းနေထိုင်ကြသော နတ်သူတော်ကောင်း အပေါင်းတို့သည် နှစ်သက် ဝမ်းမြောက်ရခြင်း၏ အကြောင်းဖြစ်သည့် မြတ်စွာဘုရား၏ တရားမြတ်ကို ကြားနာရန် အညီအညွတ်လာခဲ့ကြပါကုန်လော။

၅+၆ အလုံးစုံသောစကြဝဠာတို့၌ နေကြသော ဘီလူး နတ်ပြဟ္မာတို့သည် ကျွန်ုပ်တို့ ပြုလုပ်အပ်သော၊[၁] စည်းစိမ်ချမ်းသာဟူသမျှကို ပြီးမြောက်စေနိုင်သည့် ကုသိုလ်ကောင်းမှု အားလုံးကို ဝမ်းမြောက်ကြပြီး ကျွန်ုပ်တို့နှင့် တစ်စိတ်တစ်ဝမ်းတည်း ဖြစ်ကာ မြတ်စွာဘုရား၏ အဆုံးအမ၌ မွေ့လျော်သူများဖြစ်ကြပါစေ၊ အထူးအားဖြင့် လူသားတို့အား ကာကွယ်စောင့်ရှောက်ရေး၌ မေ့လျော့မှု မရှိသူများ ဖြစ်ကြပါစေ။

၇။ မြတ်စွာဘုရား သာသနာတော်နှင့် ကမ္ဘာလောကကြီး၏ အစဉ်ထာဝရ တိုးတက်ကြီးပွားမှုဖြစ်ပါစေ၊ မြတ်စွာဘုရားသာသနာတော်နှင့် ကမ္ဘာလောကကို နတ်တို့အမြဲ စောင့်ကြပ်ကြပါစေ။

၈။ သတ္တဝါအားလုံးတို့သည် မိမိတို့၏ အခြွေအရံ အသင်းအပင်းတို့နှင့်တကွ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာမှုရှိကြပါစေ၊ အလုံးစုံသော ဆွေမျိုး ဉာတိတို့နှင့်တကွ ဆင်းရဲကင်းကွာ စိတ်ချမ်းသာမှု ရှိကြပါစေ။

၉။ မင်းဘေး၊ ခိုးသူဘေး၊ ဘီလူးဘေး၊ မီးဘေး၊ ရေဘေး၊ မြေဘုတ်ဘီလူးဘေး၊ သစ်ငုတ်ဘေး၊ ဆူးငြောင့်ဘေး၊ မကောင်းသော နက္ခတ်ဘေး၊ ဇနပုဒ်ရောဂါဘေး၊ မှားသောတရားဘေး၊ မှားသောအယူဘေး၊ သူယုတ်မာဘေးတို့မှလည်းကောင်း၊ ကြမ်းတမ်းသော ဆင်မြင်းသားရဲ၊ နွားခွေးမြွေ၊ ကင်းမြီးကောက်၊ မြွေစိမ်း သစ်၊ ဝံ၊ အောင်း၊ ဝက်၊ ကျွဲ၊ ဘီလူး၊ ရက္ခိုသ်အစရှိသော ဘေးအမျိုးမျိုးတို့မှလည်းကောင်း၊ အနာရောဂါ အမျိုးမျိုး၊ အန္တရာယ်အယှက် အမျိုးမျိုးတို့မှလည်းကောင်း (လူတို့အား ကင်းဝေးအောင်) ကာကွယ်စောင့်ရှောင့်မှုကို (နတ်တို့က) တာဝန်ယူကြပါကုန်လော။

---

၁။ ပြုလုပ်အပ်သော.... ကုသိုလ်ကောင်းမှု အားလုံးကို—ဟု အဓိပ္ပာယ်စပ်ယူပါ။

www.dhammaransi.com

# ၁။ မင်္ဂလသုတ်

## (က) မင်္ဂလသုတ်ပါဠိ

၁။ ယံ မင်္ဂလံ ဒွါဒသဟိ၊ စိန္တယိံသု[၁] သဒေဝကာ၊
သောတ္တာနံ[၂] နာဓိဂစ္ဆန္တိ၊ အဋ္ဌုတ္တိံသဉ္စ[x] မင်္ဂလံ။

၂။ ဒေသိတံ ဒေဝဒေဝေန၊ သဗ္ဗပါပဝိနာသနံ၊
သဗ္ဗလောကဟိတတ္ထာယ၊ မင်္ဂလံ တံ ဘဏာမ ဟေ။

၃။ ဧဝံ[၄] မေ သုတံ၊
ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ
ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။
အထခေါ အညတရာ[၅] ဒေဝတာ
အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ
ကေဝလကပ္ပံ ဇေတဝနံ ဩဘာသေတွာ
ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ
ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌာသိ[၆]။
ဧကမန္တံ ဌိတာခေါ သာ ဒေဝတာ
ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ။

---

၁။ စိန္တယိံသု=စိန်တယိန်သု ဟု ဖတ်ပါ။
၂။ သောတ္တာနံ=သွတ်ထာနံ ဟု ဖတ်ပါ။
x ။ အဋ္ဌုတ္တိံသဉ္စ=အတ်ထတ်တိန်သင်စ ဟု ဖတ်ပါ။
၄။ ဧဝံ=အေဝံ ဟု ဖတ်ပါ။ အေးဝံ ဟု ဝစ္စပေါက်သံဖြင့် မဖတ်ရ။
၅။ အညတရာ=အင်ညတရာ ဟု ဖတ်ပါ။
၆။ အဋ္ဌာသိ=အတ်ထာသိ ဟု ဖတ်ပါ။

www.dhammaransi.com


၄။ ဗဟူဒေဝါ မနုဿာစ၊ မင်္ဂလာနိ အစိန္တယုံ၊
အာကင်္ခမာနာ သောတ္ထာနံ၊ ဗြူဟိ မင်္ဂလ မုတ္တမံ။

၅။ အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ၊
ပူဇာ စ ပူဇနေယျာနံ၊ ဧတံ မင်္ဂလ မုတ္တမံ။

၆။ ပတိရူပ ဒေသဝါသော စ၊ ပုဗ္ဗေ စ ကတပုညတာ၊
အတ္တသမ္မာပဏိဓိ စ၊ ဧတံ မင်္ဂလ မုတ္တမံ။

၇။ ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊ ဝိနယော စ သုသိက္ခိတော၊
သုဘာသိတာ စ ယာ ဝါစာ၊ ဧတံ မင်္ဂလ မုတ္တမံ။

၈။ မာတာပိတု ဥပဋ္ဌာနံ [၁]၊ ပုတ္တဒါရဿ သင်္ဂဟော
အနာကုလာ စ ကမ္မန္တာ၊ ဧတံ မင်္ဂလ မုတ္တမံ။

၉။ ဒါနဉ္စ ဓမ္မစရိယာ စ၊ ဉာတကာနဉ္စ သင်္ဂဟော၊
အနဝဇ္ဇာနိ ကမ္မာနိ၊ ဧတံ မင်္ဂလ မုတ္တမံ။

၁၀။ အာရတီ ဝိရတီ ပါပါ၊ မဇ္ဇပါနာ စ သံယမော၊
အပ္ပမာဒေါ စ ဓမ္မေသု၊ ဧတံ မင်္ဂလ မုတ္တမံ။

၁၁။ ဂါရဝေါ စ နိဝါတော စ သန္တုဋ္ဌိ စ ကတညုတာ [၂]
ကာလေန ဓမ္မဿဝနံ၊ ဧတံ မင်္ဂလ မုတ္တမံ။

၁၂။ ခန္တီ စ သောဝစဿတာ*၊ သမဏာနဉ္စ ဒဿနံ၊
ကာလေန ဓမ္မသာကစ္ဆာ၊ ဧတံ မင်္ဂလ မုတ္တမံ။

၁၃။ တပေါ စ ဗြဟ္မစရိယဉ္စ၊ အရိယသစ္စာန ဒဿနံ၊
နိဗ္ဗာန သစ္ဆိကိရိယာ စ၊ ဧတံ မင်္ဂလ မုတ္တမံ။

၁၄။ ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ န ကမ္ပတိ၊
အသောကံ ဝိရဇံ ခေမံ၊ ဧတံ မင်္ဂလ မုတ္တမံ။

၁၅။ ဧတာဒိသာနိ ကတွာန၊ သဗ္ဗတ္ထ [၄] မပရာဇိတာ၊
သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ၊ တံ တေသံ မင်္ဂလ မုတ္တမံ။

---

၁။ ဥပဋ္ဌာနံ=ဥပတ်ထာနံဟု ဖတ်။

၂။ ကတညုတာ = ကတင်ညုတာဟု ဖတ်။

*။ သောဝစဿတာ = သောဝစတ်သတာဟု ဖတ်။

၄။ သဗ္ဗတ္ထ = သပ်ဗတ်ထဟု ဖတ်။

# (ခ) မင်္ဂလသုတ် မြန်မာပြန်

## ရှေးဦးမှတ်ဖွယ်

မင်္ဂလသုတ်ပါဠိ၌ ''ယံမင်္ဂလံ'' အစရှိသော ပထမဂါထာ နှစ်ပုဒ်သည် မင်္ဂလသုတ်၏ဂုဏ်ကို ဖော်ပြ၍ ယင်းသုတ်ကို ရွတ်ဆိုကြရန် တိုက်တွန်းသော ပရိတ်မွန်းဂါထာများဖြစ်ပါသည်။ ယင်းဂါထာတို့ကို ရှေးပညာရှင်တို့က ဖွဲ့ဆိုထည့်သွင်းထားခဲ့ပါသည်။

''ဧဝံ မေသုတံ'' ဟူသော စာပိုဒ်ကား မြတ်စွာဘုရားပရိနိဗ္ဗာန်စံ၍ သုံးလမျှကြာသောအခါ ရာဇဂြိုဟ်ပြည်၌ ရှင်မဟာကဿပ အမှူးရှိသော ရဟန္တာငါးရာတို့ သင်္ဂါယနာတင်ကြရာဝယ် ရှင်အာနန္ဒာမထေရ်က ရှင်မဟာကဿပ မထေရ်ကြီးအား လျှောက်ကြားသော စကားဖြစ်ပါသည်။

''ဗဟူ ဒေဝါ''မှစ၍''ဧတံ မင်္ဂလမုတ္တမံ''တိုင်အောင်သောစကားရပ်တို့ဖြင့် မင်္ဂလာတရား ဟောကြားခြင်း၏ အကြောင်း အထ္ထုပ္ပတ်ကို ဖော်ပြပါသည်။

''အသေဝနာ စ ဗာလာနံ''မှစ၍''တံတေသံ မင်္ဂလ မုတ္တမံ''တိုင်အောင်သော ပါဠိတို့ကား မြတ်စွာဘုရား ကိုယ်တော်တိုင် ဟောကြားသော မင်္ဂလသုတ် စာကိုယ်ဖြစ်ပါသည်။

မင်္ဂလသုတ် တစ်ပုဒ်လုံး၏ မြန်မာပြန်စကားပြေမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

## မင်္ဂလသုတ်အမွှန်း

၁-၂။ အိုသူတော်ကောင်း အပေါင်းတို့၊ နတ်နှင့်တကွသော လူတို့သည် အကြင်မင်္ဂလာတရားကို တစ်ဆယ့်နှစ်နှစ်တိုင်အောင် ကြံစည် စဉ်စားခဲ့ကြကုန်၏။ ယင်းသို့ ကြံစည် စဉ်းစားကြကုန်ငြားသော်လည်း ချမ်းသာခြင်း၏အကြောင်း ကောင်းမြတ်သော ထိုမင်္ဂလာတရားကို မသိနိုင်ဘဲ ရှိခဲ့ကြကုန်၏။ နတ်တို့ထက်မြတ်သော နတ်ဖြစ်တော်မူသည့်

---

၁။ ဟောကြားအပ်သော-ထိုမင်္ဂလာတရား(၃၈)ပါးကို-ဟုအဓိပ္ပါယ်စပ်ယူပါ။

မြတ်စွာဘုရားသည် တစ်လောကလုံး၏ အကျိုးစီးပွားအလို့ငှာ ဟော ကြားအပ်သော မကောင်းမှုမှန်သမျှကို ကင်းပျောက်စေနိုင်သော ထိုမင်္ဂလာတရား(၃၈)ပါးကို ကျွန်ုပ်တို့ ရွတ်ဆိုကြပါကုန်စို့။

## အရှင်အာနန္ဒာ၏လျှောက်ထားချက်

၃။ အရှင်မဟာကဿပ ဘုရားတပည့်တော်သည်(မြတ်စွာ ဘုရားထံမှ) ဤသို့ ကြားနာမှတ်သား ခဲ့ရပါသည်-

အခါတစ်ပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ် သူဌေး ဆောက်လုပ်လှူဒါန်းသော ဇေတဝန်ကျောင်းတိုက်၌ သီတင်း သုံးနေပါသည်။

ထိုအခါ အမျိုးအမည် မထင်ရှားသော နတ်သားတစ်ယောက် သည် ညဉ့်ဦးယံလွန်ပြီးသော သန်းခေါင်ယံအချိန်၌ အလွန်နှစ်လိုဖွယ် ကောင်းသော အဆင်းရှိသည်ဖြစ်၍ ဇေတဝန်ကျောင်းတိုက်ကြီးနှင့် ပတ် ဝန်းကျင်တစ်ခွင်လုံးကို (မိမိ၏ကိုယ်ရောင်ကိုယ်ဝါဖြင့်) လင်းထိန်စေပြီး မြတ်စွာဘုရား ရှိရာသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် သင့်လျော်သောနေရာ၌ ရပ်နေပါသည်။

သင့်လျော်သောနေရာ၌ ရပ်နေသော ထိုနတ်သားက မြတ်စွာ ဘုရားကို ဂါထာဖြင့် (အောက်ပါအတိုင်း) လျှောက်ကြားတောင်းပန် ပါသည်။

## နတ်သားတောင်းပန်ပုံ

၄။ (အရှင်မြတ်ဘုရား) ပစ္စုပ္ပန်သံသရာ ချမ်းသာရေးကို လိုလားတောင့်တကြသည့်များစွာသောနတ်လူအပေါင်းတို့သည် ချမ်းသာ သုခ ရရှိကြောင်းဖြစ်သော မင်္ဂလာတရားတို့ကို (တစ်ထယ့်နှစ်နှစ်တိုင် အောင်) ကြံစည်စဉ်းစားခဲ့ကြပါသည်။ ထိုသို့ ကြံစည်စဉ်းစားခဲ့ကြကုန် သော်လည်း မင်္ဂလာတရားတို့ကို မသိမြင်ခဲ့ကြပါကုန် ရှင်တော်မြတ် ဘုရားသည် ကောင်းမြတ်သော မင်္ဂလာတရားကို ထုတ်ဖော်ဟောကြား တော်မူပါလော။

www.dhammaransi.com


## မင်္ဂလာတရား (၃၈) ပါး

၅။ (အိုနှတ်သား) သူမိုက်တို့ကို မမှီဝဲမဆည်းကပ်ခြင်း၊ ပညာရှိသူတို့ကို မှီဝဲဆည်းကပ်ခြင်း၊ ပူဇော်ထိုက်သူတို့ကို ပူဇော်ခြင်း ဟူသော ဤတရားသုံးပါးသည် ကောင်းမြတ်သော မင်္ဂလာများဖြစ်ပေသည်။

၆။ (အိုနှတ်သား) သင့်လျော်လျောက်ပတ်သော အရပ်၌ နေခြင်း၊ ရှေးရှေးဘဝတို့၌ ပြုခဲ့ဖူးသောကောင်းမှု ရှိသူဖြစ်ခြင်း၊ မိမိကိုယ် မိမိ ကောင်းစွာ ထိန်းသိမ်းနိုင်ခြင်းဟူသော ဤတရားသုံးပါးသည်လည်း ကောင်းမြတ်သော မင်္ဂလာများဖြစ်ပေသည်။

၇။ (အိုနှတ်သား)အကြားအမြင်များသူဖြစ်ခြင်း၊ လက်မှုစက်မှု အတတ်ပညာ တတ်မြောက်ခြင်း၊ ကိုယ်အမူအရာ နှုတ်အမူအရာ ယဉ်ကျေးသိမ်မွေ့အောင် နေထိုင်ခြင်း၊ ကောင်းသောစကားကို ပြောဆိုခြင်းဟူသော ဤတရားလေးသည်လည်း ကောင်းမြတ်သောမင်္ဂလာများ ဖြစ်ပေသည်။

၈။ (အိုနှတ်သား) မိဘနှစ်ပါးကို လုပ်ကျွေးပြုစုခြင်း၊ သားမယားတို့အား ချီးမြှောက်ထောက်ပံ့ခြင်း၊ ရှုပ်ထွေးမှုကင်းလျက် သန့်ရှင်းသပ်ရပ်စွာ အလုပ်လုပ်ခြင်းဟူသော ဤတရားသုံးပါးသည်လည်း ကောင်းမြတ်သော မင်္ဂလာများဖြစ်ပေသည်။

၉။ (အိုနှတ်သား)ပေးကမ်းလှူဒါန်းခြင်း၊ သုစရိုက်တရားတို့ကိုကျင့်ခြင်း၊ ဆွေမျိုးတို့အား ချီးမြှောက်ထောက်ပံ့ခြင်း၊ အပြစ်ကင်းသော အလုပ်များကို လုပ်ခြင်းဟူသော ဤတရားလေးပါးသည်လည်း ကောင်းမြတ်သော မင်္ဂလာများဖြစ်ပေသည်။

၁၀။ (အိုနှတ်သား) မကောင်းမှုမှ စိတ်ဖြင့်ရှောင်ကြဉ်ခြင်း၊ မကောင်းမှုမှ ကိုယ်နှုတ်နှစ်ပါးဖြင့် ရှောင်ကြဉ်ခြင်း၊ သေရည်အရက်သောက်စားမှုတို့မှ စောင့်စည်းခြင်း၊ ကုသိုလ်တရားတို့၌ မမေ့လျော့ခြင်း ဟူသော ဤတရားလေးပါးတို့သည်လည်း ကောင်းမြတ်သော မင်္ဂလာများဖြစ်ပေသည်။

၁၁။ (အိုနှတ်သား) ရိုသေလေးစားထိုက်သူကို ရိုသေလေးစားခြင်း၊ မိမိကိုယ်ကိုနှိမ့်ချခြင်း၊ ရောင့်ရဲတင်းတိမ်ခြင်း၊ သူတစ်ပါးက

www.dhammaransi.com



မိမိအပေါ်ပြုထားဖူးသော ကျေးဇူးကိုသိတတ်ခြင်း၊ သင့်လျော်သော အခါ၌ တရားနာခြင်းဟူသော ဤတရားငါးပါးသည်လည်း ကောင်းမြတ်သော မင်္ဂလာများဖြစ်ပေသည်။

၁၂။ (အိုနတ်သား)သည်းခံခြင်း၊ဆိုဆုံးမလွယ်သူဖြစ်ခြင်း၊ ရဟန်း သူမြတ်တို့ကို ဖူးမြင်ခြင်း၊ သင့်လျော်လျောက်ပတ်သော အခါ၌ တရား ဆွေးနွေးခြင်း ဟူသော ဤတရားလေးပါးသည်လည်း ကောင်းမြတ်သောမင်္ဂလာများဖြစ်ပေသည်။

၁၃။ (အိုနတ်သား) ခြိုးခြံသော အကျင့်ကို ကျင့်ခြင်း[၁]၊ မြတ်သောအကျင့်ကိုကျင့်ခြင်း[၂]၊ အရိယ သစ္စာတို့ကို သိမြင်ခြင်း၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း ဟူသော ဤတရားလေးပါးသည်လည်း ကောင်းမြတ်သော မင်္ဂလာများ ဖြစ်ပေသည်။

၁၄။ (အိုနတ်သား)လောကဓံတရား ရှစ်ပါးတို့နှင့် တွေ့ကြုံရသောပုဂ္ဂိုလ်၏စိတ် မတုန်လှုပ်ခြင်း၊ စိုးရိမ်ပူဆွေးမှုမရှိခြင်း၊ ရာဂ စသောမြူ မရှိခြင်း၊ ဘေးရန်ကင်းခြင်း ဟူသော ဤတရား လေးပါးသည်လည်း ကောင်းမြတ်သော မင်္ဂလာများ ဖြစ်ပေသည်။

၁၅။ (အိုနတ်သား)ဤဆိုခဲ့ပြီးသောမင်္ဂလာတရား* ၃၈-ပါးတို့ကို လိုက်နာပြုကျင့်ကြကုန်သည်ရှိသော် (ထိုပြုကျင့်သူတို့သည်) ရန်သူဟူသမျှတို့အပေါ်ဝယ် ရှုံးနိမ့်ခြင်းမရှိဘဲ အောင်မြင်မှု ရကြကုန်လျက် ဘယ်အရပ်မှာမဆို ချမ်းသာခြင်းသို့ ရောက်ရကုန်၏။ ဆိုခဲ့ပြီးသောတရား ၃၈-ပါးသည် နတ်လူတို့အတွက် ကောင်းမြတ်သော မင်္ဂလာများဖြစ်ပေသည်။

## (ခ) မင်္ဂလသုတ် ဖြစ်ပေါ်လာပုံ

မင်္ဂလသုတ်ကို မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဟောကြားခဲ့ပါသည်။ ဟော်

---

၁။ လောဘ ဒေါသ စသော အကုသိုလ်များမဖြစ်စေရန်၊ မျက်စိနားစသော ဣန္ဒြေ ၆-ပါး စောင့်စည်းခြင်းကို ခြိုးခြံသောအကျင့်ဟု ခေါ်ပါသည်။

၂။ ကာမဂုဏ်ခံစားမှုမှ ရှောင်ကြဉ်သော အကျင့်ကို မြတ်သောအကျင့်(ဗြဟ္မစရိယ) ဟုခေါ်ပါသည်။

*။ လောကဓံတရား ရှစ်ပါးကို နောက်ဆက်တွဲ (ခ) ၌ ရှုပါ။

www.dhammaransi.com



ကြားရန် အကြောင်း ဖြစ်ပေါ်လာပုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ထိုအချိန်က သာဝတ္ထိ ရာဇဂြိုဟ်စသော မြို့ရွာ အသီးသီးတို့၌ "မင်္ဂလာ"ဟူသော စကားခေတ်စားနေခဲ့သည်။ "မင်္ဂလာဆိုတာဘာလဲ" ဟု ဝေဖန်ဆွေးနွေးကြရာ၌ အယူအဆအမျိုးမျိုး ကွဲပြားနေကြသည်။ အချို့က နှစ်သက်ဖွယ် ရူပါရုံကိုမြင်ရခြင်းသည် မင်္ဂလာဖြစ်၏ဟု ဆိုကြသည်။ အချို့ကမူ နှစ်သက်ဖွယ် အသံကိုကြားရခြင်းသည် မင်္ဂလာဖြစ်၏ဟု ဆိုကြသည်။ အချို့ကလည်း နှစ်သက်ဖွယ် အနံ့အရသာ အတွေ့အထိကို တွေ့ထိခံစားရခြင်းသည် မင်္ဂလာဖြစ်၏ဟု ဆိုကြပြန်သည်။

လူ့ပြည်၌ အစပျိုးခဲ့သော မင်္ဂလာပြဿနာသည် နတ်ပြည်သို့ပင် ကူးစက်သွားသည်။ စတုမဟာရာဇ် တာဝတိံသာ စသော နတ်ပြည်တို့မှ နတ်သဘင်အစည်းအဝေးတို့၌လည်း မင်္ဂလာပြဿနာ ဆွေးနွေးပွဲများ ဆက်လက်ဖြစ်ပေါ်ခဲ့သည်။ တစ်ဆယ့်နှစ်နှစ် ကြာမြင့်သည့်တိုင်အောင် အများလက်ခံကျေနပ်နိုင်သော အဖြေကိုမရဘဲ ရှိကြသည်။

နောက်ဆုံးတွင် တာဝတိံသာမှ နတ်တို့က မိမိတို့၏ အရှင်သခင် ဖြစ်သော သိကြားမင်းထံသို့သွား၍ မင်္ဂလာပြဿနာကို မေးမြန်းကြသည်။ သိကြားမင်းက မိမိကိုယ်တိုင်မဖြေနိုင်သောကြောင့် နတ်သားတစ်ယောက်ကို မြတ်စွာဘုရားထံစေလွှတ်၍ မေးလျှောက်စေသည်။ ထိုနတ်သားက မေးလျှောက်သဖြင့် မြတ်စွာဘုရားက "အသေဝနာ စ ဗာလာနံ"အစရှိသော မင်္ဂလာတရားကို ဟောကြားခဲ့ခြင်း ဖြစ်ပါသည်။

## (ဂ) မင်္ဂသုတ်ကို ရွတ်ဖတ်သင့်သောအခါ

မင်္ဂလာဟူသည် လောကီ လောကုတ္တရာ ချမ်းသာစီးပွား တိုးတက်ကြောင်းတရားများ ဖြစ်သောကြောင့် အလှူဒါန ပြုလုပ်သောအခါ၊ အိမ်သစ်ယာသစ်တက်သောအခါ၊ မွေးနေ့ကျရောက်သောအခါ၊ နှစ်သစ်ကူးသောအခါ စသည်တို့၌ သံဃာတော်များကိုပင့်ဖိတ်၍ မင်္ဂလသုတ်ကို နာယူခြင်း၊ မိမိကိုယ်တိုင်လည်း တတ်စွမ်းသလောက်ရွတ်ဖတ်ခြင်း ပြုသင့်ပါသည်။မိမိကိုယ်တိုင် နေ့စဉ်မပြတ်ရွတ်ဖတ်ခြင်းဖြင့်လည်း ဘေးအန္တရာယ် ကင်းရှင်း၍ အကြံအစည် ပြီးမြောက်ခြင်းစသော အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။

www.dhammaransi.com




## (ဃ) မင်္ဂလသုတ်၏ အကျိုးကျေးဇူး

မြတ်စွာဘုရား ဟောကြားသော မင်္ဂလာတရား (၃၈)ပါးမှာ သူမိုက်ကို မမှီဝဲခြင်း၊ ပညာရှိသူတို့ကို မှီဝဲဆည်းကပ်ခြင်းစသော လက်တွေ့ ကျင့်စဉ်များနှင့် ထိုကျင့်စဉ်တို့၏ အကျိုးဆက်ဖြစ်သည့် မင်္ဂိုလ်နိဗ္ဗာန် တရားများသာ ဖြစ်ပါသည်။ ထိုမင်္ဂလာတရားများကို လက်တွေ့ကျင့်ကြံ နိုင်လျှင် မကောင်းမှု အကုသိုလ်များ မဖြစ်ပေါ်စေဘဲ ကုသိုလ်တရားများ သာ တိုးပွားမည်ဖြစ်ပါသည်။ ထို့ကြောင့် မင်္ဂလာဟူသည် မကောင်းမှု ဟူသမျှကို ဖျက်ဆီးပစ်နိုင်သောတရား၊ လောကီလောကုတ္တရာ ကောင်း ကျိုး ဟူသမျှကို ပြီးမြောက်စေနိုင်သောတရားဟူ၍လည်း ဆိုနိုင်ပါသည်။

မင်္ဂလသုတ်၏ နိဂုံးချုပ်ဖြစ်သည့်''ဧတာဒိသာနိ''စသောဂါထာ၌ ကား ''မင်္ဂလာတရား(၃၈)ပါးကို လက်တွေ့လိုက်နာပြုကျင့်သည်ရှိသော် ရန်သူဟူသမျှတို့အပေါ် ဝယ် ရှုံးနိမ့်ခြင်းမရှိဘဲ အောင်မြင်မှုရကြကုန်လျက် ဘယ်အရပ်မှာမဆို ချမ်းသာခြင်းသို့ ရောက်ကြရကုန်၏'' ဟု ဟောကြား ထားပါသည်။

အချုပ်အားဖြင့် မင်္ဂလသုတ်ကို မပြတ်မလတ် ရွတ်ဖတ်ကျင့်ကြံ ခြင်းဖြင့် ဘေးအန္တရာယ်ကင်းရှင်းပြီး အရာရာ၌ အောင်မြင်မှု၊ တိုးတက်မှု ရနိုင်ပါသည်။

www.dhammaransi.com



# ၂။ ရတနသုတ်

## (က) ရတနသုတ်ပါဠိ

၁။ ပဏိဓာနတော ပဋ္ဌာယ[1] တထာဂတဿ ဒသပါရမိယော
ဒသ ဥပပါရမိယော ဒသ ပရမတ္ထပါရမိယောတိ
သမတ္တိံသ[2] ပါရမိယော ပဉ္စ မဟာပရိစ္စာဂေ
လောကတ္ထစရိယံ ဉာတတ္ထစရိယံ ဗုဒ္ဓတ္ထစရိယန္တိ
တိဿော စရိယာယော ပစ္ဆိမဘဝေ ဂဗ္ဘဝေါက္ကန္တိံ*
ဇာတိံ အဘိနိက္ခမနံ ပဓာနစရိယံ ဗောဓိပလ္လင်္ကေ
မာရဝိဇယံ သဗ္ဗညုတညာဏပ္ပဋိဝေဓံ
ဓမ္မစက္ကပ္ပဝတ္တနံ နဝ လောကုတ္တရ ဓမ္မေတိ
သဗ္ဗေပိ မေ ဗုဒ္ဓဂုဏေ အာဝဇ္ဇေတွာ[4]
ဝေသာလိယာ တီသု ပါကာရန္တရေသု
တိယာမရတ္တိံ ပရိတ္တံ ကရောန္တော
အာယသ္မာ အာနန္ဒတ္ထေရော[5] ဝိယ
ကာရုညစိတ္တံ[6] ဥပဋ္ဌပေတွာ

---

၁။ ပဋ္ဌာယ=ပတ်ထာယ ဟုဖတ်။
၂။ သမတ္တိံ သ=သမတ်တိန်သ ဟုဖတ်။
*။ ဂဗ္ဘဝေါက္ကန္တိံ=ဂဗ်ဘဝေါက်ကန်တိန် ဟု ဖတ်။
၄။ အာဝဇ္ဇေတွာ=အာဝဇ်ဇစ်တဝါ ဟုဖတ်။
၅။ အာနန္ဒတ္ထေရောဝိယ=အာနန်ဒတ်ထေရောဝိယ ဟုဖတ်။
၆။ ကာရုညစိတ္တံ=ကာရုန်ညစိတ်တံ ဟုဖတ်။

www.dhammaransi.com



၂။ ကောဋိသတသဟဿေသု၊ စက္ကဝါဠေသု ဒေဝတာ၊
ယဿာဏံ ပဋိဂ္ဂဏှန္တိ၊ ယဉ္စ ဝေသာလိယာ ပုရေ။

၃။ ရောဂါမနုဿဒုဗ္ဘိက္ခ- သမ္ဘူတံ တိဝိဓံ ဘယံ၊
ခိပ္ပ မန္တရဓာပေသိ [၁]၊ ပရိတ္တံ တံ ဘဏာမ ဟေ။

၄။ ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ၊
သဗ္ဗေဝ ဘူတာ သုမနာ ဘဝန္တု၊
အထောပိ သက္ကစ္စ သုဏန္တု ဘာသိတံ။

၅။ တသ္မာ ဟိ ဘူတာ နိသာမေထ သဗ္ဗေ၊
မေတ္တံ ကရောထ မာနုသိယာ ပဇာယ၊
ဒိဝါ စ ရတ္တော စ ဟရန္တိ ယေ ဗလိံ၊
တသ္မာ ဟိ နေ ရက္ခထ အပ္ပမတ္တာ။

၆။ ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ၊
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၇။ ခယံ ဝိရာဂံ အမတံ ပဏီတံ၊
ယဒဇ္ဈဂါ သကျမုနီ [၂] သမာဟိတော၊
န တေန ဓမ္မေန သမတ္ထိ ကိဉ္စိ၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၈။ ယံ ဗုဒ္ဓသေဋ္ဌော * ပရိဝဏ္ဏယီ သုစိံ၊
သမာဓိ မာနန္တရိကည မာဟု [၄]၊

---

၁။ ခိပ္ပ မန္တရဓာပေသိ=ခိပ်ပမန်တရဓာပေသိ ဟု ဖတ်။
၂။ ယဒဇ္ဈဂါသကျမုနီ = ယဒစ်ဈဂါသက်ကျမုနီ ဟု ဖတ်။
*။ ဗုဒ္ဓသေဋ္ဌော = ဗုတ်ဓသစ်ထော ဟု ဖတ်။
၄။ သမာဓိမာနန္တရိ ကညမာဟု = သမာဓိမာနန်တရိကင်ညမာဟု ဟု ဖတ်။

www.dhammaransi.com


သမာဓိနာ တေန သမော န ဝိဇ္ဇတိ၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၉။ ယေ ပုဂ္ဂလာ အဋ္ဌ သတံ ပသတ္ထာ၊
စတ္တာရိ ဧတာနိ ယုဂါနိ ဟောန္တိ၊
တေ ဒက္ခိဏေယျာ သုဂတဿ သာဝကာ၊
ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ၊
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၀။ ယေ သုပ္ပယုတ္တာ မနသာ ဒဠှေန၊
နိက္ကာမိနော ဂေါတမသာသနမှိ၊
တေ ပတ္တိပတ္တာ အမတံ ဝိဂယှ၊
လဒ္ဓါ မုဓာ နိဗ္ဗုတိံ ဘုဉ္ဇမာနာ၊
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၁။ ယထိန္ဒခီလော ပထဝိဿိတော[၁] သိယာ၊
စတုဗ္ဘိ ဝါတေဟိ အသမ္ပကမ္ပိယော၊
တထူပမံ သပ္ပုရိသံ ဝဒါမိ၊
ယော အရိယသစ္စာနိ အဝေစ္စ[၂] ပဿတိ၊
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၂။ ယေ အရိယသစ္စာနိ ဝိဘာဝယန္တိ၊
ဂမ္ဘီရပညေန[*] သုဒေသိတာနိ၊
ကိဉ္စာပိ[၄] တေ ဟောန္တိ ဘုသံ ပမတ္တာ၊

---

၁။ ပထဝိဿိတော=ပထဝိံသိတော ဟု ဖတ်။
၂။ အဝေစ္စ= အဝိစ်စ ဟု ဖတ်။
*။ ဂမ္ဘီရပညေန = ဂမ်ဘီရပင်ညေန ဟု ဖတ်။ (ပြင်ညေန ဟု မဖတ်ရ)
၄။ ကိဉ္စာပိ=ကိန်စာပိ ဟု ဖတ်။

www.dhammaransi.com



နတေ ဘဝံ အဋ္ဌမ မာဒိယန္တိ၊
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
၁၃။ သဟာဝဿ ဒဿန သမ္ပဒါယ၊
တယဿု ဓမ္မာ ဇဟိတာ ဘဝန္တိ၊
သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆိတဉ္စ၊
သီလဗ္ဗတံ ဝါပိ ယဒတ္ထိ ကိဉ္စိ၊
၁၄။ စတူဟပါယေဟိ စ ဝိပ္ပမုတ္တော၊
ဆစ္စာဘိ ဌာနာနိ အဘဗ္ဗကာတုံ၊
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
၁၅။ ကိဉ္စာပိ သော ကမ္မ ကရောတိ ပါပကံ၊
ကာယေန ဝါစာ ဥဒ စေတသာ ဝါ၊
အဘဗ္ဗ သော တဿ ပဋိစ္ဆဒါယ၊
အဘဗ္ဗတာ ဒိဋ္ဌပဒဿ ဝုတ္တာ၊
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိဟောတု။
၁၆။ ဝနပ္ပဂုမ္ဗေ[၁] ယထာ ဖုဿိတဂ္ဂေ[၂]
ဂိမှာနမာသေ ပဌမသ္မိံ ဂိမှေ*
တထူပမံ ဓမ္မဝရံ အဒေသယိ၊
နိဗ္ဗာနဂါမိံ ပရမံ ဟိတာယ၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိဟောတု။
၁၇။ ဝရော ဝရညူ[၄] ဝရဒေါ ဝရာဟရော၊
အနုတ္တရော ဓမ္မဝရံ အဒေသယိ၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

---

၁။ ဝနပ္ပဂုမ္ဗေ=ဝနပ်ပဂုမ်ဗေ ဟု ဖတ်၊
၂။ ဖုဿိတဂ္ဂေ=ဖုတ်သိတက်ဂေဟုဖတ်၊
*၊ ဂိမှေ=ဂိန်မှေ ဟု ဖတ်၊
၄ ဝရညူ=ဝရင်ညူ ဟု ဖတ်၊

www.dhammaransi.com



၁၈။ ခီဏံ ပုရာဏံ နဝနတ္ထိသမ္ဘဝံ၊
ဝိရတ္တ စိတ္တာ[1] ယတိကေ ဘဝသ္မိံ၊
တေ ခီဏဗီဇာ အဝိရူဠှိဆန္ဒာ[2]
နိဗ္ဗန္တိ ဓီရာ ယထာယံ ပဒီပေါ
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၉။ ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
တထာဂတံ ဒေဝမနုဿ ပူဇိတံ၊
ဗုဒ္ဓံ နမဿာမ သုဝတ္ထိ ဟောတု။

၂၀။ ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ၊
တထာဂတံ ဒေဝမနုဿပူဇိတံ၊
ဓမ္မံ နမဿာမ သုဝတ္ထိ ဟောတု။

၂၁။ ယာနီဓ ဘူတာနိ သမာဂတာနိ
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ၊
တတာဂတံ ဒေဝမနုဿပူဇိတံ
သံဃံ နမဿာမ သုဝတ္ထိဟောတု။

---

၁။ ဝိရတ္တစိတ္တာ=ဝိရတ်တစိတ်တာဟုဖတ်၊

၂။ အဝိရူဠှိဆန္ဒာ=အဝိရူဠှိဆန်ဒါဟုဖတ်၊

www.dhammaransi.com



# (ခ) ရတနသုတ်မြန်မာပြန်

## ရှေးဦးမှတ်ဖွယ်

ရတနသုတ်ပါဠိ၌ "ပဏိဓာနတော" မှစ၍ "ပရိတ္တံ တံဘဏာမဟေ" အထိ စာပိုဒ်သုံးပိုဒ်သည် ပရိတ်အမွန်း စာပိုဒ်များဖြစ်ပါသည်။ ယင်း စာပိုဒ်များဖြင့် ရတနသုတ်ကို ရွတ်ဆိုရာတွင် ရှင်အာနန္ဒာမထေရ်ကဲ့သို့ ဒီပင်္ကရာ မြတ်စွာဘုရားထံ၌ ဘုရားဆုကိုပန်ဆင်ပုံ၊ ပါရမီဆယ်ပါးကို ဖြည့်ကျင့်ပုံစသော မြတ်စွာဘုရား၏ ဂုဏ်တော်များကို ဆင်ခြင်၍ ရွတ်ဆိုအပ်ကြောင်းနှင့် ရတနသုတ်သည် အနာရောဂါဘေး၊ ဘီလူး၊ သားရဲဘေး၊ ငတ်မွတ်ခေါင်းပါးခြင်းဘေး ဟူသောဘေးကြီးသုံးပါးကို ကင်းပျောက်စေနိုင်ကြောင်း ဖော်ပြထားပါသည်။ "ယာနီဓ ဘူတာနိ" မှစ၍ နောက်ပိုင်းပါဠိတို့ကား မြတ်စွာဘုရားကိုယ်တိုင် ဟောကြားသော ရတနသုတ် စာကိုယ်ဖြစ်ပါသည်။ ရတနသုတ်ပါဠိ၏ မြန်မာပြန်စကားပြေ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

## ရတနသုတ်အမွန်း

၁။ အို သူတော်ကောင်း အပေါင်းတို့၊ ဒီပင်္ကရာမြတ်စွာဘုရားထံ၌ ဘုရားဆုကို ပန်ဆင်သည်မှ စ၍ -

- မြတ်စွာဘုရား၏ ပါရမီဆယ်ပါး[၁]၊ ဥပပါရမီဆယ်ပါး၊ ပရမတ္ထပါရမီ ဆယ်ပါး ဟူသော ပါရမီတော်အမျှသုံးဆယ်တို့ကို ဖြည့်ကျင့်ခြင်း၊
- စွန့်ခြင်းကြီးငါးပါးကို စွန့်လွှတ်ခြင်း၊
- သတ္တဝါတို့၏ အကျိုးစီးပွားအတွက် ကျင့်ခြင်း၊ ဆွေမျိုးတို့၏အကျိုး စီးပွားအတွက် ကျင့်ခြင်း၊ ဘုရားဖြစ်ရန်အတွက် ကျင့်ခြင်း ဟူသော စရိယာ အကျင့်သုံးပါးကို ကျင့်ခြင်း၊
- ဘုရားဖြစ်သည့် နောက်ဆုံးဘဝ၌ ပဋိသန္ဓေနေခြင်း၊ ဖွားမြင်ခြင်း၊ တောထွက်ခြင်း၊ ဒုက္ကရစရိယာအကျင့်ကိုကျင့်ခြင်း၊

---

၁။ ပါရမီဆယ်ပါး အမျှသုံးဆယ် စွန့်ခြင်းတို့ကို နောက်ဆက်တွဲ(ဂ၊ဃ)တို့၌ ရှုပါ။

www.dhammaransi.com


- ဗောဓိညောင်ပင် အောက်ရှိ ပလ္လင်တော် ထက်၌ မာရ်ငါးပါးကို အောင်မြင်ခြင်း[၁]၊
- သဗ္ဗညုတ ဉာဏ်တော်ကို ထိုးထွင်း သိမြင်ခြင်း၊
- ဓမ္မစကြာတရား ဟောကြားခြင်း၊
- ကိုးပါးသော လောကုတ္တရာတရား[၂]၊

ဟူသော ဤဗုဒ္ဓ၏ ဂုဏ်တော် အားလုံးကို ဆင်ခြင်၍ ရှင်အာနန္ဒာ မထေရ်သည် ဝေသာလီပြည် တံတိုင်းသုံးထပ် အကြားတို့၌ ပရိတ်အရံ အတားကို ပြုဘိသကဲ့သို့ ထို့အတူ ကျွန်ုပ်တို့သည် သတ္တဝါတို့အပေါ်၌ သနားကြင်နာသော ကရုဏာစိတ်ကို ဖြစ်ကြစေကုန်၍ ရတနသုတ် ပရိတ်တော်ကို ယခုရွတ်ဆိုကြပါကုန်စို့။

၂-၃။ ထိုရတနသုတ်ပရိတ်တော်၏ အမိန့်အာဏာကို ကုဋေတစ်သိန်းသော စကြဝဠာတို့၌ နေကြကုန်သောနတ်တို့သည်ပင် ခံယူကြရပါသည်။ ထိုရတနသုတ် ပရိတ်တော်သည် ရှေးအခါက ဝေသာလီပြည်၌ အနာရောဂါ စွဲကပ်ခြင်း၊ ဘီလူးသားရဲတို့ နှောင့်ယှက်ခြင်း၊ငတ်မွတ်ခေါင်းပါးခြင်းတို့ကြောင့်ဖြစ်သော ဘေးအန္တရာယ် သုံးမျိုးလုံးကိုပင် လျင်မြန်စွာ ကင်းပျောက်စေခဲ့ပါသည်။

## နတ်တို့အား တိုက်တွန်းပုံ

၄။ ဤအရပ်၌ စည်းဝေးရောက်လာကြသည့်မြေပြင်၌တည်သောနတ်၊ ကောင်းကင်၌တည်သောနတ်အားလုံးတို့သည် နှစ်သက် ရွှင်လန်း ဝမ်းမြောက်ကြပါကုန်လော့။ ထို့ပြင် မြတ်စွာဘုရား ဟောကြားသော တရားကိုလည်း ရိုသေလေးစားစွာ နာယူကြပါကုန်လော့။

၅။ တရားနာရန် စုဝေးလာကြကုန်သော အိုနတ်အပေါင်းတို့၊ သင်တို့အားလုံး နားစိုက်ကြပါကုန်လော့။ လူသားတို့အပေါ်၌ မေတ္တာစိတ်ကို ပွားများကြပါကုန်လော့။ လူတို့သည်နေ့အချိန်၌လည်းကောင်း၊ညအချိန်၌လည်းကောင်း ပူဇော်ဖွယ်ပစ္စည်းများကို ယူဆောင်လာပြီး သင်နတ်တို့ကို ပူဇော်လေ့ ရှိကြပေသည်။ ထို့ကြောင့် သင်နတ်တို့သည် ထိုလူတို့ကို မမေ့မလျော့ စောင့်ရှောက်ကြပါကုန်လော့။

---

၁။ မာရ်ငါးပါးအောင်မြင်ပုံကို နောက်ဆက်တွဲ (င) ၌ရှုပါ။
၂။ ကိုးပါးသော လောကုတ္တရာ တရားတို့ကို နောက်ဆက်တွဲ (ခ) ၌ ရှုပါ။

ရတနာသုံးပါးဂုဏ်ဖြင့် သစ္စာပြုပုံ

၆။ ဤလူ့ပြည်၊ နဂါးပြည်၊ ဂဠုန်ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်တို့၌ ရှိသည့် ကောင်းမြတ်သော ရတနာ ဟူသမျှတို့တွင် မြတ်စွာဘုရားနှင့် တူသော ရတနာသည် မရှိပေ။ မြတ်စွာဘုရားသည်သာ မြတ်သောရတနာ စင်စစ် ဖြစ်ပေ၏။ ဤမှန်သော သစ္စာစကားကြောင့် သတ္တဝါတို့အား ချမ်းသာခြင်း ဖြစ်ပါစေ။

၇။ တည်ကြည်သော စိတ်ရှိသော မြတ်စွာဘုရားသည် ကိလေသာ ကုန်ခန်း၍ တပ်မက်ခြင်းကင်းရာ ဖြစ်သော အကြင်အမြိုက်နိဗ္ဗာန်ကို ရတော်မူခဲ့၏။ ထိုအမြိုက်နိဗ္ဗာန်နှင့်တူသော တရားကား တစ်စုံတစ်ခုမျှ မရှိပေ။ ဤအမြိုက်နိဗ္ဗာန်တရားသည် မွန်မြတ်သော ရတနာစင်စစ် ဖြစ်ပေ၏။ ဤမှန်သော သစ္စာစကားကြောင့် သတ္တဝါတို့အား ချမ်းသာခြင်း ဖြစ်ပါစေ။

၈။ မြတ်စွာဘုရားသည် ကိလေသာ ကင်းစင်သော အရိယာ သမာဓိကို အမျိုးမျိုးချီးမွမ်းတော်မူ၏။ ထိုသမာဓိကို မိမိ၏အခြားမဲ့၌ အကျိုးပေးတတ်သော သမာဓိ ဟူ၍လည်း မြတ်စွာဘုရားတို့ မိန့်ကြားတော်မူကုန်၏။ ထိုအရိယာသမာဓိနှင့်တူသော အခြားသမာဓိကား မရှိချေ။ ဤမှန်သောသစ္စာစကားကြောင့်သတ္တဝါတို့အားချမ်းသာခြင်းဖြစ်ပါစေ။

၉။ သူတော်ကောင်းတို့၊ ချီးမွမ်းအပ်သော အရိယာပုဂ္ဂိုလ် တို့သည် ပုဂ္ဂိုလ်အရေအတွက်အားဖြင့် ရှစ်ယောက်၊ အစုံလိုက်အားဖြင့် လေးစုံ ဖြစ်ကုန်၏။[၁] မြတ်စွာဘုရား၏ တပည့် ဖြစ်သော ထိုပုဂ္ဂိုလ် တို့သည်

---

၁။ အရိယာပုဂ္ဂိုလ်တို့သည် –

(၁) သောတာပတ္တိမဂ်၌တည်သောပုဂ္ဂိုလ်
(၂) သောတာပတ္တိဖိုလ်၌တည်သောပုဂ္ဂိုလ်
(၃) သကဒါဂါမိမဂ်၌တည်သောပုဂ္ဂိုလ်
(၄) သကဒါဂါမိဖိုလ်၌တည်သောပုဂ္ဂိုလ်
(၅) အနာဂါမိမဂ်၌တည်သောပုဂ္ဂိုလ်
(၆) အနာဂါမိဖိုလ်၌တည်သောပုဂ္ဂိုလ်
(၇) အရဟတ္တမဂ်၌တည်သောပုဂ္ဂိုလ်
(၈) အရဟတ္တဖိုလ်၌တည်သောပုဂ္ဂိုလ်

ဟူ၍ ပုဂ္ဂိုလ်အရေအတွက်အားဖြင့် ရှစ်ယောက်၊ အစုံလိုက်အားဖြင့် လေးစုံရှိပါသည်။

www.dhammaransi.com


မြတ်သောအလှူကို ခံယူတော်မူထိုက်သူများ ဖြစ်ကုန်၏။ ဤပုဂ္ဂိုလ်တို့၌ လှူအပ်သော အလှူတို့သည် များသောအကျိုးရှိကုန်၏။ ဤအရိယာပုဂ္ဂိုလ် အပေါင်းသည် မြတ်သောရတနာစင်စစ် ဖြစ်ပေ၏။ ဤမှန်သော သစ္စာ စကားကြောင့် သတ္တဝါတို့အား ချမ်းသာခြင်း ဖြစ်ပါစေ။

၁၀။ အကြင်ပုဂ္ဂိုလ်တို့သည် ဂေါတမမြတ်စွာဘုရား၏ သာသနာ၌ ကြံ့ခိုင်သော စိတ်ဓာတ်ဖြင့် လွန်စွာ ကြိုးစားအားထုတ်ကုန်သည်ဖြစ်၍ ကိလေသာတို့မှ ထွက်မြောက်ကုန်၏။ ထိုအရိယာပုဂ္ဂိုလ်တို့သည် အရဟတ္တ ဖိုလ်သို့ဆိုက်ရောက်၍ အမြိုက်နိဗ္ဗာန်ကို အာရုံပြုသောအားဖြင့် သက်ဝင်ပြီး ရုပ်၊နာမ်၊ သင်္ခါရ ငြိမ်းအေးမှုကို အလိုရှိတိုင်း ခံစားလျက် နေနိုင်ကြ ကုန်၏။ ဤအရိယာသံဃာ အပေါင်းသည်လည်း မှန်မြတ်သော ရတနာ စင်စစ် ဖြစ်ပေ၏။ ဤမှန်သော သစ္စာစကားကြောင့် ၊ သတ္တဝါတို့အား ချမ်းသာခြင်း ဖြစ်ပါစေ။

၁၁။ မြေကြီးထဲ၌ ခိုင်မြဲစွာ စိုက်ထားသော တံခါးတိုင်ကြီးကို အရပ် လေးမျက်နှာတို့မှ တိုက်ခတ်လာသော လေပြင်းမုန်တိုင်းတို့သည် လှုပ်ရှား စေခြင်းငှာ မတတ်ကောင်းသကဲ့သို့ အရိယသစ္စာလေးပါးကို ဉာဏ်ဖြင့် သက်ဝင်၍ သိမြင်သော အရိယာပုဂ္ဂိုလ်ကို ထိုတံခါးတိုင်ကြီးနှင့်တူသော ပုဂ္ဂိုလ်ဟူ၍ ငါဘုရား မိန့်ဆိုတော်မူ၏။ ဤအရိယာသံဃာ အပေါင်း သည်လည်း မှန်မြတ်သော ရတနာစင်စစ် ဖြစ်ပေ၏။ ဤမှန်သော သစ္စာ စကားကြောင့် သတ္တဝါတို့အား ချမ်းသာခြင်း ဖြစ်ပါစေ။

၁၂။ နက်နဲသော ဉာဏ်ရှိသည့် မြတ်စွာဘုရားသည် ကောင်းစွာ ဟောကြားအပ်သော အရိယသစ္စာ လေးပါးတို့ကို ထင်ရှား သိမြင် သော (သောတာပန်) အရိယာပုဂ္ဂိုလ်တို့သည် ကာမဂုဏ် ချမ်းသာဖြင့် လွန်စွာ မေ့လျော့ကြစေကာမူ ရှစ်ခုမြောက်ဖြစ်သော ဘဝကို ယူရိုးမရှိ ကြတော့ပေ။ ဤအရိယာ သံဃာအပေါင်းတို့သည်လည်း မှန်မြတ်သော ရတနာစင်စစ်ဖြစ်ပေ၏။ ဤမှန်သော သစ္စာစကားကြောင့် သတ္တဝါ တို့အား ချမ်းသာခြင်းဖြစ်ပါစေ။

၁၃။ ထိုအရိယာပုဂ္ဂိုလ်တို့သည် သစ္စာလေးပါးကို ထင်ရှားသိမြင် သော သောတာပတ္တိမဂ်ဉာဏ် ပြည့်စုံသည်နှင့်တစ်ပြိုင်နက် သက္ကာယဒိဋ္ဌိ၊

www.dhammaransi.com

ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသဟူသော ကိလေသာသုံးပါးကို ¹ ပယ်ရှားအပ်ပြီး ဖြစ်လေသည်။ ထိုသောတာပန် အရိယာပုဂ္ဂိုလ်တို့သည် အပါယ်လေးဘုံတို့မှလည်း လွတ်မြောက်ပြီးသူ ဖြစ်၏။ ကြီးလေးသောအပြစ်ခြောက်ပါးတို့ကိုလည်းပြုလုပ်ရန် မထိုက်တော့ချေ။ ² ဤအရိယာ သံဃာအပေါင်းသည်လည်း မွန်မြတ်သော ရတနာစင်စစ်ဖြစ်ပေ၏။ ဤမှန်သော သစ္စာစကားကြောင့် သတ္တဝါတို့အား ချမ်းသာခြင်း ဖြစ်ပါစေ။

၁၄။ ထို (သောတာပန်) အရိယာပုဂ္ဂိုလ်သည် ကိုယ်ဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ၊ စိတ်ဖြင့်ဖြစ်စေ၊ တစ်စုံတစ်ခုသော မကောင်းမှုကို ပြုလုပ်မိစေကာမူ ထိုပြစ်မှုကို ဖုံးကွယ်ထိန်ချန်ထားခြင်းငှာမူ မထိုက်တော့ချေ။ (ထိန်ချန်ထားမည့်သူ မဟုတ်တော့ချေ။) သစ္စာလေးပါးကို သိမြင်ပြီးသော အရိယာပုဂ္ဂိုလ်သည် မကောင်းမှုကို ဖုံးကွယ်ထားမည့်သူ မဟုတ်တော့ကြောင်း မြတ်စွာဘုရား ဟောကြားတော်မူပါသည်။ ဤအရိယာသံဃာအပေါင်းသည်လည်း မွန်မြတ်သော ရတနာစင်စစ်ဖြစ်ပေ၏။ ဤမှန်သော သစ္စာစကားကြောင့် သတ္တဝါတို့အား ချမ်းသာခြင်းဖြစ်ပါစေ။

၁၅။ နွေရာသီ၏ အဦးအစဖြစ်သော တန်ခူးလ၌ ကောင်းစွာပွင့်သည့် ခက်ဖျားစုံရှိသော တောအုပ်သည် ကျက်သရေမင်္ဂလာရှိသကဲ့သို့ ထို့အတူ သဒ္ဒါအနက်တို့နှင့် ပြည့်စုံသည်ဖြစ်၍ တောအုပ်ကြီးနှင့်တူသော နိဗ္ဗာန်ရောက်ကြောင်းတရားကို သတ္တဝါတို့ အမြတ်ဆုံးအကျိုးစီးပွားရရှိစေရန် အတွက် မြတ်စွာဘုရားက ဟောကြားတော်မူခဲ့၏။ ဤသို့ နိဗ္ဗာန်ရောက်

---

၁။ ကိလေသာ သုံးပါး–

သက္ကာယဒိဋ္ဌိ = ထင်ရှားရှိသော ခန္ဓာငါးပါးအပေါင်း၌ အတ္တခေါ် ဝိညာဉ်ကောင်ရှိ၏။ စသည်ဖြင့် အမြင်မှားခြင်း။ ဝိစိကိစ္ဆာ = ဘုရား တရား၊ သံဃာတို့၌လည်းကောင်း၊ အကြောင်းကိုစွဲ၍ အကျိုးဖြစ်ပေါ်ခြင်းဟူသော ပဋိစ္စသမုပ္ပါဒ်သသော စသည်တို့၌လည်းကောင်း တွေးတောယုံမှားခြင်း။ သီလဗ္ဗတပရာမာသ၊ နွား၊ ခွေး တို့ကဲ့သို့ ကျင့်ခြင်းဖြင့် ကိလေသာစင်ကြယ်၏ဟု လွဲမှားစွာသုံးသပ်ခြင်း။

၂။ ကြီးလေးသော အပြစ်ခြောက်ပါး –

(၁) အမိသတ်ခြင်း၊ (၂) အဖသတ်ခြင်း၊ (၃) ရဟန္တာသတ်ခြင်း၊ (၄) ဘုရားအား သွေးထွက်သံယိုဖြင်အောင် လုပ်ခြင်း၊ (၅)သံဃာသင်းခွဲခြင်း၊ (၆) ဘုရားမှတစ်ပါး အခြားပုဂ္ဂိုလ်ကိုဆရာဟု ညွှန်ပြခြင်းတို့သည် ကြီးလေးသော အပြစ် ၆-ပါး ဖြစ်၏။

www.dhammaransi.com

ကြောင်းတရားကို ဟောကြားတော်မူသော မြတ်စွာဘုရားသည်လည်း မွန်မြတ်သော ရတနာစင်စစ်ဖြစ်ပေ၏။ ဤမှန်သော သစ္စာစကားကြောင့် သတ္တဝါတို့အား ချမ်းသာခြင်းဖြစ်ပါစေ။

၁၆။ နတ်လူအများ လိုလားတောင့်တအပ်သော ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသော အမြတ်ဆုံးနိဗ္ဗာန်ကို သိတော်မူ၍ အမြတ်ဆုံးတရားကို ပေးသနားတော်မူတတ်သော၊ ရှေးဟောင်းကျင့်စဉ်မြတ်ကို ယူဆောင်လာတော်မူသော အမြတ်ဆုံးဘုရားရှင်သည် မြတ်သောတရားကို ဟောကြားတော်မူ၏။ ဤသို့ မြတ်သောတရားကို ဟောကြားတော်မူသော မြတ်စွာဘုရားသည်လည်း မွန်မြတ်သော ရတနာစင်စစ်ဖြစ်ပေ၏။ ဤမှန်သော သစ္စာစကားကြောင့် သတ္တဝါတို့အား ချမ်းသာခြင်း ဖြစ်ပါစေ။

၁၇။ အကြင် ရဟန္တာပုဂ္ဂိုလ်တို့အား ရှေးကပြုခဲ့သော အတိတ်ကံဟောင်းလည်း ကုန်ပြီးဖြစ်၏။ နောက်ထပ်ကံအသစ်လည်း ဖြစ်ပေါ်ရန်မရှိတော့ပေ။ နောင်ဖြစ်ရမည့်ဘဝသစ်၌ တွယ်တာတပ်မက်သော စိတ်လည်း ကင်းပြီးဖြစ်ကုန်၏။ ထိုရဟန္တာတို့သည် ပဋိသန္ဓေမျိုးစေ့ ကုန်ခန်းပြီး ဘဝသံသရာစည်ကားရေးကို လိုလားသောဆန္ဒမရှိသူများ ဖြစ်၍ ဆီမီးငြိမ်းသွားသကဲ့သို့ ဘဝဇာတ် ချုပ်ငြိမ်းသွားကြကုန်၏။ ဤသို့ ဘဝဇာတ်ချုပ်ငြိမ်းသွားသော အရိယာသံဃာ အပေါင်းသည်လည်း မွန်မြတ်သော ရတနာစင်စစ်ဖြစ်ပေ၏။ ဤမှန်သော သစ္စာစကားကြောင့် သတ္တဝါတို့အား ချမ်းသာခြင်းဖြစ်ပါစေ။

## နတ်တို့က ရှိခိုးပုံ

၁၈။ အကြင် မြေ၌ တည်သော နတ်၊ ကောင်းကင်၌ တည်သော နတ်တို့သည် ဤအရပ်၌ စုဝေးရောက်ရှိနေကြကုန်၏။ ထိုနတ်အပေါင်းတို့နှင့်တကွ ကျွန်ုပ်တို့သည် နတ်လူအများ လေးစားပူဇော်အပ်သော မြတ်စွာဘုရားကို ရှိခိုးပါကုန်၏။ သတ္တဝါတို့အား ချမ်းသာခြင်းဖြစ်ပါစေ။

၁၉။ အကြင် မြေ၌ တည်သော နတ်၊ ကောင်းကင်၌ တည်သော နတ်တို့သည် ဤအရပ်၌စုဝေးရောက်ရှိနေကြကုန်၏။ ထိုနတ်အပေါင်းတို့နှင့်တကွ၊ ကျွန်ုပ်တို့သည် နတ်လူအများ လေးစားပူဇော်အပ်သော တရား

www.dhammaransi.com



တော်မြတ်ကို ရှိခိုးကြပါကုန်၏။ သတ္တဝါတို့အား ချမ်းသာခြင်း ဖြစ်ပါစေ။

၂၀။ အကြင် မြေ၌တည်သောနတ်၊ ကောင်းကင်၌တည်သော နတ်တို့သည် ဤအရပ်၌ စုဝေးရောက်ရှိနေကြကုန်၏။ ထိုနတ်အပေါင်းတို့နှင့်တကွ ကျွန်ုပ်တို့သည် နတ်လူအများ လေးစားပူဇော်အပ်သော သံဃာတော်မြတ်ကို ရှိခိုးကြပါကုန်၏။ သတ္တဝါတို့အား ချမ်းသာခြင်း ဖြစ်ပါစေ။

## (ဂ) ရတနသုတ် ဖြစ်ပေါ်လာပုံ

### ဝေသာလီ၌ ကပ်ဆိုက်ခြင်း

ရာဇဂြိုဟ်ပြည်၌ မြတ်စွာဘုရား သီတင်းသုံးနေတော်မူစဉ် ဝေသာလီပြည်၌ မိုးခေါင်၍ ဆန်ရေစပါးရှားပါးမှုကြီး ဖြစ်ပေါ်သည်။ ငတ်မွတ်ခေါင်းပါးမှုကြောင့် ရောဂါအမျိုးမျိုး ကျရောက်ပြီး ဆင်းရဲသားများ အစုလိုက်အပြုံလိုက် သေဆုံးပျက်စီးကြသည်။ နေ့စဉ်ရက်ဆက် သေသူတွေ များလာသောအခါ လူသေအလောင်းများကိုပင် နိုင်အောင် စွန့်ပစ်မြှုပ်နှံခြင်း မပြုနိုင်ကြတော့ချေ။ တစ်မြို့လုံးမကောင်းသောအနံ့ဆိုးများ လွှမ်းမိုး၍နေလေသည်။

ထိုအခါ မြေဘုတ်ဘီလူး၊ သားရဲသဘက်စသော မကောင်းဆိုးရွားကောင်များ မြို့ထဲသို့ဝင်လာကြပြီး လူတို့အား အန္တရာယ်ပြုကြသည်။ ငတ်မွတ်ခေါင်းပါးမှုဘေး၊ အနာရောဂါဘေး၊ သားရဲ ဘီလူးဘေးဟူသောဘေးအန္တရာယ်ကြီး သုံးပါးကြောင့်၊ ဝေသာလီမြို့တော်ကြီးမှာ မြို့ပျက်လုမတတ် အခြေအနေသို့ ဆိုက်ရောက်နေသည်။

### မြတ်စွာဘုရားကိုပင့်ပုံ

ထိုအခြေအနေတွင် လိစ္ဆဝီမင်းနှင့်တကွ မြို့သူမြို့သားအပေါင်းတို့သည် အစည်းအဝေးကြီး တစ်ရပ်ပြုလုပ်ပြီး ဝေသာလီမြို့တော်ကြီးအား ဘေးဆိုးကြီးသုံးရပ်မှ ကယ်တင်နိုင်မည့် နည်းလမ်းများကို ဆွေးနွေးတိုင်ပင်ကြသည်။ ထိုအစည်းအဝေးမှ အများသဘောတူဆုံးဖြတ်

www.dhammaransi.com


ချက်အရ လိစ္ဆဝီမင်းသား မဟာလိခေါင်းဆောင်သော အဖွဲ့တစ်ဖွဲ့သည် ရာဇဂြိုဟ်ပြည်သို့သွား၍ မြတ်စွာဘုရားကိုပင့်ဖိတ်သည်။

ရတနသုတ်ကိုဟောကြားပုံ

မြတ်စွာဘုရားသည် ရဟန်းသံဃာငါးရာတို့နှင့်အတူ ဝေသာလီသို့ကြွရောက်လာပြီး မြို့လယ်မဏ္ဍပ်၌သီတင်းသုံးတော်မူသည်။ မြတ်စွာဘုရားသည် မြို့ထဲသို့မဝင်မီ မြို့တံခါးအနီး၌ ရပ်တန့်တော်မူလျက် အရှင်အာနန္ဒာအား ရတနသုတ်ကိုသင်ကြားပေးပြီး မြို့ကိုလှည့်ပတ်၍ရွတ်ဆိုရန် ညွှန်ကြားတော်မူသည်။

အရှင်အာနန္ဒာသည် မြတ်စွာဘုရား၏ သပိတ်တော်၌ ရေအပြည့်ထည့်၍ ညဉ့်သုံးယံပတ်လုံး ဝေသာလီမြို့တော်၏ တံတိုင်း သုံးထပ်တို့၏ အကြား၌လှည့်လည်လျက် ရတနသုတ်ကို ရွတ်ဆိုတော်မူသည်၊ ယင်းသို့ရွတ်ဆိုရင်းသပိတ်တော်မှ ရေဖြင့်လည်း ပက်ဖြန်းတော်မူသည်။ ပရိတ်ရေဖြင့် တွေ့ထိရာအရပ်၌ရှိသော ဘီလူးသဘက်များ ထွက်ပြေးကြသည်။ ရောဂါဝေဒနာ ခံစားနေရသူများလည်း ရောဂါဝေဒနာ ပျောက်ငြိမ်းသွားကြသည်။

မြတ်စွာဘုရားကလည်း မြို့လယ်မဏ္ဍပ်၌ သီတင်းသုံးလျက် ဝေသာလီ မြို့သူမြို့သားတို့အား ညဉ့်သုံးယံပတ်လုံး ရတနသုတ်နှင့်စကားသင့်တော်ရာတရားများကို ဟောကြားတော်မူသည်။ များစွာသောလူအပေါင်းတို့ အကျွတ်တရားရကြသည်။ မြတ်စွာဘုရား ကြွရောက်လာသည့်အချိန်မှစ၍ မိုးကြီး သည်းထန်စွာ ရွာခဲ့သဖြင့် ဝေသာလီမြို့ကြီးမှာလည်း အညစ်အကြေးများ ကင်းစင်သွားပါသည်။

ဤသို့လျှင် ဝေသာလီပြည်၌ ကျရောက်နေသော ဘေးကြီးသုံးပါးကို ကင်းပျောက်စေရန် ရည်ရွယ်၍ ရတနသုတ်ကို ဟောကြားခဲ့ခြင်းဖြစ်ပါသည်။

## (ဃ) ရတနသုတ် ရွတ်ဖတ်သင့်သောအခါ

ရတနသုတ်သည် ဘုရား၊ တရား၊ သံဃာ ဟူသော ရတနာသုံးပါးတို့၏ ဂုဏ်တော်များဖြင့် သတ္တဝါအပေါင်းတို့ ချမ်းသာကြပါစေ

www.dhammaransi.com



ရန် သစ္စာပြုသော သုတ်ဖြစ်ပါသည်။ ထို့ကြောင့် မြို့ရွာရပ်ကွက်တို့၌ ဘေးအန္တရာယ် တစ်စုံတစ်ခု ကျရောက်သောအခါ ရဟန်းသံဃာတို့ကို ပင့်ဖိတ်၍ ရတနသုတ်ကို နာကြားသင့်သည်။


ရတနသုတ်ကို မိမိကိုယ်တိုင် နေ့စဉ်မပြတ်ရွတ်ဖတ်ခြင်းဖြင့် မိမိ နေအိမ်နှင့်တကွ မြို့ရွာရပ်ကွက်တစ်ခုလုံး အန္တရာယ်ကင်းရှင်းနိုင်ပါသည်။

## ( င) ရတနသုတ်၏ အကျိုးကျေးဇူး

ရတနသုတ်ကို နာကြားရွတ်ဖတ်ခြင်းဖြင့် ကပ်သုံးပါးကိုကျော် နင်းနိုင်သည်။ ဘီလူးသားရဲတို့၏ နှောင့်ယှက်မှုမှ ကင်းလွတ်နိုင်သည်။ နတ်ကောင်းနတ်မြတ်တို့၏ ကူညီ စောင့်ရှောက်မှုကို ခံယူ ရရှိနိုင်သည်။ အချုပ်အနှောင် ခံရခြင်းမှလည်း လျင်မြန်စွာ လွတ်မြောက်စေနိုင် ပါသည်။

❁

www.dhammaransi.com



# (၃) မေတ္တသုတ်

## (က) မေတ္တသုတ် ပါဠိ

၁။ ယဿာနုဘာ ဝ တော ယက္ခာ၊ နေဝ ဒဿေန္တိ[၁]၊ဘီသနံ၊
ယမှိ စေ ဝါ နုယုဉ္ဇန္တော၊ ရတ္တိန္ဒိဝ မတန္ဒိတော[၂]။
၂။ သုခံ သုပတိ သုတ္တောစ၊ ပါပံ ကိဉ္စိ နပဿတိ၊
ဧဝမာဒိ ဂုဏုပေတံ၊ ပရိတ္တံ တံ ဘဏာမ ဟေ။
၃။ ကရဏီယ မတ္ထကုသလေန၊
ယန္တ သန္တံ ပဒံ အဘိသမေစ္စ*၊
သက္ကော ဥဇူ စ သုဟုဇူ စ၊
သုဝစော စဿ မုဒု အနတိမာနီ။
၄။ သန္တုဿကော စ သုဘရော စ၊
အပ္ပကိစ္စော စ သလ္လဟုက ဝုတ္တိ၊
သန္တိန္ဒြိယော စ[၄] နိပကော စ၊
အပ္ပဂဗ္ဘော ကုလေသွ နနုဂိဒ္ဓေါ။

---

၁။ ဒဿေန္တိ = ဒတ်သင်တိ ဟု ဖတ်။
၂။ ရတ္တိန္ဒိဝမတန္ဒိတော = ရတ်တိန်ဒိဝမတန် ဒိ တောဟု ဖတ်။
*။ အဘိသမေစ္စ = အဘိသမစ်စ ဟု ဖတ်။
၄။ သန္တိန္ဒြိယောစ = သန်တိန်ဒရိယောစ ဟု ဖတ်။

www.dhammaransi.com



၅။ နစ ခုဒ္ဒ မာစရေ ကိဉ္စိ
ယေန ဝိညျူ ပရေ ဥပဝဒေယျုံ၊
သုခိ နောဝ ခေမိ နော ဟောန္တု၊
သဗ္ဗေသတ္တာ ဘဝန္တု သုခိတတ္တာ၊

၆။ ယေ ကေစိ ပါဏဘူတတ္ထိ၊
တသာ ဝါ ထာဝရာ ဝ နဝ သေသာ၊
ဒီဃာ ဝါ ယေဝ မဟန္တာ၊
မဇ္ဈိမာ ရဿကာ အဏုကထူလာ။

၇။ ဒိဋ္ဌာ ဝါ ယေဝ အဒိဋ္ဌာ[1]
ယေဝ ဒူရေ ဝသန္တိ အဝိဒူရေ၊
ဘူတာဝ သမ္ဘဝေသီဝ၊
သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

၈။ န ပရော ပရံ နိကုဗ္ဗေထ၊
နာတိမညေထ ကတ္ထစိ န ကိဉ္စိ
ဗျာရောသနာ ပဋိဃသညာ၊
နာညမညဿ ဒုက္ခ မိစ္ဆေယျ။

၉။ မာတာ ယထာ နိယံ ပုတ္တာ၊
မာယုသာ ကေပုတ္တ မနုရက္ခေ၊
ဧဝမ္ပိ သဗ္ဗဘူတေသု၊
မာနသံ ဘာဝယေ အပရိမာဏံ။

၁၀။ မေတ္တဉ္စ သဗ္ဗလောကသ္မိံ၊
မာနသံ ဘာဝယေ အပရိမာဏံ၊
ဥဒ္ဓံ အဓော စ တိရိယဉ္စ၊
အသမ္ဗာဓံ အဝေရ မသပတ္တံ၊

၁၁။ တိဋ္ဌံ[2] စရံ နိသိန္နောဝ၊
သယာနော ယာဝတာဿ ဝိတမိဒ္ဓေါ၊

---

၁။ ဒိဋ္ဍာ = ဒိတ်ဌာ၊ အဒိဋ္ဌာ = အဒိတ်ဌာဟု ဖတ်။
၂။ တိဋ္ဌံ = တိတ်ဌံဟု ဖတ်။

စေ့ သတိံ အဓိဋ္ဌေယျ[၁]၊
ဗြဟ္မံ မေတံ ဝိဟာရမိမံ မာဟု။

၁၂။ ဒိဋ္ဌိဥ္စ အနုပဂ္ဂမ္မ၊
သီလဝါ ဒဿနေန သမ္ပန္နော။
ကာမေသု ဝိ နယ ဂေဓံ၊
နဟိ ဇာတုဂ္ဂဗ္ဘသေယျ[၂] ပုန ရေတိ။

## (ခ) မေတ္တသုတ်မြန်မာပြန်

**ရှေးဦးမှတ်ဖွယ်**

မေတ္တသုတ်၌ 'ယဿာနုဘာဝတော'မှ စ၍ 'ပရိတ္တံ တံ ဘဏာမ ဟေ'အထိ ဂါထာနှစ်ပုဒ်သည် မေတ္တသုတ်၏ အကျိုးကျေးဇူးကို ဖော်ပြ၍ မေတ္တသုတ်ကို ရွတ်ဖတ်ရန် တိုက်တွန်းလှုံ့ဆော်သော အမွှန်းဂါထာများ ဖြစ်ပါသည်။

'ကရဏီယ မတ္ထကုသလေန'မှစ၍ သုတ်အဆုံးအထိ ပါရှိသော ဂါထာ(၁၀)ပုဒ်မှာမူ မြတ်စွာဘုရား ဟောကြားသော မေတ္တသုတ် စာကိုယ်ပင် ဖြစ်ပါသည်။

ထိုမေတ္တသုတ် စာကိုယ်၌ ဒုက္ခခပ်သိမ်း ငြိမ်းအေးရာ ဖြစ်သည့် နိဗ္ဗာန်ကို မျက်မှောက်ပြုလိုသောအမျိုးကောင်းသားသည် သီလ၊ သမာဓိ၊ ပညာ ဟူသော သိက္ခာသုံးပါးကို ဖြည့်ကျင့်အားထုတ်ရမည်။ သိက္ခာသုံးပါးကို ဖြည့်ကျင့်အားထုတ်နိုင်စွမ်းရှိသူဖြစ်ခြင်း၊ ကိုယ်ရော စိတ်ပါ ဖြောင့်မတ်သူဖြစ်ခြင်းစသော အင်္ဂါရပ်(၁၅)ပါးနှင့်လည်း ပြည့်စုံရမည်။ သတ္တဝါအားလုံးတို့အပေါ်လည်း အကန့်အသတ်မရှိသော မေတ္တာစိတ်ကို ပွားများရမည်ဖြစ်ကြောင်း ဟောကြားထားပါသည်။

မေတ္တသုတ်၏ မြန်မာပြန် စကားပြေ အပြည့်အစုံမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

---

၁။ အဓိဋ္ဌေယျ = အဓိတ်ဌေယျဟု ဖတ်။
၂။ နဟိဇာတုဂ္ဂဗ္ဘသေယျ = နဟိဇာတုက်ဂပ်ဘသေယ ဟု ဖတ်။

www.dhammarana.com

## မေတ္တာသုတ်အမွှန်း

၁-၂။ အို-သူတော်ကောင်း အပေါင်းတို့၊ အကြင် မေတ္တာသုတ်၏ အာနုဘော်ကြောင့် နက်ဘီလူးတို့သည် ကြောက်မက်ဖွယ် အာရုံများကို မပြနိုင်ကြကုန်။ အကြင်မေတ္တာသုတ်၌ နေ့ညမပြတ် ထပ်တစ်လဲလဲ စွဲမြဲ ရွတ်ပွား ကြိုးစားအားထုတ်သူသည် ချမ်းချမ်းသာသာ အိပ်စက်ရ၏။ အိပ်ပျော်သောအခါလည်း မကောင်းသောအိပ်မက်ကို မမြင်မက်ရပေ။ ဤသို့ အစရှိသော အကျိုးအာနိသင်တို့နှင့်ပြည့်စုံသော မေတ္တာသုတ်ပရိတ် တော်ကို ကျွန်ုပ်တို့ ရွတ်ဆိုကြပါကုန်စို့။

## ကျင့်ကြံဖွယ်အချက်များ

၃-၄။ ဒုက္ခခပ်သိမ်း ငြိမ်းအေးရာ ဖြစ်သော နိဗ္ဗာန်ကို ဉာဏ်ဖြင့် သက်ဝင်၍ နေလိုသည့် အကျိုးစီးပွား၌ လိမ္မာသော ရဟန်းသည် (ဤဆိုလတ္တံ့သော)နည်းဖြင့် (သီလ၊ သမာဓိ၊ ပညာ ဟူသော သိက္ခာ သုံးပါးကို) ကျင့်ကြံ အားထုတ်ခြင်း ပြုရမည်။ (အဘယ်သို့ ကျင့်ကြံ အားထုတ်ခြင်းပြုရမည်နည်းဆိုသော်)-

ထိုအမျိုးကောင်းသားသည် သိက္ခာသုံးပါးကို ကျင့်ကြံအားထုတ် ရန် စွမ်းဆောင်နိုင်သူဖြစ်ရမည်။ ကိုယ် နှုတ် အမူအရာအားဖြင့် ဖြောင့် မတ်သူ၊ စိတ်နေစိတ်ထားအားဖြင့်လည်း ကောင်းစွာဖြောင့်မတ်သူ ဖြစ် ရမည်။ ဆိုဆုံးမလွယ်သူ၊ စိတ်ထားနူးညံ့သိမ်မွေ့သူ၊ လွန်ကဲမောက်မာ သော မာန်မာနမရှိသူ ဖြစ်ရမည်။

ထိုအမျိုးကောင်းသားသည် ပစ္စည်းလေးပါး၌ ရောင့်ရဲလွယ်သူ၊ ကျွေးမွေးပြုစုရန်လွယ်သူ၊ အမှုကိစ္စနည်းပါးသူ ဖြစ်ရမည်။ ဝန်ကျဉ်း၍ ပေါ့ပါးသော အသက်မွေးမှုရှိသူ၊ အေးချမ်းတည်ငြိမ်သော ဣန္ဒြေရှိသူ၊ ရင့်ကျက်သောအသိဉာဏ်ရှိသူ ဖြစ်ရမည်။ ကိုယ်နှုတ် နှလုံး ကြမ်းတမ်း ခက်ထန်ခြင်းမရှိသူ၊ ဒါယကာတို့အပေါ်၌ တွယ်တာမှုမရှိသူ ဖြစ်ရမည်။

## မေတ္တာပို့ပုံ

၅။ ထို အမျိုးကောင်းသားသည် ပညာရှိတို့ ကဲ့ရဲ့ရှုတ်ချဖွယ် ဖြစ်သည့် မကောင်းမှု ဒုစရိုက်ကိုလည်း စိုးစဉ်းအနည်းငယ်မျှ မပြုလုပ်ရာ။ ခပ်သိမ်း သော သတ္တဝါတို့သည် ချမ်းသာခြင်းရှိသူ၊ ဘေးရန် ကင်းငြိမ်းသူများ

ဖြစ်ကြပါစေ၊ ကိုယ်ရောစိတ်ပါ ချမ်းသာခြင်းရှိသူများ ဖြစ်ကြပါစေ’ ဟူ၍ သတ္တဝါအားလုံးတို့အပေါ်၌ အတိုင်းအတာ အကန့်အသတ် မရှိသော မေတ္တာစိတ်ကို ပွားများရမည်။

၆–၇။ ထွက်သက်ဝင်သက်ရှိသော သတ္တဝါ
ထွက်သက်ဝင်သက်မရှိသော သတ္တဝါ
ထိန်လန့်ကြောက်ရွံ့မှုရှိသော သတ္တဝါ
ထိတ်လန့်ကြောက်ရွံ့မှုမရှိသော သတ္တဝါ
ရှည်သောကိုယ်ခန္ဓာရှိသော သတ္တဝါ
တိုသောကိုယ်ခန္ဓာရှိ သာ သတ္တဝါ
ကြီးသောကိုယ်ခန္ဓာရှိသော သတ္တဝါ
ငယ်သောကိုယ်ခန္ဓာရှိသော သတ္တဝါ
မတိုမရှည်၊ မကြီးမငယ်၊ အလယ်အလတ် ကိုယ်ခန္ဓာရှိသော သတ္တဝါ၊
သေးငယ်သော သတ္တဝါ
ဆူဖြိုးသော သတ္တဝါ
မျက်စိဖြင့်မြင်ရသော သတ္တဝါ
မျက်စိဖြင့် မမြင်ရသော သတ္တဝါ
အနီး၌နေသော သတ္တဝါ
အဝေး၌နေသော သတ္တဝါ

စသော သတ္တဝါခပ်သိမ်းတို့သည် ကိုယ်ရောစိတ်ပါ ချမ်းသာမှုရှိသူများ ဖြစ်ကြပါစေ။

၈။ တစ်ယောက်သော သတ္တဝါသည် အခြား တစ်ယောက်သော သတ္တဝါကို လှည့်စားခြင်း မပြုပါစေလင့်။ ဘယ်အရပ် ဘယ်အရာ၌ မဆို ဘယ်ပုဂ္ဂိုလ်ကိုမျှ ချုပ်ချယ်လိုသောစိတ်၊ ထိခိုက်ပျက်စီးစေလိုသောစိတ်ဖြင့် မထီမဲ့မြင် မပြုပါစေလင့်။ တစ်ယောက်သော သတ္တဝါသည် အခြား တစ်ယောက်သောသတ္တဝါ၏ ဆင်းရဲမှုကို အလိုမရှိကြပါစေလင့်။

၉။ မွေးမိခင်သည် မိမိ၏ရင်သွေး စင်စစ်ဖြစ်သည့် တစ်ဦးတည်းသောသားကို မိမိ၏အသက်နှင့် ထပ်တူထပ်မျှ ကြည့်ရှုစောင့်ရှောက်ဘိသကဲ့သို့ ထို့အတူ ဒုက္ခခပ်သိမ်း ငြိမ်းအေးရာ နိဗ္ဗာန်ကို ဉာဏ်ဖြင့် သက်ဝင်ဆိုက်ရောက်၍ နေလိုသော အမျိုးကောင်းသားသည် အထက်ဖော်ပြပါ နည်း

www.dhammaransi.com

အတိုင်း ခပ်သိမ်းသော သတ္တဝါတို့အပေါ်၌ အတိုင်းအတာ အကန့်အသတ်မရှိသော မေတ္တာစိတ်ကို ပွားများရာ၏။

၁၀။ ထိုအမျိုးကောင်းသားသည် အထက်အရပ်၊ အောက်အရပ်၊ ပတ်ဝန်းကျင် ဖီလာအရပ်အားဖြင့် အလုံးစုံသော လောက၌ အတိုင်းအတာ အကန့်အသတ် မရှိသော မေတ္တာစိတ်ကို ပွားများရာ၏။ ကျဉ်းမြောင်းမှုမရှိသော မေတ္တာစိတ်ကို ပွားများရာ၏။ အတွင်းရန် အပြင်ရန်မရှိသော မေတ္တာစိတ်ကို ပွားများရာ၏။

## မြတ်သောနေခြင်း

၁၁။ (ထိုအမျိုးကောင်းသားသည်) ရပ်နေစဉ်မှာဖြစ်စေ၊ သွားနေစဉ်မှာဖြစ်စေ၊ ထိုင်နေစဉ်မှာဖြစ်စေ၊ လဲလျောင်းနေစဉ်မှာဖြစ်စေ၊ ငိုက်မျဉ်းခြင်း၊ ထိနမိဒ္ဓကင်းသော အချိန်တိုင်း၌ မေတ္တာနှင့်ယှဉ်သော သတိကို စွဲမြဲစွာ ဆောက်တည်ရာ၏။ ဤသို့ တွေ့သာနှင့်ယှဉ်သော သတိဖြင့် နေခြင်းကို ဤမြတ်စွာဘုရား သာသနာ၌ မြတ်သောနေခြင်း (ဗြဟ္မဝိဟာရ)ဟူ၍ မြတ်စွာဘုရားတို့ မိန့်ကြားကြပါသည်။

၁၂။ (မေတ္တာနှင့်ယှဉ်သော သတိကို စွဲမြဲစွာ ဆောက်တည်သော အမျိုးကောင်းသားသည်) အတ္တဒိဋ္ဌိ သို့မကပ်မရောက်ဘဲ[၁] အကျင့်သီလရှိသူ မှန်သော ဉာဏ်အမြင်ရှိသူ ဖြစ်လျက် ကာမဂုဏ်တို့၌ ကပ်ငြိတွယ်တာမှုကို ပယ်ဖျောက်သည်ရှိသော် မိခင်ဝမ်း၌ တစ်ဖန် ပဋိသန္ဓေ နေခြင်းသို့ ရောက်ရတော့မည်မဟုတ်ပေ။

# (ဂ) မေတ္တသုတ် ဖြစ်ပေါ်လာပုံ

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ငါးရာသော ရဟန်းတို့သည် မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်းကို သင်ယူ၍ ဟိမဝန္တာအနီးရှိ တောအုပ်ကြီးတစ်ခုသို့ သွားကာ ကမ္မဋ္ဌာန်း အားထုတ်ကြသည်။

ထိုတောအုပ်ကြီး၌ နေသော ရုက္ခစိုးနတ်တို့သည် ရဟန်းတို့၏ သီလတန်ခိုးကြောင့် မိမိတို့၏ ဘုံဗိမာန်ဖြစ်သော သစ်ပင်များပေါ်၌

---

၁။ ခန္ဓာငါးပါး၌ ငါ့ဟာ ငါ၊ ငါ၏ အတ္တဟူ၍ စွဲလမ်းခြင်းကို အတ္တဒိဋ္ဌိဟု ခေါ်ပါသည်။

မနေနိုင်ကြသဖြင့် ရဟန်းတို့အား ထိတ်လန့်ကြောက်ရွံ့ဖွယ် အာရုံများကို ပြ၍ခြောက်လှန့်ကြသည်။

ထိုအခါ ရဟန်းတို့သည် စိတ်ချောက်ချားမှုကြောင့် ကမ္မဋ္ဌာန်းကို ဖြောင့်ဖြောင့်ဖြူးဖြူး အားမထုတ်နိုင်ကြသဖြင့် သာဝတ္ထိပြည်သို့ ပြန်သွားပြီး မြတ်စွာဘုရားအား ထိုအကြောင်းကို လျှောက်ထားကြသည်။

မြတ်စွာဘုရားသည် ထိုရဟန်းတို့အား နတ်တို့၏ ခြိမ်းခြောက်နှောင့်ယှက်မှုမှ ကင်းဝေးစေနိုင်သည့် မေတ္တသုတ်ကို ဟောကြားတော်မူသည်။

ရဟန်းငါးရာတို့သည် မြတ်စွာဘုရားဟောကြားသည့် မေတ္တသုတ်ကို နာယူ မှတ်သားခဲ့ကြပြီး ယခင်တောအုပ်သို့ ပြန်ခဲ့ကြသည်။ တောအုပ်အဝင်သို့ ရောက်သည့် အချိန်မှစ၍ မေတ္တသုတ်ကို ရွတ်ဆိုပြီး ကမ္မဋ္ဌာန်းကို အားထုတ်ကြသည်။ နတ်များက ထိုရဟန်းတို့အား တစ်စုံတစ်ရာ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်း မပြုကြတော့ဘဲ ကူညီစောင့်ရှောက်မှုကိုသာ ပြုကြတော့သည်။

ရဟန်းငါးရာတို့သည် ဝါတွင်းသုံးလအတွင်း၌ပင် တရားထူးရရှိသွားကြသည်။

ဤသို့လျှင် မြတ်စွာဘုရားသည် တောထဲ၌နေ၍ ကမ္မဋ္ဌာန်းကို အားထုတ်သော ရဟန်းတို့အား နတ်တို့၏ ခြိမ်းခြောက် နှောင့်ယှက်မှုမှ ကင်းဝေးစေရန်အတွက် မေတ္တသုတ်ကို ဟောကြားခဲ့ခြင်း ဖြစ်ပါသည်။

## (ဃ) မေတ္တသုတ်ကို ရွတ်ဖတ်သင့်သောအခါ

နတ်ဘီလူး၊ တစ္ဆေ၊ သရဲတို့၏ ခြိမ်းခြောက် နှောင့်ယှက်မှုများရှိသောအခါ မေတ္တသုတ်ကို ရွတ်သင့်သည်။ လူသူတိတ်ဆိတ်သောအရပ်တို့၌ တည်းခိုနေထိုင်ရသောအခါလည်း မေတ္တသုတ်ကို ရွတ်သင့်သည်။ အိမ်သစ်ယာသစ်တို့၌ စတင်နေထိုင်သော အခါ၌လည်း မေတ္တသုတ်ကို ရွတ်ဖတ်သင့်သည်။ နေ့စဉ်မပြတ်လည်း ရွတ်ဖတ်သင့်ပါသေးသည်။

### မေတ္တသုတ်ကို ကြားနာရွတ်ဖတ်ခြင်း အကျိုး

မေတ္တသုတ်ကို ကြားနာရွတ်ဖတ်လျှင် နတ်၊ ဘီလူးတို့က ထိတ်လန့် ကြောက်ရွံ့ဖွယ်အာရုံများကို မပြနိုင်ခြင်း၊ ချမ်းသာစွာ အိပ်ပျော်

www.dhammaransi.com

ခြင်း၊ အိပ်ပျော်သောအခါလည်း မကောင်းသောအိပ်မက်ကို မမြင်မက်ခြင်း စသော အကျိုးကျေးဇူး များကို ရရှိနိုင်ကြောင်း မေတ္တာသုတ် အမှန်းဂါထာ၌ ဖော်ပြထားပါသည်။


စင်စစ်အားဖြင့် ချမ်းသာစွာအိပ်ပျော်ခြင်း၊ မကောင်းသော အိပ်မက်ကို မမြင်မက်ခြင်းဟူသော အကျိုးနှစ်ပါးမှာ မေတ္တာပွားခြင်း၏ အကျိုး (၁၁) ပါးတွင် ပါဝင်သော အကျိုးများပင် ဖြစ်ပါသည်။ အမှန်းဂါထာ၌လည်း 'အစရှိသော' ဟူ၍ ဆိုထားသောကြောင့် မေတ္တာသုတ်ကို နေ့စဉ်မပြတ် ရွတ်ဖတ်၍ မေတ္တာဘာဝနာကိုလည်း စွဲမြဲစွာဆောက်တည် ပွားများသောသူသည် မေတ္တာအကျိုး (၁၁) ပါး လုံးကိုပင် ရရှိနိုင်ပါသည်။

မေတ္တာအကျိုး (၁၁) ပါးမှာ—

၁။ ချမ်းသာစွာ အိပ်ပျော်ခြင်း၊
၂။ ချမ်းသာစွာ အိပ်ရာမှ နိုးခြင်း၊
၃။ မကောင်းသော အိပ်မက်များကို မမြင်မက်ခြင်း၊
၄။ လူအများက ချစ်ခင်ခြင်း၊
၅။ နတ်တို့ကလည်း ချစ်ခင်ကြခြင်း၊
၆။ နတ်တို့က ကူညီစောင့်ရှောက်ခြင်း၊
၇။ အဆိပ်မသင့်နိုင်၊ လက်နက်မထိနိုင်၊ မီးမလောင်နိုင်ခြင်း၊
၈။ စိတ်တည်ငြိမ်မှု ရရှိခြင်း၊
၉။ မျက်နှာအဆင်း ကြည်လင်ခြင်း၊
၁၀။ သေသောအခါ မတွေမဝေသေရခြင်း၊
၁၁။ ဗြဟ္မာ့ပြည်သို့ ရောက်နိုင်ခြင်းတို့ ဖြစ်ပါသည်။

ဆောင်ပုဒ်လင်္ကာ။ ။ချမ်းသာအိပ်နိုး၊ အိပ်မက်ဆိုးကင်း၊ ချစ်ခြင်း လူနတ်၊ နတ်စောင့်တတ်လျက်၊ လက်နက်ဆိပ်မီး၊ မရောက်ပြီးခဲ့၊ စိတ်လည်းတည်စွာ၊ မျက်နှာ ကြည်လင်၊ သေလျှင်မတွေ၊ သေသောအခါ၊ ဗြဟ္မာ့ရွာ၊ လားရာမေတ္တာ အကျိုးတည်း။

www.dhammaransi.com



# (၄) ခန္ဓသုတ်

## (က) ခန္ဓသုတ်ပါဠိ

၁။ သဗ္ဗာသီဝိသဇာတီနံ၊ ဒိဗ္ဗမန္တာဂဒံ ဝိယ။
ယံ နာသေတိ ဝိသံ ဃောရံ၊ သေသဉ္စာပိ ပရိဿယံ။
၂။ အာဏာက္ခေတ္တမှိ သဗ္ဗတ္ထ [1] သဗ္ဗဒါ သဗ္ဗပါဏိနံ၊
သဗ္ဗသောပိ နိဝါရေတိ၊ ပရိတ္တံ တံ ဘဏာမ ဟေ။
၃။ ဝိရူပက္ခေဟိ မေ မေတ္တံ၊
မေတ္တံ ဧရာပထေဟိ မေ။
ဆဗျာပုတ္တေဟိ မေ မေတ္တံ၊
မေတ္တံ ကဏှာဂေါတမကေဟိ စ [2]။
၄။ အပါဒကေဟိ မေ မေတ္တံ၊
မေတ္တံ ဒွိပါဒကေဟိ မေ။
စတုပ္ပဒေဟိ မေ မေတ္တံ၊
မေတ္တံ ဗဟုပ္ပဒေဟိ မေ။
၅။ မာ မံ အပါဒကော ဟိံသိ၊
မာ မံ ဟိံသိ ဒွိပါဒကော။
မာ မံ စတုပ္ပဒေါ ဟိံသိ၊
မာ မံ ဟိံသိ ဗဟုပ္ပဒေါ။

---

၁။ အာဏာက္ခေတ္တမှိ = အာဏာက်ခစ်တန်မှိ ဟု ဖတ်။
သဗ္ဗတ္ထ – သပ်ဗတ်ထ ဟု ဖတ်။
၂။ ကဏှာဂေါတမ ကေဟိစ = ကန်ဏှာဂေါတမ ကေဟိစ။

www.dhammaransi.com


၆။ သဗ္ဗေ သတ္တာ သဗ္ဗေ ပါဏာ၊
သဗ္ဗေ ဘူတာ စ ကေဝလာ။
သဗ္ဗေ ဘဒြာနိ ပဿန္တု[၁]၊
မာ ကဉ္စိ ပါပမာဂမာ။

၇။ အပ္ပမာဏော ဗုဒ္ဓေါ၊
အပ္ပမာဏော ဓမ္မော။
အပ္ပမာဏော သံဃော၊
ပမာဏဝန္တာနိ သရီသပါနိ။
အဟိ ဝိစ္ဆိကာ သတပဒီ၊
ဥဏ္ဏာနာဘိ သရဗူ မူသိကာ။

၈။ ကတာ မေ ရက္ခာ
ကတံ မေ ပရိတ္တံ။
ပဋိက္ကမန္တု[၂] ဘူတာနိ၊
သောဟံ နမော ဘဂဝတော
နမော သတ္တန္နံ* သမ္မာသမ္ဗုဒ္ဓါနံ။

## (ခ) ခန္ဓသုတ် မြန်မာပြန်

### ရှေးဦးမှတ်ဖွယ်

ခန္ဓသုတ်ပါဠိ၌ ဂါထာရှစ်ပုဒ် ပါရှိသည့်အနက် 'သဗ္ဗာသီဝိသဇာတီနံ' မှစ၍ 'ပရိတ္တံ တံ ဘဏာမ ဟေ' အထိ ဂါထာနှစ်ပုဒ်မှာ ခန္ဓသုတ်၏ တန်ခိုးအာနိသင်ကိုဖော်ပြ၍ ခန္ဓသုတ်ကိုရွတ်ဆိုရန် တိုက်တွန်းလှုံ့ဆော်သော အမှန်းဂါထာများ ဖြစ်ပါသည်။

'ဝိရူပက္ခေဟိ' မှစ၍ သုတ်အဆုံးထိ ပါရှိသော ဂါထာ (၆)ပုဒ်မှာမူ မြတ်စွာဘုရား ဟောကြားသော ခန္ဓသုတ်စာကိုယ်ပင် ဖြစ်ပါသည်။

ထိုခန္ဓသုတ်စာကိုယ်၌ ဆဗျာပုတ္တာ အစရှိသော မြွေနဂါးလေးမျိုးတို့ အပေါ်၌ မေတ္တာစိတ်ပွားများပြီး ထိုမြွေနဂါးအစရှိသော သတ္တဝါ

---

၁။ ဘဒြာနိ = ဘတ်ဒရာနိ ဟု ဖတ်၊ ပဿန္တု = ပတ်သန်တု ဟု ဖတ်။
၂။ ပဋိက္ကမန္တု = ပဋိတ်ကမန်တု ဟုဖတ်။
*။ သတ္တန္နံ = သတ်တန်နံ ဟုဖတ်။

တို့က မိမိအား မနှိပ်စက်ရန် တောင့်တပုံ၊ ခုနစ်ဆူသော မြတ်စွာဘုရားတို့အား ရှိခိုး၍ အရံအတားပြုပုံများ ပါရှိပါသည်။

ခန္ဓသုတ်၏ မြန်မာပြန် စကားပြေ အပြည့်အစုံမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

ခန္ဓသုတ်အမှန်း

၁–၂။ အို–သူတော်ကောင်း အပေါင်းတို့၊ အကြင်ခန္ဓသုတ် ပရိတ်တော်သည် နတ်တို့၏ ဆေးဝါးကဲ့သို့ လျှင်သော အဆိပ်ရှိသော မြွေနဂါးမျိုးမှန်သမျှတို့၏ပြင်းထန်သောအဆိပ်ကို ဖျက်ဆီးပစ်နိုင်၏။ အာဏာစက်တော် တစ်ခွင်လုံး၌ ခပ်သိမ်းသော သတ္တဝါတို့၏ အခြားသော ဘေးရန်ဟူသမျှကိုလည်း အချိန်မရွေး အကြွင်းမဲ့ တားဆီးကာကွယ်နိုင်၏။ ထိုခန္ဓသုတ် ပရိတ်ကို ကျွန်ုပ်တို့ ရွတ်ဆိုကြပါကုန်စို့။

နဂါးလေးမျိုးတို့အား မေတ္တာပို့ပုံ

၃။ ဝိရူပက္ခမည်သော မြွေနဂါးမျိုးတို့နှင့် ငါ့အား ချစ်ခြင်းမေတ္တာ ဖြစ်ပါစေ။

ဧရာပထမည်သော မြွေနဂါးမျိုးတို့နှင့် ငါ့အား ချစ်ခြင်းမေတ္တာ ဖြစ်ပါစေ။

ကဏှာဂေါတမမည်သော မြွေနဂါးမျိုးတို့နှင့် ငါ့အား ချစ်ခြင်း မေတ္တာ ဖြစ်ပါစေ။

အခြားသတ္တဝါတို့အား မေတ္တာပို့ပုံ

၄။ ခြေထောက်မရှိသော သတ္တဝါတို့နှင့် ငါ့အား ချစ်ခြင်းမေတ္တာ ဖြစ်ပါစေ။

ခြေထောက်နှစ်ချောင်းရှိသော သတ္တဝါတို့နှင့်လည်း ငါ့အား ချစ်ခြင်းမေတ္တာ ဖြစ်ပါစေ။

ခြေထောက်လေးချောင်းရှိသော သတ္တဝါတို့နှင့်လည်း ငါ့အား ချစ်ခြင်းမေတ္တာ ဖြစ်ပါစေ။

ခြေထောက် များစွာရှိသော သတ္တဝါတို့ နှင့်လည်း ငါ့အား ချစ်ခြင်းမေတ္တာ ဖြစ်ပါစေ။

၅။ ခြေထောက်မရှိသော သတ္တဝါသည် ငါ့ကို မညှဉ်းဆဲပါစေလင့်။

ခြေထောက်နှစ်ချောင်းရှိသော သတ္တဝါသည် ငါ့ကို မညှဉ်းဆဲပါစေလင့်။

ခြေထောက်လေးချောင်းရှိသောသတ္တဝါသည် ငါ့ကို မညှဉ်းဆဲပါစေလင့်။

ခြေထောက်များစွာရှိသော သတ္တဝါသည်လည်း ငါ့ကိုမညှဉ်းဆဲပါစေလင့်။

၆။ အာရုံငါးပါး၌ တွယ်တာကပ်ငြိတတ်သော သတ္တဝါ၊

အသက်ရှူရှိုက်မှုရှိသော သတ္တဝါ၊

ကိုယ်ခန္ဓာထင်ရှားရှိသော သတ္တဝါ။

စသည့် ခပ်သိမ်းသောသတ္တဝါတို့သည် ကောင်းမြတ်သော ဣဋ္ဌာရုံတို့ကို သာ အစဉ်ထာဝရ တွေ့မြင်ကြပါစေ။

တစ်ဦးတစ်ယောက်သောသူကိုမျှ မကောင်းသော အာရုံသည် မကျရောက်ပါစေလင့်။

ရတနာသုံးပါး၏ဂုဏ်တော်များ

၇။ မြတ်စွာဘုရားသည် ဂုဏ်တော်အားဖြင့် အတိုင်းအတာပမာဏမရှိ။

တရားတော်သည်လည်း ဂုဏ်တော်အားဖြင့် အတိုင်းအတာပမာဏ မရှိ။

သံဃာတော်သည်လည်း ဂုဏ်တော်အားဖြင့် အတိုင်း အတာ ပမာဏ မရှိ။

မြွေ၊ ကင်းမြီးကောက်၊ ကင်းခြေများ၊ ပင့်ကူ၊ အိမ်မြှောင်၊ ကြွက် စသည့် ရင်ဖြင့် တွားသွားတတ်သော သတ္တဝါတို့သည်ကား အတိုင်း အတာ ပမာဏရှိသော သတ္တဝါတို့ဖြစ်ကုန်၏။

ဘုရားရှိခိုး

၈။ ငါသည် အစောင့်အရှောက်ကိုပြုပြီးပြီ၊

အရံအတားကို ပြုပြီးပြီ၊

မြွေကင်း စသော သတ္တဝါတို့သည် ဖဲ့သွားကြကုန်လော့။

ငါသည်ပရိနိဗ္ဗာန်ဝင်စံပြီးသော မြတ်စွာဘုရား အားလုံးတို့အား ရှိခိုးပါ၏။ ဝိပဿီ အစရှိသည့် ခုနစ်ဆူကုန်သော မြတ်စွာဘုရား တို့**အား** ရှိခိုးပါ၏။

## (၈) ခန္ဓသုတ် ပရိတ် ဖြစ်ပေါ်လာပုံ

သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ မြတ်စွာဘုရား သီတင်းသုံး နေစဉ် ရဟန်းတစ်ပါးမြွေကိုက်ခံရ၍ ကွယ်လွန်သွားသည်။ ထိုအကြောင်း ကို ရဟန်းတို့က မြတ်စွာဘုရားအား လျှောက်ကြားကြသည်။

ထိုအခါ မြတ်စွာဘုရားက ထိုရဟန်းသည် ဝိရူပက္ခစသော မြွေ နဂါးတို့အပေါ်၌ မေတ္တာပို့သမှု မပြုခြင်းကြောင့် မြွေကိုက်ခံရခြင်းဖြစ် ကြောင်း၊ မြွေနဂါးတို့အပေါ်၌ မေတ္တာပို့သမှုပြုလျှင် မြွေကိုက်ခံရ မည်မဟုတ်ကြောင်း မိန့်ကြားတော်မူသည်။

တစ်ခုသော အတိတ်ဘဝ၌ ဘုရားလောင်းသည် ရသေ့ရဟန်း ပြု၍ ဟိမဝန္တာတောထဲ၌ တပည့်ရသေ့များနှင့်အတူ နေထိုင်စဉ် ရသေ့ တစ်ပါး မြွေကိုက်ခံခဲ့ရကြောင်း၊ ထိုအကြောင်းကို ဘုရားလောင်းရသေ့ အား လျှောက်ကြားသောအခါ ဘုရားလောင်းရသေ့က တပည့်ရသေ့ တို့အား မြွေဘေးမှကင်းဝေးစေနိုင်သည့် ခန္ဓပရိတ်ကို သင်ကြားပေးခဲ့ ကြောင်း ပြန်လည် ဟောကြားတော် မူသည်။

ထို့နောက် မြတ်စွာဘုရားသည် "ရဟန်းတို့၊ ငါသည် သင်တို့ အား မိမိကိုယ်ကို ကာကွယ်ရန်၊ စောင့်ရှောက်ရန်၊ လုံခြုံစေရန်အလို့ငှာ ပရိတ် အရံအတားကို ခွင့်ပြုတော်မူ၏" ဟု မိန့်ကြားပြီး ခန္ဓသုတ်ကို ဟောတော်မူပါသည်။

## (ဃ) ခန္ဓသုတ်ကို ရွတ်ဖတ်သင့်သောအခါ


မြွေ၊ ကင်းစသည့် အဆိပ်ရှိသော သတ္တဝါများ ပေါများသော အရပ်၌ နေရသောအခါ ခန္ဓသုတ်ကို ရွတ်သင့်သည်။ ခွေးရူး သို့မဟုတ် ကြွက်များ၏ အန္တရာယ်နှင့် တွေ့ကြုံနေရသော အခါ၌လည်း ခန္ဓသုတ်ကိုရွတ်သင့်သည်။အထူးအားဖြင့် လယ်သမား၊ယာသမားကြီးများ နေ့စဉ်မပြတ် ရွတ်ဖတ်သင့်သော ပရိတ်ဖြစ်ပါသည်။

## (င) ခန္ဓသုတ်၏ အကျိုးကျေးဇူး

ခန္ဓသုတ်သည် နတ်တို့၏ မန္တာန်ဆေးဝါးကဲ့သို့ လျှင်သောအဆိပ်ရှိသော မြွေနဂါးမျိုးတို့၏ ကြမ်းတမ်းသောအဆိပ်ကို ဖျက်ဆီးပစ်နိုင်ကြောင်း၊ သတ္တဝါခပ်သိမ်းတို့၏ အခြားသော ဘေးရန်များကိုလည်း ကင်းပျောက်စေနိုင်ကြောင်း ရှေးပညာရှင်တို့က အမွန်းပြုထားပါသည်။ မြွေနဂါးမျိုးတို့နှင့်တကွ သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာပွားများမှုနှင့် မြတ်စွာဘုရား တို့အား ရှိခိုးပူဇော်မှုများ ပါဝင်သောကြောင့် အန္တရာယ်အမျိုးမျိုး ကင်းကွာ ပျောက်ကင်း နိုင်သည်ဟု မမိုတ်မသုန် ယုံကြည်အပ်ပေသည်။

●

www.dhammaransi.com



# (၅) မောရသုတ်

## (က) မောရသုတ်ပါဠိ

၁။ ပူရေန္တံ ၁ ဗောဓိသမ္ဘာရေ၊ နိဗ္ဗတ္တံ မောရယောနိယံ။
ယေန သံဝိဟိတာရက္ခံ၊ မဟာသတ္တံ ဝနေစရာ။
၂။ စိရဿံ ဝါယမန္တာပိ၊ နေဝသက္ခိံသု ဂဏှိတုံ ၂။
ဗြဟ္မမန္တန္တိ * အက္ခာတံ၊ ပရိတ္တံ တံ ဘဏာမ ဟေ။
၃။ ဥဒေတယံ စက္ခုမာ ဧကရာဇာ၊
ဟရိဿဝဏ္ဏော ပထဝိပ္ပဘာသော။
တံတံ နမဿာမိ ဟရိဿဝဏ္ဏံ ပထဝိပ္ပဘာသံ၊
တယာဇ္ဇ ၄ ဂုတ္တာ ဝိဟရေမု ဒိဝသံ။
၄။ ယေ ဗြာဟ္မဏာ ၅ ဝေဒဂူ သဗ္ဗဓမ္မေ၊
တေ မေ နမော တေ စ မံ ပါလယန္တု။
နမတ္ထု ဗုဒ္ဓါနံ နမတ္ထု ဗောဓိယာ၊
နမော ဝိမုတ္တာနံ၊ နမော ဝိမုတ္တိယာ။
ဣမံ သော ပရိတ္တံ ကတွာ၊ မောရော စရတိ ဧသနာ။

---

၁။ ပူရေန္တံ = ပူရေတံ ဟု ဖတ်။
၂။ ဂဏှိတုံ = ဂန်ဟိတုံ ဟု ဖတ်။
*။ ဗြဟ္မမန္တန္တိ = ဗရဟမ့ မန့်တန်တိ ဟု ဖတ်။
၄။ တယာဇ္ဇ = တယစ်ဇ ဟု ဖတ်။
၅။ ဗြာဟ္မဏာ = ဗရာဟမဏာ ဟု ဖတ်။

www.dhammaransi.com


၅။ အပေတယံ စက္ခုမာ ဧကရာဇာ၊
ဟရိဿဝဏ္ဏော ပထဝိပ္ပဘာသော[၁]။
တံ တံ နမဿာမိ ဟရိဿဝဏ္ဏံ ပထဝိပ္ပဘာသံ။
တယာဇ္ဇ ဂုတ္တာ ဝိဟာရေမု ရတ္တိံ။

၆။ ယေ ဗြာဟ္မဏာ ဝေဒဂူ သဗ္ဗဓမ္မေ၊
တေ မေ နမော၊ တေစ မံ ပါလယန္တု။
နမတ္ထု ဗုဒ္ဓါနံ နမတ္ထု ဗောဓိယာ၊
နမော ဝိမုတ္တာနံ နမော ဝိမုတ္တိယာ၊
ဣမံသော ပရိတ္တံ ကတ္ဝာ[၂] မောရော ဝါသ မကပ္ပယိ။

## (ခ) မောရသုတ် မြန်မာပြန်

### ရှေးဦးမှတ်ဖွယ်

မောရသုတ်ပါဠိ၌ 'ပူရေန္တံ ဗောဓိသမ္ဘာရေ' မှစ၍ 'ပရိတ္တံ တံ ဘဏာမ ဟေ' အထိ ဂါထာနှစ်ပုဒ်မှာ မောရသုတ်ကို ရွတ်ဖတ်လိုသော ဆန္ဒ ထက်သန်လာစေရန် ယင်းသုတ်၏ တန်ခိုးသတ္တိကို ဖော်ပြချီးကျူးသောပရိတ်မွန်း ဂါထာများ ဖြစ်ပါသည်။

'ဥဒေတယံ' မှစ၍ သုတ်အဆုံးအထိ လေးဂါထာမှာမူ မြတ်စွာဘုရား ဟောကြားသော မောရသုတ်စာကိုယ်ပင် ဖြစ်ပါသည်။

ထိုမောရသုတ်စာကိုယ်၌ ဘုရားအလောင်း ဥဒေါင်းမင်းဖြစ်ခဲ့စဉ်က လောကသားတို့အား အသင်းရောင်ပေးသော နေမင်းကိုလည်းကောင်း၊ သစ္စာလေးပါးကို ထင်ရှားစွာ သိမြင်တော်မူကြသည့် မြတ်စွာဘုရားနှင့် တရားတော်တို့ကိုလည်းကောင်း နေ့စဉ်ညစဉ် ရှိခိုးဦးညွှတ်၍ ဘေးအန္တရာယ် ကင်းရှင်းရန် အကာအကွယ်ပြုခဲ့ပုံကို ပြန်လည်ဟောကြား ထားပါသည်။

---

၁။ ဟရိဿဝဏ္ဏော = ဟရိတ်သဝန်ဏော ဟု ဖတ်။
ပထဝိပ္ပဘာသော = ပထဝိပ်ပဘာသော ဟု ဖတ်။
၂။ ကတ္ဝာ = ကတ်တဝါ ဟု ဖတ်။

www.dhammaransi.com


ဘဝပေါင်းများစွာတို့၌ ဆည်းပူးအားထုတ်ခဲ့သော ပါရမီဆယ်ပါးတို့၏ အစွမ်းအားဖြင့်လည်းကောင်း၊ မြတ်စွာဘုရားနှင့် တရားတော်တို့၏ ဂုဏ်တော်များကြောင့်လည်းကောင်း ဘုရားအလောင်းဥဒေါင်းမင်းသည် နှစ်ပေါင်း ခုနစ်ရာတိုင်အောင် မုဆိုးတို့၏ ကျော့ကွင်းများမှ ရှောင်ရှားနိုင်ခဲ့ပါသည်။

မောရသုတ်၏ မြန်မာပြန် စကားပြေအပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

## မောရသုတ်အမွှန်း

၁-၂။ သဗ္ဗညုတဉာဏ်တော်၏ အခြေခံ အဆောက်အဦဖြစ်သော ပါရမီဆယ်ပါးတို့ကို ဖြည့်ကျင့်စဉ်အခါက ဥဒေါင်းမျိုး၌ဖြစ်သော ဘုရားအလောင်း ဥဒေါင်းမင်းသည် အကြင်မောရပရိတ်ဖြင့် မိမိကိုယ်ကို အန္တရာယ်ကင်းအောင် အစောင့်အရှောက်ကို စီရင်ခဲ့၏။ မုဆိုးတို့သည် ထိုဥဒေါင်းမင်းကို ဖမ်းဆီးနိုင်ရန် နှစ်ကာလရှည်မြင့်စွာ ကြိုးစားအားထုတ်ကြကုန်သော်လည်း ဖမ်းဆီးရန် မစွမ်းနိုင်ခဲ့ကြကုန်။ ဗြဟ္မမန္တာန် (မြတ်သောမန္တရား) ဟူ၍ ဆိုအပ်သော ထိုမောရပရိတ်ကို ယခု ကျွန်ုပ်တို့ ရွတ်ကြပါကုန်စို့။

## နံနက်ခင်း၌ အရံအတားပြုပုံ

၃။ လူတို့၏မျက်စိသဖွယ်ဖြစ်သော[၁]၊ ကောင်းကင်၌ ယှဉ်ပြိုင်ဘက်ကင်း တစ်ပါးတည်းသောမင်းဖြစ်သော ရွှေအဆင်းနှင့်တူသောအဆင်းရှိသော၊ မြေပြင်တစ်ခုလုံးကို ထွန်းလင်းစေနိုင်သော ဤနေမင်းသည် ယခု အရှေ့အရပ်မှ ထွက်ပေါ်လာ၏။ ရွှေအဆင်းနှင့် တူသော အဆင်းရှိသော၊ မြေပြင်တစ်ခုလုံးကို ထွန်းလင်းစေနိုင်သော ထိုနေမင်းကို ကျွန်ုပ် ရှိခိုးပါ၏။ ယနေ့တစ်နေ့ပတ်လုံး အရှင်နေမင်း၏ အစောင့်အရှောက်ကို ခံယူကုန်လျက် ကျွန်ုပ်တို့ ချမ်းသာစွာ နေကြရပါလိုကုန်၏။

---

၁။ လူတို့၏မျက်စိသဖွယ်ဖြစ်သော ဤနေမင်းသည်ဟူ အဓိပ္ပာယ်စပ်၍ယူပါ၊ "တစ်ပါးတည်းသောမင်းဖြစ်သော"စသော ဝိသေသနပုဒ် တို့ကိုလည်း ထိုနည်းတူပင် စပ်ယူရမည်။

www.dhammaransi.com

၄။ မကောင်းမှုကို ပယ်ခွာပြီးဖြစ်ကုန်သော အလုံးစုံသောတရားတို့ကို ထင်ရှားစွာ သိမြင်ပြီးဖြစ်ကုန်သော မြတ်စွာဘုရားတို့ကို ကျွန်ုပ်ရှိခိုးပါ၏။ ထိုမြတ်စွာဘုရားတို့ကလည်း ကျွန်ုပ်ကို စောင့်ရှောက်ကြပါစေ။ သစ္စာလေးပါးကို သိမြင်သော မြတ်စွာဘုရားတို့အား ကျွန်ုပ်ရှိခိုးပါ၏။ သစ္စာလေးပါးကို သိမြင်ကြောင်း ဖြစ်သော အရဟတ္တမဂ်ဉာဏ် အားလည်း ကျွန်ုပ်ရှိခိုးပါ၏။ ကိလေသာတို့မှ လွတ်မြောက်သွားသောမြတ်စွာဘုရားတို့အား ကျွန်ုပ်ရှိခိုးပါ၏။ ကိလေသာတို့မှလွတ်မြောက်ကြောင်းဖြစ်သော အရဟတ္တဖိုလ်အားလည်း ကျွန်ုပ်ရှိခိုးပါ၏။

ဘုရားအလောင်း ဥဒေါင်းမင်းသည် ဤသို့သော ပရိတ်အရံအတားကိုပြု၍ အစာရှာထွက်လေ၏။

## ညနေချမ်း၌ အရံအတားပြုပုံ

၅။ လူတို့၏မျက်စိသဖွယ်ဖြစ်သော၊ ကောင်းကင်၌ ယှဉ်ပြိုင်ဘက်ကင်း တစ်ပါးတည်းသောမင်းဖြစ်သော၊ ရွှေအဆင်းနှင့်တူသောအဆင်းရှိသော၊ မြေပြင်တစ်ခုလုံးကို ထွန်းလင်းစေနိုင်သောဤနေမင်းသည် ယခုအနောက်အရပ်သို့ ဝင်သွား၏။ ရွှေအဆင်းနှင့်တူသော အဆင်းရှိသော၊ မြေပြင်တစ်ခုလုံးကို ထွန်းလင်းစေနိုင်သော ထိုနေမင်းကို ကျွန်ုပ် ရှိခိုးပါ၏။ ယနေ့ည တစ်ညပတ်လုံး အရှင်နေမင်း၏ အစောင့်အရှောက်ကို ခံယူကုန်လျက် ကျွန်ုပ်တို့ ချမ်းသာစွာ နေကြရပါလိုကုန်၏။

၆။ မကောင်းမှုကိုပယ်ခွာပြီးကုန်သော၊ အလုံးစုံသော တရားကို ထင်ရှားစွာ သိမြင်ပြီးဖြစ်ကုန်သော မြတ်စွာဘုရားတို့ကို ကျွန်ုပ် ရှိခိုးပါ၏။ ထိုမြတ်စွာဘုရားတို့ကလည်း ကျွန်ုပ်ကို စောင့် ရှောက် ကြပါစေ ကုန်သတည်း။ သစ္စာလေးပါးကို သိမြင်ကြောင်းဖြစ်သော အရိယမဂ်ဉာဏ်အားလည်း ကျွန်ုပ်ရှိခိုးပါ၏။ ကိလေသာတို့မှ လွတ်မြောက်သွားသော မြတ်စွာဘုရားတို့အား ကျွန်ုပ် ရှိခိုးပါ၏။ ကိလေသာတို့မှ လွတ်မြောက်ကြောင်းဖြစ်သော အရဟတ္တဖိုလ်အားလည်း ကျွန်ုပ်ရှိခိုးပါ၏။

ဘုရားအလောင်းဥဒေါင်းမင်းသည် ဤသို့သော ပရိတ်အရံအတားကိုပြု၍ ညအချိန်၌ အိပ်စက်နားနေခြင်းကို ပြုလေ၏။

# (၈) မောရသုတ် ဖြစ်ပေါ်လာပုံ

## သာသနာတော်၌ ငြီးငွေ့သောရဟန်း

အခါတစ်ပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူ၏။ ထိုအခါ ရဟန်းငယ် တစ်ပါးသည် ဆွမ်းခံသွားရင်း မြို့ထဲ၌ တွေ့မြင်ခဲ့ရသော မိန်းမပျိုတစ်ယောက်အပေါ်၌ ပြင်းပြစွာ တပ်မက်စွဲလမ်းလျက် သာသနာတော်၌ မပျော်ပိုက်နိုင် ဖြစ်နေ၏။

ထိုအကြောင်းကို အခြားရဟန်းတို့ကမြတ်စွာဘုရားအား လျှောက်ထားကြသည်။ မြတ်စွာဘုရားက ထိုရဟန်းကိုခေါ်၍ မေးတော်မူသည်။ ရဟန်းကလည်း မိမိ၏အဖြစ်စုံကို ပွင့်လင်းစွာ လျှောက်ကြားသည်။

ထိုအခါ မြတ်စွာဘုရားက 'ရဟန်း၊ မာတုဂါမမည်သည် နှစ်ပေါင်းခုနစ်ရာတိုင်အောင် ကိလေသာစိတ် ထကြွမှုမရှိခဲ့သော ပညာရှိ သူတော်ကောင်းတို့၏ စိတ်ကိုပင် ချောက်ချားစေနိုင်၏။ အခြားသူတို့၏ စိတ်ကိုကား ဆိုဖွယ်ရာမရှိချေ' ဟု မိန့်ကြားပြီး အောက်ဖော်ပြပါ မောရဇာတ်ကို ဟောကြားခဲ့ပါသည်။

## ရွှေဥဒေါင်း၏တရားကို နာလိုသူ

လွန်လေပြီးသော အခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မင်းသည် မင်းပြု၏။ ထိုမင်း၏မိဖုရားကြီးကား ခေမာဒေဝီမည်၏။ ခေမာဒေဝီသည် တစ်ညတွင် ရွှေအဆင်းရှိသော ဥဒေါင်းမင်း၏တရားကို ကြားနာရသည်ဟု အိပ်မက်မြင်မက်၏။

နံနက်လင်းသောအခါ ရွှေဥဒေါင်းမင်း၏ တရားကို ကြားနာလိုကြောင်း မိဖုရားက မင်းကြီးထံ၌ ပူဆာ၏။ မင်းကြီးသည် ဗာရာဏသီတစ်ပြည်လုံးတွင်ရှိသော မုဆိုးအပေါင်းကိုခေါ်၍ ရွှေဥဒေါင်းအကြောင်းကို မေးမြန်းစုံစမ်း၏။ ထိုအခါ ဟိမဝန္တာဒေသရပ်မှ ဒဏ္ဍကမည်သော ရွှေတောင်၌ ရွှေဥဒေါင်းတစ်ကောင်ရှိသည်ဟု မိမိဖခင်ထံမှ ကြားခဲ့ရဖူးကြောင်း မုဆိုးငယ်တစ်ယောက်က လျှောက်တင်၏။

ဗြဟ္မဒတ်မင်းသည် ထိုမုဆိုးငယ်အားပင် ဆုလာဘ်ပစ္စည်းများ စွာ ပေးပြီး ရွှေဥဒေါင်းကို အရှင်ဖမ်းယူခဲ့ရန် တာဝန်ပေးလိုက်၏။ မုဆိုးငယ်သည် ဒဏ္ဍကတောင်သို့ ခက်ခဲပင်ပန်းစွာ သွား၍ ရွှေဥဒေါင်း မင်း အစာစားရာအရပ်၌ ကျော့ကွင်းများ ထောင်လျက် ရွှေဥဒေါင်း မင်းကို ဖမ်းဆီးနိုင်ရန် အားထုတ်၏။ သို့သော် မုဆိုးငယ်သည် ခုနစ်နှစ် ကြာသည့်တိုင်အောင် ရွှေဥဒေါင်းကို ဖမ်းမမိဘဲ တောထဲ၌ တစ်ယောက် တည်း အထီးကျန်ဘဝဖြင့် သေဆုံးသွားရရှာလေ၏။

## ဗြဟ္မဒတ်မင်း၏ ရွှေပေလွှာ

ပြင်းပြသောဆန္ဒဖြင့် ရွှေဥဒေါင်းကို နေ့စဉ် မျှော်လင့်တောင့်တ နေသော ခေမာဒေဝီမိဖုရားကြီးမှာလည်း မိမိ၏လိုအင်ဆန္ဒ မပြည့်ဝသော အခါ စိတ်နှလုံး ချောက်ချားလျက် မကြာမီ ကွယ်လွန်သွားလေ၏။

ထိုအခါ ဗြဟ္မဒတ်မင်းအား “ရွှေဥဒေါင်းကို အကြောင်းပြု၍ ငါ၏ မိဖုရားကြီး အသက်ဆုံးရခြင်းဖြစ်သည်”ဟု နာကျည်းသောစိတ် စွဲကျန်နေ၏။ ထိုနာကျည်းသောစိတ်ဖြင့် “ဟိမဝန္တာတော ဒဏ္ဍကရွှေ တောင်မှ ရွှေဥဒေါင်းမင်း၏ အသားကို စားရသူသည် အိုခြင်း၊ နာခြင်း၊ သေခြင်းတို့ကို တားဆီးနိုင်၏”ဟူသော စာတမ်းကို ရွှေပြားတစ်ချပ် ပေါ်၌ တခမ်းတနား ရေးထိုးစေပြီး ရွှေနန်းတော် မော်ကွန်းတိုက်၌ ထားရှိခဲ့လေသည်။

ဗြဟ္မဒတ်မင်း နတ်ရွာစံသောအခါ သူ့သားတော် နန်းတက် လာသည်။ ထိုသားတော်မင်းသည် ခမည်းတော် ရေးထိုးခဲ့သော ရွှေပေ လွှာကို ဖတ်ရှုပြီး ရွှေဥဒေါင်းကိုဖမ်းရန် မုဆိုးတစ်ယောက်ကို စေလွှတ် သည်။ ထိုမုဆိုးလည်း ရွှေဥဒေါင်းကိုဖမ်းမရဘဲ တောထဲ၌ပင် သေလွန်ရ ပြန်သည်။ ဤနည်းအားဖြင့် မင်းခြောက်ဆက်လွန်၍ နှစ်ပေါင်းခုနစ်ရာ မျှ ကြာမြင့်သွားလေ၏။

## ဥဒေါင်းမ၏ တွန်သံသာ

သတ္တမမြောက်သောမင်းက စေလွှတ်လိုက်သော မုဆိုးမှာမူ အကြံ ကောင်းသူဖြစ်၍ ဒေါင်းမလေးတစ်ကောင်ကို လိမ္မာအောင် သင်ကြား လေ့ကျင့်ပြီး ဒဏ္ဍကတောင်သို့ယူဆောင်သွားသည်။ ရွှေဥဒေါင်းမင်း နေရာ

အရပ်မှ မနီးမဝေးတွင် ကျောင်းကွင်းများ ထောင်ထားပြီး ဥဒေါင်းမ လေးကို တွန်သံပေးစေသည်။

ရွှေဥဒေါင်းမင်းသည် နံနက်လင်းတိုင်း အရှေ့အရပ်သို့ မျက်နှာ မူလျက် 'ဥဒေတယံ'စသောဂါထာကို ရွတ်ဆိုပြီးမှ အစာရှာထွက်လေ့ရှိ သည်။ ညနေ အိပ်တန်းတက်သော အခါ၌လည်း အနောက်အရပ်သို့ မျက်နှာမူလျက်'အပေတယံ' စသောဂါထာကို ရွတ်ဆိုပြီးမှ အိပ်စက်လေ့ ရှိသည်။

ထိုနေ့တွင်ကား အရှေ့အရပ်သို့ မျက်နှာမူလျက်'ဥဒေတယံ'စသော ဂါထာကိုရွတ်ဆိုရန် ကြံရွယ်နေစဉ်မှာပင် ဥဒေါင်းမလေး၏ သာယာ သော တွန်သံကိုကြားရလေ၏။ ထိုအခါ နှစ်ပေါင်းခုနစ်ရာပတ်လုံး ငုပ်လျှိုးငြိမ်သက်နေခဲ့သော ကာမရာဂစိတ်က ချက်ချင်း ထကြွသောင်း ကျန်းလာသောကြောင့် ရွှေဥဒေါင်းသည် ရွတ်နေကျ ဂါထာကိုပင် မရွတ်နိုင်တော့ဘဲ ဒေါင်းမလေးရှိရာသို့ ချက်ချင်း ပျံသန်းသွားလေ၏။

မုဆိုးသည် ကျောင်းကွင်း၌ မိနေသော ရွှေဥဒေါင်းမင်းကို အလွယ် တကူပင် ဖမ်းယူ၍ ဗာရာဏသီပြည်သို့ ဆောင်သွားသည်။ ဗာရာဏသီသို့ ရောက်သောအခါ ရွှေဥဒေါင်းက ဗာရာဏသီမင်းအား တရားဟောသည်။ သေခြင်းကို မလွန်ဆန်နိုင်သော ဥဒေါင်း၏ အသားကို စားခြင်းဖြင့် အို နာ သေမှုကို မရှောင်လွှဲနိုင်ကြောင်း ဗာရာဏသီမင်း သဘောပေါက်သွား သည်။ ထို့ကြောင့် ရွှေဥဒေါင်းမင်းကို ကောင်းစွာပူဇော် ကျွေးမွေးပြီး ဟိမဝန္တာသို့ ပြန်လွှတ်လိုက်လေသည်။

အထက်ပါ ဥဒေါင်းမင်းဇာတ်ကို ကြားနာ ရသောအခါ သာသနာတော်၌ ငြီးငွေ့နေသောရဟန်းသည် သစ္စာလေးပါးကိုသိမြင်၍ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သွားသည်။ ရွှေဥဒေါင်းမင်း ရွတ်ဆိုခဲ့သော ဂါထာများမှာလည်း 'မောရပရိတ်' ဟူသောအမည်ဖြင့် ထင်ရှားလာခဲ့ လေသည်။

## (ဃ) မောရသုတ်ကိုရွတ်ဖတ်သင့်သောအခါ

မောရသုတ်ကို အချုပ်အနှောင် အန္တရာယ်များနှင့် ကြုံတွေ့နေ ရသည့် အခါ ရွတ်ဖတ်သင့်သည်၊

မိမိအား အန္တရာယ်ပြုရန်ကြံနေသူ၊ ပျက်စီးရာ ပျက်စီးကြောင်း ကြံနေသူများရှိသောအခါ၌လည်း ရွတ်ဖတ်သင့်သည်။

မောရသုတ်ကို နေ့စဉ်မပြတ်ရွတ်ဖတ်ခြင်းဖြင့် အန္တရာယ်အမျိုးမျိုး ကို ကြိုတင်ကာကွယ်ပြီးဖြစ်နိုင်ပါသည်။

## (င) မောရသုတ်၏ အကျိုးကျေးဇူး

မောရသုတ်သည် အချုပ်အနှောင်မှ လွတ်မြောက်စေနိုင်သည်။ သူတစ်ပါးတို့၏ အန္တရာယ်ပြုမှု၊ မကောင်းကြံမှုတို့ကို ဟန့်တားဖျက်ဆီး နိုင်သည်။ မိမိ၏အကြံအစည်များလည်း အနှောင့်အယှက်ကင်းစွာ ပြီး မြောက်စေနိုင်ပါသည်။

www.dhammaransi.com

# (၆) ဝဋ္ဋသုတ်

## (က) ဝဋ္ဋသုတ်ပါဠိ

၁။ ပူရေန္တံ ဗောဓိသမ္ဘာရေ၊ နိဗ္ဗတ္တံ ဝဋ္ဋ[၁]ဇာတိယံ။
ယဿ တေဇေန ဒါဝဂ္ဂိ၊ မဟာသတ္တံ ဝိဝဇ္ဇယိ။

၂။ ထေရဿ သာရိပုတ္တဿ၊ လောကနာထေန ဘာသိတံ။
ကပ္ပဋ္ဌာယိံ[၂] မဟာတေဇံ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

၃။ အတ္ထိ လောကေ သီလဂုဏော၊ သစ္စံ သောစေယျနုဒ္ဒယာ။
တေန သစ္စေန ကာဟာမိ၊
သစ္စကိရိယ မုတ္တမံ။

၄။ အာဝဇ္ဇေတွာ[*] ဓမ္မဗလံ၊ သရိတွာ ပုဗ္ဗကေ ဇိနေ။
သစ္စဗလ မဝဿာယ[၄]၊ သစ္စကိရိယ မကာသဟံ။

၅။ သန္တိ ပက္ခာ အပတနာ၊ သန္တိ ပါဒါ အဝဉ္စနာ။
မာတာ ပိတာ စ နိက္ခန္တာ၊ ဇာတဝေဒ ပဋိက္ကမ။

---

၁။ ဝဋ္ဋ = ဝဋ်ဋ (ဝတ်တ) ဟု ဖတ်ပါ။
၂။ ကပ္ပဋ္ဌာယိံ = ကပ်ပတ်ဌာယိန် ဟု ဖတ်။
*။ အာဝဇ္ဇေတွာ = အာဝစ်ဇစ်တဝါ ဟု ဖတ်
၄။ သစ္စဗလမဝဿာယ = သစ်စဗလမဝတ်သာယ ဟု ဖတ်။

www.dhammaransi.com



၆။ သဟ သစ္စေ ကတေ မယှံ၊
မဟာပဇ္ဇလိတော သိခီ။
ဝဇ္ဇေသိ သောဠသ ကရီသာနိ၊
ဥဒကံ ပတ္ွာ[1] ယထာ သိခီ။
သစ္စေန မေ သမော နတ္ထိ၊
ဧသာ မေ သစ္စပါရမီ။

## (ခ) ဝဋ္ဋသုတ် မြန်မာပြန်

### ရှေးဦးမှတ်ဖွယ်

ဝဋ္ဋသုတ် ပါဠိ၌ 'ပူရေန္တံ ဗောဓိသမ္ဘာရေ' မှစ၍ ပရိတ္တံ တံ ဘဏာမ ဟေ' အထိ ဂါထာနှစ်ပုဒ်မှာ ဝဋ္ဋသုတ်၏ တန်ခိုးသတ္တိကို ဖော်ပြ၍ ယင်းသုတ်ကို ရွတ်ဆိုရန် တိုက်တွန်းလှုံ့ဆော်သော အမွှန်းဂါထာများ ဖြစ်ပါသည်။

'အတ္ထိလောကေ'မှစ၍ သုတ်အဆုံးအထိ ဂါထာ လေးပုဒ်မှာမူ မြတ်စွာဘုရားဟောကြားသော ဝဋ္ဋသုတ် စာကိုယ်ဖြစ်ပါသည်။

ယင်းဝဋ္ဋသုတ် စာကိုယ်၌ ဘုရားအလောင်းတော် ငုံးငှက်ငယ် ဘဝ၌ ဖြစ်စဉ်က သစ္စာပြုခြင်းဖြင့် တောမီးလောင်ခြင်းကို ဟန့်တားနိုင်ခဲ့ပုံကို ပြန်လည် ဟောကြားထားပါသည်။

ဝဋ္ဋသုတ်၏ မြန်မာပြန် စကားပြေ အပြည့်အစုံမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

### ဝဋ္ဋသုတ်အမွှန်း

၁-၂။ သဗ္ဗညုတဉာဏ်၏ အခြေခံ အဆောက်အဦ ဖြစ်သော ပါရမီ ဆယ်ပါးတို့ကို ဖြည့်ကျင့်စဉ်အခါက ငုံးငှက်အမျိုး၌ ဖြစ်နေသော ဘုရားလောင်းကို အကြောင်ပြု၍ ဝဋ္ဋသုတ်၏ တန်ခိုးအရှိန်အဝါကြောင့် တောမီးသည် ရှောင်ကွင်းခဲ့၏။ ထိုဝဋ္ဋသုတ်ကို လောကသားတို့၏ အားထားကိုးကွယ် ရာဖြစ်သော မြတ်စွာဘုရားက အရှင်သာရိပုတ္တရာအား ဟောကြားတော်

---

၁။ ပတ္ွာ = ပတ်တဝါဟုဖတ်ပါ။

www.dhammaransi.com


မှုခဲ့၏။ တစ်ကမ္ဘာပတ်လုံး တည်တံ့နိုင်၍ ကြီးသောတန်ခိုး အရှိန်အဝါရှိသော ထိုဝဋ္ဋသုတ်ပရိတ်ကို ယခု ကျွန်ုပ်တို့ ရွတ်ဆိုကြပါကုန်စို့။

**ငုံးမင်း၏သစ္စာစကား**

၃။ လောက၌ သီလဂုဏ်သည်ရှိ၏။ မှန်ကန်ခြင်း သစ္စာတရားသည် ရှိ၏။ ကိုယ်နှုတ်စိတ်အားဖြင့် စင်ကြယ်ဖြောင့်မတ်မှုသည် ရှိ၏။သတ္တဝါတို့အပေါ် သနားကြင်နာမှုသည် ရှိ၏။ ဤမှန်ကန်သောစကားဖြင့် မြတ်သော သစ္စာဆိုမှုကို ငါပြု၏။

၄။ ငါသည် သစ္စာတရား၏ စွမ်းအားသတ္တိကို ဆင်ခြင်၍¹၊ ရှေးလွန်လေပြီးသော မြတ်စွာဘုရားတို့၏ဂုဏ်တော်တို့ကို အောက်မေ့၍¹၊ သစ္စာတရား၏ စွမ်းအားသတ္တိကို ယုံကြည်ကိုးစား၍ သစ္စာဆိုမှုကို ပြုခဲ့၏။

၅။ "ငါ့မှာ အတောင်များရှိ၏။ သို့သော် မပျံနိုင်သေး။ ငါ့မှာ ခြေထောက်များရှိ၏။ သို့သော် မသွားနိုင်သေး။ ငါ၏မိခင်နှင့် ဖခင်တို့ကလည်း ထွက်သွားကြပြီ။ အို....တောမီး၊ ငါ့ကိုဖယ်ရှား၍ ရှောင်ရှား၍ သွားပါလော့။"

၆။ ဤသို့ ငါက သစ္စာပြုလိုက်သောအခါ ထိုသစ္စာစကား ဆုံးသည်နှင့် တပြိုင်နက် အရှိန်အလျှံ ကြီးမားလှသော တောမီးသည် ရေသို့ရောက်၍ ဖယ်ရှားသွားဘိသကဲ့သို့ တစ်ဆယ့်ခြောက်ပယ်တိုင်အောင် ငါ့အနီးမှ ဖယ်ရှားသွားခဲ့လေ၏။ ငါ့အား သစ္စာနှင့်တူသော တရားသည် မရှိ။ ဤသို့သစ္စာပြုခြင်းသည် ငါ၏ သစ္စာပါရမီပင် ဖြစ်ပေသည်။

## (ဂ) ဝဋ္ဋသုတ် ဖြစ်ပေါ်လာပုံ

**ရှင်သာရိပုတ္တရာအား ဟောကြားပုံ**

အခါတစ်ပါး၌ အရှင်သာရိပုတ္တရာမထေရ်က မြတ်စွာဘုရားအား "မြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်ကို ရရှိကြောင်းဖြစ်သော ပါရမီဆယ်ပါးတို့ကို အဘယ်သို့ ဖြည့်ကျင့်ခဲ့ပါသနည်း" ဟု မေးလျှောက်သည်။ မြတ်စွာဘုရားက အကိတ္တိပညာရှိ စသောဘဝတို့၌ ပါရမီဆယ်ပါးကို

၁။ ဆင်ခြင်၍....အောက်မေ့၍....သစ္စာဆိုမှုကို ပြုခဲ့၏ ဟု အဓိပ္ပါယ်စပ်ယူပါ။

www.dhammaransi.com


ဖြည့်ကျင့်ခဲ့ပုံများကို ပြန်ပြောင်း ဟောကြားသည်။ ထိုဟောကြားချက်များတွင် ငုံးမင်းဘဝ၌ သစ္စာပါရမီကို ဖြည့်ကျင့်ခဲ့ပုံလည်း ပါဝင်သည်။ ထို့ကြောင့် ဝဋ္ဋသုတ် အမှန်းဂါထာ၌ 'ထေရဿ သာရိပုတ္တဿ၊ လောကနာထေန ဘာသိတံ' ဟုဆိုခြင်းဖြစ်ပါသည်။ ထိုဟောကြားချက်မှာ စရိယာ ပိဋကပါဠိစတော်တွင် ပါရှိလေသည်။

ရဟန်းတို့အား ဟောကြားပုံ

အခါတစ်ပါး၌ မြတ်စွာဘုရားသည် ငါးရာသော ရဟန်းတို့နှင့်တကွ မဂဓတိုင်းအတွင်း၌ ဒေသစာရီကြွချီတော်မူသည်။ တစ်ခုသော တောအုပ်သို့ ရောက်သောအခါ ထိုတောအုပ်အတွင်း၌ မီးအကြီးအကျယ်လောင်နေသည်ကို တွေ့ရသည်။

အရှိန်အဟုန် ပြင်းစွာ လောင်မြိုက်လာသော မီးတောက်မီးလျှံတို့ကို တွေ့မြင်ရသောအခါ မြတ်စွာဘုရားရှင်၏ရှေ့မှ သွားနှင့်သော ရဟန်းတို့သည် ကြောက်ကြောက်လန့်လန့်ဖြင့် နောက်သို့ပြန်ဆုတ်လာကြသည်။ မြတ်စွာဘုရား၏နောက်မှ ခပ်ခွာခွာလိုက်ပါလာကြသော ရဟန်းတို့ကလည်း မြတ်စွာဘုရားအနီးသို့ အပြေးအလွှား ချဉ်းကပ်လာကြသည်။ တောမီးအန္တရာယ်ကြောင့် ရဟန်းငါးရာတို့အတွင်း၌ ရုတ်ရုတ်သဲသဲဖြစ်နေသည်။

တောမီးသည် မြတ်စွာဘုရားကြွသွားရာ လမ်းခရီး၏ ရှေ့တူရူအရပ်မှ စတင်လောင်ကျွမ်းလာခြင်းဖြစ်သည်။ မြတ်စွာဘုရားကလည်း တောင်ဘက်အရပ်သို့ ဦးတည်ကြွသွားနေခြင်း ဖြစ်သောကြောင့် နွေဦးရာသီ၏ တောင်လေအရှိန်ဖြင့် တောမီးမှာ မြတ်စွာဘုရားအနီးသို့ မကြာမီဆိုက်ရောက်လာတော့မည်ဟု ထင်ရသည်။ လမ်းတည့်တည့်တွင် မလောင်သေးသော်လည်း လမ်း၏ဝဲယာနှစ်ဘက်ရှိ သစ်ပင်ချုံနွယ် အချို့ကိုမူ မီးတောက်များ ကူးစက်နေပြီဖြစ်ပေသည်။ ထို့ကြောင့်လည်း ရဟန်းများရုတ်ရုတ်သဲသဲ ဖြစ်နေကြခြင်း ဖြစ်လေသည်။

ဤသို့ ရဟန်းအချို့က ရုတ်ရုတ်သဲသဲ ဖြစ်နေကြသော်လည်း မြတ်စွာဘုရားနှင့် ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်စသော မထေရ်ကြီးရဟန်းတို့ကား မိမိတို့လမ်းခရီးအတိုင်း ဣန္ဒြေရရပင်ကြွသွားနေကြသည်။

www.dhammaransi.com



တစ်နေရာသို့ ရောက်သောအခါတွင်မူ မြတ်စွာဘုရားက ရုတ်တရက် ရပ်တန့်တော်မူလိုက်သဖြင့် သံဃာတန်းကြီးလည်း ချက်ချင်းပင် တန့်သွားလေ၏။

ဤသို့ မြတ်စွာဘုရားက ရပ်တန့်လိုက်သောအခါ "တောမီး အန္တရာယ်ကြောင့် နောက်ကြောင်းပြန်ဆုတ်ရန် ရပ်တန့်လိုက်ခြင်း ဖြစ်သည်"ဟု ရဟန်းအချို့က တွေးထင်ကြသည်။ သို့သော်လည်း ယင်းသို့တွေးထင်နေကြစဉ်မှာပင် မယုံကြည်နိုင်လောက်အောင် အံ့ဩဖွယ် ကောင်းလှသော အခြင်းအရာတစ်ရပ်ကို ရဟန်းများ တွေ့မြင်လိုက်ကြရသည်။ ထို အခြင်းအရာမှာ အခြားမဟုတ်။ ဆန့်ကျင်ဖက်အရပ်မှ အရှိန် ပြင်းစွာ လောင်မြိုက်လာသော တောမီးကြီးသည် မြတ်စွာဘုရားနှင့် ၁၆-ပယ်မျှ ကွာသော အရပ်သို့အရောက်တွင် ရေအားကောင်းကောင်းဖြင့်လောင်းချ လိုက်ဘိသကဲ့သို့ ငြိမ်းအေးရပ်စဲသွားခြင်းပင် ဖြစ်ပါသည်။ တပြိုင်တည်း မှာပင် လမ်း၏ဝဲ၊ယာနှစ်ဖက်ရှိ သစ်ပင်ချုံနွယ်တို့မှ မီးတောက်မီးလျှံ များ ငြိမ်းပျောက်သွားကြပါသည်။

## ဘုရားတန်ခိုးမဟုတ်

ထူးခြားဆန်းကြယ်လှသော ထိုအခြင်းအရာကို မျက်ဝါးထင်ထင် တွေ့မြင်ကြရသော ရဟန်းတို့သည် လွန်စွာအံ့ဩသွားကြသည်။" မြတ်စွာ ဘုရား၏ တန်ခိုးအာနုဘော်ကား ကြီးမားလှပေစွ"ဟု ချီးကျူးပြောဆို ကြသည်။

## ကမ္ဘာတည်မည့် ငုံးမင်းသစ္စာ

ထိုအခါ မြတ်စွာဘုရားက 'ရဟန်းတို့၊ ဤငါဘုရား၏ အနီး ပတ်ဝန်းကျင် ၁၆-ပယ်မျှသောအရပ်သို့ မီးမကူးစက်ဘဲ တောမီးကြီး ငြိမ်းသွားခြင်းသည် ငါဘုရား၏ တန်ခိုးအာနုဘော်မဟုတ်။ ငါဘုရား

---

၁။ ပယ်ဟူသည် ရှေးခေတ်မြန်မာတို့၏ အတိုင်းအတာ တစ်ခု ဖြစ်သည်။ အရပ်သုံးပယ်နှင့် မင်းသုံးပယ် ဟု နှစ်မျိုးရှိသည်။ ခုနစ်တောင် ၁-တာ အားဖြင့် ၂၅-တာပတ်လည်ရှိသော မြေကွက်ကို ၁-ပယ်ဟုခေါ်သည်။ မင်းသုံး ပယ်ကို အရပ်သုံးပယ်၏ ၂-ဆရှိ၏ဟု ဆိုပါသည်။

ငုံးငှက်ငယ် ဖြစ်စဉ်က မြွက်ဆိုပြုလုပ်ခဲ့သော သစ္စာစကား၏ တန်ခိုးအာနိသင်သာ ဖြစ်ပေသည်’ဟု မိန့်ကြားပြီး ငါးရာ့ငါးဆယ်ကေကနိပါတ်လာ ဝဋ္ဋကဇာတ် ကို ဟောကြားပါသည်။

အဆိုပါ ဝဋ္ဋကဇာတ်အရ ဘုရားအလောင်း ငုံးငှက်ငယ်သည် မြတ်စွာဘုရားနှင့် ၊တရားတော်တို့၏ ဂုဏ်များကို ဆင်ခြင်အောက်မေ့ပြီး မှန်ကန်သော သစ္စာစကားကို မြွက်ဆိုခြင်းဖြင့် အရှိန်ပြင်းစွာ လောင်ကျွမ်းလာသော တောမီးကြီးကို ဟန့်တားနိုင်ခဲ့ကြောင်း သိရပါသည်။ ၁၆-ပယ် ပတ်လည်ရှိသော ထိုအရပ်မှာ တစ်ကမ္ဘာပတ်လုံး မီးမလောင်နိုင်သော အရပ်အဖြစ် တည်ရှိလိမ့်မည်ဟုဆိုပါသည်။

အထက်ပါ စရိယာပိဋကပါဠိတော်နှင့် ဝဋ္ဋကဇာတ်တို့မှ ဘုရားအလောင်း ငုံးငှက်ငယ် မြွက်ဆိုခဲ့သော သစ္စာစကားသည် သစ္စာတရားကို မမှိတ်မသုန် ယုံကြည်သော အခြားပုဂ္ဂိုလ်တို့အတွက်လည်း မီးဘေးအန္တရာယ်ကို ကာကွယ်တားဆီးနိုင်သော အရံအတား ဖြစ်ပါသည်။ ထို့ကြောင့် ရှေးပညာရှင်တို့က အဆိုပါသစ္စာစကားကို ‘ဝဋ္ဋပရိတ်’ ဟု အမည်တပ်၍ ပရိတ်ကြီး (၁၁) သုတ်၌ ထည့်သွင်းခဲ့ကြခြင်း ဖြစ်ပါသည်။


## (ဃ) ဝဋ္ဋပရိတ် ရွတ်ဖတ်သင့်သောအခါ

ဝဋ္ဋပရိတ်ကို မီးဘေးအန္တရာယ်စိုးရိမ်ရသော နေ့ရာသီ၌ အထူး ရွတ်ဖတ်သင့်ပါသည်။ မိမိ၏မြို့ရွာ ရပ်ကွက်တို့၌ မီးလောင်မှုဖြစ်ပွားနေချိန်တွင် ရွတ်ဖတ်လျှင် မီးကိုဟန့်တားနိုင်ပါသည်။ ဝဋ္ဋပရိတ်ကို နေ့စဉ်မပြတ် ရွတ်ဖတ်ခြင်းဖြင့် မီးဘေးကို ကြိုတင် တားဆီးနိုင်ပါသည်။

## (င) ဝဋ္ဋပရိတ်၏ အကျိုးကျေးဇူး

ဝဋ္ဋပရိတ်၏ အကျိုးကျေးဇူးကား မီးဘေးအန္တရာယ်ကို ကာကွယ်တားဆီးနိုင်ခြင်းပင် ဖြစ်ပါသည်။

www.dhammaransi.com



# (၇) ဓဇဂ္ဂသုတ်

## (က) ဓဇဂ္ဂသုတ်ပါဠိ

၁။ ယဿာနုဿရဏေနာပိ၊ အန္တလိက္ခေပိ[၁] ပါဏိနော။
ပတိဋ္ဌမဓိဂစ္ဆန္တိ၊ ဘူမိယံ ဝိယ သဗ္ဗထာ။

၂။ သဗ္ဗူပဒ္ဒဝဇာလမှာ[၂]၊ ယက္ခစောရာဒိသမ္ဘဝါ။
ဂဏနာ န စ မုတ္တာနံ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

၃။ ဧဝံ မေ သုတံ–
ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ၊
ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။

၄။ တတြ ခေါ ဘဂဝါ ဘိက္ခူ အာမန္တေသိ ‘ဘိက္ခဝေါ’ တိ၊
‘ဘဒန္တေ’ တိ တေ ဘိက္ခူ ဘဂဝတော ပစ္စဿောသုံ၊
ဘဂဝါ ဧတဒဝေါစ –
ဘူတပုဗ္ဗံ ဘိက္ခဝေ
ဒေဝါသုရသင်္ဂါမော သမုပဗျူဠှော အဟောသိ၊
အထ ခေါ ဘိက္ခဝေ သက္ကော ဒေဝါနမိန္ဒော၊
ဒေဝေ တာဝတိံသေ အာမန္တေသိ၊

---

၁။ ယဿာ နုဿရဏေနာပိ = ယတ်သာနုတ်သရဏေနာပိ ဟု ဖတ်။
အန္တလိက္ခေပိ = အန်တလိတ်ခေပိ ဟု ဖတ်။
၂။ သဗ္ဗူပဒ္ဒဝဇာလမှာ = သပ်ဗုပတ်ဒဝဇာလံမှာ ဟု ဖတ်။

www.dhammaransi.com



သစေ မာရိသာ ဒေဝါနံ သင်္ဂါမဂတာနံ ဥပ္ပဇ္ဇေယျ[၁]၊
ဘယံဝါ ဆမ္ဘိတတ္တံဝါ လောမဟံသော ဝါ၊
မမေဝ တသ္မိံ သမယေ ဓဇဂ္ဂံ ဥလ္လောကေယျာထ[၂]၊
မမံ ဟိ ဝေါ ဓဇဂ္ဂံ ဥလ္လောကယတံ၊
ယံ ဘဝိဿတိ ဘယံဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊
သော ပဟီယိဿတိ။

၅။ နော စေ မေ ဓဇဂ္ဂံ ဥလ္လောကေယျာထ၊
အထ ပဇာပတိဿ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကေယျာထ။
ပဇာပတိဿ ဟိ ဝေါ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကယတံ
ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ
သော ပဟီယိဿတိ။

၆။ နော စေ ပဇာပတိဿ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကေယျာထ၊
အထ ဝရုဏဿ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကေယျာထ။
ဝရုဏဿ ဟိ ဝေါ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကယတံ
ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ
သော ပဟီယိဿတိ။

၇။ နော စေ ဝရုဏဿ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကေယျာထ၊
အထ ဤသာနဿ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကေယျာထ။
ဤ သာနဿ ဟိ ဝေါ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကယတံ
ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊
သော ပဟီယိဿတိ။

၈။ တံ ခေါပန ဘိက္ခဝေ
သက္ကဿဝါ ဒေဝါနမိန္ဒဿ ဓဇဂ္ဂံ ဥလ္လောကယတံ
ပဇာပတိဿ ဝါ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကယတံ
ဝရုဏဿ ဝါ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကယတံ

---

၁။ ဥပ္ပဇ္ဇေယျ = အုတ်ပစ်ဇေယ ဟု ဖတ်။
၂။ ဥလ္လောကေယျာထ = အုန်လောကေယာ[illegible] ဟု ဖတ်။

www.dhammaransi.com



ဤ္ဂသာနယာ ဝါ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကယတံ
ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊
သော ပဟီယေထာပိ နောပိ ပဟီယေထ။

၉။ တံ ကိဿ ဟေတု–
သက္ကော ဟိ ဘိက္ခဝေ ဒေဝါနမိန္ဒော
အဝီတရာဂေါ အဝီတဒေါသော အဝီတမောဟော
ဘီရု ဆမ္ဘီ ဥတြာသီ ပလာယီတိ။

၁၀။ အဟဉ္စ ခေါ ဘိက္ခဝေ ဧဝံ ဝဒါမိ–
သစေ တုမှာကံ ဘိက္ခဝေ
အရညဂတာနံ ဝါ ရုက္ခမူလဂတာနံ ဝါ
သုညာဂါရ ဂတာနံ ဝါ[၂]
ဥပ္ပဇ္ဇေယျ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ
မမေဝ တသ္မိံ သမယေ အနုဿရေယျာထ–
၁၁။ "ဣတိပိ သော ဘဂဝါ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊
ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊
အနုတ္တရော ပုရိသ ဒမ္မသာရထိ၊
သတ္ထာ ဒေဝ မနုဿာနံ၊ ဗုဒ္ဓေါ ဘဂဝါ"တိ။

၁၂။ မမံ ဟိ ဝေါ ဘိက္ခဝေ အနုဿရတံ၊
ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊
သော ပဟီယိဿတိ။

၁၃။ နော စေ မံ အနုဿရေယျာထ၊
အထ ဓမ္မံ အနုဿရေယျာထ။

၁၄။ "သွာက္ခာတော* ဘဂဝတာ ဓမ္မော၊
သန္ဒိဋ္ဌိကော[၄] အကာလိကော၊

---

၁။ ဥတြာသီ– အုတ်တရာသီ ဟုဖတ်။
၂။ သုညာဂါရ=သုန်ညာဂါရဟုဖတ်။
*။ သွာက္ခာတော = သွက်ခါတောဟုဖတ်။
၄။ သန္ဒိဋ္ဌိကော = သန်ဒိတ်ဌိကောဟု ဖတ်။

www.dhammaransi.com


ဧဟိပဿိကော ဩပနေယျိကော၊
ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟီ''တိ။

၁၅။ ဓမ္မံ ဟိ ဝေါ ဘိက္ခဝေ အနုဿရတံ ယံ ဘဝိဿတိ၊
ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊
သော ပဟီယိဿတိ။

၁၆။ နော စေ ဓမ္မံ အနုဿရေယျာထ၊
အထ သံဃံ အနုဿရေယျာထ၊

၁၇။ “သုပ္ပဋိပန္နော[1] ဘဂဝတော သာဝကသံဃော၊
ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌ ပုရိသပုဂ္ဂလာ၊
ဧသ ဘဂဝတော သာပကသံဃော၊
အာဟုနေယျော ပါဟုနေယျော၊
ဒက္ခိဏေယျော အဉ္ဇလိကရဏီယော၊
အနုတ္တရံ ပုညက္ခေတ္တံ[2] လောကဿာ''တိ။

၁၈။ သံဃံ ဟိ ဝေါ ဘိက္ခဝေ အနုဿရတံ၊
ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊
သော ပဟီယိဿတိ။

၁၉။ တံ ကိဿ ဟေတု-
တထာဂတော ဟိ ဘိက္ခဝေ အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊
ဝီတရာဂေါ ဝီတဒေါသော ဝီတမောဟော၊
အဘီရု ဆမ္ဘီ အနုတြာသီ အပလာယီတိ။

၂၀။ ဣဒ မဝေါစ ဘဂဝါ၊ ဣဒံ ဝတွာန သုဂတော၊
အထာပရံ ဧတဒဝေါစ သတ္ထာ။

---

၁၊ သုပ္ပဋိပန္နော = သုပ်ပဋိပန်နောဟု ဖတ်။
၂။ ပုညက္ခေတ္တံ = ပုန်ညက်ခေတ်တံဟု ဖတ်။

၂၁။ အရညေ[1] ရုက္ခမူလေ ဝါ၊ သုညာဂါရေဝ ဘိက္ခဝေါ။
အနုဿရေထ သမ္ဗုဒ္ဓံ၊ ဘယံ တုမှာက [2] နော သိယာ။
၂၂။ နော စေ ဗုဒ္ဓံ သရေယျာထ၊ လောကဇေဋ္ဌံ နရာသဘံ၊
အထ ဓမ္မံ သရေယျာထ၊ နိယျာနိကံ သုဒေသိတံ။
၂၃။ နော စေ ဓမ္မံ သရေယျာထ၊ နိယျာနိကံ သုဒေသိတံ၊
အထ သံဃံ သရေယျာထ၊ ပုညက္ခေတ္တံ အနုတ္တရံ။
၂၄။ ဧဝံ ဗုဒ္ဓံ သရန္တာနံ၊ ဓမ္မံ သံဃဉ္စ ဘိက္ခဝေါ၊
ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ၊ လောမဟံသော န ဟေဿတိ။

## (ခ) ဓဇဂ္ဂသုတ်မြန်မာပြန်

### ရှေးဦးမှတ်ဖွယ်

ဓဇဂ္ဂသုတ်ပါဠိ၌ 'ယဿာနုဿရတောနာပိ' မှစ၍ 'ပရိတ္တံ' တံ ဘဏာမဟေ' အထိ ဂါထာနှစ်ပုဒ်မှာ ရှေးပညာရှင်တို့ ရေးဖွဲ့ခဲ့သော ပရိတ်အမွှမ်းဂါထာများ ဖြစ်ပါသည်။

ယင်းဂါထာများဖြင့် ဓဇဂ္ဂသုတ်၏ တန်ခိုးအာနုဘော်ကို ဖော်ပြ၍ ယင်းသုတ်ကို ရွတ်ဖတ်ရန် တိုက်တွန်းလှုံ့ဆော်ချက်ကို ဖော်ပြထားပါသည်။

'ဧဝံ မေ သုတံ' မှစ၍ 'ဘဂဝါ ဧတဒဝေါစ' တိုင်အောင်သော ပါဠိကား ပဌမသံဂါယနာတင်ပွဲ၌ ရှင်အာနန္ဒာက မြတ်စွာဘုရားထံမှ မိမိနာယူမှတ်သားခဲ့ရပုံကို လျှောက်ထားသော ပါဠိစာပိုဒ်ဖြစ်ပါသည်။ ဓဇဂ္ဂသုတ်၏ နိဒါန်းဟုလည်း ဆိုနိုင်ပါသည်။

'ဘူတပုဗ္ဗံ ဘိက္ခဝေ' မှစ၍ သုတ်အဆုံးအထိ ပါဠိတို့မှာမူ မြတ်စွာဘုရားဟောကြားသော ဓဇဂ္ဂသုတ်စာကိုယ်ပင် ဖြစ်ပါသည်။

'ဓဇဂ္ဂ'ကို ဓဇ+အဂ္ဂ ဟု ပုဒ်ဖြတ်ရပါသည်။ ဓဇ=တံခွန်၊ အလံ၊ အဂ္ဂ–အဖျားဟု အဓိပ္ပာယ်ရပါသည်။ တာဝတိံသာနတ်တို့နှင့် အသူရာနတ်တို့ စစ်တိုက်ကြရာ၌ သိကြားမင်းက တာဝတိံသာ နတ်တို့အား ထိတ်လန့်ကြောက်ရွံ့မှုဖြစ်လာလျှင် မိမိနှင့်နတ်မင်းကြီးသုံးယောက်တို့၏

---

[1] အရညေ = အရင်ညေ ဟု ဖတ်ပါ။
[2] တုမှာက = တုန်မှာက ဟု ဖတ်ပါ။

www.dhammaransi.com

အလံဖျားကို ကြည့်ကြရန် မှာကြားသောစကားရပ်များ ပါရှိသော ကြောင့် ဤသုတ်ကို ဓဇဂ္ဂသုတ်ဟု ခေါ်ခြင်းဖြစ်ပါသည်။

ဓဇဂ္ဂသုတ်၏ မြန်မာပြန်စကားပြေ အပြည့်အစုံမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

## ဓဇဂ္ဂသုတ်အမှန်း

၁ – ၂။ အိုသူတော်ကောင်းအပေါင်းတို့၊ အကြင်ဓဇဂ္ဂသုတ်ပရိတ် တော်ကို ဆင်ခြင်အောက်မေ့ရုံဖြင့်ပင် သတ္တဝါတို့သည် ကောင်းကင်၌ သော်လည်း၊ မြေပေါ်မှာကဲ့သို့ ခပ်သိမ်းသော အခြင်းအရာအားဖြင့် ထောက်တည်ရာကို ရရှိကြကုန်၏။ ဘီလူး၊ ခိုးသူ စသည်တို့ကြောင့် ဖြစ် ပေါ်လာသော ဘေးရန်အပေါင်းမှ လွတ်မြောက်ကြရသူတို့မှာလည်း မရေမတွက်နိုင်အောင် ရှိခဲ့၏။ ထိုဓဇဂ္ဂသုတ်ပရိတ်တော်ကို ယခု ကျွန်ုပ်တို့ ဆိုကြပါကုန်စို့။

## ရှင်အာနန္ဒာ လျှောက်ထားပုံ

၃။ အရှင်ဘုရား၊ တပည့်တော်သည် (မြတ်စွာဘုရားထံမှ) ဤသို့နာယူ မှတ်သားခဲ့ရပါသည်။

အခါတစ်ပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည်၊ အနာထပိဏ် သူဌေး၏အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေပါသည်။

၄။ ထိုအခါ မြတ်စွာဘုရားက ရဟန်းတို့ကို 'ရဟန်းတို့' ဟု ခေါ်တော်မူသည်။ ရဟန်းတို့က 'အရှင်ဘုရား' ဟု မြတ်စွာဘုရားအား စကားတုံ့ပြန်ကြသည်။ မြတ်စွာဘုရားက အောက်ပါစကားကို မိန့်ကြား ပါသည်။

## သိကြားမင်း၏ အမှာစကား

ရဟန်းတို့၊ ရှေးကဖြစ်ဖူးသည်မှာ တာဝတိံသာ နတ်တို့နှင့် အသုရာနတ်တို့ စစ်တိုက်ရန် ပြင်ဆင်နေခဲ့ကြသည်။ ထိုအခါ နတ်တို့ကို အစိုးရသော သိကြားမင်းက တာဝတိံသာနတ်တို့ကို မှာကြားသည်။

“အမောင်နတ်သားတို့၊ စစ်မြေပြင်သို့ ရောက်နေကြသော သင်တို့အား ကြောက်လန့်ခြင်း၊ တုန်လှုပ်ခြင်း၊ ကြက်သီးထခြင်းများ ဖြစ်ပေါ်လာလျှင် ထိုအချိန်၌ ငါ၏အလံတော်ထိပ်ဖျားကိုသာ မော်ကြည့်ကြကုန်လော့။ ငါ၏ အလံဖျားကို မော်ကြည့်ကုန်သော သင်တို့အား ကြောက်လန့်ခြင်း၊ တုန်လှုပ်ခြင်း၊ ကြက်သီးထခြင်းများ ပြေပျောက်သွားလိမ့်မည်။

၅။ အမောင်နတ်သားတို့၊ သင်တို့သည် အကယ်၍ ငါ၏အလံတော်ထိပ်ဖျားကို မော်မကြည့်မိခဲ့ကြလျှင် ပဇာပတိနတ်မင်း၏ အလံတော်ထိပ်ဖျားကို မော်ကြည့်ကုန်လော့။ ပဇာပတိနတ်မင်း၏ အလံတော်ထိပ်ဖျားကို မော်ကြည့်ကုန်သော သင်တို့အား ကြောက်လန့်ခြင်း၊ တုန်လှုပ်ခြင်း၊ ကြက်သီးထခြင်း ပြေပျောက်သွားလိမ့်မည်။

၆။ အမောင်နတ်သားတို့၊ သင်တို့သည် အကယ်၍ ပဇာပတိနတ်မင်း၏ အလံတော်ထိပ်ဖျားကို မော်မကြည့်မိခဲ့ကြလျှင် ဝရုဏနတ်မင်း၏ အလံတော်ထိပ်ဖျားကို မော်ကြည့်ကြကုန်လော့၊ ဝရုဏနတ်မင်း၏ အလံတော်ဖျားကို မော်ကြည့်ကုန်သော သင်တို့အား ကြောက်လန့်ခြင်း၊ တုန်လှုပ်ခြင်း၊ ကြက်သီးထခြင်းများ ပြေပျောက်သွားလိမ့်မည်။

၇။ အမောင်နတ်သားတို့၊ သင်တို့သည် အကယ်၍ ဝရုဏနတ်မင်း၏ အလံတော်ထိပ်ဖျားကို မော်မကြည့်မိခဲ့ကြလျှင် ဤသာနနတ်မင်း၏ အလံတော်ထိပ်ဖျားကို မော်ကြည့်ကြကုန်လော့။ ဤသာနနတ်မင်း၏အလံတော်ထိပ်ဖျားကိုမော်ကြည့်ကြကုန်သောသင်တို့အားကြောက်လန့်ခြင်း၊ တုန်လှုပ်ခြင်း၊ ကြက်သီးထခြင်းများ ပြေပျောက်သွားလိမ့်မည်။”ဟု သိကြားမင်းက မှာကြားလေသည်။

မပြေပျောက်သည်လည်းရှိရာ၏။

၈။ ရဟန်းတို့။ နတ်တို့၏အရှင်ဖြစ်သော သိကြားမင်း၏ အလံတော်ထိပ်ဖျားကို မော်ကြည့်ကုန်သော နတ်တို့အားလည်းကောင်း၊ ပဇာနတ်မင်း၏ အလံတော်ထိပ်ဖျားကို မော်ကြည့်ကုန်သော နတ်တို့အားလည်းကောင်း ဝရုဏနတ်မင်း၏ အလံတော်ထိပ်ဖျားကို မော်ကြည့်ကုန်သော နတ်တို့အားလည်းကောင်း၊ ဤသာနနတ်မင်း၏ အလံတော်ထိပ်

ဖျားကို မော်ကြည့်ကုန်သော နတ်တို့အားလည်းကောင်း ကြောက်လန့်ခြင်း၊ တုန်လှုပ်ခြင်း၊ ကြက်သီးထခြင်းများသည် ပြေပျောက်သည်လည်း ရှိရာ၏။ မပြေပျောက်သည်လည်းရှိရာ၏။

အဘယ့်ကြောင့်ဆိုသော် နတ်တို့၏အရှင်ဖြစ်သော သိကြားမင်းသည် ရာဂကင်းပြီးသူမဟုတ်။ ဒေါသကင်းပြီးသူမဟုတ်။ မောဟကင်းပြီးသူမဟုတ်။ ကြောက်ရွံ့ခြင်းရှိသူ၊ တုန်လှုပ်ခြင်းရှိသူ၊ ထိတ်လန့်ခြင်းရှိသူ၊ ထွက်ပြေးတတ်သူ ဖြစ်သောကြောင့်ပေတည်း။

## ဘုရားဂုဏ်တော်ကိုးပါးကို အောက်မေ့ကြ

၉။ ရဟန်းတို့၊ ငါဘုရားသည်ကား ဤသို့မိန့်ကြားတော်မူ၏—

ရဟန်းတို့၊ တောအရပ်သို့ ကပ်ရောက်နေကြစဉ်ဖြစ်စေ၊ သစ်ပင်ရင်းသို့ကပ်ရောက်နေကြစဉ်ဖြစ်စေ၊ ဆိတ်ငြိမ်သောနေရာသို့ ကပ်ရောက်နေကြစဉ်ဖြစ်စေ၊ သင်တို့အား ကြောက်လန့်ခြင်း၊ တုန်လှုပ်ခြင်း၊ ကြက်သီးထခြင်းများ အကယ်၍ဖြစ်ပေါ်လာငြားအံ့။ ထိုအချိန်၌ သင်တို့သည် ငါဘုရားကိုသာလျှင် အဖန်တလဲလဲ ဆင်ခြင်အောက်မေ့ကြကုန်လော့။

၁၀။ (အဘယ်သို့ ဆင်ခြင်အောက်မေ့ကြရမည်နည်းဆိုသော်)-

(၁) ထို မြတ်စွာ ဘုရား သည် ကိလေသာ အညစ်အကြေးဟူသမျှတို့မှ ကင်းဝေးစင်ကြယ်ခြင်း စသောအကြောင်းများကြောင့် 'အရဟံ' ဟူသောဂုဏ်တော်နှင့်ပြည့်စုံတော်မူ၏။

(၂) ထို မြတ်စွာဘုရားသည် သိဖွယ်ဟူသမျှ သဘာဝကို တစ်စမကျန်၊ မှန်စွာကိုယ်တိုင် ပိုင်နိုင်ထင်လင်း သိမြင်တော်မူခြင်းဟူသော အကြောင်းကြောင့် 'သမ္မာသမ္ဗုဒ္ဓ' ဟူသောဂုဏ်တော်နှင့် ပြည့်စုံတော်မူ၏။

(၃) ထို မြတ်စွာဘုရားသည် ဝိဇ္ဇာဉာဏ်သုံးပါး၊ ဝိဇ္ဇာဉာဏ်ရှစ်ပါး အကျင့်စရဏ (၁၅)ပါးတို့နှင့် ပြည့်စုံခြင်းဟူသောအကြောင်းကြောင့်'ဝိဇ္ဇာစရဏသမ္ပန္န'ဟူသော ဂုဏ်တော်နှင့် ပြည့်စုံတော်မူ၏။

www.dhammaransi.com


(၄) ထိုမြတ်စွာဘုရားသည် မှန်ကန်အကျိုးများ၊ ကောင်းသောစကားကိုသာ ဆိုတော်မူတတ်ခြင်း ဟူသော အကြောင်းကြောင့် 'သုဂတ' ဟူသောဂုဏ်တော်နှင့် ပြည့်စုံတော်မူ၏။

(၅) ထိုမြတ်စွာဘုရားသည် သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောကဟူသော လောကသုံးပါးကို ထင်ရှားပေါ်လွင်စွာသိမြင်ခြင်း ဟူသော အကြောင်းကြောင့် 'လောကဝိဒူ'ဟူသောဂုဏ်တော်နှင့် ပြည့်စုံတော်မူ၏။

(၆) ထိုမြတ်စွာဘုရားသည် ဆုံးမသင့် ဆုံးမထိုက်သောသတ္တဝါတို့ကို တရားပြ၍ ဆုံးမရာတွင် ယှဉ်ပြိုင်ဘက်ကင်း၊ အမြတ်ဆုံးဖြစ်ခြင်းဟူသော အကြောင်းကြောင့် 'အနုတ္တရောပုရိသဒမ္မသာရထိ'ဟူသောဂုဏ်တော်နှင့်ပြည့်စုံတော်မူ၏။

(၇) ထိုမြတ်စွာဘုရားသည် နတ်, လူ, ဗြဟ္မာ သတ္တဝါတို့၏ လှည်းဦးစီးမှူးအလား ရှေ့သွားခေါင်းဆောင် ဖြစ်ခြင်းဟူသောအကြောင်းကြောင့် 'သတ္ထာဒေဝမနုဿာနံ'ဟူသော ဂုဏ်တော်နှင့် ပြည့်စုံတော်မူ၏။

(၈) ထိုမြတ်စွာဘုရားသည် သစ္စာလေးပါး အမှန်တရားကို၊ ကိုယ်တိုင်ထင်ရှား သိမြင်ပြီး၍ဝေနေယျများစွာသတ္တဝါတို့အားလည်း ထင်ရှားသိမြင်အောင် ဟောကြားတတ်ခြင်းဟူသောအကြောင်းကြောင့်'ဗုဒ္ဓ'ဟူသော ဂုဏ်တော်နှင့်ပြည့်စုံတော်မူ၏။

(၉) ထိုမြတ်စွာဘုရားသည် ဣဿရိယ၊ ဓမ္မ၊ ယသ၊ သီရိ၊ ကာမ ပယတ္တဟူသော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံခြင်းဟူသော အကြောင်းကြောင့် 'ဘဂဝါ' ဟူသော ဂုဏ်တော်နှင့်ပြည့်စုံတော်မူ၏–

ဟူ၍ ငါဘုရားကို ဆင်ခြင်အောက်မေ့ကြကုန်လော့။

၁၁။ ရဟန်းတို့၊ ငါဘုရားကို အဖန်တလဲလဲ ဆင်ခြင်အောက်မေ့ကြကုန်သော သင်တို့အား ကြောက်လန့်ခြင်း၊ တုန်လှုပ်ခြင်း၊ ကြက်သီးထခြင်းများ ပြေပျောက်သွားလိမ့်မည်။

## တရားဂုဏ်တော်ကို အောက်မေ့ကြ

၁၂။ ရဟန်းတို့၊ သင်တို့သည် အကယ်၍ ငါဘုရားကို မအောက်မေ့မိခဲ့ကြလျှင် တရားတော်ကို အဖန်တလဲလဲ ဆင်ခြင်အောက်မေ့ကြကုန်လေ။

၁၃။ (တရားတော်ကို အဘယ်သို့ အဖန်ဟလဲလဲ ဆင်ခြင်အောက်မေ့ကြရမည်နည်းဆိုသော်) –

(၁) မြတ်စွာဘုရား ဟောကြားသည့် မဂ်ဖိုလ်ပရိယတ် တရားတော်မြတ်သည် ကောင်းစွာ ဟောကြားအပ်သော တရားတော်ဖြစ်၏။

(၂) ကိုယ်တိုင်မျက်မြင်ထင်ထင်ရှားရှား သိမြင်နိုင်သော တရားတော်ဖြစ်၏။

(၃) အခါမလင့် အကျိုးပေးသော တရားတော်ဖြစ်၏။

(၄) လာခဲ့ပါ၊ ရှုလှည့်ပါဟု ဖိတ်ခေါ်ပြသထိုက်သော တရားတော်ဖြစ်၏။

(၅) စိတ်မှာစွဲအောင် အမြဲဆောင်ထား ထိုက်သော တရားတော်ဖြစ်၏။

(၆) အသိဉာဏ်ရှိသူတို့ မိမိသန္တာန်၌ အသီးသီး ကိုယ်စီကိုယ်ငှ သိမြင်ခံစားနိုင်သော တရားတော်ဖြစ်၏–

ဟူ၍ တရားတော်ကို အဖန်တလဲလဲ ဆင်ခြင် အောက်မေ့ကြကုန်လော့။

၁၃။ ရဟန်းတို့၊ တရားတော်မြတ်ကို အဖန်တလဲလဲ ဆင်ခြင်အောက်မေ့ကြကုန်သော သင်တို့အား ကြောက်လန့်ခြင်း၊ တုန်လှုပ်ခြင်း၊ ကြက်သီးထခြင်းများ ပြေပျောက်သွားလိမ့်မည်။

## သံဃာဂုဏ်တော်(၉)ပါးကိုအောက်မေ့ကြ

၁၄။ ရဟန်းတို့၊ သင်တို့သည် အကယ်၍ တရားတော်မြတ်ကို မအောက်မေ့မိခဲ့ကြလျှင် သံဃာဂုဏ်တော်ကို အဖန်တလဲလဲ ဆင်ခြင်အောက်မေ့ကြကုန်လော့။

 www.dhammaransi.com 

၁၅။ (သံဃာတော်ကို အဘယ်သို့ အဖန်တလဲလဲဆင်ခြင်အောက်မေ့ရမည်နည်းဆိုသော်)—

(၁) မြတ်စွာဘုရား၏ တပည့်သံဃာအပေါင်းသည် ကောင်းစွာကျင့်သော သံဃာတော်မြတ်ဖြစ်ပေ၏။

(၂) မြတ်စွာဘုရား၏ တပည့်သံဃာအပေါင်းသည် ဖြောင့်မတ်စွာကျင့်သော သံဃာတော်မြတ်ဖြစ်၏။

(၃) မြတ်စွာဘုရား၏ တပည့်သံဃာအပေါင်းသည် နိဗ္ဗာန်ကို မျက်မှောက်ပြုကြရန် မှန်ကန်သင့်လျော်သော အကျင့်ကိုသာကျင့်သော သံဃာတော်မြတ်ဖြစ်သည်။

(၄) မြတ်စွာဘုရား၏ တပည့်သံဃာ အပေါင်းသည် နတ်နှင့်လူတို့၏ ရိုသေလေးစားမှုကို ခံယူထိုက်အောင်ကျင့်သော သံဃာတော်မြတ်ဖြစ်ပေ၏။

(၅) အစုံအားဖြင့်လေးစုံ၊ အသီးသီးအားဖြင့်ရှစ်ယောက်သော မြတ်စွာဘုရား၏ တပည့်သံဃာ အပေါင်းသည် အရပ်ဝေးမှ တကူးတက ယူဆောင်ပေးလှူအပ်သော ပစ္စည်းကို ခံယူထိုက်သော သံဃာတော်မြတ်ဖြစ်ပေ၏။

(၆) ဧည့်ကောင်း စေခင်ကောင်းတို့အတွက် အထူးစီမံအပ်သော အလှူပစ္စည်းကို ခံယူထိုက်သော သံဃာတော်မြတ်ဖြစ်ပေ၏။

(၇) အဘွတ်အမြတ် ဖြစ်သော အလှူကို ခံယူထိုက်သော သံဃာတော်မြတ်ဖြစ်ပေ၏။

(၈) လက်အုပ်မိုး၍ ရှိခိုးခြင်းကို ခံယူထိုက်သော သံဃာတော်မြတ်ဖြစ်ပေ၏။

(၉) တစ်လောကလုံး၏ ကုသိုလ်မျိုးစေ့ စိုက်ပျိုးရာ အတုမဲ့လယ်ယာမြေဖြစ်ပေ၏။

ဟူ၍ သံဃာတော်မြတ်ကို အဖန်တလဲလဲ ဆင်ခြင်အောက်မေ့ကြကုန်လော့။

မြစ်မခစာပေ

www.dhammaransi.com

၁၅။ ရဟန်းတို့၊ သံဃာတော်မြတ် အပေါင်းကို လဲဖန်တလဲလဲ ဆင်ခြင်အောက်မေ့ကြကုန်သော သင်တို့အား ကြောက်လန့်ခြင်း၊တုန်လှုပ်ခြင်း၊ ကြက်သီးထခြင်းများ ကေန်မုချ ပြေပျောက်သွားလိမ့်မည်။

၁၆။ ရဟန်းတို့၊ ဘုရား၊ တရား၊ သံဃာတို့ကို ဆင်ခြင်အောက်မေ့သူတို့မှာ အဘယ်ကြောင့် ကြောက်လန့်ခြင်း၊ တုန်လှုပ်ခြင်း၊ ကြက်သီးထခြင်းများ ပြေပျောက်သနည်းဆိုသော်–ကိလေသာ အညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ်၍ သိဖွယ်ရာဟူသမျှကို တစ်စမကျန် မှန်စွာ ကိုယ်တိုင် သိမြင်တော်မူသောမြတ်စွာဘုရားသည် ရာဂကင်းပြီးသူ၊ဒေါသ ကင်းပြီးသူ မောဟကင်းပြီးသူဖြစ်ခြင်း၊ ကြောက်လန့်ခြင်းမရှိသူ၊ တုန်လှုပ်ခြင်းမရှိသူ၊ ထိတ်လန့်ခြင်းမရှိသူ၊ ထွက်မပြေးတတ်သူ ဖြစ်ခြင်း တို့ကြောင့် ပေတည်း။

နိဂုံးချုပ် အမှာစကား

၁၇။ မြတ်စွာဘုရားသည် အထက်ပါစကားကို မိန့်ကြားတော်မူ၏။ ယင်းစကားကို မိန့်ကြားပြီးနောက် ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားက နောက်ထပ်တဖန် အောက်ပါစကားရပ်တို့ကို မိန့်ကြားတော်မူပြန်ပါသည်။

၁၈။ ရဟန်းတို့၊ သင်တို့သည် တောထဲ၌လည်းကောင်း၊ သစ်ပင်ရင်း၌လည်းကောင်း၊ ဆိတ်ငြိမ်သော နေရာ၌လည်းကောင်း၊ မြတ်စွာဘုရားကို အဖန်တလဲလဲ အောက်မေ့ကြကုန်လော့။ ယင်းသို့ အောက်မေ့လျှင် သင်တို့မှာ ကြောက်လန့်ခြင်း ဖြစ်မည်မဟုတ်။

၁၉။ သင်တို့သည် အကယ်၍ တစ်လောကလုံး၏ အကြီးအမှူး လူထူးလူမြတ်ဖြစ်သော မြတ်စွာဘုရားကို မအောက်မေ့ မိခဲ့ကြလျှင် မြတ်စွာဘုရားသည် ကောင်းစွာ ဟောကြားအပ်သော ဘဝဒုက္ခ အပေါင်းမှ လွတ်မြောက်ကြောင်းဖြစ်သည့် တရားတော်မြတ်ကို အောက်မေ့ကြကုန်လော့။

၂၀။ သင်တို့သည် အကယ်၍ မြတ်စွာဘုရားသည် ကောင်းစွာ ဟောကြားအပ်သော ဘဝဒုက္ခအပေါင်းမှ ထွက်မြောက်ကြောင်း ဖြစ်သည့် တရားတော်မြတ်ကို မအောက်မေ့မိ ခဲ့ကြလျှင် ကုသိုလ်

www.dhammaransi.com

မျိုးစေ့စိုက်ပျိုးရာ အတုမဲ့ လယ်ယာမြေ ဖြစ်သော သံဃာတော်မြတ်ကို အောက်မေ့ကြကုန်လော့။

၂၁။ ရဟန်းတို့၊ ဤသို့ ဘုရား၊ တရား၊ သံဃာတို့ကို ဆင်ခြင် အောက်မေ့ကြကုန်သော သင်တို့အား ကြောက်လန့်ခြင်း၊ တုန်လှုပ်ခြင်း၊ ကြက်သီးထခြင်းများ လုံး၀ ဖြစ်တော့မည် မဟုတ်ပေ—ဟုမိန့်ကြားပါသည်။

## (ဂ) ဓဇဂ္ဂသုတ်ဖြစ်ပေါ်လာပုံ

ဓဇဂ္ဂသုတ်ကို သုတ်နိဒါန်းတွင် ပါရှိသည့်အတိုင်း သာ၀တ္ထိပြည်၊ ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ရဟန်းတို့အား ဟောကြားခဲ့ပါသည်။

မြတ်စွာဘုရားလက်ထက်က ရဟန်းတို့သည် မြတ်စွာဘုရားထံမှ မိမိတို့နှင့် သင့်လျော်လျောက်ပတ်သော ကမ္မဋ္ဌာန်းတစ်မျိုး မျိုးကို သင်ယူပြီး သင့်လျော်လျောက်ပတ်သော အရပ်သို့ သွား၍ ကမ္မဋ္ဌာန်းကို အားထုတ်လေ့ရှိကြပါသည်။

ကမ္မဋ္ဌာန်း အားထုတ်ရန် သင့်လျော်သော အရပ်သုံးမျိုးရှိပါသည်။ ၎င်းတို့မှာ—

(၁) လူနေ မြို့ရွာတို့နှင့် အလှမ်းကွာသော တောတောင်အရပ်၊

(၂) လူသူကင်းဆိတ်၍ အရိပ်အာ၀ါသ ကောင်းသော သစ်ပင်ရင်း။

(၃) မြို့ရွာတို့နှင့် အလှမ်းမကွာသော်လည်း ဆိတ်ငြိမ်မှုရှိသော အိမ်၊ ကျောင်း အဆောက်အအုံ—
တို့ဖြစ်ပါသည်။

အထက်ပါ သုံးရပ်မျိုးတို့တွင် လူနေမြို့ရွာတို့နှင့် အလှမ်းကွာသော တောတောင်အရပ်မှာ ကမ္မဋ္ဌာန်းအားထုတ်ရန်အတွက် စိတ်အချ ရဆုံးနေရာဖြစ်ပါသည်။ လူနေမြို့ရွာတို့နှင့် နီးစပ်သော နေရာများမှာဆိတ်ငြိမ်မှု ရှိသည်ဟု ဆိုရသည့်တိုင်အောင် တစ်ခါတစ်ရံ မမျှော်လင့်သော

အနှောင့် အယှက်များ ပေါ်လာတတ်သည်။ ထို့ကြောင့် မြတ်စွာဘုရား လက်ထက်ကအချို့သောရဟန်းတို့သည် အပါးရှေငါးဆယ်၊ ခြောက်ဆယ် ပါဝင်သော အုပ်စုများဖြင့် သာဝတ္ထိ၊ ရာဇဂြိုဟ်တို့မှ ယူဇနာပေါင်း ငါးဆယ်၊ ခြောက်ဆယ်မျှဝေးသော ဟိမဝန္တာ တောစပ်သို့ပင် သွား၍ ကမ္မဋ္ဌာန်း အားထုတ်လေ့ ရှိကြပါသည်။

အမှန်အားဖြင့် ကမ္မဋ္ဌာန်း အလုပ်သည် နှစ်ပါး သုံးပါး စသည် စုပေါင်း၍ အားထုတ်ရသောအလုပ်မဟုတ်။ တစ်ပါးစီ၊ တစ်ယောက်စီ ခွဲ၍ အားထုတ်ရသောအလုပ် ဖြစ်ပါသည်။ အပါးငါးဆယ်၊ ခြောက် ဆယ်အုပ်စုဖွဲ့၍ တောနက်ရာသို့သွားသော ရဟန်းတို့သည်လည်း တော ထဲသို့ရောက်သောအခါ သစ်တစ်ပင်ရင်း၊ ဝါးတစ်ပင်အောက်တို့၌ တစ်ပါးစီ၊ တစ်ပါးစီခွဲ၍ ကမ္မဋ္ဌာန်းကို အားထုတ်ကြရပါသည်။

ဤသို့ တောကြီးမျက်မည်း အရပ်တို့၌ တစ်ပါးစီ ခွဲနေပြီး ကမ္မဋ္ဌာန်းကို အားထုတ်ကြရသော ရဟန်းတို့အား သမာဓိမရမီ ရှေးဦး အစ၌ အနှောင့်အယှက်များ ဖြစ်ပေါ်လာနိုင်ပါသည်။ တောစောင့် နတ်၊ တောင်စောင့်နတ် စသည်တို့၏ ခြောက်လှန့်မှုကြောင့် ထိတ်လန့် ကြောက်ရွံ့မှုများ ဖြစ်ပေါ်လာတတ်ပါသည်။ ထို့ပြင် လေတိုက်၍ သစ်ကိုင်းသစ်ရွက်တို့၏ မြည်သံကိုပင် တစ္ဆေခြောက်သည်ဟု စိတ်ကထင် ပြီး စိတ်ချောက်ချားမှုများ ဖြစ်တတ်ပါသည်။

ယင်းသို့ ဆိတ်ငြိမ်ရာအရပ်၌ ကမ္မဋ္ဌာန်းအားထုတ်မည့် ရဟန်း တို့အား စိတ်ချောက်ချားမှု မဖြစ်စေရန် ရည်ရွယ်လျက် ဤဓဇဂ္ဂသုတ်ကို ဟောကြားခဲ့ခြင်း ဖြစ်ပါသည်။

ဓဇဂ္ဂသုတ်၌ ထိတ်လန့် ကြောက်ရွံ့မှုများ ဖြစ်ပေါ်လာလျှင် ဗုဒ္ဓဂုဏ်တော်ကိုးပါး၊ ဓမ္မဂုဏ်တော် ခြောက်ပါးနှင့် သံဃာ့ဂုဏ်တော် ကိုးပါးတို့တွင် တစ်ပါးပါးကို ဆင်ခြင်အောက်မေ့ပါက ထိုထိတ်လန့် ကြောက်ရွံ့မှုများ ပြေပျောက်သွားနိုင်ကြောင်း မြတ်စွာဘုရားက ညွှန် ကြားထားပါသည်။

ထိုညွှန်ကြားချက်ကို ထင်ရှား ပေါ်လွင်စေရန် အသုရာတို့နှင့် စစ်တိုက်ရာ၌ တာဝတိံသာနတ်တို့အား မှာကြားသော သိကြားမင်း၏ စကားဖြင့် နောက်ခံပြုထားပါသည်။

စစ်မြေပြင်သို့ ထွက်မည့် တာဝတိံသာ နတ်တို့အား ထိတ်လန့်ကြောက်ရွံ့မှုဖြစ်ပေါ်လာလျှင် မိမိနှင့် ပဇာပတိစသော နတ်မင်းကြီးတို့၏ အလံထိပ်ဖျားကို မော့ကြည့်ကြရန် သိကြားမင်းက မှာကြားခဲ့ပါသည်။ သို့ရာတွင် ထိုအလံများကိုကြည့်သောနတ်တို့အား ထိတ်လန့်ကြောက်ရွံ့မှု ပြေပျောက်ရန် မသေချာ။ ဗုဒ္ဓဂုဏ်စသည်တို့ကို ဆင်ခြင်အောက်မေ့သော ရဟန်းတို့အားမူ ထိတ်လန့်ကြောက်ရွံ့မှုများ ကေန်မုချ ပြေပျောက်မည် ဖြစ်ကြောင်း မြတ်စွာဘုရားက မိန့်ကြားခဲ့ပါသည်။

စင်စစ်အားဖြင့် ဓဇဂ္ဂသုတ်၏ အခြေခံ အနှစ်သာရမှာ—

(၁) ဗုဒ္ဓဂုဏ် ၉-ပါး

(၂) ဓမ္မဂုဏ် ၆-ပါး

(၃) သံဃာ့ဂုဏ် ၉-ပါးတို့ပင် ဖြစ်ပါသည်။

ထို့ကြောင့် ဓဇဂ္ဂသုတ်သည် ကြောက်ခြင်း၊ လန့်ခြင်း၊ စိုက်ချောက်ချားခြင်းများနှင့်တကွ အခြားအန္တရာယ်အမျိုးမျိုးကို ကာကွယ်တားဆီးနိုင်သော ပရိတ်အရံအတား ဖြစ်ပါသည်။

## (ဿ) ဓဇဂ္ဂသုတ် ရွတ်ဖတ်သင့်သောအခါ

ဓဇဂ္ဂသုတ်ကို လူသူကင်းဆိတ်ရာအရပ်၌ တစ်ယောက်တည်းနေရသည့်အခါ ရွတ်ဖတ်သင့်သည်။

ဘေးအန္တရာယ်မကင်းသောအရပ်သို့ ရောက်နေသော အခါလည်း ရွတ်ဖတ်သင့်သည်။

စစ်မြေပြင်သို့ရောက်နေသောအခါ၊ တိုက်ပွဲများကြား၌ ရောက်နေသောအခါ၌လည်း ရွတ်ဖတ်သင့်သည်။

လေယာဉ်၊သင်္ဘော၊မီးရထားတို့ဖြင့် ခရီးသွားသောအခါ၌လည်း ရွတ်ဖတ်သင့်သည်။

ဓဇဂ္ဂသုတ်ပါဠိမှာ ဆင်တူယိုးမှား စာပိုဒ်များ ပါသောကြောင့် သဘောမပေါက်လျှင် မျက်စိလည်တတ်ပါသည်။ သဘောပေါက်သွားသောအခါ၌မူ ရွတ်ဖတ်၍ အလွန်ကောင်းပါသည်။ ချောမောပြေပြစ်၍ ရွတ်ဖတ်ကောင်းသောစာပိုဒ်များဖြစ်ကြောင်း တွေ့ရပါလိမ့်မည်။

www.dhammaransi.com

ဇေဂ္ဂသုတ်တစ်သုတ်လုံးကို မရွတ်နိုင်လျှင် 'ဣတိပိသောဘဂဝါ' စသော ဂုဏ်တော်များကိုသာ ရွတ်ပါ။ များစွာအကျိုးရှိနိုင်ပါသည်။

## (င) ဓဇဂ္ဂသုတ်၏ အကျိုးကျေးဇူး

ဓဇဂ္ဂသုတ်ကို ရွတ်ဖတ်လျှင် ကြောက်လန့်မှု၊ တုန်လှုပ်မှု၊ ကြက်သီးထမှုများ ပြေပျောက်နိုင်ကြောင်း မြတ်စွာဘုရားကိုယ်တော်တိုင် ဟောကြားထားပါသည်။


ဓဇဂ္ဂသုတ်အဋ္ဌကထာ၌ကား ယင်းသုတ်ကို ဆင်ခြင်အောက်မေ့ရုံဖြင့်ပင် ကောင်းကင်၌ ထောက်တည်ရာရနိုင်သည်။ ဘီလူးဘေး၊ ခိုးသူဘေး စသည်တို့မှလည်း ကင်းလွတ်နိုင်သည်ဟု မိန့်ဆိုပါသည်။

အဋ္ဌကထာ မိန့်ဆိုချက်နှင့်အညီ ရှေးပညာရှင်တို့ကလည်း အမွန်းဂါထာများ ဖွဲ့ဆိုထားခဲ့ကြပါသည်။

ရှေးအခါက သီဟိုဠ်ကျွန်း၌ မဟာစေတီပေါ်မှလိမ့်ကျလာသော သာမဏေငယ် တစ်ပါးကို အောက်မှ ရဟန်းများက 'ငါ့ရှင်၊ ဓဇဂ္ဂသုတ်ကို ဆင်ခြင်ပါ'ဟု လှမ်း၍ သတိပေးကြသည်။ သာမဏေက 'ဓဇဂ္ဂပရိတ်သည် ငါ့ကို စောင့်ရှောက်ပါစေ'ဟု နှုတ်ဖြင့် မြွက်ဆိုလိုက်သည်။ ထိုအခါ စေတီ၏ ကိုယ်လုံးမှ အုတ်နှစ်ချပ်က အပြင်သို့ထွက်လာပြီး လှေကားထစ်ကဲ့သို့ ခံနေသည်။ သာမဏေသည် ထိုအုတ်ချပ်များပေါ်၌ ရပ်တည်ရာရရှိပြီးနောက်မှ ကြိုးလှေကားဖြင့် မြေပြင်သို့ ချောမောစွာ ဆင်းနိုင်ခဲ့ပါသည်။

အဋ္ဌကထာလာ အထက်ပါဖြစ်ရပ်ကိုထောက်ထားလျက် အားကိုးရာမဲ့ အခြေအနေမျိုးနှင့် ကြုံတွေ့နေရသောအခါ ဓဇဂ္ဂသုတ်ကို ဖတ်ရန် မမေ့ကြဖို့ အထူးသတိပြုသင့်ပါသည်။

www.dhammaransi.com



# (ဂ) အာဋာနာဋိယသုတ်

## (က) အာဋာနာဋိယသုတ်ပါဠိ

၁။ အပ္ပသန္နေဟိ[1] နာထဿ၊ သာသနေ သာဓုသမ္မတေ၊
အမနုဿေဟိ စဏ္ဍေဟိ၊ သဒါ ကိဗ္ဗိသကာရိဘိ။
၂။ ပရိသာနံ စတဿန္နံ[2]၊ အဟိံသာယစ ဂုတ္တိယာ၊
ယံ ဒေသေသိ မဟာဝီရော၊ ပရိတ္တံ တံ ဘဏာမဟေ။
၃။ ဝိပဿိဿ စ[*] နမတ္ထု၊ စက္ခုမန္တဿ သိရီမတော၊
သိခိဿပိ စ နမတ္ထု၊ သဗ္ဗဘူတာနုကမ္ပိနော။
၄။ ဝေဿဘုဿ စ[4] နမတ္ထု၊ နှာတကဿ တပဿိနော၊
နမတ္ထု ကကုသန္ဓဿ၊ မာရသေနာပမဒ္ဒိနော။
၅။ ကောဏာဂမနဿ နမတ္ထု၊
ဗြာဟ္မဏဿ ဝုသီမတော၊
ကဿပဿ စ နမတ္ထု
ဝိပ္ပမုတ္တဿ[5] သဗ္ဗဓိ။

---

၁။ အပ္ပသန္နေဟိ = အပ်ပသန်နေဟိ ဟု ဖတ်ပါ။
၂။ စတဿန္နံ = စတတ်သန်နံ ဟုဖတ်ပါ။
*။ ဝိပဿိဿစ = ဝိပတ်သိတ်သစ ဟု ဖတ်ပါ။
၄။ ဝေဿဘုဿ စ = ဝေစ်သဘုတ်သ စ ဟုဖတ်ပါ။
၅။ ဝိပ္ပမုတ္တဿ = ဝိပ်ပမုတ်တတ်သ ဟုဖတ်ပါ။

www.dhammaransi.com

၆။ အင်္ဂီရသဿ နမတ္ထု၊ သက္ကျပုတ္တဿ သိရိမတော၊
ယော ဣမံ ဓမ္မံ ဒေသေသိ၊ သဗ္ဗဒုက္ခာ ပနူဒနံ။

၇။ ယေ စာပိ နိဗ္ဗုတာ လောကေ၊
ယထာဘူတံ ဝိပဿိသုံ။
တေ ဇနာ အပိသုဏာထ၊
မဟန္တာ ဝီတသာရဒါ။

၈။ ဟိတံ ဒေဝမနုဿာနံ၊ ယံ နမဿန္တိ[1] ဂေါတမံ၊
ဝိဇ္ဇာစရဏသမ္ပန္နံ၊ မဟန္တံ ဝီတသာရဒံ။

၉။ ဧတေ စညေ စ သမ္ဗုဒ္ဓါ၊
အနေကသတကောဋိယော။
သဗ္ဗေ ဗုဒ္ဓါ သမသမာ၊
သဗ္ဗေ ဗုဒ္ဓါ မဟိဒ္ဓိကာ။

၁၀။ သဗ္ဗေ ဒသဗလူပေတာ၊
ဝေသာရဇ္ဇေဟုပါဂတာ။
သဗ္ဗေ တေ ပဋိဇာနန္တိ၊
အာသဘံ ဌာန မုတ္တမံ။

၁၁။ သီဟနာဒံ နဒန္တေ တေ၊
ပရိသာသု ဝိသာရဒါ။
ဗြဟ္မစက္ကံ ပဝတ္တေန္တိ[2]၊
လောကေ အပ္ပဋိဝတ္တိယံ။

၁၂။ ဥပေတာ ဗုဒ္ဓဓမ္မေဟိ၊
အဋ္ဌာရသဟိ* နာယကာ။
ဗာတ္တိံသ[4]လက္ခဏူပေတာ၊
သီတာနုဗျဉ္ဇနာဓရာ။

---

၁။ နမဿန္တိ — နမတ်သန်တိ ဟုဖတ်ပါ။
၂။ ပဝတ္တေန္တိ = ပဝတ်တင်တိ ဟု ဖတ်ပါ။
*။ အဋ္ဌာရသဟိ = အတ်ဌာရသဟိ ဟု ဖတ်ပါ။
၄။ ဗာတ္တိံသ = ဗတ်တိန်သ ဟု ဖတ်ပါ။

၁၃။ ဗျာမပ္ပဘာယ သုပ္ပဘာ၊ သဗ္ဗေ တေ မုနိကုဉ္ဇရာ။
ဗုဒ္ဓါ သဗ္ဗညုနော[၁] ဧတေ၊ သဗ္ဗေ ခီဏာသဝါ ဇိနာ။

၁၄။ မဟာပဘာ မဟာတေဇာ၊
မဟာပညာ မဟဗ္ဗလာ။
မဟာကာရုဏိကာ ဓီရာ၊
သဗ္ဗေသာနံ သုခါဝဟာ။

၁၅။ ဒီပါ နာထာ ပတိဋ္ဌာ စ၊
တာဏာ လေဏာ စ ပါဏိနံ။
ဂတီ ဗန္ဓူ မဟေဿာသာ[၂]၊
သရဏာ စ ဟိတေသိနော။

၁၆။ သဒေဝကဿ လောကဿ၊
သဗ္ဗေ ဧတေ ပရာယဏာ။
တေသာဟံ သိရသာ ပါဒေ၊
ဝန္ဒာမိ ပုရိသုတ္တမေ။

၁၇။ ဝစသာ မနသာ စေဝ၊
ဝန္ဒာမေ တေ တထာဂတေ။
သယနေ အာသနေ ဌာနေ၊
ဂမနေ စာပိ သဗ္ဗဒါ။

၁၈။ သဒါ သုခေန ရက္ခန္တု၊
ဗုဒ္ဓါ သန္တိကရာ တုဝံ။
တေဟိ တွံ ရက္ခိတော သန္တော၊
မုတ္တော သဗ္ဗဘယေဟိ စ။

၁၉။ သဗ္ဗရောဂါ ဝိနိမုတ္တော[၃]၊ သဗ္ဗသန္တာပ ဝဇ္ဇိတော*၊
သဗ္ဗဝေရ မတိက္ကန္တော[၄] နိဗ္ဗုတော စ တုဝံ ဘဝ။

---

၁။ သဗ္ဗညုနော = သပ်ဗင်ညုနော ဟု ဖတ်ပါ။
၂။ မဟေဿာသာ = မဟာစ်သာသာ ဟု ဖတ်ပါ။
*။ သဗ္ဗသန္တာပဝဇ္ဇိတော = သပ်ဗသန်တာပဝစ်ဇိတောဟု ဖတ်ပါ။
၄။ သဗ္ဗဝေရမတိက္ကန္တော = သပ်ဗဝေရမတိတ်ကန်တောဟု ဖတ်ပါ။

www.dhammaransi.com

၂၀။ တေသံ သစ္စေန သီလေန၊ ခန္တိမေတ္တာ ဗလေန စ။
တေပိ အမှေ နုရက္ခန္တု[၁] အာရောဂေန သုခေန စ။

၂၁။ ပုရတ္ထိမသ္မိံ[၂] ဒိသာဘာဂေ၊ သန္တိ ဘူတာ မဟိဒ္ဓိကာ။
တေပိ အမှေ နုရက္ခန္တု၊ အာ ရောဂေန သုခေန စ။

၂၂။ ဒက္ခိဏသ္မိံ ဒိသာဘာဂေ၊ သန္တိ ဒေဝါ မဟိဒ္ဓိကာ၊
တေပိ အမှေ နုရက္ခန္တု၊ အာရောဂေန သုခေန စ။

၂၃။ ပစ္ဆိမသ္မိံ ဒိသာဘာဂေ၊ သန္တိ နာဂါ မဟိဒ္ဓိကာ။
တေပိ အမှေ နုရက္ခန္တု၊ အာ ရောဂေန သုခေန စ။

၂၄။ ဥတ္တရသ္မိံ ဒိသာဘာဂေ၊ သန္တိ ယက္ခာ မဟိဒ္ဓိကာ။
တေပိ အမှေ နုရက္ခန္တု၊ အာ ရောဂေန သုခေန စ။

၂၅။ ပုရတ္ထိမေန ဓတရဋ္ဌော၊ ဒက္ခိဏေန ဝိရူဠှကော။
ပစ္ဆိမေန ဝိရူပက္ခော၊ ကုဝေရော ဥတ္တရံ ဒိသံ။

၂၆။ စတ္တာရော တေ မဟာရာဇာ၊
လောကပါလာ ယသဿိနော*။
တေပိ အမှေ နုရက္ခန္တု၊
အာ ရောဂေန သုခေန စ။

၂၇။ အာကာသဋ္ဌာ စ ဘူမဋ္ဌာ[၄]၊ ဒေဝါ နာဂါ မဟိဒ္ဓိကာ၊
တေပိ အမှေ နုရက္ခန္တု၊ အာ ရောဂေန သုခေန စ။

၂၈။ ဣဒ္ဓိမန္တော စ ယေ ဒေဝါ၊ ဝသန္တာ ဣဓ သာသနေ။
တေပိ အမှေ နုရက္ခန္တု၊ အာ ရောဂေန သုခေန စ။

၂၉။ သဗ္ဗီတိယော ဝိဝဇ္ဇန္တု၊
သောကော ရောဂေါ ဝိနဿတု။

---

၁။ အမှေ နုရက္ခန္တု = အန်မှေနုရက်ခန်တု ဟု ဖတ်ပါ။
၂။ ပုရတ္ထိမသ္မိံ = ပုရတ်ထိမတ်သမိန် ဟု ဖတ်ပါ။
*။ ယသဿိနော = ယသတ်သိနောဟု ဖတ်ပါ။
၄။ အာကာသဋ္ဌာ = အာကာသတ်ဋ္ဌာ၊ ဘူမဋ္ဌာ = ဘူမတ်ဋ္ဌာဟု ဖတ်ပါ။

 www.dhammaransi.com 

မာတေ ဘဝတ္တိန္တရာယာ[၁]၊
သုခီ ဒီဃာယုကော ဘဝ။

၃၀။ အဘိဝါဒနသီလိဿ၊ နိစ္စံ ဝုဍ္ဎာပစာယိနော။
စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ[၂]၊ အာယု ဝဏ္ဏော သုခံ ဗလံ။

## (ခ) အာဋာနာဋိယသုတ် မြန်မာပြန်

### ရှေးဦးမှတ်ဖွယ်

အာဋာနာဋိယသုတ် ပါဠိ၌ "အပ္ပသန္နေဟိ နာထဿ" မှစ၍ "ပရိတ္တံ တံဘဏာမ ဟေ" အထိ ဂါထာနှစ်ပုဒ်သည် ရှေးပညာရှင်တို့ စီရင်ဖွဲ့ဆိုခဲ့သော အမွှန်းဂါထာများ ဖြစ်ပါသည်။ ယင်းဂါထာများဖြင့် အာဋာနာဋိယသုတ်၏ အကျိုးအာနိသင်ကို ဖော်ပြ၍ ယင်းသုတ်ကိုရွတ်ဆိုရန် တိုက်တွန်း လှုံ့ဆော်မှုပြုထားပါသည်။

'ဝိပဿိဿစ နမတ္ထု' မှစ၍ နောက်ပိုင်း ဂါထာ (၂၇) ပုဒ်မှာ အာဋာနာဋိယသုတ်၏ စာကိုယ် ဖြစ်ပါသည်။

ထိုတွင်လည်း ပထမဦးဆုံးဂါထာ (၆) ပုဒ်သည် ဒီဃနိကာယ်၊ ပါထိကဝဂ်၊ အာဋာနာဋိယသုတ်၌ ပါရှိသည့် ဘုရားဟောဂါထာများ ဖြစ်ပြီး 'အဘိဝါဒန သီလိဿ' စသော နောက်ဆုံးဂါထာကား ဓမ္မပဒမှ ယူထားသော ဂါထာဖြစ်ပါသည်။ ကျန်ဂါထာတို့မှာမူ ရှေးပညာရှင်တို့က ဘုရားဟော စကားတော်များနှင့် ဆီလျော်အောင် ဖွဲ့ဆို ဖြည့်စွက်ထားသော ဂါထာများဖြစ်ပါသည်။

အာဋာနာဋိယသုတ် တစ်ခုလုံး၏ အနှစ်သာရကို ထုတ်ယူကြည့်လျှင်—

(၁) ဝိပဿီ အစရှိသော မြတ်စွာဘုရားတို့အား ရှိခိုးခြင်း၊

---

၁။ ဘဝတ္တိန္တရာယာ = ဘဝန်တွန်တရာယာဟု ဖတ်ပါ။
(သဝတ္တိန္တရာယာ = ဘဝန္တု+အန္တရာယာ)

၂။ ဝဍ္ဎန္တိ = ဝတ်ဒန်တိဟု ဖတ်ပါ။

www.dhammaransi.com


(၂) ထိုမြတ်စွာဘုရားတို့၏ ဂုဏ်တော်များဖြင့် ဘေးအန္တရာယ် ကင်းရှင်းစေရန် သစ္စာပြုခြင်း၊

(၃) ဓတရဋ္ဌစသည့် လောကပါလ နတ်မင်းကြီး လေးပါးနှင့် အာ ကာ သစိုး၊ ဘုမ္မစိုး စသော နတ် တို့၏ အစောင့် အရှောက်ကို တောင်းခံခြင်း၊

ဟူသော အချက်ကြီးသုံးချက်ကို အခြေခံထားကြောင်း တွေ့ရှိရပါသည်။ အာဋာနာဋိယသုတ်၏ မြန်မာပြန် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

## အာဋာနာဋိယသုတ်အမှန်း

၁-၂။ အိုသူတော်ကောင်းအပေါင်းတို့၊ သူတော်ကောင်းတို့က အကောင်းအမြတ်ဟူ၍ သမုတ်အပ်သော မြတ်စွာဘုရား၏ သာသနာ တော်၌ မကြည်ညိုသော[၁]၊ ကြမ်းတမ်း၍ အခါခပ်သိမ်း ရက်စက်မှုကို ပြုလေ့ရှိကုန်သော ဘီလူးတို့က ပရိသတ်လေးပါးတို့အား ညှဉ်းဆဲနှိပ်စက် မှုမပြုကြစေရန် နှင့် ကာကွယ် စောင့်ရှောက်မှု ပေးကြစေရန် အတွက် အကြင် အာဋာနာဋိယမည်သော ပရိတ်အရံအတားကို ကြီးမြတ်သော လုံ့လရှိသော မြတ်စွာဘုရားက ဟောကြားတော်မူခဲ့၏။ ထိုပရိတ်အရံ အတားကို ယခု ကျွန်ုပ်တို့ ရွတ်ကြပါကုန်စို့။

## မြတ်စွာဘုရား ခုနစ်ဆူတို့အား ရှိခိုးပုံ

၃။ စက္ခုငါးပါးကို ရရှိပိုင်ဆိုင်၍[၂] ဘုန်းကျက်သရေအပေါင်း နှင့် ပြည့်စုံတော်မူသော ဝိပဿိမြတ်စွာဘုရားအား ကျွန်ုပ် ရှိခိုးပါ၏။ ခပ်သိမ်းသော သတ္တဝါတို့အပေါ်၌ သနားကြင်နာခြင်း ရှိတော်မူသော သိခိမြတ်စွာဘုရားအားလည်း ကျွန်ုပ်ရှိခိုးပါ၏။

၄။ ကိလေသာ အညစ်အကြေးတို့ကို ဆေးကြော ပြီးသည် ဖြစ်၍ ခြိုးခြံသော အကျင့်ရှိတော်မူသော ဝေဿဘူ မြတ်စွာဘုရားအား

---

၁။ မကြည်ညိုသော ဘီလူးတို့ကဟု အဓိပ္ပာယ်စပ်ယူပါ။
၂။ စက္ခုငါးပါးကို နောက်ဆက်တွဲ (ဆ)၌ ရှုပါ။

www.dhammaransi.com



ကျွန်ုပ်ရှိခိုးပါ၏။ မာရ်စစ်သည်အပေါင်းကို နှိမ်နင်း ခြေမှုန်းတော်မူနိုင်သော ကကုသန်မြတ်စွာဘုရားအားလည်း ကျွန်ုပ်ရှိခိုးပါ၏။

၅။ မကောင်းမှုဟူသမျှကို ပယ်ခွာပြီးသည်ဖြစ်၍ ကျင့်သုံးအပ်ပြီးသော အကျင့်မြတ်ရှိတော်မူသော ကောဏာဂုံမြတ်စွာဘုရားအား ကျွန်ုပ်ရှိခိုးပါ၏။ ခပ်သိမ်းသော ကိလေသာတို့မှ လုံးဝလွတ်မြောက်တော်မူပြီးသော ကဿပမြတ်စွာဘုရားအားလည်း ကျွန်ုပ်ရှိခိုးပါ၏။

၆။ သာကီဝင်မင်းသား ဖြစ်သော အကြင် ဂေါတမမြတ်စွာဘုရားသည် သတ္တဝါတို့၏ ဆင်းရဲဒုက္ခဟူသမျှကို ပယ်ခွာကင်းပျောက်စေနိုင်သည့် တရားမြတ်ကို ဟောကြားတော်မူ၏။ ကိုယ်တော်မှ ပြိုးပြိုးပြက်ပြက်ထွက်သော အရောင်အဝါ ရှိတော်မူ၏။ အမျိုးမျိုးသော ဘုန်းကျက်သရေအပေါင်းနှင့်လည်း ပြည့်စုံတော်မူ၏၊ သာကီဝင်မင်းသား ဖြစ်သော ထိုမြတ်စွာဘုရားအားလည်း ကျွန်ုပ်ရှိခိုးပါ၏။

၇-၈။ လောက၌ အကြင်ရဟန္တာပုဂ္ဂိုလ်တို့သည် ကိလေသာဟူသောပူလောင်မှု ငြိမ်းအေးပြီးကုန်သည်ဖြစ်၍ အမှန်တရားကိုသိမြင်ခဲ့ကြကုန်၏။ ထိုရဟန္တာပုဂ္ဂိုလ်တို့သည် ချောပစ်ကုန်းတိုက်ခြင်း စသောဒုစရိုက်မှုတို့မှ ကင်းသူများဖြစ်ကုန်၏။ သီလသမာဓိစသော ဂုဏ်အားဖြင့်လည်း မြင့်မြတ်သူများ ဖြစ်ကုန်၏။ ကြောက်ရွံ့ခြင်း ကင်းပြီးသူများ ဖြစ်ကုန်၏။ ထိုရဟန္တာပုဂ္ဂိုလ်တို့သည် နတ်လူတို့၏ အကျိုးစီးပွားကို ဆောင်တော်မူတတ်သော[၂] ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏ (၁၅) ပါးနှင့် ပြည့်စုံတော်မူသော[၃] သီလ သမာဓိ စသော ဂုဏ်အားဖြင့် မြင့်မြတ်တော်မူသော၊ ကြောက်ရွံ့ခြင်းကင်းပြီးသူ ဖြစ်တော်မူသော ဂေါတမမြတ်စွာဘုရားကို ရှိခိုးကြကုန်၏။ (ထိုရဟန္တာပုဂ္ဂိုလ်အားလည်း ကျွန်ုပ်ရှိခိုးပါ၏။)

---

၂။ "ဆောင်တော်မူတတ်သော ဂေါတမမြတ်စွာဘုရားကို" ဟု အဓိပ္ပာယ်စပ်ယူပါ။

၃။ ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏ (၁၅) ပါးတို့ကို နောက်ဆက်တွဲ(၈)၌ ရှုပါ။

ဘုရားရှင်တို့၏ ဂုဏ်တော်များကို ချီးကျူးခြင်း

၉။ ဝိပဿီအစရှိသော ဘုရားခုနစ်ဆူတို့နှင့်တကွ ကုဋေတစ်ရာမက များလှစွာသော မြတ်စွာဘုရားတို့သည် ယှဉ်ပြိုင်နိုင်သူ ရည်တူမရှိ၊ ရှေးဘုရားတို့နှင့်သာ တူတော်မူကြကုန်၏။ ခပ်သိမ်းသော ထိုမြတ်စွာဘုရားတို့သည် ကြီးသောတန်ခိုးရှိတော်မူကြကုန်၏။

၁၀။ ခပ်သိမ်းသော ထိုမြတ်စွာဘုရားတို့သည် ဆယ်ပါးသော ဉာဏ်တော်အားနှင့် ပြည့်စုံတော်မူကုန်၏။ ဝေသာရဇ္ဇဉာဏ်လေးပါးတို့နှင့်လည်း ပြည့်စုံတော်မူကုန်၏။ ခပ်သိမ်းသော ထိုမြတ်စွာဘုရားတို့သည် မြင့်မြတ်သောပုဂ္ဂိုလ်တို့၏အရာဖြစ်သော သဗ္ဗညုတဉာဏ်ကိုဝန်ခံတော်မူကြကုန်၏။

၁၁။ ခပ်သိမ်းသော ထိုမြတ်စွာဘုရားတို့သည် ပရိသတ်လေးပါးတို့အလယ်၌ ရွံ့ရှာခြင်းကင်း ရဲတင်းကုန်သည်ဖြစ်၍ ကေသရာဇာခြင်္သေ့မင်းဟောက်သကဲ့သို့ ရဲရင့်သောစကားကို မြွက်ဆိုတော်မူကုန်၏။ လောက၌ မည်သူကမျှ တားဆီးကန့်ကွက်ခြင်းမပြုနိုင်သည့် ရဲရင့်သော စကားကို မြွက်ဆိုတော်မူကုန်၏။

၁၂။ လောက၏ ရှေ့သွားခေါင်းဆောင် ဖြစ်ကုန်သော ထိုမြတ်စွာဘုရားတို့သည် တစ်ဆယ့်ရှစ်ပါးသော ဗုဒ္ဓဂုဏ်တို့နှင့်ပြည့်စုံတော်မူကုန်၏။ [၂] သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်၏ လက္ခဏာတို့နှင့် ပြည့်စုံတော်မူကုန်၏။ ရှစ်ဆယ်သော လက္ခဏာငယ်တို့နှင့်လည်း ပြည့်စုံတော်မူကုန်၏ *။

၁၃။ ရဟန်းမြတ်ဖြစ်သည့် ခပ်သိမ်းသော ထိုမြတ်စွာဘုရားတို့သည် တစ်လံမျှလောက်သော ကိုယ်ရောင်ဖြင့် အခါခပ်သိမ်း ကောင်း

---

၁။ ဉာဏ်တော်အားဆယ်ပါးနှင့် ဝေသာရဇ္ဇဉာဏ်လေးပါးတို့ကို နောက်ဆက်တွဲ သုတ်၌ (ဈ၊ ည)တို့၌ ရှုပါ။

၂။ တစ်ဆယ့်ရှစ်ပါးသော ဗုဒ္ဓဂုဏ်ဟူသည် ဤစာအုပ်နောက်ပိုင်းတွင် ဖော်ပြထားသော အာဝေဏိကဂုဏ်တော် (၁၈)ပါးပင် ဖြစ်ပါသည်။

*။ ယောကျ်ားမြတ်လက္ခဏာ (၃၂)ပါးနှင့် လက္ခဏာတော်ငယ် (၈၀) တို့ကို နောက်ဆက်တွဲ (ဋ၊ ဌ) တို့၌ ရှုပါ။

www.dhammaransi.com



စွာတောက်ပသော ကိုယ်ရောင်ရှိကုန်၏။ ခပ်သိမ်းသော ထိုမြတ်စွာဘုရားတို့သည် သိဖွယ်ဓမ္မဟူသမျှကို တစ်စမကျန် မှန်ကန်စွာ သိမြင်တော်မူကုန်၏။ ကိလေသာ အာသဝ လုံးဝ ကုန်ခန်းပြီးသူများ ဖြစ်ကုန်၏။ မာန်ငါးပါးကို အောင်မြင်ပြီးသူများ ဖြစ်ကုန်၏။

၁၄။ ခပ်သိမ်းသော ထိုမြတ်စွာဘုရားတို့သည် ထူးမြတ်သောအရောင်အလင်း ရှိကုန်၏။ ကြီးသော တန်ခိုး ရှိကုန်၏၊ ကြီးသော ပညာရှိကုန်၏။ ကြီးသော ခွန်အားရှိကုန်၏။ ကြီးသောကရုဏာရှိကုန်၏။ ခိုင်မြဲသော သမာဓိရှိကုန်၏။ ခပ်သိမ်းသောသတ္တဝါတို့၏ အကျိုးစီးပွားကို ဆောင်ရွက်သူများ ဖြစ်ကုန်၏။

၁၅။ ခပ်သိမ်းသော ထိုမြတ်စွာဘုရားတို့သည် သတ္တဝါအပေါင်းတို့၏ မှီခိုရာ ကျွန်းကြီးသဖွယ်ဖြစ်ကုန်၏။ အားထားရာ၊ ကောက်တည်ရာ ဖြစ်ကုန်၏။ ပုန်းအောင်းရာ၊ လဲလျောင်းရာဖြစ်ကုန်၏။ ဆည်းကပ်ရာဖြစ်ကုန်၏။ ဆွေမျိုးသဖွယ်ဖြစ်ကုန်၏။ မြတ်သောထောက်တည်ရာ ဖြစ်ကုန်၏။ကိုးကွယ်ရာဖြစ်ကုန်၏။ အစီးအပွားကို ရှာပေးသူများဖြစ်ကုန်၏။

၁၆။ ခပ်သိမ်းသော ထိုမြတ်စွာဘုရားတို့သည် နတ်နှင့် တကွသော လောက၏ လဲလျောင်းမှီခိုရာဖြစ်ကုန်၏။ ကျွန်ုပ်သည် ယောကျ်ားမြတ်ဖြစ်သော ထိုမြတ်စွာဘုရားတို့၏ ခြေတော်အစုံတို့ကို ဦးနှိမ်ချိး၍ ရှိခိုးပါ၏။

၁၇။ ကျွန်ုပ်သည် အိပ်နေသောအခါ၌လည်းကောင်း၊ ထိုင်နေသောအခါ၌လည်းကောင်း၊ ရပ်နေသောအခါ၌လည်းကောင်း၊ သွားနေသောအခါ၌လည်းကောင်း အခါခပ်သိမ်း ထိုမြတ်စွာဘုရားတို့ကို ဝစီကံ၊ မနောကံတို့ဖြင့် ရှိခိုးပါ၏။

## အန္တရာယ်ကင်းရန် သစ္စာပြုခြင်း

၁၈။ သတ္တဝါတို့ကို ငြိမ်းချမ်းအောင်ပြုတတ်သော ထိုမြတ်စွာဘုရားတို့သည် သင့်ကိုချမ်းသာအောင် စောင့်ရှောက်ကြပါစေ။ သင်သည် ထိုမြတ်စွာဘုရားတို့၏ စောင့်ရှောက်မှုကို ခံယူရသည်ဖြစ်၍ ဘေးခပ်သိမ်းတို့မှ လွတ်မြောက်ပါစေ။

www.dhammaransi.com



၁၉။ သင်သည် ရောဂါခပ်သိမ်းတို့မှကင်းလွတ်လျက်၊ ပူပန်မှုခပ်သိမ်းတို့မှ ကင်းကွာလျက်၊ ရန်ခပ်သိမ်းကို လွန်မြောက်လျက်၊ ဆင်းရဲခပ်သိမ်း ငြိမ်းအေးသူ ဖြစ်ပါစေ။

၂၀။ ထိုမြတ်စွာဘုရားတို့သည် မိမိတို့၏မှန်ကန်သောသစ္စာ စင်ကြယ်သောသီလ သည်းခံခြင်းခန္တီ ချစ်ခင်ခြင်းမေတ္တာဟူသောတရားတို့၏အစွမ်းသတ္တိဖြင့် ကျွန်ုပ်တို့ကို အနာရောဂါကင်း၍ ချမ်းသာသူများဖြစ်အောင် စောင့်ရှောက်ကြပါစေ။

## အရပ်လေးမျက်နှာမှနတ်တို့အား တိုင်တည်ပုံ

၂၁။ အရှေ့အရပ်မျက်နှာ၌ တန်ခိုးကြီးသော ဂန္ဓဗ္ဗနတ်တို့သည် ရှိကုန်၏။ ထိုနတ်တို့သည် ကျွန်ုပ်တို့ကို အနာရောဂါကင်း၍ ချမ်းသာသူများ ဖြစ်အောင် စောင့်ရှောက်ကြပါစေ။

၂၂။ တောင်အရပ်၌ တန်ခိုးကြီးသော ကုမ္ဘဏ်နတ်တို့သည် ရှိကုန်၏။ ထိုနတ်တို့သည် ကျွန်ုပ်တို့ကို အနာရောဂါကင်း၍ ချမ်းသာသူများ ဖြစ်အောင် စောင့်ရှောက်ကြပါစေ။

၂၃။ အနောက်အရပ်၌ တန်ခိုးကြီးသော နဂါးတို့သည် ရှိကုန်၏။ ထိုနဂါးတို့သည် ကျွန်ုပ်တို့ကို အနာရောဂါကင်း၍ ချမ်းသာသူများ ဖြစ်အောင် စောင့်ရှောက်ကြပါစေ။

၂၄။ မြောက်အရပ်၌ တန်ခိုးကြီးသော ဘီလူးတို့သည် ရှိကုန်၏။ ထိုဘီလူးတို့သည် ကျွန်ုပ်တို့ကို အနာရောဂါကင်း၍ ချမ်းသာသူများဖြစ်အောင် စောင့်ရှောက်ကြပါစေ။

## လောကပါလ နတ်မင်းကြီးလေးပါးအား တိုင်တည်ခြင်း

၂၅-၂၆။ အရှေ့အရပ်မျက်နှာမှ ဓတရဋ္ဌနတ်မင်း၊ တောင်အရပ်မျက်နှာမှ ဝိရူဠ္ဍကနတ်မင်း၊ အနောက်အရပ်မျက်နှာမှ ဝိရူပက္ခနတ်မင်း၊ မြောက်အရပ်မျက်နှာမှ ကုဝေရနတ်မင်းအားဖြင့် ဤလေးယောက်သော နတ်မင်းကြီးတို့သည် လောကကိုစောင့်ရှောက်သော နတ်မင်းကြီးများ ဖြစ်ကုန်၏။ များသော အခြံအရံရှိကုန်၏။ ထိုနတ်မင်းကြီး လေးယောက်တို့သည်လည်း ကျွန်ုပ်တို့ကို အနာရောဂါကင်း၍ ချမ်းသာသူများဖြစ်အောင် စောင့်ရှောက်ကြပါစေ။

www.dhammaransi.com



၂၇။ တန်ခိုးကြီးကုန်သည်ဖြစ်၍ ကောင်းကင်၌တည်သောနတ်၊ မြေ၌ တည်သောနတ်တို့နှင့် နဂါးတို့သည်ရှိကုန်၏။ ထိုနတ်နဂါးတို့သည်လည်း ကျွန်ုပ်တို့ကို အနာရောဂါကင်း၍ ချမ်းသာသူများ ဖြစ်အောင် စောင့် ရှောက်ကြပါစေ။

၂၈။ ဤသာသနာတော်၌နေကြသည့် တန်ခိုးကြီးသော အကြင် နတ် တို့သည် ရှိကုန်၏။ ထိုနတ်တို့သည်လည်း ကျွန်ုပ်တို့ကို အနာရောဂါ ကင်း၍ ကျန်းမာသူများဖြစ်အောင် စောင့်ရှောက်ကြပါစေ။

**အန္တရာယ်ကင်း ဆုတောင်း**

၂၉။ ခပ်သိမ်းသော ဘေးရန်တို့သည် ရှောင်ရှားကြပါစေ၊ စိုးရိမ်ပူပန် ရခြင်းနှင့် အနာရောဂါ စွဲကပ်ခြင်းတို့သည်လည်း ကင်းပျောက်ပါစေ၊ သင့်အား ဘေးအန္တရာယ်ဟူသမျှ မဖြစ်ပါစေ၊ သင်သည်ကိုယ်စိတ်နှစ်ဖြာ ချမ်းသာမှုရှိသူ၊ အသက်ရှည်သူ ဖြစ်ပါစေ။

၃၀။ အသက်အရွယ် ဂုဏ်သိက္ခာအားဖြင့် မိမိထက် ကြီးသူတို့အား ရှိခိုးခြင်း အလေ့ရှိသူ၊ အမြဲမပြတ်ရိုသေလေးစားမှုပြုလေ့ရှိသူအား အသက် ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားရှိခြင်းဟူသော အကျိုး တရား လေးပါးတို့သည် တိုးပွားကုန်၏။

## (ဂ) အာဋာနာဋိယသုတ် ဖြစ်ပေါ်လာပုံ

ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ မြတ်စွာဘုရား သီတင်းသုံးနေ သည်။ ထိုအခါ ဝေဿဝဏ်နတ်မင်း, ဓတရဋ္ဌနတ်မင်းအစရှိသော လောက ပါလ နတ်မင်းကြီးလေးယောက်တို့သည် သန်းခေါင်ယံအချိန်၌ မြတ်စွာ ဘုရားထံ ချဉ်းကပ်လာကြသည်။ သူတို့၏ အခြွေအရံ အစောင့်အရှောက် ဖြစ်သော နတ်ဘီလူးတို့လည်း သူတို့နှင့်အတူပါလာကြသည်။ ထိုနတ်တို့၏ ကိုယ်ရောင် အဝတ်ဘန်ဆာရောင်တို့ကြောင့် ဂိဇ္ဈကုဋ်တောင် တစ်ခုလုံး လင်းထိန်သွားသည်။

နတ်မင်းကြီး လေးပါးတို့အနက်မှ ခေါင်းဆောင် ဖြစ်သော ဝေဿဝဏ် နတ်မင်းကြီးက မြတ်စွာဘုရားအား အောက်ပါအတိုင်း လျှောက်ကြားသည်—

www.dhammaransi.com



"အရှင်ဘုရား၊ တန်ခိုးကြီးသော နတ်ဘီလူးတို့အနက် မြတ်စွာဘုရားအပေါ် ကြည်ညိုသော နတ်ဘီလူးများရှိသကဲ့သို့ မြတ်စွာဘုရားအပေါ် မကြည်ညိုသော နတ်ဘီလူးများလည်း ရှိပါသည်။ များသောအားဖြင့် နတ်ဘီလူးတို့သည် မြတ်စွာဘုရားအပေါ်၌ မကြည်ညိုသူများ ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် မြတ်စွာဘုရားသည် ပါဏာတိပါတ စသောမကောင်းမှုတို့မှ ရှောင်ကြဉ်ရန် ဟောကြားလေ့ရှိပါသည်။ နတ်ဘီလူးတို့သည်ကား များသောအားဖြင့် ထိုမကောင်းမှုတို့မှ ရှောင်ကြဉ်လေ့မရှိသူများ ဖြစ်ပါသည်။ ထို့ကြောင့် မြတ်စွာဘုရားအပေါ်၌ သူတို့မကြည်ညိုကြခြင်း ဖြစ်ပါသည်။

"အရှင်ဘုရား၊ မြတ်စွာဘုရား၏ တပည့်သာဝကဖြစ်သော ရဟန်းတို့သည် လူသူကင်းဝေး၍ တိတ်ဆိတ်သော တောအရပ်တို့၌နေထိုင်ကြရပါသည်။ ထိုတောအရပ်၌ တန်ခိုးကြီးသော နတ်ဘီလူးတို့လည်း ရှိတတ်ကြပါသည်။

"အရှင်ဘုရား– မြတ်စွာဘုရားသည် သာသနာတော်၌ မကြည်ညိုသော နတ်ဘီလူး တို့၏ညှဉ်းပန်းနှိပ်စက် နှောင့်ယှက်မှုမှ တားဆီးကာကွယ်ရန် အလို့ငှာ ရဟန်း တို့အား 'အာဋာနာဋိယ' မည်သော ပရိတ်အရံအတားကို ခွင့်ပြုတော်မူပါလော"

ဤသို့ ဝေဿဝဏ်နတ်မင်းကြီးက လျှောက်ကြားသော အခါ မြတ်စွာဘုရားသည် တုဏှိဘာဝေ ဆိတ်ဆိတ်နေခြင်းဖြင့် နတ်မင်းကြီး၏ တောင်းပန်မှုကို လက်ခံတော်မူသည်။

ထိုအခါ ဝေဿဝဏ်နတ်မင်းကြီးက အာဋာနာဋိယ မည်သော ပရိတ်အရံအတားကို မြတ်စွာဘုရားအား လျှောက်ကြားသည်။ အာဋာနာဋိယ မည်သော ပရိတ်အရံအတားဟူသည် "အာဋာနာဋ" မည်သော နတ်မြို့၌ နတ်မင်းကြီး လေးပါးတို့ ညီနှိုင်းတိုင်ပင် စီရင်ဖွဲ့ဆိုခဲ့သော ဂါထာများ ဖြစ်သည်။

ထိုဂါထာများမှာလည်း စင်စစ်အားဖြင့် ဘုရားရှိခိုးဂါထာများသာ ဖြစ်ပေသည်။ ဝိပဿီ အစရှိသော မြတ်စွာဘုရား ခုနစ်ဆူတို့အား သားသမီး အခြွေအရံနှင့်တကွဖြစ်သော နတ်မင်းကြီး လေးပါးတို့က ရှိခိုးဦးခိုက်ကြပုံကို ဖော်ပြသော ဂါထာများသာ ဖြစ်ပေသည်။

www.dhammaransi.com



ဝိပဿိအစရှိသော ဘုရားခုနစ်ဆူတို့ကား လွန်ခဲ့သော(၉၁)ကမ္ဘာမှ ဤဘက်၌ ပွင့်တော်မူခဲ့ကြသော မြတ်စွာဘုရားများဖြစ်သည်။ ထိုဘုရားခုနစ်ဆူတို့ထံ၌ တရားနာရ၍ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကိုရရှိခဲ့ကြသော အရိယာပုဂ္ဂိုလ် အချို့သည်လည်း ကမ္ဘာပေါင်း ထောင်နှင့် သောင်းနှင့် ချီ၍ အသက် ရှည်သော ဗြဟ္မာ့ပြည်၌ ယနေ့တိုင်အောင် အသက်ထင်ရှား ရှိကြသေးသည်။

ဤသို့ ဘုရားခုနစ်ဆူတို့အား နတ်တို့က ရှိခိုးပုံကို ဖော်ပြသော ဂါထာများ ဖြစ်သောကြောင့် ဝေဿဝဏ်နတ်မင်းကြီး လျှောက်ကြားသော ပရိတ်အရံအတားကို မြတ်စွာဘုရားက လက်ခံတော်မူလိုက်ခြင်း ဖြစ်သည်။

မြတ်စွာဘုရားသည် နံနက်လင်းသောအခါ ရဟန်းတို့ကိုခေါ်၍ အာဋာနာဋိယမည်သောပရိတ်အရံအတားကို သင်ကြားပေးတော်မူသည်။ လူသူကင်းဝေးသော တောတောင်အရပ်တို့၌ နေထိုင်သောအခါ ထိုပရိတ်အရံအတားကို ရွတ်ဆိုကြရန် ညွှန်ကြားတော်မူသည်။

ရဟန်းတို့သည် လူသူကင်းဝေးသော တောတောင်အရပ်များသို့ ချဉ်းကပ်သောအခါ မြတ်စွာဘုရားညွှန်ကြားသည့်အတိုင်း အာဋာနာဋိယမည်သော ပရိတ်အရံအတားကို ရွတ်ဆိုကြသည်။ ယင်းသို့ ရွတ်ဆိုခြင်းဖြင့် နတ်ဘီလူးတို့၏ ခြိမ်းခြောက်နှောင့်ယှက်မှုတို့မှ ကင်းရှင်းလျက် ချမ်းချမ်းသာသာ နေခဲ့ကြရသည်။

ဝေဿဝဏ်နတ်မင်းကြီး လျှောက်ကြားသည့် အတိုင်း မြတ်စွာဘုရားက ရဟန်းတို့အား ထပ်ဆင့် ဟောကြားခဲ့သော အထက်ပါ အာဋာနာဋိယသုတ်ကို အခြေခံလျက် ပရိတ်ကြီး (၁၁) သုတ်ပါ ဤ အာဋာနာဋိယ ပရိတ်ကို ရှေးပညာရှင်တို့ စီစဉ်ထားရှိခဲ့ကြခြင်း ဖြစ်ပါသည်။

ယင်းပရိတ်ကိုစီစဉ်ရာ၌ အာဋာနာဋိယသုတ်မှ အရေးအကြီးဆုံးဖြစ်သည့် "ဝိပဿိဿ စ" အစရှိသော ဘုရားရှိခိုးဂါထာ ခြောက်ပုဒ်ကိုသာ ယူထားပါသည်။ ထိုမှနောက်၌ ဘုရားခုနစ်ဆူနှင့်တကွ ကုဋေပေါင်းများစွာသော ဘုရားရှင်တို့၏ ဂုဏ်တော်များကို ချီးကျူးသော ဂါထာ

www.dhammaransi.com


များနှင့် လူတို့ကိုစောင့်ရှောက်ရန် နတ်တို့အား တိုင်တည်သော ဂါထာများကို ရှေးပညာရှင်တို့က ဖွဲ့ဆိုထည့်သွင်းခဲ့ကြပါသည်။

နောက်ဆုံးတွင်မူ မိမိထက် အသက်သိက္ခာ ဂုဏ်အားဖြင့် ကြီးမြင့်သူတို့အား အရိုအသေအလေးအမြတ် ပြုလေ့ရှိသူမှာ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော အကျိုးတရားလေးပါး တိုးပွားနိုင်ကြောင်း ဖော်ပြသည့်'အဘိဝါဒနသီလိဿ' အစရှိသော ဓမ္မပဒဂါထာဖြင့် နိဂုံးချုပ်ထားပါသည်။

## (ဃ) အာဋာနာဋိယ သုတ်ကိုရွတ်ဖတ်သင့်သောအခါ

လူသူကင်းဝေး၍ တိတ်ဆိတ်သောအရပ်ဌာနသို့ ရောက်နေသောအခါ၌လည်းကောင်း၊

နတ်ဘီလူး သရဲတစ္ဆေတို့၏ နှောက်ယှက် ပူးဝင်မှုများနှင့် တွေ့ကြုံရသောအခါ၌ လည်းကောင်း၊

အာဋာနာဋိယသုတ်ကို ရွတ်ဖတ်သင့်ပါသည်။


ဘုရားရှိခိုးနှင့် ဘုရားဂုဏ်တော်ဖွင့်ဂါထာများ ပါသောကြောင့် နေ့စဉ်မပြတ် ရွတ်ဖတ်လျှင်လည်း များစွာအကျိုးရှိနိုင်ပါသည်။

## (င) အာဋာနာဋိယသုတ်၏ အကျိုးကျေးဇူး

အာဋာနာဋိယသုတ်ကို ရွတ်ဖတ်လျှင်နတ်ဘီလူးတို့ ညှဉ်းဆဲနှိပ်စက်ခြင်း၊ နှောင့်ယှက်ခြင်းမပြုနိုင်။ စုန်းတစ္ဆေပယောဂများ မပူးဝင်နိုင်။ လောကပါလ နတ်မင်းကြီး လေးပါးတို့နှင့်တကွ နတ်အပေါင်းတို့၏ ကြည်ညိုချစ်ခင်မှု၊ ကူညီစောင့်မမှုများကို ရရှိနိုင်ပါသည်။

●

www.dhammaransi.com



# ၉။ အင်္ဂုလိမာလသုတ်

## (က) အင်္ဂုလိမာလသုတ် ပါဠိ

၁။ ပရိတ္တံ ယံ ဘဏန္တဿ၊ နိသိန္နဋ္ဌာနဓောဝနံ[၁]။
ဥဒကမ္ပိ ဝိနာသေတိ၊ သဗ္ဗမေဝ ပရိဿယံ[၂]။

၂။ သောတ္ထိနာ ဂဗ္ဘဝုဋ္ဌာနံ*၊ ယဉ္စ သာဓေတိ တင်္ခဏေ။
ထေရဿ အင်္ဂုလိမာလဿ၊ လောကနာထေန ဘာသိတံ။
ကပ္ပဋ္ဌာယိံ မဟာတေဇံ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

၃။ ယတောဟံ ဘဂိနိ အရိယာယ ဇာတိယာ ဇာတော၊
နာဘိဇာနာမိ သဉ္စိစ္စ[၄] ပါဏံ ဇီဝိတာ ဝေါရောပေတာ၊
တေန သစ္စေန သောတ္ထိ တေ ဟောတု၊
သောတ္ထိ ဂဗ္ဘဿ။

---

၁။ နိသိန္နဋ္ဌာန ဓောဝနံ=နိသိန်နတ်ဌာနဓောဝနံ ဟု ဖတ်ပါ။

၂။ ပရိဿယံ=ပရိတ်သယံ ဟု ဖတ်ပါ။

*။ ဂဗ္ဘဝုဋ္ဌာနံ = ဂဗ်ဘဝုဋ္ဌာနံ ဟု ဖတ်ပါ။

၄။ သဉ္စိစ္စ=သင်စိတ်စ ဟု ဖတ်ပါ။

မြစ်မခစာပေ

www.dhammaransi.com



# (၁) အင်္ဂုလိမာလသုတ် မြန်မာပြန်

## ရှေးဦးမှတ်ဖွယ်

အင်္ဂုလိမာလသုတ် ပါဠိ၌ “ပရိတ္တံ ယံ ဘဏာန္တဿ”မှစ၍“ပရိတ္တံ တံ ဘဏာမ ဟေ” အထိ ဂါထာနှစ်ပုဒ်သည် ရှေးပညာရှင်တို့ ဖွဲ့ဆိုခဲ့သော အမွှန်းဂါထာများဖြစ်သည်။ ထိုဂါထာများဖြင့် အင်္ဂုလိမာလသုတ်၏ တန်ခိုးသတ္တိကို ဖော်ပြ၍ ယင်းသုတ်ကိုရွတ်ဖတ်ရန် စိတ်အားထက်သန်မှုကို ဖြစ်စေပါသည်။

“ယတောဟံ ဘဂိနိ”မှစ၍ “သောတ္ထိ ဂဗ္ဘဿ” အဆုံးရှိသော စာပိုဒ်ကား အင်္ဂုလိမာလသုတ် စာကိုယ်ဖြစ်ပါသည်။ ယင်းစာပိုဒ်ဖြင့် အရှင်အင်္ဂုလိမာလမထေရ်က မီးမဖွားနိုင်၍ ဆင်းရဲဒုက္ခကြီးစွာ ခံစားနေရသော ကိုယ်ဝန်သည်တစ်ဦးကို တွေ့မြင်ရသောအခါ ချမ်းသာစွာမီးဖွားနိုင်စေရန် သစ္စာပြုပုံကို ဖော်ပြပါသည်။

အင်္ဂုလိမာလသုတ်၏ မြန်မာပြန် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

## အင်္ဂုလိမာလသုတ် အမွှန်း

၁-၂။ အို သူတော်ကောင်းအပေါင်းတို့ အကြင်အင်္ဂုလိမာလသုတ် ပရိတ်ကို ရွတ်ဆိုသော ပုဂ္ဂိုလ်၏ နေရာထိုင်ခုံကို ဆေးကြောသော ရေသည်ပင် ဘေးရန်ခပ်သိမ်းကို ကင်းပျောက်စေနိုင်၏။ အကြင်အင်္ဂုလိမာလသုတ်သည် ယင်းသုတ်ကိုရွတ်ဆိုစဉ် ခဏအတွင်း၌ပင် ချမ်းသာစွာ မီးဖွားခြင်းကို ပြီးစေနိုင်၏။ အရှင်အင်္ဂုလိမာလ မထေရ်အား မြတ်စွာဘုရား ဟောကြားအပ်သော[၁] ကမ္ဘာဆုံးအောင်၊ တည်တံ့နိုင်၍ ကြီးသောတန်ခိုးရှိသော ထိုအင်္ဂုလိမာလပရိတ်ကို ယခုကျွန်ုပ်တို့ ရွတ်ဆိုကြပါကုန်စို့။

---

၁။ ဟောကြားအပ်သော -ထိုအင်္ဂုလိမာလပရိတ်ကိုဟု အဓိပ္ပါယ်စပ်၍ ယူပါ။

www.dhammaransi.com



**အရှင်အင်္ဂုလိမာလ သစ္စာပြုပုံ**

၃။ အို နှမ - ငါသည်အရိယာဇာတ်အားဖြင့် ဖြစ်သည့်အချိန်မှစ၍ သေစေလိုသောစေတနာဖြင့် ဇော့ဆော်အားထုတ်၍ တစ်ပါးသောသတ္တဝါကိုသတ်ဖူး၏ဟူ၍ မသိပါ။(မမှတ်မိပါ)ဤမှန်သော သစ္စာစကားကြောင့် သင့်အားချမ်းသာခြင်း ဖြစ်ပါစေ။ သင်၏ ကလေးငယ်အားလည်း ချမ်းသာခြင်းဖြစ်ပါစေ။

## (ဂ) အင်္ဂုလိမာလသုတ် ဖြစ်ပေါ်လာပုံ

**စောရနက္ခတ်နှင့်ယှဥ်၍ မွေးလာသူ**

အင်္ဂုလိမာလပရိတ်သည် မဇ္ဈိမနိကာယ် မဇ္ဈိမပဏ္ဏာသ ပါဠိတော်လာ အင်္ဂုလိမာလသုတ်ကိုအခြေခံ၍ဖြစ်ပေါ်လာသောပရိတ်ဖြစ်ပါသည်။ အင်္ဂုလိမာလမထေရ်ကိုအကြောင်းပြု၍ ဟောကြားခြင်း ဖြစ်သောကြောင့် အင်္ဂုလိမာလသုတ်ဟုအမည်တွင်ခဲ့ခြင်း ဖြစ်ပါသည်။

အင်္ဂုလိမာလ သုတ်ကို ဟောကြားရခြင်း၏ အကြောင်းရင်း အတ္ထုပ္ပတ္တိမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

သာဝတ္ထိပြည့်ရှင် ဘုရင်ကောသလသည် တစ်ခုသောညတွင် သလွန်တော်ထက်၌ အိပ်စက်နေရာမှ ရုတ်တရက် လန့်နိုးသွားလေသည်။ အကြောင်းမှာ မိမိ၏အိပ်ရာခေါင်းရင်းတွင် ထားရှိသော လက်စွဲတော် သန်လျက်နှင့်တကွ နန်းတော်တွင်းရှိ ခါးလှံလက်နက်တို့မှ လျှပ်ပြက်သကဲ့သို့ အရောင်အလင်းများ တလက်လက်ထွက်ပေါ်လာသောကြောင့် ဖြစ်ပေသည်။

"အိပ်မက်လေလား၊တကယ်လား"ဟု သူမခွဲခြားနိုင်ပါ။ထူးခြားသော အတိတ်နိမိတ် ဖြစ်ကြောင်းကိုတော့ သူကောင်းစွာသိပါသည်။ ဤသို့ရာတွင် ကောင်းဖို့ထက် ဆိုးဖို့ဘက်ကများနေသောကြောင့် မင်းကြီး တစ်ညလုံး အိပ်မပျော်ဘဲ ရှိနေလေသည်။

နံနက်မိုးလင်း၍ ပုရောဟိတ်ပုဏ္ဏားကြီး၊ အခစား ဝင်လာသောအခါ မင်းကြီးသည် ညကအဖြစ်ကို ပုရောဟိတ် ပုဏ္ဏားကြီးအား ပြောပြသည်။ ထိုအခါ ပုရောဟိတ်ပုဏ္ဏားကြီးက "အရှင်မင်းကြီး၊

---

၁။ ရဟန်းဖြစ်သည့်အချိန်မစ၍ - ဟုဆိုလိုပါသည်။

www.dhammaransi.com


မစိုးရိမ်ပါလင့်၊ ညကကျွန်ုပ်၏ဇနီးမှ သားတစ်ယောက် မွေးဖွားခဲ့ပါသည်။ ထိုသားသည် စောရနက္ခတ်နှင့် ယှဉ်လျက် မွေးဖွားခြင်းကြောင့် ကြီးပြင်းလာသောအခါ လူဆိုးလူကြမ်းကြီး တစ်ယောက်ဖြစ်ပါလိမ့်မည်။ သို့သော်လည်း တစ်ဦးချင်း တစ်ယောက်ချင်းသာ ဆိုးသွမ်းမည့်သူဖြစ်သောကြောင့် အရှင်မင်းကြီး၏ အသက်စည်းစိမ်ကိုမူ အန္တရာယ်ပြုနိုင်မည့်သူမဟုတ်ပါ” ဟုမင်းကြီးအား လျှောက်တင်၏။

မင်းကြီးသည် ပုရောဟိတ်၏စကားကြောင့် စိတ်သက်သာရာရရှိပြီး သူငယ်ကို ကောင်းစွာ ကျွေးမွေးပြုစုရန် မိန့်ကြား၏။ ပုရောဟိတ်ပုဏ္ဏားကြီးသည် သားငယ်ကို “အဟိံသက” ဟု အမည်ပေးပြီး ကောင်းစွာ ကျွေးမွေးပြုစုထားလေသည်။

## တက္ကသိုလ်ကျောင်းသား အဟိံသက

အဟိံသက အရွယ်ရောက်လာသောအခါ တက္ကသိုလ်ပြည်သို့သွား၍ ဒိသာပါမောက္ခဆရာကြီးထံ၌ ပညာသင်သည်။ ပညာတော်ပြီး တပည့်ဝတ်လည်း ကျေပွန်လှသူဖြစ်သောကြောင့် ဆရာကြီး၏ အထူးအရေးပေးမှုကို ခံရသည်။ ထိုအခါ အခြားတပည့်တို့က မနာလို ဝန်တိုဖြစ်ကြပြီး ဆရာကတော်နှင့်ယိုးစွပ်ကာ ဆရာကြီးထံ၌ကုန်းတိုက်ကြသည်။

ပြောစတွင် ဆရာကြီးက လုံးဝမယုံ၊ လာပြောသူများကို စိတ်ဆိုးမာန်ဆိုးဖြင့် မောင်းထုတ်သည်။ သို့သော် ကုန်းတိုက်သော တပည့်တို့ကလည်း ဉာဏ်များသည်။ အားလုံးစု၍ တစ်ကြိမ်တည်း သွားပြောခြင်းမဟုတ်၊ နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲဖြင့် အကြိမ်ကြိမ်ခွဲ၍ သွားပြောကြခြင်းဖြစ်သည်။ ပြောဖန်များသောအခါ ဆရာကြီးစိတ်ယိုင်သွားသည်။ အဟိံသကနှင့် ဆရာကတော်တို့ ရင်းရင်းနှီးနှီး ဆက်ဆံနေသည်ကို တွေ့မြင်ရသောအခါ ကုန်းတိုက်သော တပည့်တို့၏ စကားကို အကြွင်းမဲ့ယုံကြည်သွားလေသည်။

ထိုအခါ ပါမောက္ခဆရာကြီးသည် အဟိံသကကို ဥပါယ်တံမျဉ်ဖြင့် ပယ်ဖျက်စေရန်ကြံသည်။ “လူပေါင်းတစ်ထောင်ကိုသတ်နိုင်မှ သင်၏အတတ်ပညာများ ပြီးမြောက်အောင်မြင်နိုင်မည်”ဟု ပြောသည်။

www.dhammaransi.com


## လူဆိုးကြီးအင်္ဂုလိမာလ

ဆရာကြီး၏စကားကို မမှိတ်မသုန် ယုံကြည်သော အဟိံသက သည် ဓား၊ လှံ၊ လေး မြားစသော လက်နက်တို့ကိုစွဲကိုင်လျက် တက္ကသိုလ် ပြည်နှင့် သာဝတ္ထိပြည်ကြားရှိ ဇာလိနတောအုပ်ကြီးထဲသို့ ထွက်ခဲ့သည်။

တောအုပ်ကြီးထဲသို့ ရောက်သောအခါ ထိုတောအုပ်ကြီးအတွင်းရှိ လိုဏ်ဂူတစ်ခုထဲ၌ ခိုအောင်းနေထိုင်၍ လာသမျှသော ခရီးသွား လူတို့ ကို ဖမ်းဆီး သတ်ဖြတ်သည်။ သူသတ်ဖြတ်သော လူအရေအတွက်ကို မှတ်မိစေရန် လူတစ်ယောက်လျှင် လက်ညှိုးတစ်ချောင်းကျ ဖြတ်ယူပြီး နွယ်ကြိုးဖြင့် သီကုံးကာ သူ့လည်ပင်း၌ ဆွဲထားသည်။ ထိုအခါမှ စ၍ သူ့ကိုလူအများက "အင်္ဂုလိမာလ" (လက်ညှိုးပန်းရှိသူ) ဟု ခေါ်ကြ သည်။

အင်္ဂုလိမာလရန်ကြောင့် ဇာလိနတောအုပ်ထဲသို့ လူတွေ မသွား ဝံ့ မလာဝံ့ ဖြစ်ကုန်သည်။ ထိုအခါ အင်္ဂုလိမာလက တောအုပ်အနီးရှိ ရွာများသို့ ညအချိန်တွင်ဝင်၍ လူများကို ဖမ်းဆီးသတ်ဖြတ်သည်။ ရွာမှ လူများမနေဝံ့၍ မြို့ပေါ်သို့ ထွက်ပြေးကြသည်။ ဘုရင်မင်းမြတ်နားသို့ ပေါက်ကြားအောင် တိုင်တန်းကြသည်။

နောက်ဆုံးတွင် ကောသလမင်းကြီးမှာ မနေသာတော့ "လူဆိုး ကြီး အင်္ဂုလိမာလကို သူကိုယ်တိုင်ထွက်၍ ဖမ်းဆီးမည်" ဟု ကြေညာ သည်။ ထိုအခါ အင်္ဂုလိမာလ၏ မိခင်ဖြစ်သော ပုဏ္ဏေးမကြီးကလည်း သူ့သားကိုဘုရင်မဖမ်းမီ သူသွား၍ ခေါ်မည်ဟူသောအကြံဖြင့် ဇာလိန တောအုပ်ဆီသို့ တစ်ယောက်တည်း ထွက်လာသည်။

## ရပ်သူနှင့်ပြေးသူ

ဆုံးမကယ်တင်ထိုက်သော သတ္တဝါတို့ကို သဗ္ဗညုတဉာဏ်ဖြင့် အမြဲတစေ ဆင်ခြင်ကြည့်ရှု နေတော်မူလေ့ရှိသော မြတ်စွာဘုရားသည် လူဆိုးကြီးအင်္ဂုလိမာလကို ဆုံးမရန်အချိန်ကျရောက်ပြီဖြစ်ကြောင်း သိမြင် တော်မူသည်။ ထို့ကြောင့် ထိုနေ့ဆွမ်းစားပြီးချိန်တွင် သာဝတ္ထိပြည်မှ ထွက်ခဲ့၍ ဇာလိနတောအုပ်ဆီသို့ တစ်ပါးတည်း ကြွချီတော်မူသည်။

ထိုအချိန်တွင် အင်္ဂုလိမာလကလည်းလူပေါင်းတစ်ထောင်ပြည့်ရန် တစ်ယောက်သာလိုတော့သဖြင့် နောက်ဆုံး 'သားကောင်'ကို စိတ်အား ထက်သန်စွာဖြင့် စောင့်မျှော်နေသည်။ တောအုပ်အလယ်ရှိ လမ်းမကြီး ဖြင့် အထီးတည်းကြွသွားသော မြတ်စွာဘုရားကိုမြင်သောအခါ သန်လျက် ကိုဆွဲလျက် နောက်မှလိုက်သည်။

မြတ်စွာဘုရားသည် မနှေးမမြန် ပုံမှန်အတိုင်းပင် ကြွသွားတော်မူ သည်။ ''သည်ရဟန်းကိုတော့ လွယ်လွယ်နဲ့ပဲ မိမှာပါပဲ''ဟူသော အထင် ဖြင့် နောက်မှ ခပ်သုတ်သုတ်လိုက်သွားသော အင်္ဂုလိမာလသည် အတော် ကြီး ခရီးပေါက်သည့်တိုင်အောင် မြတ်စွာဘုရားကို မမီနိုင်ဘဲရှိနေသည်။ ထို့ကြောင့် မခံချင်စိတ်ဖြင့် တအားပြေး၍ လိုက်ပြန်သည်။ ကိုယ်မှချွေး များ တဒီးဒီးစီးကျလာပြီး လူမှာလည်း အသက်ရှူမမှန်အောင် မောပန်း လာသည်။ မြတ်စွာဘုရားကိုကား မမီချေ။

ထိုအခါအင်္ဂုလိမာလကရပ်တန့်၍'အိုရဟန်း....ရပ်ပါဦး....ရပ်ပါဦး' ဟုလှမ်း၍ပြောသည်။ 'အချင်း အင်္ဂုလိမာလ၊ ငါသည်ရပ်နေ၏။ သင်သာ လျှင် မရပ်မနား ပြေးသွားနေသူ ဖြစ်၏' ဟု မြတ်စွာဘုရားက အဖြေ ပေး၏။

''အို ရဟန်း၊ သင် ဘယ်လိုပြောလိုက်တာလဲ၊ သင့်စကားက ပြောင်းပြန် ဖြစ်မနေဘူးလား၊ တကယ်တော့ ခုအချိန်မှာ သင်ကသာ သွားနေပြီး ကျွန်ုပ်က ရပ်နေတယ် မဟုတ်ပါလား''

''အချင်းအင်္ဂုလိမာလ၊ ငါသည် သတ္တဝါတို့ကို ညှဉ်းဆဲနှိပ်စက်ရန် တုတ် ဓား လက်နက်တို့ကို စွဲကိုင်ထားသူမဟုတ်၊ လက်နက်တို့ကို ချထား ပြီးသူဖြစ်၏။ မေတ္တာ၊ ကရုဏာတရား၌ ရပ်တည်နေသူဖြစ်၏။ သင်သည် ကား တုတ် ဓားလက်နက်တို့ကိုစွဲကိုင်လျက် သတ္တဝါတို့ကိုညှဉ်းဆဲနှိပ်စက် နေသူဖြစ်၏။ မေတ္တာ ကရုဏာ စသောတရား၌ ရပ်တည်နေသူ မဟုတ်။ ထို့ကြောင့် ငါသည် ရပ်တည်နေသူဖြစ်၏။ သင်သာလျှင် မရပ်မနား ပြေးသွားနေသူဖြစ်၏''ဟု ငါဆိုခဲ့ခြင်းဖြစ်ပေသည်။

## ရဟန်းမြတ်အဖြစ်သို့

မြတ်စွာဘုရား၏ ထူးခြားသောစကားကို ကြားလိုက်ရသောအခါ လူဆိုးကြီး အင်္ဂုလိမာလ ချက်ချင်းသတိရသွားသည်။ ''ဤရဟန်းကား

www.dhammaransi.com



အခြားသူမဟုတ်၊ ဂေါတမဗုဒ္ဓဟု ကျော်ကြားနေသော ပုဂ္ဂိုလ်မြတ်ပင် ဖြစ်လိမ့်မည်။ ငါ့ကိုဆုံးမရန် တမင်ကြွလာခြင်းဖြစ်လိမ့်မည်''ဟုစဉ်းစားမိသွားသည်။

ထို့ကြောင့် စွဲကိုင်ထားသော လက်နက်များနှင့် လည်ပင်းမှ လက်ညှိုးပန်းကုံးကို လမ်းဘေးသို့ပစ်ချပြီး မြတ်စွာဘုရား၏ခြေတော်ရင်း၌ ဝပ်စင်းဦးခိုက်သည်။ သူ့ကိုရဟန်းပြုပေးရန် တောင်းပန်သည်။ မြတ်စွာဘုရားသည် အင်္ဂုလိမာလကို 'ဧဟိ ဘိက္ခု' ရဟန်းအဖြစ်ဖြင့် ရဟန်းပြုပေးပြီး ဇေတဝန်ကျောင်းတော်သို့ ခေါ်ဆောင်လာခဲ့သည်။ အင်္ဂုလိမာလ၏ မိခင်ဖြစ်သော ပုဏ္ဏေးမကြီး မန္တာနီမှာမူ အချိန်အနည်းငယ် နောက်ကျသွားသဖြင့် သားကို မတွေ့လိုက်ရဘဲ သာဝတ္ထိ ပြည်သို့ တစ်ယောက်တည်းပင် ပြန်လာခဲ့ရလေသည်။

လူဆိုးကြီး အင်္ဂုလိမာလကိုဖမ်းရန် မြင်းစီးစစ်သား ငါးရာဖြင့် မြို့တော်မှ ထွက်လာသော ကောသလမင်းကြီးသည် ဇေတဝန်ကျောင်းတော်သို့ဝင်၍ မြတ်စွာဘုရားကို ဖူးမြင်သည်။ ထိုအခါ ရဟန်းဘဝသို့ ရောက်နေသော အင်္ဂုလိမာလကို တွေ့မြင်ရသောကြောင့် ဝမ်းမြောက်စွာဖြင့် တပ်ခေါက်၍ ပြန်ခဲ့သည်။

## ကိုယ်ဝန်ဆောင်တို့ အားကိုးရာ

တစ်နေ့တွင် အရှင်အင်္ဂုလိမာလသည် မြို့ထဲ၌ဆွမ်းခံရင်း မီးမဖွားနိုင်၍ ပြင်းပြစွာ ဝေဒနာ ခံစားနေရသော ကိုယ်ဝန်ဆောင် မိန်းမ တစ်ယောက်ကို တွေ့မြင်သည်။ ထိုမိန်းမအပေါ် သနားကြင်နာခြင်း ပြင်းပြစွာဖြစ်ပေါ်လာသောကြောင့် မြတ်စွာဘုရားအား ထိုအကြောင်းကို လျှောက်ကြားသည်။ မြတ်စွာဘုရားက ထိုမိန်းမထံသို့သွား၍ ''ယတောဟံ ဘဂိနိ'' အစရှိသော သစ္စာစကားကိုရွတ်ဆိုရန် လမ်းညွှန်ပေးလိုက်သည်။

အရှင် အင်္ဂုလိမာလသည် မြတ်စွာဘုရားလမ်းညွှန်ပေးသည့်အတိုင်း ထိုမိန်းမထံသို့သွား၍ အဆိုပါသစ္စာစကားကိုရွတ်ဆိုသည်။ ကိုယ်ဝန်ဆောင် မိန်းမသည် ချက်ချင်းပင် ချောမောစွာဖြင့် သားကိုဖွားမြင်သည်။ ထိုမှ နောက်တွင် အခြားသားမဖွားနိုင်သည့် မိန်းမတို့သည်လည်း အရှင်အင်္ဂုလိမာလ၏ ကူညီစောင့်ရှောက်မှုဖြင့် ချမ်းသာစွာ သားဖွားနိုင်ခဲ့ကြသည်။

www.dhammaransi.com

အရှင် အင်္ဂုလိမာလသည် စောစောပိုင်းက ကမ္မဋ္ဌာန်းထိုင်တိုင်း မိမိ လူသတ်ခဲ့ပုံများကို ပြန်၍မြင်နေသောကြောင့် သမာဓိမရနိုင်ဘဲ ရှိခဲ့သည်။ ဆွမ်းခံရာ၌လည်း ဆွမ်းလုံလောက်အောင် မရခဲ့။ နောက်ပိုင်းတွင်မူ ကိုယ်ဝန်ဆောင်မိန်းမတို့၏ ချမ်းသာမှုကို ဆောင်ရွက်ပေးနိုင်သည့်အတွက် စိတ်သက်သာရာရခဲ့သည်။ ဆွမ်းအခက်အခဲမှုလည်း ကင်းလွတ်ခဲ့သည်။ ထိုအကြောင်းများကြောင့် ကမ္မဋ္ဌာန်းကို ဖြောင့်ဖြောင့်တန်းတန်း အားထုတ်နိုင်ပြီး မကြာမီ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေသည်။

အရှင် အင်္ဂုလိမာလ ရွတ်ဆိုခဲ့သော သစ္စာစကား သည်လည်း အင်္ဂုလိမာလပရိတ်ဟူသောအမည်ဖြင့် သာသနာ့သမိုင်း အဆက်ဆက်တွင် ထင်ရှားခဲ့ပါသည်။

[အင်္ဂုလိမာလဇာတ်ကြောင်း၌ မူကွဲများရှိပါသည်။ ဤ၌ မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာကို အခြေခံထားပါသည်။]

## (ဃ) အင်္ဂုလိမာလသုတ်ကို ရွတ်ဆိုသင့်သောအခါ

အင်္ဂုလိမာလသုတ်ကို မီးဖွားခါနီး ကိုယ်ဝန်ဆောင်မိန်းမရှိသောအခါ၌ ရွတ်ဆိုသင့်ပါသည်။ ရွတ်ဆိုရာ၌ အမွန်းဂါထာကို မရွတ်ဆိုဘဲ "ယတောဟံ ဘဂိနိ" အစရှိသော သစ္စာပြု စာပိုဒ်ကိုသာ ထပ်တစ်လဲလဲ ရွတ်ဆိုခြင်းဖြင့်လည်း အကျိုးပြီးမြောက်နိုင်ပါသည်။

## (င) အင်္ဂုလိမာလသုတ်၏ အကျိုးကျေးဇူး

အင်္ဂုလိမာလသုတ်၏အဓိကအကျိုးကျေးဇူးကား ကိုယ်ဝန်ဆောင်များ ချမ်းသာစွာ မီးဖွားနိုင်ခြင်းပင် ဖြစ်ပါသည်။ ဤသုတ်ကို ရွတ်ဆိုသောပုဂ္ဂိုလ် ထိုင်သွားသည့် ထိုင်ခုံကိုဆေးသောရေဖြင့် သုန်းလောင်းရုံဖြင့်ပင် ကိုယ်ဝန်ကို ချမ်းသာစွာ ဖွားမြင်စေနိုင်သည်။ အခြားအန္တရာယ်ဟူသမျှကိုလည်း ကင်းပျောက်စေနိုင်သည်ဟု အမွန်းဂါထာ၌ဆိုပါသည်။ ယင်းအဆိုမှာ မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာနှင့်အညီ ဆိုထားခြင်းမင် ဖြစ်ပါသည်။

အခြား အန္တရာယ်များ ကင်းပျောက်စေရန် ရွတ်ဆိုရာ၌ "သောတ္ထိ တေ ဟောတု သောတ္ထိ ဂဗ္ဘဿ" ဟူသော စာပိုဒ်မှ 'သောတ္ထိ ဂဗ္ဘဿ'

www.dhammaransi.com


ဟူသော ဝါကျကိုချန်ထားပြီး သူတစ်ပါးအတွက် ဖြစ်လျှင် 'သောတ္ထိ တေ ဟောတု' (သင့်အား ချမ်းသာပါစေ)ဟူ၍ဖြစ်စေ၊ 'သောတ္ထိ ဝေါ ဟောတု' (သင်တို့အား ချမ်းသာခြင်းဖြစ်ပါစေ)ဟူ၍ဖြစ်စေ ဆီလျော်သလို ဆိုနိုင်ပါသည်။

မိမိအတွက်ဖြစ်လျှင် 'သောတ္ထိ မေ ဟောတု' (ငါ့အား ချမ်းသာခြင်း ဖြစ်ပါစေ)ဟူ၍လည်းကောင်း၊ မိမိနှင့်တကွအများအတွက်ဖြစ်လျှင် "သောတ္ထိ နော ဟောတု" (ငါတို့အား ချမ်းသာခြင်းဖြစ်ပါစေ) ဟူ၍လည်းကောင်း ရွတ်ဆိုနိုင်ပါသည်။

အင်္ဂုလိမာလသုတ် စာကိုယ်မှာ ပါဠိတစ်ပိုဒ်တည်းသာ ရှိသောကြောင့် အရကျက်ရန် မခက်လှပါ။

●

www.dhammaransi.com

## မိတ်ဆွေကောင်းရှိသူနှင့် မဂ္ဂင်ပွားခြင်း


ရဟန်းတို့၊ အရုဏ်တက်ခြင်းသည် နေထွက်လာရန် ရှေ့ပြေးနိမိတ် ဖြစ်သကဲ့သို့၊ ထို့အတူပင် မိတ်ဆွေကောင်း ရှိခြင်းသည် မဂ္ဂင်ခုနစ်ပါးဖြစ်ပေါ်ရန် ရှေ့ပြေးနိမိတ် ဖြစ်ပေ၏။

ရဟန်းတို့၊ မိတ်ဆွေကောင်းရှိသော ရဟန်းသည် မဂ္ဂင်ခုနစ်ပါးကို ပွားများလိမ့်မည်ဟု မျှော်လင့်အပ်ပေ၏။

မဟာဝဂ္ဂသံယုတ်
ပဌမသူရိယူပမသုတ်

မြစ်မခစာပေ

www.dhammaransi.com



# ၁၀။ ဗောဇ္ဈင်္ဂသုတ်

## (က) ဗောဇ္ဈင်္ဂသုတ်ပါဠိ

၁။ သံသာရေ သံသရန္တာနံ၊ သဗ္ဗဒုက္ခ ဝိနာသနေ၊
သတ္တ ဓမ္မေစ ဗောဇ္ဈင်္ဂေ[1]၊ မာရသေနာပမဒ္ဒနေ။

၂။ ဗုဇ္ဈိတွာ ယေစိမေ သတ္တာ၊ တိဘဝါ မုတ္တကုတ္တမာ၊
အဇာတိ မဇရာ ဗျာဓိံ၊ အမတံ နိဗ္ဘယံ ဂတာ၊

၃။ ဧဝမာဒိ ဂုဏူပေတံ၊ အနေကဂုဏသင်္ဂဟံ၊
ဩသဓဉ္စ ဣမံ မန္တံ၊ ဗောဇ္ဈင်္ဂဉ္စ ဘဏာမဟေ။

၄။ ဗောဇ္ဈင်္ဂေါ သတိသင်္ခါတော၊
ဓမ္မာနံ ဝိစယော တထာ၊
ဝီရိယံ ပီတိ ပဿဒ္ဓိ၊
ဗောဇ္ဈင်္ဂါ စ တထာ ပရေ။

၅။ သမာဓုပေက္ခာ ဗောဇ္ဈင်္ဂါ၊
သတ္တေတေ သဗ္ဗဒဿိနာ။
မုနိနာ သမ္မဒက္ခာတာ၊
ဘာဝိတာ ဗဟုလီကတာ။

---

၁။ ဗောဇ္ဈင်္ဂေ = ဗွတ်ဇင်ဂေ ဟုဖတ်ပါ။

www.dhammaranai.com

၆။ သံဝတ္တန္တိ အဘိညာယ[၁]၊ နိဗ္ဗာနာယစ ဗောဓိယာ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

၇။ ကေသ္မိံ သမယေ နာထော၊ မောဂ္ဂလ္လာနဥ္စ[၂] ကဿပံ၊
ဂိလာနေ ဒုက္ခိတေ ဒိသွာ*၊ ဗောဇ္ဈင်္ဂေ သတ္တ ဒေသယိ၊

၈။ တေ စ တံ အဘိနန္ဒိတွာ၊[၄] ရောဂါ မုစ္စိံသု တင်္ခဏေ၊
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိတေ ဟောတု သဗ္ဗဒါ၊

၉။ ကေဒါ ဓမ္မရာဇာပိ၊ ဂေလညေနာ ဘိပီဠိတော၊
စုန္ဒတ္ထေရေန တံယေဝ၊ ဘဏာပေတွာန သာဒရံ။

၁၀။ သမ္မောဒိတွာန အာဗာဓာ၊
တမှာ ဝုဋ္ဌာသိ ဌာနသော။
ဧတေန သစ္စဝဇ္ဇေန၊
သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

၁၁။ ပဟီနာ တေစ အာဗာဓာ၊ တိဏ္ဏန္နမ္ပိ[၅] မဟေသိနံ။
မဂ္ဂဟတာ ကိလေသာဝ၊ ပတ္တာ နုပ္ပတ္တိ ဓမ္မတံ[၆]။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

## (၁) ဗောဇ္ဈင်္ဂသုတ် မြန်မာပြန်

**ရှေးဦးမှတ်ဖွယ်**

ဗောဇ္ဈင်္ဂသုတ် ပါဠိ၌ "သံသာရေ သံသရန္တာနံ" မှစ၍ "ဗောဇ္ဈင်္ဂဥ ဘဏာမဟေ" အထိ ဂါထာသုံးပုဒ်သည် ဗောဇ္ဈင်္ဂသုတ်၏ အမွှန်းဂါထာ

---

၁။ အဘိညာယ=အဘိန်ညာယ ဟု ဖတ်ပါ။
၂။ မောဂ္ဂလ္လာနဥ္စ=မောက်ဂန်လာနင်စ ဟု ဖတ်ပါ။
*။ ဒိသွာ=ဒိတ်သဝါ ဟု ဖတ်ပါ။
၄။ အဘိနန္ဒိတွာ=အဘိနန်ဒိတ်တဝါ ဟု ဖတ်ပါ။
၅။ တိဏ္ဏန္နမ္ပိ=တိန်နံနံပိ ဟု ဖတ်ပါ။
၆။ ပတ္တာနုပ္ပတ္တိဓမ္မတံ=ပတ်တာနုတ်ပတ်တိဓမ်မတံ ဟု ဖတ်ပါ။

www.dhammaransi.com


များဖြစ်ပါသည်။ ယင်းဂါထာများဖြင့် ဗောဇ္ဈင်္ဂသုတ်၏ အကျိုးအာနိသင်တို့ကို ဖော်ပြလျက် ယင်းသုတ်ကို ရွတ်ဆိုရန် စိတ်အားထက်သန်မှုကို ဖြစ်စေပါသည်။

"ဗောဇ္ဈင်္ဂေါ သတိသင်္ခါတော"စ သော နောက်ဂါထာများကား ဗောဇ္ဈင်္ဂသုတ် စာကိုယ်ဖြစ်ပေသည်။ ယင်းဂါထာများမှာလည်း ဘုရားဟောတိုက်ရိုက်ကား မဟုတ်။ သံယုတ္တနိကာယ် မဟာဝဂ်ပါဠိ၌ တော်၌လာသော ဟောကြားချက်များကို ရှေးပညာရှင်တို့က ဂါထာဖြင့်ချုပ်၍ ဖွဲ့ဆိုထားခြင်း ဖြစ်ပါသည်။

ဗောဇ္ဈင်္ဂသုတ်၏ မြန်မာပြန်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

## ဗောဇ္ဈင်္ဂသုတ် အမွှန်း

၁-၃။ အိုသူတော်ကောင်းအပေါင်းတို့၊ ခုနစ်ပါးသော ဗောဇ္ဈင်တရားတို့သည် သံသရာ၌ ကျင်လည်နေကြရကုန်သော သတ္တဝါတို့၏ ခပ်သိမ်းသော ဆင်းရဲဒုက္ခတို့ကို ဖျက်ဆီးနိုင်ကုန်၏။

မာရ်စစ်သည်အပေါင်းတို့ကိုလည်း နှိမ်နင်း ခြေမှုန်းနိုင်ကုန်၏။

ယင်းဗောဇ္ဈင် တရား ခုနစ်ပါးတို့ကို ထိုးထွင်းသိမြင်ခြင်းကြောင့် မြင့်မြတ်သောသတ္တဝါတို့သည် ဘဝသုံးပါးမှ လွတ်မြောက်သွားကုန်၏။

ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်းဟူသောဘေးတို့မှ ကင်းလွတ်ရာဖြစ်သော နိဗ္ဗာန်သို့ ရောက်ကြရကုန်၏။

ဤသို့အစရှိသော အကျိုးဂုဏ်အင် အာနိသင်တို့နှင့် ပြည့်စုံသော[၁] များစွာသော ဂုဏ်အပေါင်းတို့ကို သိမ်းယူဖော်ပြရာဖြစ်သော၊ ဆေးဝါးမန္တာန်နှင့် အလားတူသော ဤဗောဇ္ဈင်္ဂသုတ်ပရိတ်ကို ယခုကျွန်ုပ်တို့ ရွတ်ဆိုကြပါကုန်စို့။

## ဗောဇ္ဈင် ခုနစ်ပါးဖြင့် သစ္စာပြုပုံ

၄-၆။ သတိသမ္ဗောဇ္ဈင်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ ဝီရိယသမ္ဗောဇ္ဈင်၊ ပီတိသမ္ဗောဇ္ဈင်၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ သမာဓိသမ္ဗောဇ္ဈင်၊ ဥပေက္ခာသမ္ဗောဇ္ဈင်

---

၁။ ပြည့်စုံသော-ဤဗောဇ္ဈင်သုတ် ပရိတ်ကိုဟု အဓိပ္ပါယ်စပ်ယူပါ။

www.dhammaransi.com

အားဖြင့် ခုနစ်ပါးသော ဗောဇ္ဈင်တရားတို့၏ သိသင့်ဖွယ်ရာအဖြာဖြာကို ကောင်းစွာကုန်စင် သိမြင်တော်မူသော မြတ်စွာဘုရားသည် ကောင်းစွာဟောကြားတော်မူ၏။ ထိုဗောဇ္ဈင် တရားခုနစ်ပါးတို့ကို ပွားများလေ့လာလျှင် သစ္စာလေးပါးကို သိမြင်ရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန်၊ မဂ်ဉာဏ်ကို ရရှိရန်ဖြစ်ကုန်၏။ ဤမှန်ကန်သောသစ္စာစကားကြောင့် သင့်အား အခါခပ်သိမ်း ချမ်းသာခြင်းဖြစ်ပါစေ။

## ရှင်မောဂ္ဂလ္လာန်နှင့် ရှင်မဟာကဿပတို့ ရောဂါပျောက်ပုံ။

၇-၈။ အခါတစ်ပါး၌ မြတ်စွာဘုရားသည် ရှင်မဟာမောဂ္ဂလ္လာန်နှင့်ရှင်မဟာကဿပတို့ ရောဂါစွဲကပ်၍ ဆင်းရဲဒုက္ခခံစား နေကြရသည်ကို မြင်တော်မူ၍ ထိုမထေရ်နှစ်ပါးတို့အား ဗောဇ္ဈင်တရား ခုနစ်ပါးကို ဟောကြားတော်မူ၏။ထိုမထေရ်နှစ်ပါးတို့သည်လည်းထိုဗောဇ္ဈင်ခုနစ်ပါး တရားကိုဝမ်းမြောက်နှစ်သက်စွာနာယူကြကုန်၍ ထိုသို့နာယူသောခဏ၌ပင် အနာရောဂါမှ လွတ်မြောက်ခဲ့ကြကုန်၏။ဤမှန်သော သစ္စာစကားကြောင့် သင့်အား အခါခပ်သိမ်း ချမ်းသာခြင်းဖြစ်ပါစေ။

## မြတ်စွာဘုရားအား ရောဂါကင်းပျောက်ပုံ

၉-၁၀။ အခါတစ်ပါး၌ တရားမင်းဖြစ်တော်မူသော မြတ်စွာဘုရားသည် ရောဂါဝေဒနာ ဖိစီးနှိပ်စက်မှုခံနေရသည်ဖြစ်၍ ထိုဗောဇ္ဈင် ခုနစ်ပါးတရားကိုပင် အရှင်စုန္ဒမထေရ်အားရွရွသေသေ လေးလေးစားစား ရွတ်ဆိုစေပြီး ဝမ်းမြောက်ကြည်နူးစွာ နာယူတော်မူ၏။ထိုသို့နာယူသည် ရှိသော် တစ်ခဏချင်း ထိုရောဂါမှ ထမြောက်တော်မူခဲ့၏။ ဤမှန်သောသစ္စာစကားကြောင့် သင့်အား အခါခပ်သိမ်း ချမ်းသာခြင်းဖြစ်ပါစေ။

## မဂ်ဖြင့်ပယ်အပ်သောကိလေသာကဲ့သို့

၁၁၊ မဂ်ဉာဏ်ဖြင့် ပယ်သတ်အပ်သော ကိလေသာ တို့သည် နောက်ထပ်တစ်ဖန် ဖြစ်ပေါ်မလာနိုင်ကုန်သကဲ့သို့ ထို့အတူပင် ရဟာန်း

www.dhammaransi.com



မြတ်သုံးပါးတို့၏ ဗောဇ္ဈင်တရားဖြင့် ပယ်အပ်သော ရောဂါဝေဒနာတို့သည်လည်း နောင်တစ်ဖန် ဖြစ်ပေါ်မလာခြင်း သဘောသို့ ရောက်ခဲ့ကြရကုန်၏။ ဤမှန်သော သစ္စာစကားကြောင့် သင့်အား အခါခပ်သိမ်း ချမ်းသာခြင်းဖြစ်ပါစေ။

## (ဂ) ဗောဇ္ဈင်သုတ်ဖြစ်ပေါ်လာပုံ

### ဗောဇ္ဈင်ဟူသည်

"ဗောဇ္ဈင်" ဟူသောပါဠိပုဒ်သည် ဗောဓိနှင့်အင်္ဂဟူသော ပုဒ်နှစ်ခုကို ပေါင်းစပ်ထားခြင်းဖြစ်သည်။ ဗောဓိ=သစ္စာလေးပါးကို ထိုးထွင်းသိမြင်သော မဂ်ဉာဏ်၏၊ အင်္ဂ-အစိတ်အပိုင်းဖြစ်သော တရား။ ဗောဇ္ဈင်=သစ္စာလေးပါးကို ထိုးထွင်းသိမြင်သော မဂ်ဉာဏ်အစိတ်အပိုင်းဖြစ်သော တရားဟု အနက်အဓိပ္ပါယ် ထွက်ပါသည်။

စင်စစ်အားဖြင့် ဝိပဿနာအားထုတ်သည့် အချိန်မှစ၍ တဖြည်းဖြည်း ရင့်ကျက်ထက်မြက်လာပြီး သစ္စာလေးပါးကို ထင်ထင်ရှားရှား ထိုးထွင်းသိမြင်သော အချိန်၌လည်း မဂ်ဉာဏ်၏ အရေးကြီးသော အစိတ်အပိုင်းများ အဖြစ်ဖြင့် ပါဝင်သော တရားများကို ဗောဇ္ဈင်= ဗောဇ္ဈင်ဟု ခေါ်ခြင်းဖြစ်ပါသည်။

လယ်တီဆရာတော်ကမူ ဗောဇ္ဈင်ခုနစ်ပါးကို ငှက်တို့၏ အတောင်အလက်နှင့် ဥပမာပြု၍ အဓိပ္ပါယ်ဖွင့်ဆိုပါသည်။ ဥခွံတွင်းမှ ပေါက်ဖွားလာသော ငှက်ငယ်ကလေးများသည် အတောင်အလက် စုံလင်သောအခါ သူတို့လိုရာအရပ်သို့ ပျံသန်းသွားနိုင်ကုန်သကဲ့သို့ ထို့အတူ ဝိပဿနာအားထုတ်သော ပုဂ္ဂိုလ်တို့သည်လည်း ဗောဇ္ဈင် ခုနစ်ပါးဟူသော အတောင်အလက်များ ကြီးပွားရင့်သန်လာသောအခါ မဂ်ဉာဏ်ဖိုလ်ဉာဏ်သို့ ဆိုက်ရောက်၍ အရိယာဘုံသို့ ကူးပြောင်းသွားကြသည်ဟု လယ်တီဆရာတော်ကြီးက ဖွင့်ဆိုခဲ့ပါသည်။

---

၁။ ရှင်မဟာကဿပ၊ ရှင်မဟာမောဂ္ဂလ္လာန်နှင့် မြတ်စွာဘုရား တို့ကို ရဟန်းမြတ်သုံးပါးဟု ဆိုခြင်းဖြစ်ပါသည်။

www.dhammaransi.com

အားဖြင့် ခုနစ်ပါးသော ဗောဇ္ဈင်တရားတို့၏ သိသင့်ဖွယ်ရာအပြာပြာကို ကောင်းစွာကုန်စင် သိမြင်တော်မူသော မြတ်စွာဘုရားသည် ကောင်းစွာဟောကြားတော်မူ၏။ ထိုဗောဇ္ဈင် တရားခုနစ်ပါးတို့ကို ပွားများ လေ့လာလျှင် သစ္စာလေးပါးကို သိမြင်ရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန်၊ မဂ်ဉာဏ်ကို ရရှိရန်ဖြစ်ကုန်၏။ ဤမှန်ကန်သောသစ္စာစကားကြောင့် သင့်အား အခါခပ်သိမ်း ချမ်းသာခြင်းဖြစ်ပါစေ။

## ရှင်မောဂ္ဂလ္လာန်နှင့် ရှင်မဟာကဿပတို့ ရောဂါပျောက်ပုံ။

၇–၈။ အခါတစ်ပါး၌ မြတ်စွာဘုရားသည် ရှင်မဟာမောဂ္ဂလ္လာန်နှင့်ရှင်မဟာကဿပတို့ ရောဂါစွဲကပ်၍ ဆင်းရဲဒုက္ခခံစား နေကြရသည်ကို မြင်တော်မူ၍ ထိုမထေရ်နှစ်ပါးတို့အား ဗောဇ္ဈင်တရား ခုနစ်ပါးကို ဟောကြားတော်မူ၏။ ထိုမထေရ်နှစ်ပါးတို့သည်လည်း ထိုဗောဇ္ဈင်ခုနစ်ပါး တရားကိုဝမ်းမြောက်နှစ်သက်စွာနာယူကြကုန်၍ ထိုသို့နာယူသောခဏ၌ပင် အနာရောဂါမှ လွတ်မြောက်ခဲ့ကြကုန်၏။ ဤမှန်သော သစ္စာစကားကြောင့် သင့်အား အခါခပ်သိမ်း ချမ်းသာခြင်းဖြစ်ပါစေ။

## မြတ်စွာဘုရားအား ရောဂါကင်းပျောက်ပုံ

၉–၁၀။ အခါတစ်ပါး၌ တရားမင်းဖြစ်တော်မူသော မြတ်စွာဘုရားသည် ရောဂါဝေဒနာ ဖိစီးနှိပ်စက်မှုခံနေရသည်ဖြစ်၍ ထိုဗောဇ္ဈင် ခုနစ်ပါးတရားကိုပင် အရှင်စုန္ဒမထေရ်အားရွရွသေသေ လေးလေးစားစား ရွတ်ဆိုစေပြီး ဝမ်းမြောက်ကြည်နူးစွာ နာယူတော်မူ၏။ ထိုသို့နာယူသည် ရှိသော် တစ်ခဏချင်း ထိုရောဂါမှ ထမြောက်တော်မူခဲ့၏။ ဤမှန်သောသစ္စာစကားကြောင့် သင့်အား အခါခပ်သိမ်း ချမ်းသာခြင်းဖြစ်ပါစေ။

## မဂ်ဖြင့်ပယ်အပ်သောကိလေသာကဲ့သို့

၁၁။ မဂ်ဉာဏ်ဖြင့် ပယ်သတ်အပ်သော ကိလေသာ တို့သည် နောက်ထပ်တစ်ဖန် ဖြစ်ပေါ်မလာနိုင်ကုန်သကဲ့သို့ ထို့အတူပင် ရဟန်း

www.dhammaransi.com



မြတ်သုံးပါးတို့၏¹ ဗောဇ္ဈင်တရားဖြင့် ပယ်အပ်သော ရောဂါဝေဒနာတို့သည်လည်း နောင်တစ်ဖန် ဖြစ်ပေါ်မလာခြင်း သဘောသို့ ရောက်ခဲ့ကြရကုန်၏။ ဤမှန်သော သစ္စာစကားကြောင့် သင့်အား အခါခပ်သိမ်း ချမ်းသာခြင်းဖြစ်ပါစေ။

## (ဂ) ဗောဇ္ဈင်သုတ်ဖြစ်ပေါ်လာပုံ

### ဗောဇ္ဈင်ဟူသည်

"ဗောဇ္ဈင်္ဂ" ဟူသောပါဠိပုဒ်သည် ဗောဓိနှင့်အင်္ဂဟူသော ပုဒ်နှစ်ခုကို ပေါင်းစပ်ထားခြင်းဖြစ်သည်။ ဗောဓိ=သစ္စာလေးပါးကို ထိုးထွင်းသိမြင်သော မဂ်ဉာဏ်၏၊ အင်္ဂ-အစိတ်အပိုင်းဖြစ်သော တရား။ ဗောဇ္ဈင်္ဂ=သစ္စာလေးပါးကို ထိုးထွင်းသိမြင်သော မဂ်ဉာဏ်အစိတ်အပိုင်းဖြစ်သော တရားဟု အနက်အဓိပ္ပါယ် ထွက်ပါသည်။

စင်စစ်အားဖြင့် ဝိပဿနာအားထုတ်သည့် အချိန်မှစ၍ တဖြည်းဖြည်း ရင့်ကျက်ထက်မြက်လာပြီး သစ္စာလေးပါးကို ထင်ထင်ရှားရှား ထိုးထွင်းသိမြင်သော အချိန်၌လည်း မဂ်ဉာဏ်၏ အရေးကြီးသော အစိတ်အပိုင်းများ အဖြစ်ဖြင့် ပါဝင်သော တရားများကို ဗောဇ္ဈင်္ဂ= ဗောဇ္ဈင်ဟု ခေါ်ခြင်းဖြစ်ပါသည်။

လယ်တီဆရာတော်ကမူ ဗောဇ္ဈင်ခုနစ်ပါးကို ငှက်တို့၏ အတောင်အလက်နှင့် ဥပမာပြု၍ အဓိပ္ပါယ်ဖွင့်ဆိုပါသည်။ ဥခွံတွင်းမှ ပေါက်ဖွားလာသော ငှက်ငယ်ကလေးများသည် အတောင်အလက် စုံလင်သောအခါ သူတို့လိုရာအရပ်သို့ ပျံသန်းသွားနိုင်ကုန်သကဲ့သို့ ထို့အတူ ဝိပဿနာအားထုတ်သော ပုဂ္ဂိုလ်တို့သည်လည်း ဗောဇ္ဈင် ခုနစ်ပါးဟူသော အတောင်အလက်များ ကြီးပွားရင့်သန်လာသောအခါ မဂ်ဉာဏ်ဖိုလ်ဉာဏ်သို့ ဆိုက်ရောက်၍ အရိယာဘုံသို့ ကူးပြောင်းသွားကြသည်ဟု လယ်တီဆရာတော်ကြီးက ဖွင့်ဆိုခဲ့ပါသည်။

---

၁။ ရှင်မဟာကဿပ၊ ရှင်မဟာမောဂ္ဂလ္လာန်နှင့် မြတ်စွာဘုရား တို့ကို ရဟန်းမြတ်သုံးပါးဟု ဆိုခြင်းဖြစ်ပါသည်။

www.dhammaransi.com



## ဗောဇ္ဈင်ခုနစ်ပါး

ဤသို့ ဗောဓိဟုခေါ်သော မဂ်ဉာဏ်၏ အထောက်အကူဖြစ်ပြီး ထိုမဂ်ဉာဏ်၌လည်း အရေးကြီးသော အစိတ်အပိုင်းများအဖြစ်ဖြင့် ပါဝင်သော ဗောဇ္ဈင်တရားတို့မှာ ခုနစ်ပါးရှိပါသည်။ ထိုခုနစ်ပါးတို့ကား—

(၁) သတိသမ္ဗောဇ္ဈင်—သတိရခြင်း၊ ကမ္မဋ္ဌာန်းအာရုံ၌ စိတ်စွဲမြဲနေခြင်း။

(၂) ဓမ္မဝိစယသမ္ဗောဇ္ဈင်—သစ္စာလေးပါးတို့၏ သဘောသဘာဝကို အဖန်ဖန် အထပ်ထပ် သုံးသပ် ဆင်ခြင်ခြင်း(ပညာ)

(၃) ဝီရိယသမ္ဗောဇ္ဈင်—ကမ္မဋ္ဌာန်းအာရုံကို ရှုမှတ်မှု၌ မတွန့်ဆုတ်ဘဲ ထက်သန်စွာအားထုတ်ခြင်း။

(၄) ပီတိသမ္ဗောဇ္ဈင်—ကမ္မဋ္ဌာန်းအာရုံများကို ထင်ရှားပြင်းစွာ ရှုမှတ်နိုင်၍ ကြည်နူးနှစ်သိမ့်ခြင်း။

(၅) ပဿဒ္ဓိသမ္ဗောဇ္ဈင်—ကြည်နူး နှစ်သိမ့်မှုကြောင့် ကိုယ်စိတ်အေးချမ်းခြင်း။

(၆) သမာဓိသမ္ဗောဇ္ဈင်—ကမ္မဋ္ဌာန်းအာရုံ၌ စူးစိုက်တည်ငြိမ်ခြင်း။

(၇) ဥပေက္ခာသမ္ဗောဇ္ဈင်—ကမ္မဋ္ဌာန်းအာရုံကို ရှုမှတ်မှု၌ မယုတ်မလွန် ညီမျှစေခြင်းသဘော။—

တို့ဖြစ်ပါသည်။

## ရောဂါပျောက်ကင်းစေနိုင်ခြင်း

ဖော်ပြပါ ဗောဇ္ဈင်ခုနစ်ပါးတို့ကား၊ အမှန်အားဖြင့် မိမိတို့စိတ်သန္တာန်၌ ကဖြည်းဖြည်း ထက်သန်ရင့်ကျက်အောင် ပွားများရမည့် တရားများဖြစ်ပါသည်။ ထိုကဲ့သို့ ပွားများရန်လည်း မြတ်စွာဘုရားက ကြိမ်ဖန်များစွာ ဟောကြားခဲ့ပါသည်။ သို့ရာတွင် ထိုဟောကြားချက်များကို ကြားနာရခြင်းဖြင့်လည်း အနာရောဂါပျောက်ကင်းခြင်းဟူသော အကျိုးထူးကို ရရှိနိုင်ပါသည်။

ဗောဇ္ဈင်သုတ်ပရိတ်တွင်ပါရှိသည့်အတိုင်း ရှင်မဟာမောဂ္ဂလ္လာန်နှင့် ရှင်မဟာကဿပတို့ နာမကျန်းဖြစ်နေစဉ် မြတ်စွာဘုရားက ဗောဇ္ဈင်ခုနစ်

www.dhammaransi.com



ပါဠိကိုဟောကြားစဲ့ရာ မထေရ်နှစ်ပါး၏ရောဂါများ ချက်ချင်းပင်ပျောက်ကင်းသွားခဲ့ကြောင်း သိရှိရပါသည်။ ထို့ပြင် မြတ်စွာ ဘုရားကိုယ်တော်တိုင် နာမကျန်း ဖြစ်စဉ်ကလည်း အရှင်စုန္ဒအား ဗောဇ္ဈင်တရားကို ဟောကြားစေပြီး မြတ်စွာဘုရားက နာယူသဖြင့် မြတ်စွာဘုရား၏ ရောဂါဝေဒနာများ ပျောက်ကင်းခဲ့သည်ဟု ဆိုပါသည်။

ဤသို့ ဗောဇ္ဈင်တရားကို နာယူခြင်းဖြင့် ရောဂါ ဝေဒနာများ ပျောက်ကင်းခြင်းကား စိတ်၏ထူးခြားသော အစွမ်းသတ္တိပင်ဖြစ်ပါသည်။ ကြည်လင်သော စိတ်အစဉ်ကြောင့် ကျန်းမာခံ့ကျန်းသော ရုပ်သစ်များ ဖြစ်ပေါ်လာပြီး ရောဂါဝေဒနာများ ပျောက်ကင်းသွားခြင်း ဖြစ်ပါသည်။

## ရှေးပညာရှင်တို့၏ အစီအစဉ်

ဗောဇ္ဈင်္ဂသုတ်ပရိတ်သည် ရှင်မဟာမောဂ္ဂလ္လာန် ရှင်မဟာကဿပနှင့် မြတ်စွာဘုရားတို့၊ ဗောဇ္ဈင်တရားကို ကြားနာရခြင်းဖြင့် ရောဂါပျောက်ကင်းပုံကို ရည်ညွှန်းလျက် သစ္စာပြုထားခြင်းဖြစ်ပါသည်။ ထို့ကြောင့်လည်း ဤသုတ်ကို 'နတ်ဆေး, နတ်မန္တာန်'တို့နှင့် ဥပမာပြုထားခြင်း ဖြစ်ပါသည်။

ရှေးပညာရှင်တို့ စီစဉ်ခဲ့သော ဤဗောဇ္ဈင်္ဂပရိတ်ကို ရွတ်ခြင်းဖြင့် အနာရောဂါ ပျောက်ကင်းစေနိုင်ဘိသကဲ့သို့ မြတ်စွာဘုရား ဟောကြားသော မူရင်း ဗောဇ္ဈင်္ဂသုတ်ကို ရွတ်ဖတ်ခြင်းဖြင့်လည်း အနာရောဂါ ပျောက်ကင်းစေနိုင်ပါသည်။ မူရင်း ဗောဇ္ဈင်္ဂသုတ်များမှာ ပါဠိစာသားချောမော ပြေပြစ်ပြီး ရွတ်ဖတ်၍လည်းကောင်းလှပါသည်။ ထို့ကြောင့် မူရင်းသုတ်တစ်သုတ်ဖြစ်သော ကဿပဗောဇ္ဈင်္ဂသုတ်(ပဌမဂိလာနသုတ်)ကို အောက်တွင် အပြည့်အစုံ ဖော်ပြလိုက်ပါသည်။

### ကဿပဗောဇ္ဈင်္ဂသုတ်ပါဠိ
### (ပဌမ ဂိလာနသုတ်)

"သတ္တိမေ ကဿပ ဗောဇ္ဈင်္ဂါ မယာ သမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။ ကတမေ သတ္တ။

www.dhammaransi.com



(၁) သတိသမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

(၂) ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ....နိဗ္ဗာနာယ သံဝတ္တတိ။

(၃) ဝီရိယသမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ .... နိဗ္ဗာနာယ သံဝတ္တတိ။

(၄) ပီတိသမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ.... နိဗ္ဗာနာယ သံဝတ္တတိ။

(၅) ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ....နိဗ္ဗာနာယ သံဝတ္တတိ။

(၆) သမာဓိသမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ....နိဗ္ဗာနာယ သံဝတ္တတိ။

(၇) ဥပေက္ခာ သမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ .... နိဗ္ဗာနာယ သံဝတ္တတိ။

ဣမေ ခေါ ကဿပ သတ္တ ဗောဇ္ဈင်္ဂါ မယာ သမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

(သံယုတ္တနိကာယ် မဟာဝဂ္ဂပါဠိ နှာ – ၇၁)

## ကဿပဗောဇ္ဈင်္ဂသုတ် မြန်မာပြန်
## အကျဉ်းချုပ်

ကဿပ၊ ငါသည် ကောင်းစွာ ဟောကြားအပ်သော ဗောဇ္ဈင် ခုနစ်ပါးတို့သည် ပွားများအပ်၊ အကြိမ်ကြိမ်အဖန်ဖန် လေ့လာအပ်သည် ရှိသော် သစ္စာလေးပါးကို အထူးသိခြင်း၊ ကိုယ်တိုင် ထိုးထွင်းသိမြင်ခြင်း၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုခြင်းငှာ ဖြစ်ကုန်၏။ ထိုဗောဇ္ဈင် ခုနစ်ပါးတို့ကား.... သတိသမ္ဗောဇ္ဈင်.... ဥပေက္ခာသမ္ဗောဇ္ဈင်တို့ ဖြစ်ပေသည် ဟု ဆိုလိုပါသည်။

### (ဃ) ဗောဇ္ဈင်္ဂသုတ်ကို ရွတ်ဖတ်သင့်သောအခါ

အိမ်သူအိမ်သားတစ်ဦး မကျန်းမမာဖြစ်သောအခါ ရဟန်းသံဃာတို့ကို ပင့်ဖိတ်၍ဖြစ်စေ၊ အကျင့်သီလနှင့်ပြည့်စုံပြီး ပရိတ်ကို ကောင်းစွာ

www.dhammaransi.com



ရွတ်တတ်သော လူပုဂ္ဂိုလ်တစ်ဦးဦးကို ပင့်ဖိတ်၍ဖြစ်စေ ဗောဇ္ဈင်္ဂသုတ်ကို နာကြားသင့်၏။

ဆွေမျိုးမိတ်ဆွေများ နာမကျန်းဖြစ်သောအခါ၌လည်း အလားတူ ဆောင်ရွက်စေသင့်၏။

ဗောဇ္ဈင်္ဂပရိတ်ကို နှုတ်တက်ရထားသူသည် အခြား မကျန်းမာသူတို့အတွက် ရွတ်ဖတ်ပေးနိုင်သကဲ့သို့ မိမိကိုယ်တိုင် နာမကျန်းဖြစ်သော အခါ၌လည်း စွမ်းနိုင်သလောက် မိမိဘာသာ ရွတ်ဆိုဆင်ခြင် နေနိုင်ပါသည်။ မိမိအတွက် ရွတ်ဆိုသည့်အခါ "သောတ္ထိတေ ဟောတု" ဟူသော စာပိုဒ်ကို "သောတ္ထိမေ ဟောတု" ဟု ပြင်၍ ရွတ်ဆိုသင့်ပါသည်။

ဆေးရုံတို့၌ အထူးရွက်ဖတ်သင့်သော ပရိတ်ဖြစ်ပေသည်။

## (င) ဗောဇ္ဈင်္ဂသုတ်၏ အကျိုးကျေးဇူး

ဗောဇ္ဈင်္ဂသုတ်ကို ယုံကြည်စွာဖြင့် နာကြားရွတ်ဖတ်လျှင် မိမိ ခံစားနေရသော ရောဂါဝေဒနာများ ပျောက်ကင်းနိုင်ပါသည်။

အမှန်အားဖြင့် ရောဂါဝေဒနာ ပျောက်ကင်းခြင်းသည် ထင်ရှားသော အကျိုးတစ်ခုသာဖြစ်၏။ ဘဝအဆက်ဆက် တိုင်အောင် လိုက်၍ အကျိုးပေးနိုင်သော ကုသိုလ်တရားများလည်း တိုးပွားသည်သာ ဖြစ်ပါသည်။

ဗောဇ္ဈင် ခုနစ်ပါးကို မြတ်စွာဘုရား ဟောကြားသည့် အတိုင်း ကြိမ်ဖန်များစွာ လေ့လာ ပွားများသူတို့သည်ကား အိုခြင်း၊ နာခြင်း၊ သေခြင်း ကင်းသော အမြိုက်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြပါလိမ့်မည်။

www.dhammaransi.com


## ကောင်းသော နံနက်ခင်း

ရဟန်းတို့၊ အကြင်သတ္တဝါတို့သည် နံနက်အချိန်၌ ကိုယ်ဖြင့် ကောင်းသောအကျင့်ကို ကျင့်ကုန်၏။ နှုတ်ဖြင့် ကောင်းသော အကျင့်ကိုကျင့်ကုန်၏။ စိတ်ဖြင့် ကောင်းသော အကျင့်ကို ကျင့်ကုန်၏။ ထိုသတ္တဝါတို့အား ကောင်းသော နံနက်ခင်းသည် ဖြစ်၏။

ရဟန်းတို့၊ အကြင်သတ္တဝါတို့သည် နေ့လယ်ခင်း၌ ကိုယ်ဖြင့် ကောင်းသောအကျင့်ကို ကျင့်ကုန်၏။ နှုတ်ဖြင့် ကောင်းသော အကျင့်ကို ကျင့်ကုန်၏။ စိတ်ဖြင့် ကောင်းသော အကျင့်ကို ကျင့်ကုန်၏။ ထိုသတ္တဝါတို့အား ကောင်းသော နေ့လယ်ခင်းသည် ဖြစ်၏။

အင်္ဂုတ္တရ တိကနိပါတ်
ပုဗ္ဗဏှသုတ်

www.dhammaransi.com



# ၁၁။ ပုဗ္ဗဏှသုတ်

## (က) ပုဗ္ဗဏှသုတ်ပါဠိ

၁။ ယံ ဒုန္နိမိတ္တံ[1] အဝမင်္ဂလဉ္စ၊
ယော စာမနာပေါ သကုဏဿ သဒ္ဒေါ။
ပါပဂ္ဂဟော ဒုဿုပိနံ[2] အကန္တံ၊
ဗုဒ္ဓါနုဘာဝေန ဝိနာသမေန္တု။

၂။ ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ၊
ယော စာမနာပေါ သကုဏဿ သဒ္ဒေါ။
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ၊
ဓမ္မာနုဘာဝေန ဝိနာသမေန္တု။

၃။ ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ၊
ယော စာမနာပေါ သကုဏဿ သဒ္ဒေါ။
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ။
သံဃာနုဘာဝေန ဝိနာသမေန္တု။

---

၁။ ယံ ဒုန္နိမိတ္တံ = ယံ ဒုန်နိမိတ်တံ ဟု ဖတ်ပါ။
၂။ ဒုဿုပိနံ = ဒုတ်သုပိန့်ဟု ဖတ်ပါ။

www.dhammaransi.com



၄။ ဒုက္ခပ္ပတ္တာ စ နိဒ္ဒုက္ခာ[1]၊
ဘယပ္ပတ္တာ စ နိဗ္ဘယာ။
သောကပ္ပတ္တာ စ နိဿောကာ၊
ဟောန္တု သဗ္ဗေပိ ပါဏိနော။

၅။ ဧတ္တာဝတာ စ[2] အမှေဟိ၊ သမ္ဘတံ ပုညသမ္ပဒံ။
သဗ္ဗေ ဒေဝါနုမောဒန္တု၊ သဗ္ဗသမ္ပတ္တိသိဒ္ဓိယာ။

၆။ ဒါနံ ဒဒန္တု သဒ္ဓါယ၊ သီလံ ရက္ခန္တု သဗ္ဗဒါ။
ဘာဝနာဘိရတာ ဟောန္တု၊ ဂစ္ဆန္တု ဒေဝတာဂတာ။

၇။ သဗ္ဗေဗုဒ္ဓါ ဗလပ္ပတ္တာ၊ ပစ္စေကာနဉ္စ ယံ ဗလံ*။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

၈။ ယံ ကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၉။ ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသုဝါ ယံရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၀။ ယံကိဉ္စိ ဝိတ္တံ ဣဓဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ၊
န နော သမံ အတ္ထိ တထာဂတေန၊

---

၁။ ဒုက္ခပ္ပတ္တာ = ဒုတ်ခတ်ပပ်တာ ဟု ဖတ်ပါ၊ နိဒ္ဒုက္ခာ = နိတ်ဒုတ်ခါဟု ဖတ်ပါ။

၂။ ဧတ္တာဝတာစ = အစ်တာဝတာစ ဟု ဖတ်ပါ။

*။ ဗလပ္ပတ္တာ = ဗလပ်ပတ်တာ ဟု ဖတ်ပါ။

ပစ္စေကာနဉ္စ = ပစ်စေကာနင်စဟု ဖတ်ပါ။

www.dhammaransi.com



ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၁။ ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ။
သဗ္ဗဗုဒ္ဓါနုဘာဝေန၊ သဒါ သုခီ ဘဝန္တု တေ။

၁၂။ ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ၊
သဗ္ဗဓမ္မာနုဘာဝေန၊ သဒါ သုခီ ဘဝန္တု တေ။

၁၃။ ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ။
သဗ္ဗသံဃာနုဘာဝေန၊ သဒါ သုခီ ဘဝန္တု တေ။

၁၄။ မဟာကာရုဏိကော နာထော၊
ဟိတာယ သဗ္ဗပါဏိနံ။
ပူရေတွာ[၁] ပါရမီ သဗ္ဗာ၊
ပတ္တော သမ္ဗောဓိမုတ္တမံ။
ဧတေန သစ္စဝဇ္ဇေန၊
သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

၁၅။ ဇယန္တော ဗောဓိယာ မူလေ၊
သကျာနံ နန္ဒိဝဍ္ဎနော[၂]။
ဧဝမေဝ ဇယော ဟောတု၊
ဇယဿု ဇယမင်္ဂလေ။

၁၆။ အပရာဇိတပလ္လင်္ကေ*၊ သီသေ ပုထုဝိပုက္ခလေ။
အဘိသေကေ သဗ္ဗဗုဒ္ဓါနံ၊ အဂ္ဂပ္ပတ္တော[၄] ပမောဒတိ။

၁၇။ သုနက္ခတ္တံ သုမင်္ဂလံ၊ သုပ္ပဘာတံ သုဟုဋ္ဌိတံ။
သုခဏော သုမုဟုတ္တော စ၊ သုယိဋ္ဌံ ဗြဟ္မစာရိသု။

၁၈။ ပဒက္ခိဏံ ကာယကမ္မံ၊ ဝါစာကမ္မံ ပဒက္ခိဏံ။
ပဒက္ခိဏံ မနောကမ္မံ၊ ပဏိဓိတေ ပဒက္ခိဏာ။

---

၁။ ပူရေတွာ = ပူရစ်တဝါဟု ဖတ်ပါ။
၂။ သကျာနံ = သက်ကျာနံဟု ဖတ်ပါ။
နန္ဒိဝဍ္ဎနော = နန်ဒိဝတ်ဒနောဟု ဖတ်ပါ။
*။ ပလ္လင်္ကေ - ပန်လင်ကေဟု ဖတ်ပါ။
၄။ အဂ္ဂပ္ပတ္တော = အက်ဂပ်ပတ်တော ဟု ဖတ်ပါ

www.dhammaransi.com


၁၉။ ပဒက္ခိဏာနိ ကတွာန[1]၊
လဘန္တတ္ထေ[2] ပဒက္ခိဏေ။
တေ အတ္ထလဒ္ဓါ သုခိတာ၊
ဝိရူဠှာ ဗုဒ္ဓသာသနေ။
အရောဂါ သုခိတာ ဟောန္တု၊
သဟ သဗ္ဗေဟိ ဉာတိဘိ။

## (ခ) ပုဗ္ဗဏှသုတ် မြန်မာပြန်

### ရှေးဦးမှတ်ဖွယ်

"ပုဗ္ဗဏှ" ဟူသောပါဠိပုဒ်သည် နံနက်အချိန်ဟူသော အနက်ကို ဟောပါသည်။ နံနက်အချိန်တွင် ရွတ်ဆိုရန် အထူး သင့်လျော်သော ကြောင့် ပုဗ္ဗဏှသုတ်ဟု အမည်တွင်ခြင်း ဖြစ်ပါသည်။

ပုဗ္ဗဏှသုတ်သည် အင်္ဂုတ္တိုရနိကာယ်၊ တိကနိပါတ် ပါဠိတော်၌ ပါရှိပါသည်။ ဤပရိတ်ကြီး (၁၁) သုတ်ပါဝင်သော ပုဗ္ဗဏှသုတ်၌ကား အထက်ပါ ဘုရားဟောပါဠိတော် ပုဗ္ဗဏှသုတ်မှ "သုနက္ခတ္တံ သုမင်္ဂလံ" စသော ဂါထာသုံးပုဒ်ကိုသာ ယူထားပါသည်။ "ယံ ဒုန္နိမိတ္တံ" မှစ၍ "အဂ္ဂပ္ပတ္တော ပမောဒတိ" အဆုံးရှိသော ဂါထာတို့မှာ ရှေးပညာရှိတို့ စီစဉ်ထည့်သွင်းခဲ့သော ဂါထာများဖြစ်ပါသည်။

ပုဗ္ဗဏှသုတ်၏ မြန်မာပြန်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

### နိမိတ်ဆိုးများ ပြေပျောက်ရန် တောင့်တပုံ

၁။ မကောင်းသောနိမိတ်၊ မကောင်းသော အမင်္ဂလာ၊ မနှစ်သက်ဖွယ်ဖြစ်သော ငှက်ဆိုးသံ၊ မကောင်းသော ဂြိုဟ်စီး ဂြိုဟ်နင်းများနှင့် မနှစ်သက်ဖွယ်ဖြစ်သော အိပ်မက်ဆိုးတို့သည် မြတ်စွာဘုရား၏ တန်ခိုးအာနုဘော်အားဖြင့် ကင်းပျောက်ခြင်းသို့ ရောက်ကြပါစေ။

---

၁။ ကတွာန = ကတ်တဝါနဟု ဖတ်ပါ။
၂။ လဘန္တတ္ထေ = လဘန်တတ်တေဟု ဖတ်ပါ။

www.dhammaransi.com


၂။ မကောင်းသောနိမိတ်၊ မကောင်းသော အမင်္ဂလာ၊ မနှစ်သက်ဖွယ်ဖြစ်သော ငှက်ဆိုးသံ၊ မကောင်းသော ဂြိုဟ်စီးဂြိုဟ်နင်းများနှင့် မနှစ်သက်ဖွယ်ဖြစ်သော အိပ်မက်ဆိုးတို့သည် တရားတော်၏ တန်ခိုးအာနုဘော်အားဖြင့် ကင်းပျောက်ခြင်းသို့ ရောက်ကြပါစေ။

၃။ မကောင်းသောနိမိတ်၊ မကောင်းသောအမင်္ဂလာ၊ မနှစ်သက်ဖွယ်ဖြစ်သော ငှက်ဆိုးသံ၊ မကောင်းသော ဂြိုဟ်စီးဂြိုဟ်နင်းများနှင့် မနှစ်သက်ဖွယ်ဖြစ်သော အိပ်မက်ဆိုးတို့သည် သံဃာတော်၏ တန်ခိုးအာနုဘော်အားဖြင့် ကင်းပျောက်ခြင်းသို့ ရောက်ကြပါစေ။

မေတ္တာပို့အမျှဝေ

၄။ ဆင်းရဲခြင်းသို့ ရောက်နေသော သတ္တဝါခပ်သိမ်းတို့သည် ဆင်းရဲခြင်းမှ ကင်းလွတ်ကြပါစေ၊ ဘေးအန္တရာယ် ရောက်နေသော သတ္တဝါခပ်သိမ်းတို့သည် ဘေးအန္တရာယ်မှ ကင်းလွတ်ကြပါစေ။ စိုးရိမ်ပူပန်ခြင်းသို့ရောက်နေသော သတ္တဝါခပ်သိမ်းတို့သည် စိုးရိမ်ပူပန်ခြင်းမှ ကင်းလွတ်ကြပါစေ။

၅။ ဤမျှသောအစဉ်ဖြင့် ကျွန်ုပ်တို့ဆည်းပူးအပ်သော ကောင်းမှု၏ ပြည့်စုံခြင်းကို နတ်ဒေဝါအားလုံးတို့က စည်းစိမ်ချမ်းသာဟူသမျှ ပြီးမြောက်စေရန် ဝမ်းမြောက်စွာ သာဓုခေါ်ကြပါကုန်လော့။

၆။ ခပ်သိမ်းသော သတ္တဝါတို့သည် ရတနာသုံးတန် ကံကံ၏ အကျိုးကို ယုံကြည်သောသဒ္ဓါဖြင့် အလှူဒါနကို လှူဒါန်းကြပါကုန်လော့။ အခါမလပ် သီလကို စောင့်ရှောက်ကြပါကုန်လော့။ သမထဘာဝနာ၊ ဝိပဿနာဘာဝနာနှစ်ပါး၌ ပျော်မွေ့သူများ ဖြစ်ကြပါကုန်လော့။ ပရိတ်တရားနာရန် ဤနေရာသို့ ရောက်လာကြကုန်သော နတ်တို့သည် ကိုယ့်ရပ်ဌာနသို့ ပြန်ကြပါကုန်လော့။

၇။ ကာယဗလ ဉာဏဗလနှင့် ပြည့်စုံခြင်းသို့ ရောက်ကုန်သော အလုံးစုံသော မြတ်စွာဘုရားတို့နှင့်တကွ ပစ္စေကဗုဒ္ဓါတို့၏ စွမ်းအားရှိန်ဝါ အာနုဘော်အားဖြင့်လည်းကောင်း၊ ရဟန္တာတို့၏ တန်ခိုးအာနုဘော်အားဖြင့် လည်းကောင်း ကျွန်ုပ်သည် ထက်အောက်ဝန်းကျင်အရပ်အားလုံးမှ အကာအကွယ် အစောင့်အရှောက်ကို ဖွဲ့ပါ၏။

www.dhammaransi.com



## ရတနာသုံးပါးဂုဏ်ဖြင့် သစ္စာပြုခြင်း

၈။ ဤလူ့ပြည်၌လည်းကောင်း၊ နဂါးပြည်၊ ဂဠုန်ပြည်တို့၌လည်းကောင်း၊ နတ်ပြည် ဗြဟ္မာ့ပြည်တို့၌လည်းကောင်း ရှိသော ရတနာဟူသမျှတို့တွင် မြတ်စွာဘုရားနှင့်တူသော ရတနာသည် မရှိ။ ဤမြတ်စွာဘုရားသည်လည်း မွန်မြတ်သော ရတနာစင်စစ်ဖြစ်ပေ၏။ ဤမှန်သော သစ္စာ, စကားကြောင့် သတ္တဝါအပေါင်းတို့အား ချမ်းသာခြင်းဖြစ်ပါစေ။

၉။ ဤလူ့ပြည်၌လည်းကောင်း၊ နဂါးပြည် ဂဠုန်ပြည်တို့၌လည်းကောင်း၊ နတ်ပြည် ဗြဟ္မာ့ပြည်တို့၌လည်းကောင်း ရှိသောရတနာဟူသမျှတို့တွင် မြတ်စွာဘုရား၏ တရားတော်နှင့် တူသောရတနာသည် မရှိ။ ဤမြတ်စွာဘုရား၏ တရားတော်သည်လည်း မွန်မြတ်သောရတနာစင်စစ်ဖြစ်ပေ၏။ ဤမှန်သောသစ္စာစကားကြောင့် သတ္တဝါအပေါင်းတို့အား ချမ်းသာခြင်း ဖြစ်ပါစေ။

၁၀။ ဤလူ့ပြည်၌လည်းကောင်း၊ နဂါးပြည် ဂဠုန်ပြည်တို့၌လည်းကောင်း၊ နတ်ပြည် ဗြဟ္မာ့ပြည်တို့၌ လည်းကောင်း ရှိသောရတနာဟူသမျှတို့တွင် မြတ်စွာဘုရား၏ တပည့်သားသံဃာနှင့်တူသော ရတနာသည်မရှိ။ ဤမြတ်စွာဘုရား၏ တပည့်သံဃာအပေါင်းသည်လည်း မွန်မြတ်သောရတနာစင်စစ်ဖြစ်ပေ၏။ ဤမှန်သောသစ္စာစကားကြောင့် သတ္တဝါအပေါင်းတို့အား ချမ်းသာခြင်း ဖြစ်ပါစေ။

## မင်္ဂလာဆုတောင်း

၁၁။ သတ္တဝါအပေါင်းတို့အား ကောင်းသော မင်္ဂလာဟူသမျှ ဖြစ်ပါစေ။ ခပ်သိမ်းသောနတ်တို့က စောင့်ရှောက်ကြပါစေ။ ထိုသတ္တဝါအပေါင်းတို့သည် ခပ်သိမ်းသောမြတ်စွာဘုရားတို့၏ တန်ခိုးအာနုဘော်အားဖြင့် အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာချမ်းသာခြင်း ရှိကြပါစေ။

၁၂။ သတ္တဝါအပေါင်းတို့အား ကောင်းသောမင်္ဂလာဟူသမျှ ဖြစ်ပါစေ၊ ခပ်သိမ်းသောနတ်တို့က စောင့်ရှောက်ကြပါစေ၊ ထိုသတ္တဝါအပေါင်းတို့သည် ခပ်သိမ်းသောတရားတော်တို့၏ တန်ခိုးအာနုဘော်အားဖြင့် အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းရှိကြပါစေ။

www.dhammaransi.com



၁၃။ သတ္တဝါအပေါင်းတို့အား ကောင်းသောမင်္ဂလာဟူသမျှ ဖြစ်ပါစေ။ ခပ်သိမ်းသောနတ်တို့က စောင့်ရှောက်ကြပါစေ၊ ထိုသတ္တဝါအပေါင်းတို့သည် ခပ်သိမ်းသော သံဃာတော်တို့၏ တန်ခိုးအာနုဘော်အားဖြင့် အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း ရှိကြပါစေ။

## ဗောဓိဉာဏ်တော်ဖြင့် သစ္စာပြုပုံ

၁၄။ မဟာကရုဏာရှင်ဖြစ်သောမြတ်စွာဘုရားသည် ခပ်သိမ်းသောသတ္တဝါတို့၏ အကျိုးစီးပွားကို ပြုနိုင်ရန်အတွက် ဒါနအစရှိသော ပါရမီအားလုံး ကို ဖြည့်ကျင့်တော်မူပြီး အရဟတ္တမဂ်ဉာဏ်သဗ္ဗညုတဉာဏ် တည်းဟူသော ဗောဓိဉာဏ်သို့ ဆိုက်ရောက်တော်မူခဲ့၏။ ဤမှန်သောသစ္စာစကားကြောင့် သင့်အားအခါခပ်သိမ်း ချမ်းသာခြင်းဖြစ်ပါစေ။

## အောင်ဆုတောင်း ဂါထာ

၁၅။ သာကီဝင်မင်းမျိုးတို့၏ နှစ်သက်ဝမ်းမြောက်မှုကို တိုးပွားစေတတ်သော မြတ်စွာဘုရားသည် ဗောဓိပင်ရင်း၌ မာရ်ငါးပါးကိုအောင်မြင်တော်မူသကဲ့သို့ ထို့အတူ သင်သည် ဘေးရန်ခပ်သိမ်းကို အောင်မြင်ပါစေ၊ အောင်မြင်မှုမင်္ဂလာတို့ကို ရရှိပါစေ။

၁၆။ သာကီဝင်မင်းမျိုးတို့၏ နှစ်သက်ဝမ်းမြောက်မှုကို တိုးပွားစေတတ်သော မြတ်စွာဘုရားသည် ခပ်သိမ်းသော မြတ်စွာဘုရားတို့၏အောင်ပွဲခံရာဖြစ်၍ ထူးမြတ်သော မြေပြင်ဖြစ်သော အပရာဇိတပလ္လင်ထက်၌ အမြတ်ဆုံးဖြစ်သော ဘုရားအဖြစ်သို့ ရောက်သည်ဖြစ်၍ ဝမ်းမြောက်တော်မူရ၏။ ထို့အတူ သင်တို့သည်လည်း အထွတ်အထိပ်သို့ ရောက်ကုန်သည်ဖြစ်၍ ဝမ်းမြောက်နိုင်ကြပါစေ။

## နောက်ဆုံးအာသီသ

၁၇။ သတ္တဝါ အပေါင်းတို့အား ကောင်းသော နက္ခတ် ကောင်းသော မင်္ဂလာသည်ဖြစ်ပါစေ။ ကောင်းသော မိုးလင်းခြင်း၊ ကောင်းသော အိပ်ရာမှထခြင်းသည်ဖြစ်ပါစေ။ ကောင်းသောခဏ ကောင်း

www.dhammaransi.com



သောမှုဟုတ်သည်ဖြစ်ပါစေ။ အကျင့်မြတ်ကို ကျင့်သော ပုဂ္ဂိုလ်တို့၌ ကောင်းသော ပူဇော်ခြင်းသည် ဖြစ်ပါစေ။

၁၇။ သင့်အား တိုးတက် ကြီးပွားကြောင်း ကောင်းမြတ်သောကာယကံ၊ ကောင်းမြတ်သောဝစီကံ၊ ကောင်းမြတ်သော မနောကံသည်ဖြစ်ပါစေ။ တိုးတက်ကြီးပွားကြောင်း ကောင်းမြတ်သော အမှု၌ စိတ်ကိုဆောက်တည်နိုင်သည် ဖြစ်ပါစေ။ (ကောင်းသော သုစရိုက်မှုတို့ကိုသာ ပြုလုပ်နိုင်ကြပါစေဟုဆိုလိုပါသည်။)

၁၈။ တိုးတက်ကြီးပွားကြောင်း ကောင်းသော အမှုတို့ကိုသာ ပြုလုပ်ကုန်သည်ရှိသော် ထိုသူတို့သည် ကောင်းမြတ်သော အကျိုးစီးပွားတို့ကိုရရှိကုန်၏။ သင်တို့သည် ကောင်းမြတ်သော အ[illegible] စီးပွားတို့ကို ရရှိ၍ ချမ်းသာခြင်းသို့ ရောက်ကြပြီး မြတ်စွာဘုရား၏ သာသနာတော်၌ ကြီးပွားတိုးတက်သူများဖြစ်ကြပါစေ၊ ဆွေမျိုးဉာတိအပေါင်းတို့နှင့်တကွ ရောဂါဝေဒနာကင်းလျက် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း ရှိသူများ ဖြစ်ကြပါစေ။

## (ဂ) ပုဗ္ဗဏှသုတ် ဖြစ်ပေါ်လာပုံ

**ဘုရားဟောမူရင်းစကား**

မြတ်စွာဘုရားဟောကြားခဲ့သော ပုဗ္ဗဏှသုတ်မူရင်းသည် အင်္ဂုတ္တရနိကာယ် တိကနိပါတ်ပါဠိတော်၌ပါရှိ၏။ ထိုသုတ်၌– "ရဟန်းတို့ အကြင်သတ္တဝါတို့သည် နံနက်စောစော၌ ကိုယ်ဖြင့်ကောင်းသော အကျင့်ကို ကျင့်ကုန်၏။ နှုတ်ဖြင့်ကောင်းသော အကျင့်ကို ကျင့်ကုန်၏။ စိတ်ဖြင့် ကောင်းသောအကျင့်ကို ကျင့်ကုန်၏။ ထိုသတ္တဝါတို့အား ထိုနံနက်ခင်းသည် ကောင်းသောနံနက်ခင်းဖြစ်၏။

ရဟန်းတို့၊ အကြင်သတ္တဝါတို့သည် နေ့လယ်ခင်းအချိန်၌ ကိုယ်ဖြင့်ကောင်းသောအကျင့်ကို ကျင့်ကုန်၏။ နှုတ်ဖြင့်ကောင်းသော အကျင့်ကို ကျင့်ကုန်၏။ စိတ်ဖြင့်ကောင်းသော အကျင့်ကို ကျင့်ကုန်၏။ ထိုသတ္တဝါတို့အား ထိုနေ့လယ်ခင်းသည် ကောင်းသော နေ့လယ်ခင်း ဖြစ်၏။

www.dhammaransi.com



ရဟန်းတို့၊ အကြင်သတ္တဝါတို့သည် ညနေခင်းအချိန်၌ ကိုယ်ဖြင့်ကောင်းသော အကျင့်ကိုကျင့်ကုန်၏။ နှုတ်ဖြင့်ကောင်းသော အကျင့်ကိုကျင့်ကုန်၏။ စိတ်ဖြင့်ကောင်းသော အကျင့်ကိုကျင့်ကုန်၏။ ထိုသတ္တဝါတို့အား ထိုညနေခင်းသည် ကောင်းသော ညနေခင်းဖြစ်၏။''-

ဟူ၍ မြတ်စွာဘုရား ဟောကြားခဲ့ပါသည်။ ထို့နောက်တွင်မှ ''သုနက္ခတ္တံ သုမင်္ဂလံ''အစရှိသော ဂါထာသုံးပုဒ်ကို ဆက်လက်ဟောကြားပါသည်။

## ရှေးပညာရှင်တို့၏အစီအစဉ်

ပရိတ်ကြီး(၁၁)သုတ်၏ နောက်ဆုံးဖြစ်သော ဤပုဗ္ဗဏှသုတ်တွင်မူ အထက်ပါဟောကြားချက်မှ ''သုနက္ခတ္တံ သုမင်္ဂလံ'' အစရှိသော ဂါထာသုံးပုဒ်ကိုသာ ယူထားပါသည်။ ထိုဂါထာသုံးပုဒ်နှင့်အတူ အခြားကောင်းနိုးရာရာ ဂါထာ(၁၅)ပုဒ်တို့ဖြင့် ဖြည့်စွက်၍ ပုဗ္ဗဏှပရိတ်ဟူ၍ ရှေးပညာရှင်တို့က စီစဉ်ထားရှိခြင်း ဖြစ်ပါသည်။

ဤပုဗ္ဗဏှသုတ်တစ်ခုလုံးကို ခြုံ၍ကြည့်သောအခါ-

(၁) ရတနာသုံးပါး၏ အာနုဘော်ဖြင့် နိမိတ်ဆိုး ဂြိုဟ်ဆိုးစသည်များကင်းပျောက်စေရန် တောင့်တပုံ။

(၂) သတ္တဝါအားလုံး ဘေးအန္တရာယ် ကင်းရှင်းစေရန် မေတ္တာပို့ပုံ။

(၃) နတ်တို့အား အမျှပေးဝေပုံ။

(၄) ရတနာသုံးပါးတို့၏ ဂုဏ်တော်များဖြင့် သတ္တဝါများ ချမ်းသာကြစေရန် သစ္စာပြုပုံ။

(၅) ရတနာသုံးပါး၏ အာနုဘော်နှင့် နတ်တို့၏စောင့်ရှောက်မှုဖြင့် သတ္တဝါများ ချမ်းသာကြစေရန် တောင့်တပုံ။

(၆) သတ္တဝါတို့သည် တိုးတက်ကြီးပွားကြောင်း ကောင်းသောအမှုတို့ကိုသာပြုကျင့်၍ ချမ်းသာခြင်းသို့ ရောက်ကြစေရန် တောင့်တပုံ-

-စသည်တို့ကို ဖော်ပြထားကြောင်း တွေ့ရပါသည်။

www.dhammaransi.com



## နိမိတ်ဆိုးကြောင့် ဆိုးကျိုးဖြစ်သည်မဟုတ်။

အဆိုပါ ဖော်ပြချက်တွင် နိမိတ်ဆိုး အိပ်မက်ဆိုး စသည်တို့နှင့် ပတ်သက်၍ အနည်းငယ် ရှင်းလင်းဖွယ်ရှိပါသည်။ သတ္တဝါတို့၌ မကောင်းကျိုးများ ဖြစ်ပေါ်လာခြင်းသည် နိမိတ်ဆိုး အိပ်မက်ဆိုး စသည်တို့ကြောင့်မဟုတ်။ မိမိတို့ပြုလုပ်မိသော မကောင်းမှု အကုသိုလ်ကံကြောင့်သာဖြစ်ပေသည်။

သို့ရာတွင် အချို့သော အကုသိုလ်ကံတို့သည် အကျိုးပေးရမည့် အချိန်သို့ ရောက်သောအခါ ချက်ချင်း အကျိုးမပေးနိုင်သေးဘဲ မိမိအား အထောက်အကူပြုပေးသည့်အကြောင်း အင်္ဂါများ ဆုံစည်းညီညွတ်မှသာလျှင် အကျိုးပေးနိုင်ကြ၏။ ဤသို့အကြောင်းအင်္ဂါများ ဆုံစည်းညီညွတ်သည်နှင့် တစ်ပြိုင်နက် တစ်စုံတစ်ခုသော အကုသိုလ်ကံကအကျိုးပေးရန် အားယူနေချိန်တွင် ကာယကံရှင်ဖြစ်သော ပုဂ္ဂိုလ်၌ မကောင်းသောနိမိတ်၊ မကောင်းသောအိပ်မက် စသည်တို့ဖြစ်ပေါ်လာတတ်သည်။ အကုသိုလ်ကံအကျိုးပေးခွင့်ရ၍ မကောင်းကျိုးများ ခံစားရသောအခါ၌လည်း နိမိတ်ဆိုး အိပ်မက်ဆိုး စသည်တို့ကြောင့်ပင် မကောင်းကျိုးခံစားရသည်ဟု ယုံကြည်လေ့ရှိကြသည်။

စင်စစ် ထိုယုံကြည်မှုသည် မှန်ကန်သောယုံကြည်မှုမဟုတ်၊ ကောင်းကျိုးဆိုးကျိုးကို ဖန်တီးနိုင်သောအရာမှာ ကံသာလျှင်ဖြစ်ပေ၏။ နိမိတ်ပြခြင်း၊ အိပ်မက်မြင်မက်ခြင်း စသည်တို့သည် ထူးခြားသောကံ၏ အစွမ်းသတ္တိနှင့် အခြားသောအကြောင်း တိုက်ဆိုင်မှု၊ စိတ်ချောက်ချားမှု စသည်တို့ကြောင့် ကြိုတင်ထင်ဟပ်လာချက်များသာ ဖြစ်ပေသည်။

## ကုသိုလ်ကံ၏ အစွမ်းသတ္တိ

ရတနာသုံးပါးတို့၏ ဂုဏ်တော်များကို ဆင်ခြင်ပွားများခြင်းသည် အစွမ်းသတ္တိကြီးမားသော ကုသိုလ်ကံများဖြစ်ပေ၏။ ထိုကုသိုလ်ကံတို့ဖြင့် အကျိုးပေးရန်ရှိသော အကုသိုလ်ကံတို့၏ အကြောင်းအင်္ဂါအချို့ကို လမ်းလွှဲပစ်နိုင်၏။ အစွမ်းသတ္တိမကြီးလှသော အကုသိုလ်ကံတို့ကိုမူ လုံးဝအကျိုးမပေးနိုင်အောင် တားဆီးနိုင်၏။ ထိုအကုသိုလ်ကံတို့က အကျိုးမပေးနိုင်သောအခါ ယင်းတို့၏ ထင်ဟပ်ချက်ဖြစ်သော အတိတ်နိမိတ်

www.dhammaransi.com



စသည်တို့မှာလည်း တစ်စုံတစ်ရာအကျိုးသက်ရောက်မှုမရှိဘဲ ပြေပျောက်သွားကြသည်။ ထို့ကြောင့်လည်း ''မကောင်းသောနိမိတ်၊ မကောင်းသောအိပ်မက်တို့သည် မြတ်စွာဘုရား၏ တန်ခိုးအာနုဘော် အားဖြင့် ပျောက်ပျက်ခြင်းသို့ ရောက်ပါစေ'' စသည်ဖြင့် ဤပုဗ္ဗဏှသုတ်၌ အာသီသပြုထားခြင်းဖြစ်ပေသည်။

### အစွမ်းထက်သောပရိတ်

ထို့ပြင် ရတနာသုံးပါး၏ ဂုဏ်တော်တို့ကို ရွတ်ဖတ်ပွားများခြင်းဖြင့် အတိတ်ဆိုး နိမိတ်ဆိုးများ ထင်မြင်လာခြင်း၊ ဂြိုဟ်စီးဂြိုဟ်နင်းမကောင်းခြင်း၊ အိပ်မက်ဆိုး မြင်မက်ခြင်း စသည်တို့ကြောင့်ဖြစ်သောစိတ်ချောက်ချားမှု၊ စိတ်မကြည်လင်မှုများ ကင်းပျောက်နိုင်ပါသည်။ သို့ဖြစ်၍ ဘုရားဟောဂါထာသုံးပုဒ်ကို အခြေခံလျက် ရှေးပညာရှင်တို့ ဆီလျော်လျောက်ပတ်စွာ စီစဉ်ရေးသားခဲ့သော ဤပုဗ္ဗဏှသုတ်သည်လည်း အစွမ်းထက်မြက်သော ပရိတ်အရံအတားဖြစ်ကြောင်း သံသယကင်းရှင်းစွာ ယုံကြည်အပ်ပေသည်။

ယင်းသို့ ယုံကြည်သကဲ့သို့ပင် မူရင်း ပုဗ္ဗဏှသုတ်၌ ပါရှိသော မြတ်စွာဘုရားရှင်၏ ဟောကြားချက်နှင့်အညီ ရောက်ရှိလာသော နေ့တိုင်းနေ့တိုင်း မကောင်းသော ဒုစရိုက်မှုတို့မှ ရှောင်ရှားပြီး ကောင်းသောသုစရိုက်မှုတို့ကို ပြုလုပ်ဆည်းပူးခြင်းဖြင့် ကောင်းသောနေ့၊ ကောင်းသောအချိန်အခါများ ဖြစ်အောင် အစွမ်းကုန် ကြိုးစားအားထုတ်ကြရမည်ဖြစ်ပါသည်။

## (ဃ) ပုဗ္ဗဏှသုတ် ရွတ်ဖတ်သင့်သောအခါ

''ပုဗ္ဗဏှ'' ဟူသောအမည်နှင့် လျော်ညီစွာ ဤသုတ်ကို နံနက်စောစော အိပ်ရာမှထစ အချိန်တိုင်း အထူး ရွတ်ဖတ်သင့်ပါသည်။ လာမည့်တစ်နေ့တာကာလအတွက် ကောင်းသောအလုပ်များကိုသာ ပြုလုပ်ပြီး ကောင်းကျိုး ချမ်းသာများ တိုးပွားစေရန် ရည်ညွှန်းထားသောသုတ်ဖြစ်ပါသည်။ သို့ရာတွင် နေ့လယ်ခင်းနှင့် ညဉ့်ပိုင်းအချိန်တို့၌ ရွတ်ဖတ်လျှင်လည်း ထပ်တူထပ်မျှပင် အကျိုးရှိနိုင်ပါသည်။

www.dhammaransi.com




ထို့ပြင် "သမန္တာ စက္ကဝါဠေသု"အစရှိသော နတ်ပင့်ဂါထာများနှင့်တကွ ပရိတ်ကြီး(၁၁)သုတ်ကို ရွတ်ဖတ်သည့်အခါ ပုဗ္ဗဏှသုတ်ကို နောက်ဆုံး ရွတ်ဖတ်သင့်ပါသည်။ အကြောင်းမှာ ယင်းသုတ်၌ နတ်တို့အားအမျှပေးဝေပုံနှင့် မိမိနေရာဌာနသို့ ပြန်သွားရန် ပြောကြားပုံများ ပါရှိသောကြောင့်ဖြစ်ပါသည်။

## (င) ပုဗ္ဗဏှသုတ်၏ အကျိုးကျေးဇူး

ပုဗ္ဗဏှသုတ်ကို ရွတ်ဖတ်ခြင်းဖြင့် မကောင်းသော အတိတ်နိမိတ်များ၊ မကောင်းသော ဂြိုဟ်စီးဂြိုဟ်နင်းများနှင့် အိပ်မက်ဆိုးမြင်မက်ခြင်းများကို ကင်းပျောက်စေနိုင်သည်။ စည်းစိမ်ဥစ္စာ မင်္ဂလာကျက်သရေအမျိုးမျိုး တိုးပွားစေနိုင်ပါသည်။

www.dhammaransi.com



# ပရိတ်ကြီး(၁၁)သုတ် အကျိုးပြလင်္ကာ

ပရိတ်ကြီး (၁၁) သုတ်နှင့် ပတ်သက်၍ ရှေးဆရာမြတ်တို့က အောက်ပါ လင်္ကာကို စပ်ဆိုခဲ့ကြပါသည်။

အစိန္တေယျ၊ ဂုဏ်ပေါင်းခ,သည့်၊ လောကတန်ဆောင်၊ ငါးမာရ် အောင်ဟု၊ ဘုန်းရောင်လျှံကြွား၊ ရှင်တော်ဘုရား၏၊ ဟောကြားညွှန်ပြီး၊ ပရိတ်ကြီးလာ၊ အကျိုးမှာကား—

(၁) မင်္ဂလသုတ်၊ ဆိုညွှန်းထုတ်သော်၊ လောကုတ်လောကီ၊ နှစ်လီ မင်္ဂလာ၊ ချမ်းသာကောင်းကျိုး၊ ရွာသွန်းမိုးသို့ စွေဖြိုးလျှံပ၊ တိုးပွားလှ၏။

(၂) ရတနသုတ်မြတ်၊ သုံးကြိမ်ရွတ်က၊ သတ်ဖြတ်ခန္ဓာ၊ ရောဂါ ဥပဒ်၊ ငတ်မွတ် ခေါင်းပါး၊ ကပ်သုံးပါးတို့၊ ရှောင်ရှား ကွယ်ပ၊ ငြိမ်းအေးလှ၏။

(၃) မေတ္တသုတ်မှာ၊ ဒေဝါနတ်များ၊ ချစ်ခင်ပွား၍၊ ဆိုးရွား အိပ်မက်၊ မမြင်မက်ဘဲ၊ အိပ်စက်နိုးထ၊ ချ[illegible] သ[illegible] [illegible]ကာ၊ ရန်စရန်ငြောင့်၊ မြန်ပျောက်လိုက၊ ရွတ်ကြ[illegible]ဟု[illegible]၊ ခုနှစ်အုပ် တည်း။

(၄) ခန္ဓသုတ်မှန်၊ ဆိပ်ထန်ဆိုးရွား၊ မြွေကင်းများနှင့်၊ သစ်ကျား ဝံအောင်း၊ သားရဲပေါင်းတို့၊ ကွာရှောင်းဝေးရာ၊ ဖဲသွား ခွာအောင်၊ ရွတ်ပါနေ့ည ကိုးကြိမ်မျှတည်း။

www.dhammaransi.com


(၅) မောရသုတ်မှာ၊ ရာဇဝင်ဘေး၊ ပြေး၍မလွတ်၊ မချွတ်ရောက်ဖြား၊ ရင်ဆိုင်လားသော်၊ စိတ်အားမပျက်၊ နေထွက်နေဝင်၊ မြဲပင်မမြတ်၊ ရွှတ်ဆိုအပ်၏။

(၆) ဝဋ္ဋသုတ်မှာ၊ ရွာမီးမြို့မီး၊ တောမီးမကျန်၊ မီးဘေးရန်မှ၊ ကင်းဝေးရ၏။

(၇) ဇေဂ္ဂသုတ်မှာ၊ ပြင်းစွာကြောက်လှ၊ တုန်လှုပ်ကြ၍၊ စိတ်ကချောက်ချား၊ ထိတ်လန့်များလျက်၊ ကြောက်အားဖိစီး၊ ကြက်သီးဖျန်းလာ ရွတ်ဆိုရာ၏။

(၈) အာဋာနာဋိယ၊ ရွတ်ဖတ်ကြလေ၊ တစ္ဆေမှင်စာ၊ မာတြာမြေဘုတ်၊ ဖုတ် သဘက် ကြွက်၊ နတ်ဆိုးမကျန်၊ ကုမ္ဘာန်ဘီလူး၊ ထူးထူးနှောင့်ယှက်၊ နှိပ်စက်မရှိ၊ ချမ်းသာဘိ၏။

(၉) အင်္ဂုလိမာလ၊သုတ်အရမူ၊ မိန်းမဓမ္မတာ၊ မီးဖွားခါနီး၊ဆင်းရဲကြီးက၊ မည်းဆောလျှင်၊ ဖွားမြင်စေလို၊ ရေကို သုံးခါ၊ စစ်ပြီးကာမှ၊ခုနစ်ခါမန်းတိုက်၊ကိုယ်၌စွဲဝင်၊ဘေးဘျမ်းစင်၏။

(၁၀) ဗောဇ္ဈင်သုတ်မြတ်၊သုံးကြိမ်ဖတ်မူ၊ စွဲလက်ရောဂါ၊ဝေဒနာမှ၊ ပိန်းကြာဖက်တွင်၊ ရေမတင်သို့၊ ကြည်လင်အေးမြ၊ ချမ်းသာရ၏။

(၁၁) ပုဗ္ဗဏှသုတ်ကို၊ ရွတ်ဖတ်ဆိုသော်၊ ဂြိုဟ်စီးဂြိုဟ်နင်း၊ ဆိုးရွားခြင်းတွင်၊ နိမ့်ဆင်းကြမှာ၊ ဆိုးဒသာနှင့်၊ ဇာတာစန်းလဂ်၊ ညှိုးနွမ်းချက်မှ၊ဆက်ဆက်မချ၊လွတ်ကင်းကြသည်၊ဒိဋ္ဌလက်ငင်းကောင်းကျိုးတည်း။

❁

www.dhammaransi.com

# ပရိတ်ကြီး (၁၁) သုတ်နှင့် ဝတ်ရွတ်စဉ်

## (က) ခုနစ်ရက်ခွဲ၍ရွတ်ပုံ

ပရိတ်ကြီး(၁၁)သုတ်ကို တစ်ဦးချင်း တစ်ယောက်ချင်းအနေဖြင့် ရွတ်ဖတ်သည့်အခါ တစ်နေ့လျှင် တစ်သုတ်ဖြစ်စေ၊ နှစ်သုတ် သုံးသုတ် ဖြစ်စေ အဆင်ပြေသလို ရွတ်ဖတ်နိုင်ပါသည်။

နေ့စဉ်မပြတ် ဝတ်တက်ဝတ်ကပ်ခြင်းပြုသော ပရိတ်အသင်း၊ ဝတ်အသင်းများအနေဖြင့်မူ ပရိတ်ကြီး(၁၁)သုတ်ကို (၇)ရက်စာအတွက် (၇)ပိုင်း ပိုင်း၍ ရွတ်ဖတ်နိုင်ပါသည်။

ထိုသို့ (၇)ပိုင်း ပိုင်း၍ ရွတ်ဖတ်သည့်အခါ "သမန္တာ စက္ကဝါဠေသု"မှစ၍ "အာရက္ခံ ဂဏှန္တု" တိုင်အောင်သော ပါဠိကို နေ့စဉ်စဉ်၍ ရွတ်ဖတ်ပြီး—

(၁) တနင်္ဂနွေနေ့၌ — မင်္ဂလသုတ်
(၂) တနင်္လာနေ့၌ — ရတနသုတ်
(၃) အင်္ဂါနေ့၌ — မေတ္တသုတ်နှင့် ခန္ဓသုတ်
(၄) ဗုဒ္ဓဟူးနေ့၌ — မောရသုတ်နှင့် ဝဋ္ဋသုတ်
(၅) ကြာသပတေးနေ့၌ — ဓဇဂ္ဂသုတ်
(၆) သောကြာနေ့၌ — အာဋာနာဋိယသုတ်
(၇) စနေနေ့၌ — အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ် ပုဗ္ဗဏှသုတ်

တို့ကို ရွတ်ဖတ်လေ့ရှိကြပါသည်။

## (ခ) အများသုံး ဝတ်ရွတ်စဉ်

အထက်ဖော်ပြပါအစီအစဉ်အတိုင်း ပရိတ်ကြီးပါဠိကိုရွတ်ဖတ်ပြီး နောက် မေတ္တာပို့၊ အမျှဝေ၊ အန္တရာယ်ကင်းဂါထာ စသည်တို့ ပါဝင်သော ဝတ်ရွတ်စဉ်ပါဠိများကို ဆက်လက်၍ ရွတ်ဖတ်လေ့ရှိကြပါသည်။ ထိုရွတ်စဉ်ပါဠိမှာ ဘုရားဟော သုတ်တော်များနှင့် အခြားကျမ်းတို့မှ ကောင်းနိုးရာရာတို့ကို ရွေးချယ်ထုတ်နုတ်၍ ရှေးဆရာမြတ်တို့ စီစဉ်ခဲ့ခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံအတွင်းရှိ ပရိယတ္တိ စာသင်တိုက်ကြီးများနှင့် တကွ ဘုန်းတော်ကြီးကျောင်း အသီးသီးတို့၌လည်း ထိုဝတ်ရွတ်စဉ်ကို နေ့စဉ် ရွတ်ဆိုလေ့ရှိကြပါသည်။

ဤစာအုပ်မှာမူ လူပုဂ္ဂိုလ်များနှင့်ဝတ်အသင်းများအတွက် အထူး ရည်ရွယ်ရေးသားခြင်းဖြစ်၍ ယင်းတို့နှင့်ဆီလျော်သော ဝတ်ရွတ်စဉ်ကို ပရိတ်ကြီးလက်စွဲ၏နောက်ဆက်တွဲအဖြစ် ထည့်သွင်းဖော်ပြလိုက်ပါသည်။

## (ဂ) ဝတ်ရွတ်စဉ်ပါဠိ

မေတ္တာပို့

၁။ အဟံ အဝေရော ဟောမိ၊
အဗျာပဇ္ဈော ဟောမိ၊
အနီဃော ဟောမိ၊
သုခီအတ္တာနံ ပရိဟရာမိ၊
ဒုက္ခာ မုစ္စာမိ၊
ယထာလဒ္ဓသမ္ပတ္တိတော မာ ဝိဂစ္ဆာမိ
ကမ္မဿကော။

၂။ မာတာပိတု အာစရိယာ
ဉာတိမိတ္တသမူဟာ၊
အဝေရာဟောန္တု၊
အဗျာပဇ္ဈာ ဟောန္တု၊
အနီဃာ ဟောန္တု၊
သုခီ အတ္တာနံ ပရိဟရန္တု၊

ဒုက္ခာ မုစ္စန္တု၊
ယထာလဒ္ဓ သမ္ပတ္တိတော မာဝိဂစ္ဆန္တု၊
ကမ္မဿကာ။

၃။ ဣမသ္မိံ ဂါမေ၊ ဣမသ္မိံ နဂရေ၊ ဣမသ္မိံ ရဋ္ဌေ မနုဿာ
အဝေရာ ဟောန္တု၊
အဗျာပဇ္ဈာ ဟောန္တု၊
အနီဃာ ဟောန္တု၊
သုခီ အတ္တာနံ ပရိဟရန္တု၊
ဒုက္ခ မုစ္စန္တု၊
ယထာလဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆန္တု၊
ကမ္မဿကာ။

၄။ အာရက္ခဒေဝတာ ဘုမ္မဋ္ဌဒေဝတာ
ရုက္ခဋ္ဌ ဒေဝတာ အာကာသဋ္ဌ ဒေဝတာ
အဝေရာ ဟောန္တု၊
အဗျာပဇ္ဈာ ဟောန္တု၊
အနီဃာ ဟောန္တု၊
သုခီ အတ္တာနံ ပရိဟရန္တု၊
ဒုက္ခာ မုစ္စန္တု၊
ယထာလဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆန္တု၊
ကမ္မဿကာ။

၅။ ပုရတ္ထိမာယ ဒိသာယ၊ ပစ္ဆိမာယ ဒိသာယ
ဥတ္တရာယ ဒိသာယ၊ ဒက္ခိဏာယ ဒိသာယ၊
ပုရတ္ထိမာယ အနုဒိသာယ၊ ပစ္ဆိမာယ အနုဒိသာယ
ဥတ္တရာယ အနုဒိသာယ၊ ဒက္ခိဏာယ အနုဒိသာယ
ဟေဋ္ဌိမာယ ဒိသာယ၊ ဥပရိမာယ ဒိသာယ
သဗ္ဗေ သတ္တာ သဗ္ဗေ ပါဏာ
သဗ္ဗေ ဘူတာ သဗ္ဗေ ပုဂ္ဂလာ
သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ
သဗ္ဗာ ဣတ္ထိယော သဗ္ဗေ ပုရိသာ

www.dhammaransi.com


သဗ္ဗေ အရိယာ သဗ္ဗေ အနရိယာ
သဗ္ဗေ ဒေဝါ သဗ္ဗေ မနုဿာ
သဗ္ဗေ ဝိနိ ပါတိကာ
အဝေရာ ဟောန္တု၊
အဗျာပဇ္ဇာ ဟောန္တု၊
အနီဃာ ဟောန္တု၊
သုခီ အတ္တာနံ ပရိဟရန္တု၊
ဒုက္ခာ မုစ္စန္တု၊
ယထာလဒ္ဓသမ္ပတ္တိတော မာ ဝိဂစ္ဆန္တု၊
ကမ္မဿကာ။ [၁]

၆။ ဥဒ္ဓံ ယာဝ ဘဝဂ္ဂါ စ၊ အဓော ယာဝ အဝီစိတော၊
သမန္တာ စက္ကဝါဠေသု၊ ယေ သတ္တာ ပထဝီစရာ၊
အဗျာပဇ္ဇာ နိဝေရာ စ၊ နိဒုက္ခာ စ နုပဒ္ဒဝါ။

၇။ ဥဒ္ဓံ ယာဝ ဘဝဂ္ဂါ စ၊ အဓော ယာဝ အဝီစိတော၊
သမန္တာ စက္ကဝါဠေသု၊ ယေ သတ္တာ ဥဒကေ စရာ၊
အဗျာပဇ္ဇာ နိဝေရာ စ၊ နိဒ္ဒုက္ခာ စ နုပဒ္ဒဝါ။

၈။ ဥဒ္ဓံ ယာဝ ဘဝဂ္ဂါ စ၊ အဓော ယာဝ အဝီစိတော၊
သမန္တာ စက္ကဝါဠေသု၊ ယေ သတ္တာ အာကာသေ စရာ၊
အဗျာပဇ္ဇာ နိဝေရာ စ၊ နိဒ္ဒုက္ခာ စ နုပဒ္ဒဝါ။

### အာသီသ ဂါထာများ

၉။ ယံ ပတ္တံ ကုသလံ တဿ၊ အာနုဘာဝေန ပါဏိနော
သဗ္ဗေ သဒ္ဓမ္မရာဇဿ၊ ဉတွာ ဓမ္မံ သုခါဝဟံ။

၁၀။ ပါပုဏန္တု ဝိသုဒ္ဓါယ၊ သုခါယ ပဋိပတ္တိယာ
အသောက မနုပါယာသံ၊ နိဗ္ဗာန သုခမုတ္တမံ။

---

၁။ ဤမျှအထိသော ပါဠိတို့ကား မေတ္တာပို့ဟု ခေါင်းစဉ်တပ်ထားသော်လည်း စင်စစ်အားဖြင့် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဟူသော ဗြဟ္မစိုရ်တရား လေးပါးလုံးနှင့် အကျုံးဝင်အောင် ရှေးဆရာတို့ စီစဉ်ထားခြင်း ဖြစ်ပါသည်။ မေတ္တာပို့ကို ပါဠိလိုဖြစ်စေ၊ မြန်မာလိုဖြစ်စေ အဆင်ပြေသလို ပို့နိုင်ပါသည်။

www.dhammaransi.com

၁၁။ စိရံ တိဋ္ဌတု သဒ္ဓမ္မော၊ ဓမ္မေ ဟောန္တု သဂါရဝါ၊
သဗ္ဗေပိ သတ္တာ ကာလေန၊ သမ္မာ ဒေဝေါ ပဝဿတု။

၁၂။ ယထာ ရက္ခိံသု ပေါရာဏာ၊ သုရာဇာနော တထေဝိမံ၊
ရာဇာ ရက္ခတု ဓမ္မေန၊ အတ္တနောဝ ပဇံ ပဇံ။

## သံဝေဂ ဂါထာများ

၁၃။ သဗ္ဗေ သင်္ခါရာ အနိစ္စာတိ၊ ယဒါ ပညာယ ပဿတိ၊
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

၁၄။ သဗ္ဗေသင်္ခါရာ ဒုက္ခာတိ၊ ယဒါ ပညာယ ပဿတိ၊
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

၁၅။ သဗ္ဗေ ဓမ္မာ အနတ္တာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

၁၆။ အနိစ္စာဝတ သင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။

၁၇။ ဟန္ဒဒါနိ ဘိက္ခဝေ၊ အာမန္တယာမိ ဝေါ၊
ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ။

## အန္တရာယ်ကင်းဂါထာများ

၁၈။ သိရသ္မိံမေ [၁] ဗုဒ္ဓသေဋ္ဌော၊ သာရိပုတ္တော စ ဒက္ခိဏေ၊
ဝါမအံသေ မောဂ္ဂလ္လာနော၊ ပုရတော ပိဋကတ္တယံ။

၁၉။ ပစ္ဆိမေ မမ အာနန္ဒော ခီဏာသဝါ စာတုဒ္ဒိသာ။
သမန္တာ လောကပါလာ စ၊ ဣန္ဒာဒေဝါ သဗြဟ္မကာ၊
တေသံ အာနုဘာဝေန၊ အန္တရာယော ဝိနဿတု။

---

၁။ "သိရသ္မိံမေ" အစရှိသော ဂါထာနှစ်ပုဒ်မှာ ရှေးဆရာတို့ စီရင်ခဲ့သော အန္တရာယ်ကင်း ဂါထာများ ဖြစ်ပါသည်။ အလွန် အစွမ်းထက်သည်ဟု ယုံကြည်၍ ရဟန်းရှင်လူများစွာတို့ နေ့မဥ်မပြတ် ရွတ်ဖတ်လေ့ ရှိကြပါသည်။

 www.dhammaransi.com 

၂၀။ နမော တေ ဗုဒ္ဓ ဝီရတ္ထု၊ ဝိပ္ပမုတ္တောသိ သဗ္ဗဓိ။
သမ္ဗာဓပ္ပဋိပန္နောသ္မိ၊ တဿ မေ သရဏံ ဘဝ။

၂၀။ တထာဂတံ အရဟန္တံ၊ စန္ဒိမာ သရဏံ ဂတော။
ရာဟု စန္ဒံ ပမုဉ္စဿု၊ ဗုဒ္ဓါ လောကာနုကမ္ပကာ။

၂၂။ နာညတြ ဗောဇ္ဈာ တပသာ၊ နာညတြိန္ဒြိယသံဝရာ။
နာညတြ သဗ္ဗနိဿဂ္ဂါ၊ သောတ္ထိံ ပဿာမိ ပါဏိနံ။

၂၃။ ဒိဝါ တပတိ အာဒိစ္စော၊ ရတ္တိမာဘာတိ စန္ဒိမာ*၊
သန္နဒ္ဓေါ ခတ္တိယော တပတိ၊ ဈာယီ တပတိ ဗြာဟ္မဏော၊
အထ သဗ္ဗ မဟော ရတ္တိံ၊ ဗုဒ္ဓေါ တပတိ တေဇသာ။

## ရတနတ္တယပူဇာနှင့် အမျှဝေဂါထာများ

၂၄။ ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ၊
ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဓမ္မံ ပူဇေမိ၊
ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ သံဃံ ပူဇေမိ။

---

၁။ "နမောတေ" အစရှိသောဂါထာ ၂-ပုဒ်တွင် ပထမဂါထာမှာ လက်ိုင်းပုပ်ဖမ်းစဉ် လနတ်သားက မြတ်စွာဘုရားအား ရှိခိုးသော ဂါထာဖြစ်၏။ ဒုတိယဂါထာမှာ မြတ်စွာဘုရားက ရာဟုခေါ် အသူရိန်နတ်အား လပိမာန်ကို လွှတ်ပေးရန် မိန့်ကြားသောဂါထာဖြစ်သည်။ ယင်းဂါထာ ၂-ပုဒ်ကို ရွတ်လျှင် အကျပ်အတည်းများမှ လွတ်မြောက်နိုင်သည်ဟု ယုံကြည်ကြပါသည်။

၂။ "နာညတြဗောဇ္ဈာ တပသာ"အစရှိသောဂါထာကား သေရမှာကြောက်၍ ထိတ်လန့်နေသော သုဗြဟ္မာနတ်သားအား မြတ်စွာဘုရားက ဟောကြားသော ဂါထာဖြစ်၏။ ထိတ်လန့် ကြောက်ရွံ့ဖွယ်များ ပျောက်စေနိုင်သည်ဟု ယုံကြည်ကြပါသည်။

*။ "ဒိဝါ တပတိအာဒိစ္စော" အစရှိသော ဂါထာကား ရှင်မဟာကပ္ပိနမထေရ်ကို အကြောင်းပြု၍ မြတ်စွာဘုရားဟောကြားသောဂါထာဖြစ်၏။ အကျိုးစီးပွားဟူသမျှကို ပြီးမြောက်စေနိုင်သောကြောင့် "သဗ္ဗမင်္ဂလာ" ဂါထာမည်၏ဟု သံယုတ်အဋ္ဌကထာ၌မိန့်ဆိုပါသည်။

www.dhammaransi.com


၂၅။ အဒ္ဓါ ဣမာယ ပဋိပတ္တိယာ ဇရာမရဏမှာ ပရိမုစ္စိဿာမိ။

၂၆။ ဣမံ ပုညာဘာဂံ သဗ္ဗသတ္တာနံ ဒေမ၊
ဣမံ ပုညာဘာဂံ သဗ္ဗသတ္တာနံ ဒေမ၊
ဣမံ ပုညာဘာဂံ သဗ္ဗသတ္တာနံ ဒေမ။

## (ဃ) ဝတ်ရွတ်စဉ် မြန်မာပြန်

မေတ္တာပို့

၁။ ငါသည် ရန်ကင်းသူ ဖြစ်ပါစေ၊
စိတ်ဆင်းရဲ ကင်းသူ ဖြစ်ပါစေ၊
ကိုယ်ဆင်းရဲ ကင်းသူ ဖြစ်ပါစေ၊
ချမ်းသာစွာဖြင့် ကိုယ်ခန္ဓာကို ဆောင်နိုင်ပါစေ၊
ဆင်းရဲမှုဟူသမျှ လွတ်မြောက်ပါစေ၊
ရရှိထားသော စည်းစိမ်မှ မကင်းကွာပါစေလင့်၊
ငါသည် ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိပေ၏။

၂။ ငါ၏မိဘဆရာနှင့် ဆွေမျိုး မိတ်ဆွေ အပေါင်းတို့သည်
ရန်ကင်းသူများ ဖြစ်ကြပါစေ၊
စိတ်ဆင်းရဲ ကင်းသူများ ဖြစ်ကြပါစေ၊
ကိုယ်ဆင်းရဲ ကင်းသူများ ဖြစ်ကြပါစေ၊
ချမ်းသာစွာဖြင့် ကိုယ်ခန္ဓာကိုယ် ဆောင်နိုင်ကြပါစေ၊
ရရှိထားသော စည်းစိမ်မှ မကင်းကွာကြပါစေကုန်၊
ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကုန်၏။

၃။ ဤရွာ(ဤရပ်ကွက်)ဤမြို့ ဤနိုင်ငံ၌ နေသော လူတို့သည်
ရန်ကင်းသူများ ဖြစ်ကြပါစေ၊
စိတ်ဆင်းရဲ ကင်းသူများ ဖြစ်ကြပါစေ၊
ကိုယ်ဆင်းရဲ ကင်းသူများ ဖြစ်ကြပါစေ၊
ချမ်းသာစွာဖြင့် ကိုယ်ခန္ဓာကို ဆောင်နိုင်ကြပါစေ၊
ဆင်းရဲမှု ဟူသမျှမှ လွတ်မြောက်ကြပါစေ၊

www.dhammaransi.com

ရရှိထားသော စည်းစိမ်မှ မကင်းကွာကြပါစေကုန်၊
ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကုန်၏။

၄။ ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ် အစရှိသော နတ်အပေါင်း
တို့နှင့်တကွ ဘုမ္မစိုး၊ ရုက္ခစိုး၊ အာကာသစိုးနတ်တို့သည်
ရန်ကင်းသူများ ဖြစ်ကြပါစေ၊
စိတ်ဆင်းရဲခြင်း ကင်းသူများဖြစ်ကြပါစေ၊
ကိုယ်ဆင်းရဲခြင်း ကင်းသူများဖြစ်ကြပါစေ၊
ချမ်းသာစွာဖြင့် ကိုယ်ခန္ဓာကို ဆောင်နိုင်ကြပါစေ၊
ဆင်းရဲမှုဟူသမျှမှ လွတ်မြောက်ကြပါစေ၊
ရရှိထားသော စည်းစိမ်မှ မကင်းကွာကြပါစေကုန်၊
ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကုန်၏။

၅။ အရှေ့အရပ်၊ အနောက်အရပ်၊
မြောက်အရပ်၊ တောင်အရပ်၊
အရှေ့တောင်အရပ်၊ အနောက်မြောက်အရပ်၊
အရှေ့မြောက်အရပ်၊ အနောက်တောင်အရပ်၊
အောက်အရပ်၊ အထက်အရပ်တို့၌ရှိကုန်သော
သတ္တဝါခပ်သိမ်း၊ သက်ရှိခပ်သိမ်း
ကံကြောင့် ဖြစ်လာသူ ခပ်သိမ်း၊
အတ္တဘောရှိသူ ခပ်သိမ်း၊
မိန်းမခပ်သိမ်း၊ ယောကျ်ားခပ်သိမ်း၊
အရိယာခပ်သိမ်း၊ပုထုဇဉ်ခပ်သိမ်း၊
နတ်ခပ်သိမ်း၊ လူခပ်သိမ်း၊
ဝိနိပါတိက အသူရာခပ်သိမ်းတို့သည်—
ရန်ကင်းသူများ ဖြစ်ကြပါစေ၊
စိတ်ဆင်းရဲခြင်း ကင်းသူများဖြစ်ကြပါစေ၊
ကိုယ်ဆင်းရဲခြင်း ကင်းသူများဖြစ်ကြပါစေ၊
ချမ်းသာစွာဖြင့် ကိုယ်ခန္ဓာကို ဆောင်နိုင်ကြပါစေ၊
ဆင်းရဲမှုဟူသမျှမှ လွတ်မြောက်ကြပါစေ၊
ရရှိထားသောစည်းစိမ်မှ မကင်းကွာကြပါစေကုန်၊
ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကုန်၏။

၆။ အထက်ဘဝဂ်အောက်အဝီစိ၊ စကြာဝဠာအနန္တတို့၌ ရှိကြကုန်သော မြေနေသတ္တဝါတို့သည် စိတ်ဆင်းရဲခြင်း ကင်းသူ၊ ရန်ကင်းသူ၊ ကိုယ်ဆင်းရဲခြင်းကင်းသူ၊ ရောဂါဥပဒ် ကင်းသူများ ဖြစ်ကြပါစေ၊

၇။ အထက်ဘဝဂ် အောက်အဝီစိ စကြာဝဠာအနန္တတို့၌ ရှိကြကုန်သော ရေနေ သတ္တဝါတို့သည်၊ စိတ်ဆင်းရဲခြင်း ကင်းသူ၊ ရန်ကင်းသူ၊ ကိုယ်ဆင်းရဲခြင်းကင်းသူ၊ ရောဂါဥပဒ် ကင်းသူများဖြစ်ကြပါစေ။

၈။ အထက်ဘဝဂ် အောက်အဝီစိ စကြာဝဠာအနန္တ၌ ရှိကြကုန်သော၊ ကောင်းကင်နေသတ္တဝါတို့သည်၊ စိတ်ဆင်းရဲခြင်း ကင်းသူ၊ ရန်ကင်းသူ၊ ကိုယ်စိတ် ဆင်းရဲခြင်း ကင်းသူ၊ ရောဂါဥပဒ်ကင်းသူများ ဖြစ်ကြပါစေ။

## အာသီသဂါထာများ

၉–၁၀။ ကျွန်ုပ်တို့ယနေ့ပြုအပ်သော ကုသိုလ်ကောင်းမှု၏ အစွမ်းအာနုဘော်အားဖြင့် ခပ်သိမ်းသော သတ္တဝါတို့သည် တရားမင်းဖြစ်သော မြတ်စွာဘုရား၏ ချမ်းသာကို ဆောင်နိုင်သော တရားမြတ်ကိုသိမြင်ကုန်၍ သန့်ရှင်းစင်ကြယ်၊ လွယ်ကူသော အကျင့်ဖြင့် စိုးရိမ်ပူပန်မှုကင်း၍ အမြတ်ဆုံး ချမ်းသာဖြစ်သော နိဗ္ဗာန်သို့ရောက်ကြပါစေ။

၁၁။ သူတော်ကောင်းတရားသည် ရှည်မြင့်စွာတည်ပါစေ၊ ခပ်သိမ်းသောသတ္တဝါတို့သည် တရားတော်၌ ရိုသေလေးစားမှု ရှိသူများဖြစ်ကြပါစေ၊ မိုးသည် ရွာသင့်သောအချိန်၌ ကောင်းစွာ ရွာသွန်းပါစေ။

၁၂။ ရှေးက မင်းကောင်းမင်းမြတ်တို့သည်
တိုင်းသူပြည်သား လူအများကို
မိမိတို့၏ ရင်သွေးသည်းချာ သားသမီးအရင်းပမာ
စောင့်ရှောက်ခဲ့ကြ ကုန်သကဲ့သို့၊ ထို့အတူပင် ယခုကျွန်ုပ်တို့
နိုင်ငံကို အုပ်ချုပ်သောမင်းသည်လည်း

www.dhammaransi.com

နိုင်ငံသူနိုင်ငံသား လူအများကို
မိမိတို့၏ ရင်သွေးသည်းချာ သားသမီးအရင်းပမာ
စောင့်ရှောက်ပါစေ။

သံဝေဂဂါထာများ

၁၃။ "ခပ်သိမ်းသော သင်္ခါရတို့သည် မမြဲကုန်"ဟူ၍
အကြင်အခါ၌ ပညာဖြင့် ရှုမြင်၏။
ထိုအခါ ဆင်းရဲအစု ဖြစ်သော ရုပ် နာမ် ဓမ္မ သင်္ခါရတို့
အပေါ်၌ ငြီးငွေ့၏။
ဤသို့ငြီးငွေ့ခြင်းသည် ကိလေသာ အညစ်အကြေး ကင်းဝေး
စင်ကြယ်ရန် လမ်းစပေတည်း။

၁၄။ "ခပ်သိမ်းသော သင်္ခါရတို့သည် ဆင်းရဲကုန်၏"ဟူ၍
အကြင်အခါ၌ ပညာဖြင့်ရှုမြင်၏။
ထိုအခါ ဆင်းရဲအစုဖြစ်သော ရုပ်နာမ်ဓမ္မသင်္ခါရတို့ အပေါ်
၌ငြီးငွေ့၏။
ဤသို့ငြီးငွေ့ခြင်းသည် ကိလေသာ အညစ်အကြေး ကင်းဝေး
စင်ကြယ်ရန် လမ်းစပေတည်း။

၁၅။ "ခပ်သိမ်းသော သဘာဝဓမ္မတို့သည် အတ္တမဟုတ်ကုန်"ဟူ၍
အကြင်အခါ၌ ပညာဖြင့်ရှုမြင်၏။
ထိုအခါ ဆင်းရဲအစုဖြစ်သော ရုပ်နာမ်ဓမ္မသင်္ခါရတို့အပေါ်၌
ငြီးငွေ့၏။
ဤသို့ ငြီးငွေ့ခြင်းသည် ကိလေသာ အညစ်အကြေး ကင်းဝေး
စင်ကြယ်ရန် လမ်းစပေတည်း။

၁၆။ သင်္ခါရဟူသမျှတို့သည် စင်စစ်မမြဲကုန်၊
ဖြစ်ပေါ်လာပြီး ချုပ်ကွယ်သွားတတ်ကုန်၏။
ထိုသင်္ခါရတို့၏ ငြိမ်းအေးခြင်းသည်သာလျှင် ချမ်းသာမှု စင်
စစ်ဖြစ်ပေ၏။

မြစ်မခစာပေ

www.dhammaransi.com


၁၇။ ရဟန်းတို့၊ ယခု သင်တို့အား ငါမှာကြားခဲ့ပေအံ့။
သင်္ခါရဟူသမျှတို့သည် ပျက်စီးခြင်းသဘောရှိကုန်၏။
သင်တို့သည် မမေ့မလျော့သော သတိဖြင့်၊
ကိစ္စပြီးအောင် အားထုတ်ကြကုန်လော့။

**အန္တရာယ်ကင်းဂါထာများ**

၁၈။ မြတ်စွာဘုရားသည် ကျွန်ုပ်၏ ဦးခေါင်းထက်၌ တည်ပါစေ၊
အရှင်သာရိပုတြာသည် ကျွန်ုပ်၏ လက်ယာ ပခုံးထက်၌ တည်ပါစေ၊
အရှင်မဟာမောဂ္ဂလ္လာန်သည် ကျွန်ုပ်၏လက်ဝဲပခုံးထက်၌ တည်ပါစေ၊
ပိဋကတ်သုံးပုံသည် ကျွန်ုပ်၏ ရှေ့ဘက်၌ တည်ပါစေ။

၁၉။ အရှင်အာနန္ဒာသည် ကျွန်ုပ်၏ နောက်ဘက်၌ တည်ပါစေ။
အခြားသော ရဟန္တာပုဂ္ဂိုလ်တို့သည်၊
ကျွန်ုပ်၏ အရပ်လေးမျက်နှာ၌ တည်ပါစေ။
ဗြဟ္မာတို့နှင့်တကွ လောကကိုစောင့်သောသိကြားနတ်တို့သည်၊
ကျွန်ုပ်၏ ထက်ဝန်းကျင် အရပ်တို့၌တည်ပါစေ။
ထို ဘုရား ရဟန္တာ နတ်ဗြဟ္မာတို့၏ တန်ခိုးအာနုဘော်ကြောင့်၊
အန္တရာယ်ဟူသမျှ ကင်းပျောက်ပါစေ။

၂၀။ လုံ့လဝီရိယ ကြီးမားတော်မူသော အိုမြတ်စွာဘုရား၊
အရှင်ဘုရားအား ကျွန်ုပ် ရှိခိုးပါ၏။
အရှင်ဘုရားသည်အရာရာ၌ အနှောင့်အယှက်တို့မှ လွတ်မြောက်ပြီးသော ပုဂ္ဂိုလ်ဖြစ်ပါသည်။
ကျွန်ုပ်သည်ကား အကျဉ်းအကျပ်ထဲ၌ ရောက်နေသူ ဖြစ်ပါသည်။
အရှင်ဘုရားသည် ကျွန်ုပ်၏ ကိုးကွယ်အားထားရာ ဖြစ်တော်မူပါလော့။

www.dhammaransi.com

၂၁။ အို ရဟာမည်သော အသုရိန်နတ်မင်း
လနတ်သားသည် ကိလေသာ အညစ်အကြေးတို့မှ
ကင်းဝေးတော်မူသော၊
မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်သူဖြစ်၏။
သင်သည်လနတ်သားကို လွှတ်လိုက်ပါလော့။
မြတ်စွာဘုရားတို့သည် လောကသားတို့ကို၊
သနားကြင်နာတတ်လော ပုဂ္ဂိုလ်များဖြစ်ကုန်၏။

၂၂။ သစ္စာလေးပါးကို သိမြင်ကြောင်းဖြစ်သော မဂ္ဂင်ရှစ်ပါးနှင့်
ကင်း၍—
သတ္တဝါတို့၏ ချမ်းသာရေးကို ငါမမြင်၊
ကိလေသာ ခေါင်းပါးအောင် ကျင့်ခြင်းမှတစ်ပါး၊
သတ္တဝါတို့၏ ချမ်းသာရေးကို ငါမမြင်၊
ဣန္ဒြေတို့ကို စောင့်စည်းခြင်းမှ တစ်ပါး၊
သတ္တဝါတို့၏ ချမ်းသာရေးကို ငါမမြင်၊
ခန္ဓာငါးပါးလုံးကို စွန့်လွှတ်ခြင်းမှ တစ်ပါး၊
သတ္တဝါတို့၏ ချမ်းသာရေးကို ငါမမြင်ပေ။

၂၃။ နေမင်းသည် နေ့အခါ၌ တင့်တယ်၏၊
လမင်းသည် ညအခါ၌ တင့်တယ်၏၊
ပြည့်ရှင်မင်းသည် မင်းမြောက် တန်ဆာနှင့်မှ တင့်တယ်၏၊
ရဟန္တာသည် ဈာန်ဝင်စားမှ တင့်တယ်၏၊
မြတ်စွာဘုရားသည်ကား၊
နေ့ရောညပါ အခါခပ်သိမ်း တန်ခိုးတော်ဖြင့်
တင့်တယ်လှပေ၏။

ရတနာပူဇာနှင့်အမျှဝေ ဂါထာများ

၂၄။ လောကုတ္တရာတရား ကိုးပါးအား လျော်သော ဤကျင့်ဝတ်
ပဋိပတ်ဖြင့် မြတ်စွာဘုရားကို တပည့်တော်ပူဇော်ပါ၏။

လောကုတ္တရာတရားကိုးပါးအား လျော်သော ဤကျင့်ဝတ် ပဋိပတ်ဖြင့် တရားတော်ကို တပည့်တော် ပူဇော်ပါ၏။

လောကုတ္တရာတရား ကိုးပါးအားလျော်သော ဤကျင့်ဝတ် ပဋိပတ်ဖြင့် သံဃာတော်ကို တပည့်တော်ပူဇော်ပါ၏။

၂၅။ ဤအကျင့်မြတ်ဖြင့်—
အိုခြင်း သေခြင်း အစရှိသောဆင်းရဲအပေါင်းမှ ကေန်မချွတ် လွတ်မြောက်ရပါလို၏။

၂၆။ ဤကောင်းမှု၏ အဖို့ကို သတ္တဝါခပ်သိမ်းတို့အား အမျှပေး ဝေပါကုန်၏။

ဤကောင်းမှု၏ အဖို့ကို သတ္တဝါခပ်သိမ်းတို့အား အမျှပေး ဝေပါကုန်၏။

ဤကောင်းမှု၏ အဖို့ကို သတ္တဝါခပ်သိမ်းတို့အား အမျှပေး ဝေပါကုန်၏။

အားလုံး အမျှ....အမျှ....အမျှ ယူတော်မူကြပါကုန်လော့၊

သာဓု....သာဓု....သာဓု

www.dhammaransi.com


## မေတ္တာ၏အကျိုး

“ယာနိ ကာနိစိ ဘိက္ခဝေ ဩပဓိကာနိ ပုညကိရိယ ဝတ္ထူနိ၊ သဗ္ဗာနိ တာနိ မေတ္တာယ စေတောဝိမုတ္တိယာ ကလံ နာဂ္ဃန္တိ သောဠသိံ၊ မေတ္တာယေဝ တာနိ စေတောဝိမုတ္တိ အဓိဂ္ဂဟေတွာ ဘာသတေ စ တပတေ စ ဝိရောစတိ စ။”

“ရဟန်းတို့၊ ခန္ဓာငါးပါး ဟူသော ဥပဓိနှင့်စပ်သော ကုသိုလ်ကောင်းမှု ဟူသမျှတို့သည် ဒေါသစသော ဆန့်ကျင်ဘက် တရားတို့မှ ကင်းလွတ်သည့် မေတ္တာပွားများမှု၏ တစ်ဆယ့်ခြောက်စိတ် စိတ်၍ တစ်စိတ်မျှပင် မထိုက်တန်ကုန်၊ ဒေါသစသော ဆန့်ကျင်ဘက်တရားတို့မှ ကင်းလွတ်သည့် မေတ္တာကသာလျှင် ထိုကုသိုလ်ကောင်းမှုတို့ကိုလွှမ်းမိုး၍ တောက်ပြောင် ထွန်းပ တင့်တယ်၏။

[ဣတိဝုတ္တက ပါဠိ မေတ္တာဘာဝနာသုတ်။]

www.dhammaransi.com



# ငါးရံ့မင်းပရိတ်

## (က) ရှေးဦးအမှာစကား

ပရိတ်ကြီး (၁၁)သုတ်အနက်မှ ဝဋ္ဋသုတ်သည် ဘုရားအလောင်းတော် ငုံးငှက်ငယ်ဖြစ်စဉ်က တောမီးလောင်ခြင်းကို တားဆီးရန် သစ္စာပြု သော ဂါထာဖြစ်ပါသည်။ အလားတူပင် ဘုရားအလောင်းတော ငါးရံ့မင်း ဖြစ်စဉ်က မိုးရွာစေရန်သစ္စာပြုခဲ့သော ဂါထာများလည်းရှိပ သည်။ ယင်းဂါထာများကို ငါးရံ့မင်း ပရိတ်ဟုခေါ်ပါသည်။

ထိုငါးရံ့မင်းပရိတ်သည် ခုဒ္ဒကနိကာယ် စရိယာပိဋကပါဠိတော သစ္စာပါရမီခန်း၌ ပါရှိပါသည်။ ဘုရားအလောင်းဟူသည် ကံမကောင် အကြောင်းမသင့်၍ ရံဖန်ရံခါ အဟိတ်တိရစ္ဆာန်ဘဝ၌ ဖြစ်ရငြားသေ လည်း ထူးခြားသော ပါရမီရှင်ဖြစ်ပါသည်။ ထို့ကြောင့် နွေအခါတွင မိမိနေထိုင်သော ရေအိုင်မှရေများ ခန်းခြောက်တော့မည့် ဆဲဆဲတွင သစ္စာပြုခြင်းဖြင့် မိုးကိုရွာသွန်းစေလျက် မိမိနှင့်တကွ ဘဝတူဖြစ်သေ ငါးအပေါင်းကို သေဘေးမှ ကယ်တင်ခဲ့ပါသည်။

ငါးရံ့မင်းပရိတ်ကို ရွတ်ဆိုခြင်းဖြင့် မိုးကိုရွာသွန်းစေနိုင်ကြောင်း ဗုဒ္ဓဘာသာ မြန်မာတို့ အစဉ်အလာအားဖြင့် ယုံကြည်ခဲ့ကြပါသည်။ ယ ကြည်လောက်သော အထောက်အထားများလည်း ရှိခဲ့ပါသည်။ "သီလ ဝတော စေတောပဏိဓိ သမိဇ္ဈတိ"ဟူသောဟောကြားချက်အရ သီလန သော ပုဂ္ဂိုလ်တို့၏ လိုလားတောင့်တမှုများသည် တောင့်တသည့်အတိုင်း

www.dhammaransi.com

ပြီးမြောက်တတ်ပါသည်။ ထို့ကြောင့် တောင်သူလယ်သမားတို့၏ အထူး သုံးကြည်အားကိုးရာ ဖြစ်သော ငါးရံ့မင်းပရိတ် ပါဠိနှင့် မြန်မာပြန်တို့ ကိုလည်း လိုအပ်သည့်အခါ ရွတ်ဆိုနိုင်ကြစေရန် ပရိတ်ကြီးလက်စွဲစာအုပ် ၌ နောက်ဆက်တွဲအဖြစ်ဖြင့် ထည့်သွင်းဖော်ပြလိုက်ပါသည်။

## (ခ) ငါးရံ့မင်းပရိတ်

၁။ ပုနာပရံ ယဒါ ဟောမိ၊ မစ္ဆရာဇာ မဟာသရေ၊
ဥဏှေ သူရိယ သန္တာပေ၊ သရေ ဥဒက ခီယထ။

၂။ တတော ကာကာစ ဂိဇ္ဈာစ၊ ကင်္ကာ ကုလလသေနကာ၊
ဘက္ခယန္တိ ဒိဝါရတ္တိံ မစ္ဆေ ဥပနိသီဒိယ။

၃။ ဧဝံ စိန္တေသဟံ တတ္ထ၊ သဟ ဉာတီဟိ ပီဠိတော၊
ကေန နုခေါ ဥပါယေန၊ ဉာတီ ဒုက္ခာ ပမောစယေ။

၄။ စိန္တယိတွာန ဓမ္မတ္ထံ၊ သစ္စံ အဒ္ဒသ ပဿယံ၊
သစ္စေ ဌတွာ ပမောစေသိံ၊ ဉာတီနံ တံ အတိက္ခယံ။

၅။ အနုဿရိတွာ သတံ ဓမ္မံ၊ ပရမတ္ထံ ဝိစိန္တယံ၊
အကာသိံ သစ္စကိရိယံ၊ ယံ လောကေ ဓုဝသဿတံ။

၆။ ယတော သရာမိ အတ္တာနံ၊ ယတော ပတ္တောသ္မိ ဝိညုတံ၊
နာဘိဇာနာမိ သဉ္စိစ္စ၊ ကေပါဏံပိ ဟိံသိတံ။
ဧတေန သစ္စ ဝဇ္ဇေန၊ ပဇ္ဇုန္နော အဘိဝဿတု။

၇။ အဘိတ္ထနယ ပဇ္ဇုန္န၊ နိဓိံ ကာကဿ နာသယ၊
ကာကံ သောကာယ ရန္ဓေဟိ၊ မစ္ဆေ သောကာ ပမောစယ။

၈။ သဟ ကတေ သစ္စဝရေ၊ ပဇ္ဇုန္နော အဘိဂဇ္ဇိယ
ထလံ နိန္နဉ္စ ပူရေန္တော၊ ခဏေန အဘိဝဿထ။

၉။ ဧဝရူပံ သစ္စဝရံ၊ ကတွာ ဝီရိယ မုတ္တမံ။
ဝဿာပေသိံ မဟာမေဃံ၊ သစ္စ တေဇ ဗလဿိတော၊
သစ္စေန မေ သမော နတ္ထိ၊ ဧသာ မေ သစ္စပါရမီ။

www.dhammaransi.com

# (၈) ငါးရံ့မင်းပရိတ် မြန်မာပြန်

၁။ ထို့နောက်တစ်ဖန် ငါဘုရားအလောင်းသည် ရေအိုင်ကြီးတစ်ခု၌ ငါးရံ့မင်း ဖြစ်သောအခါ နွေရာသီ၌ နေပူရှိန် ပြင်းပြမှုကြောင့် အိုင်ထဲမှ ရေများခန်းခြောက်ခဲ့၏။

၂။ ထိုအခါ ကျီး၊လင်းတ၊ သိန်း၊ စွန်စသော ငှက်တို့သည်ရေအိုင်စပ်သို့ ချဉ်းကပ်၍ ငါးတို့ကို နေ့ရောညပါစားကုန်၏။

၃။ ထိုရေအိုင်၌ ဆွေမျိုးဖြစ်သော ငါးအပေါင်းတို့နှင့်တကွ ကျီး၊ လင်းတ အစရှိသောငှက်တို့၏ ညှဉ်းဆဲနှိပ်စက်မှုကို ခံနေရသောငါသည် "အဘယ်သို့သော အကြောင်း ဥပါယ်ဖြင့် ဆွေမျိုးတို့ကို ဆင်းရဲခြင်းမှ လွတ်မြောက်စေပါအံ့နည်း" ဟူ၍ ကြံစည်စဉ်းစားခဲ့၏။

၄။ ငါသည် တရားနှင့်စပ်သော အကြောင်းကို ကြံသည်ရှိသော် မှီခိုရာစင်စစ်ဖြစ်သော သစ္စာတရားကို တွေ့မြင်ခဲ့၏။ ထိုသစ္စာတရား၌ တည်၍ ဆွေမျိုးတို့၏ အခံရခက်သော ဒုက္ခကို လွတ်မြောက်စေခဲ့၏။

၅။ ငါသည် သူတော်ကောင်းတို့၏ တရားကို အောက်မေ့ပြီး မြတ်သော အကျိုးစီးပွားကို ကြံစည်လျက် လောက၌ ခိုင်မြဲတည်တံ့သော သစ္စာဆိုခြင်းကိုပြုခဲ့၏။

၆။ "ငါသည် မိမိကိုယ်မိမိ ပြန်၍ မှတ်မိသော အချိန်မှစ၍၊ သိကြားလိမ္မာသူ အဖြစ်သို့ ရောက်သည့်အချိန်မှစ၍ တစ်ဦးသော သတ္တဝါကိုမျှလည်း သေစေလိုသော စေတနာဖြင့် စေ့ဆော်အားထုတ်၍ သတ်ဖြတ်ညှဉ်းဆဲခဲ့ဖူး၏ ဟူ၍ မမှတ်မိပါ။ ဤမှန်သောသစ္စာ စကားကြောင့် မိုးသည်ရွာပါစေ။

၇။ အို-မိုးနတ်သား၊ သင်သည် ထစ်ချုန်း၍ရွာပါလော့။ ငါးများ ကျီးငှက်တို့၏ အစာဖြစ်နေခြင်းကို တားဆီးပါလော့။ ကျီးငှက်အပေါင်းကို စိုးရိမ်သောကပွားစေပြီး ငါးတို့ကို စိုးရိမ်သောကမှ လွတ်မြောက်ပါစေလော့"။

www.dhammaransi.com

၈။ ဤသို့ ငါဘုရားအလောင်းက မြတ်သောသစ္စာကိုပြုလိုက်သည်နှင့်တစ်ပြိုင်နက် မိုးသည်ထစ်ချုန်း၍ တစ်ခဏချင်းပင် ကုန်းရေကျင်းပါ ပြည့်စေလျက် သည်းထန်စွာရွာသွန်းခဲ့၏။

၉။ ငါ ဘုရားအလောင်းသည် သစ္စာတရား၏ တန်ခိုးစွမ်းအားကို မှီလျက် ဤသို့သစ္စာစကားနှင့် မြတ်သော အားထုတ်မှုကိုပြု၍ သည်းထန်သောမိုးကို ရွာသွန်းစေခဲ့၏။

ငါ့အား သစ္စာနှင့်တူသော တရားသည်မရှိ။

ဤသည်မှာ ငါ၏ သစ္စာပါရမီပင်ဖြစ်ပေသည်။

www.dhammaransi.com

# အာဝေဏိက ဂုဏ်တော်(၁၈)ပါး ဘုရားရှိခိုး

## (က) ရှေးဦးမှတ်ဖွယ်

ပရိတ်ကြီးလက်စွဲ၏ နောက်ဆက်တွဲအဖြစ် အာဝေဏိကဂုဏ်တော် (၁၈)ပါး ဘုရားရှိခိုးကိုလည်း ဖော်ပြလိုက်ပါသည်။

အာဝေဏိကဂုဏ်ဟူသည် ပစ္စေကဗုဒ္ဓါများနှင့် အခြားသာမန် ရဟန္တာ ပုဂ္ဂိုလ်တို့၌ မရှိနိုင်၊ မြတ်စွာဘုရားတို့သာ ပိုင်ဆိုင်သည့် 'သီးသန့် ဂုဏ်တော်များ' ဖြစ်ပါသည်။

အာဝေဏိကဂုဏ်တော်(၁၈)ပါးကို ရွတ်ဆိုပူဇော်ခြင်းဖြင့် အတု မရှိသော မြတ်စွာဘုရား၏ အံ့ဩဖွယ်၊ ကြည်ညိုဖွယ် အခြင်းအရာများ သည် ဉာဏ်မျက်စိ၌ တစိမ့်စိမ့် ယင်မြင်လာနိုင်ပါသည်။ ကုသိုလ်တရား တိုးပွား၍ အန္တရာယ်ကင်းရှင်းခြင်း၊ လိုအင်ဆန္ဒပြီးမြောက်ခြင်း စသော အကျိုးကျေးဇူးများကိုလည်း မလွဲမသွေရရှိမည် ဖြစ်ပါသည်။

ထို့ကြောင့် ကျမ်းဂန်တို့၌ အခိုင်မာပါရှိပြီး ဆရာမြတ်တို့ကလည်း နှစ်သက်လက်ခံအပ်သော အာဝေဏိကဂုဏ်တော် ဘုရားရှိခိုးကို ဗုဒ္ဓဘာ သာဝင်တို့ ယုံကြည်စွာ ရွတ်ဖတ်ပူဇော် နိုင်ကြလိမ့်မည်ဟု မျှော်လင့်ပါ သည်။

မြစ်မခစာပေ

www.dhammaransi.com


## (ခ) အာဝေဏိကဂုဏ်တော် (၁၈) ပါး ပါဠိ

၁။ အတီတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ၊

၂။ အနာဂတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ၊

၃။ ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ။
ဣမေဟိ တီဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿဘဂဝတော—

၄။ သဗ္ဗံ ကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊

၅။ သဗ္ဗံ ဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊

၆။ သဗ္ဗံ မနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။
ဣမေဟိ ဆဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿဘဂဝတော—

၇။ နတ္ထိ ဆန္ဒဿ ဟာနိ၊

၈။ နတ္ထိ ဓမ္မဒေသနာယ ဟာနိ၊

၉။ နတ္ထိ ဝီရိယဿ ဟာနိ၊

၁၀။ နတ္ထိ သမာဓိဿ ဟာနိ၊

၁၁။ နတ္ထိ ပညာယ ဟာနိ၊

၁၂။ နတ္ထိ ဝိမုတ္တိယာ ဟာနိ၊
ဣမေဟိ ဒ္ွါဒသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ
ဘဂဝတော—

၁၃။ နတ္ထိ ဒဝါ၊

၁၄။ နတ္ထိ ရဝါ၊

၁၅။ နတ္ထိ အပ္ဖုဋံ၊

၁၆။ နတ္ထိ ဝေဂါယိတတ္တံ၊

၁၇။ နတ္ထိ အဗျာဝဋမနော၊

၁၈။ နတ္ထိ အပ္ပဋိသင်္ခါနုပေက္ခာ၊
နမတ္ထု မေ ဣမေဟိ အဋ္ဌရသဟိ
ဗုဒ္ဓ ဓမ္မေဟိ သမန္နာဂတဿ
ဗုဒ္ဓဿ ဘဂဝတော။

www.dhammaransi.com


# (ဂ) အာဝေဏိကဂုဏ်တော် (၁၈)ပါး မြန်မာပြန်

၁။ ဘဂဝတော- ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော၊ ဗုဒ္ဓဿ မြတ်စွာဘုရားအား၊ အတီတံသေ- အတိတ်ကာလအဖို့၌၊ အပ္ပဋိဟတံ-အပိတ်အပင်အတားအဆီး မရှိသော၊ ဉာဏံ- ဉာဏ်အမြင်သည် ဟောတိ ဖြစ်၏။

၂။ ဘဂဝတော ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော၊ ဗုဒ္ဓဿ မြတ်စွာဘုရားအား၊ အနာဂတံသေ- အနာဂတ်ကာလအဖို့၌၊ အပ္ပဋိဟတံ- အပိတ်အပင် အတားအဆီးမရှိသော၊ ဉာဏံ-ဉာဏ်အမြင်သည်၊ ဟောတိ- ဖြစ်၏။

၃။ ဘဂဝတော- ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော၊ ဗုဒ္ဓဿ မြတ်စွာဘုရားအား၊ ပစ္စုပ္ပန္နံသေ- ပစ္စုပ္ပန်ကာလအဖို့၌၊ အပ္ပဋိဟတံ- အပိတ်အပင် အတားအဆီးမရှိသော၊ ဉာဏံ-ဉာဏ်အမြင်သည်၊ ဟောတိ- ဖြစ်၏။

ဣမေဟိ တီဟိ ဓမ္မေဟိ- ဤသုံးပါးသော တရားတို့နှင့် သမန္နာဂတဿ- ပြည့်စုံတော်မူသော၊ ဘဂဝတော- ဘုန်းတော်ခြောက်ပါးရှင် ဖြစ်တော်မူသော၊ ဗုဒ္ဓဿ-မြတ်စွာဘုရား၏-

၄။ သဗ္ဗံ-အလုံးစုံသော၊ ကာယကမ္မံ-ကာယကံသည်၊ ဉာဏပုဗ္ဗင်္ဂမံ-ဉာဏ်တော်လျှင် ရှေ့သွားရှိ၏။ ဉာဏာနုပရိဝတ္တံ- ဉာဏ်တော်သို့ အစဉ်လိုက်၏။

၅။ သဗ္ဗံ-အလုံးစုံသော၊ ဝစီကမ္မံ-ဝစီကံသည်၊ ဉာဏပုဗ္ဗင်္ဂမံ-ဉာဏ်တော်လျှင် ရှေ့သွားရှိ၏။ ဉာဏာနုပရိဝတ္တံ-ဉာဏ်တော်သို့ အစဉ်လိုက်၏။

၆။ သဗ္ဗံ-အလုံးစုံသော၊ မနောကမ္မံ- မနောကံသည်၊ ဉာဏပုဗ္ဗင်္ဂမံ - ဉာဏ်တော်လျှင် ရှေ့သွားရှိ၏။ ဉာဏာနုပရိဝတ္တံ- ဉာဏ်တော်သို့ အစဉ်လိုက်၏။

ဣမေဟိ ဆဟိ ဓမ္မေဟိ-ဤခြောက်ပါးသောတရားတို့နှင့် သမန္နာဂတဿ-ပြည့်စုံတော်မူသော၊ ဘဂဝတော- ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော၊ ဗုဒ္ဓဿ-မြတ်စွာဘုရားအား-

www.dhammaransi.com



၇။ ဆန္ဒဿ— လူနတ် ဗြဟ္မာ၊ သတ္တဝါတို့၏၊ ချမ်းသာစီးပွား၊ အကျိုးများကို၊ လိုလားတောင့်တ၊ မွန်မြတ်သော သမ္မာဆန္ဒတော်၏၊ ဟာနိ—ယုတ်လျော့ခြင်းသည်၊ နတ္ထိ—မရှိ။

၈။ ဓမ္မဒေသနာယ—တရားဟောခြင်း၏၊ ဟာနိ—ယုတ်လျော့ခြင်းသည်၊ နတ္ထိ — မရှိ။

၉။ ဝီရိယဿ— လူနတ် ဗြဟ္မာ၊ သတ္တဝါတို့၏၊ ချမ်းသာကြီးပွား၊ အကျိုးများဖို့၊ ကိုယ်အား ဉာဏ်အား၊ စွမ်းပကားဖြင့် ကြိုးစားခဲကုတ်၊ လုံ့လဝီရိယစိုက်ထုတ်တော်မူခြင်း၏၊ ဟာနိ— ယုတ်လျော့ခြင်းသည်၊ နတ္ထိ— မရှိ။

၁၀။ သမာဓိဿ— လောကဓံရှစ်ပါး၊ ကြုံတွေ့ငြားလည်း၊ လှုပ်ရှားမရှိ၊ ကြံ့ခိုင်သောသမာဓိ၏၊ ဟာနိ— ယုတ်လျော့ခြင်းသည်၊ နတ္ထိ— မရှိ။

၁၁။ ပညာယ— ဖြစ်ပျက်များစွာ၊ သတ္တဝါနှင့်၊ စကြဝဠာအနန္တ၊ သဘာဝတို့ကို၊ တစ်စမကျန်၊ ဖောက်ထွင်း သိမြင်နိုင်သော သဗ္ဗညုတဉာဏ်တော်၏၊ ဟာနိ—ယုတ်လျော့ခြင်းသည်၊ နတ္ထိ—မရှိ။

၁၂။ ဝိမုတ္တိယာ—အရဟတ္တဖိုလ်သမာပတ်ဖြင့်လွတ်လပ်စွာနိဗ္ဗာန်ကို အာရုံပြုနေနိုင်ခြင်း၏၊ ဟာနိ—ယုတ်လျော့ခြင်းသည်၊ နတ္ထိ—မရှိ။

ဣမေဟိ ဒွါဒသဟိ ဓမ္မေဟိ — ဤ တစ်ဆယ့်နှစ်ပါးသော တရားတို့နှင့်၊ သမန္နာဂတဿ— ပြည့်စုံသော၊ ဘဂဝတော— ဘုန်းတော်ခြောက်ပါးရှင် ဖြစ်တော်မူသော၊ ဗုဒ္ဓဿ— မြတ်စွာဘုရားအား—

၁၃။ ဒဝါ—ပြောင်လှောင်ကျီစယ် ပြက်ရယ်လိုမှု၊ စိတ်ရှေ့ရှု၍၊ ပြုလုပ်ပြောဆိုခြင်းသည်၊ နတ္ထိ— မရှိ။

၁၄။ ရဝါ—သတိလက်လွတ်၊ ချွတ်ယွင်းလွဲမှားစွာ ပြောဆိုပြုလုပ်မိခြင်းသည်၊ နတ္ထိ— မရှိ။

၁၅။ အပ္ဖုဋ္ဌံ—သတိသမ္ပဇဉ်၊ ဉာဏ်အမြင်ဖြင့်၊ မမြင်မသိ၊ မတွေ့ထိအပ်သောအရာသည်၊ နတ္ထိ=မရှိ။

www.dhammaransi.com



၁၆။ ဝေဂါယိတတ္တံ –အဆောတလျင်၊ မဆင်ခြင်ဘဲ၊ မြူးရှင်လန့်ထိတ်၊ စိတ်လိုက်မာန်ပါ၊ ပြောဆိုပြုလုပ်မိခြင်းသည်၊ နတ္ထိ –မရှိ။

၁၇။ အဗျာဝဋ္ဋမနော = များဝေနေထု၊ ချမ်းသာမှုကို၊ မရှုမငဲ့၊ ကြောင့်ကြမဲ့ နေလိုသောစိတ်သည်၊ နတ္ထိ– မရှိ။

၁၈။ အပ္ပဋိသင်္ခါနုပေက္ခာ– ခြောက်ဒွါရတွင် ယင်လာသမျှ၊ ရုပ်နာမ်ဓမ္မတို့၌၊ ဉာဏ်ဖြင့်မမြင်၊ မဆင်ခြင်ဘဲ၊ လျစ်လျူရှုလိုက်ရခြင်းသည်၊ နတ္ထိ– မရှိ။

အဋ္ဌာရသဟိ– တစ်ဆယ့်ရှစ်ပါးကုန်သော၊ ဣမေဟိ ဗုဒ္ဓဓမ္မေဟိ ဤဗုဒ္ဓဂုဏ်တော်တို့နှင့်၊ သမန္နာဂတဿ–ပြည့်စုံတော်မူသော၊ ဘဂဝတော-ဘုန်းတော်ခြောက်ပါး ရှင် ဖြစ်တော်မူသော၊ ဗုဒ္ဓဿ –မြတ်စွာဘုရားအား၊ မေ–ကျွန်ုပ်၏၊ နမော – ရိုသေမြတ်နိုး ရှိခိုး ဦးညွှတ်ခြင်းသည်၊ အတ္ထု–ဖြစ်ပါစေသတည်း။

www.dhammaransi.com


## သူတော်ကောင်းတို့နှင့် ပေါင်းခြင်း

သကိဒေဝ သုတသောမ၊ သဗ္ဘိ ဟောတိ သမာဂမော၊
သာနံ သင်္ဂတိ ပါလေတိ၊ နာသဗ္ဘိ ဗဟုသင်္ဂမော။

သုတသောမ–အရှင်သုတသောမမင်းမြတ်၊ သဗ္ဘိ–သူတော်ကောင်းတို့နှင့်၊ သမာဂမော–ပေါင်းဆုံခြင်းသည်၊ သကိဒေဝဟောတိ– တစ်ကြိမ်မျှသာ ဖြစ်စေကာမူ၊ သာ သင်္ဂတိ–ထိုတစ်ကြိမ်မျှပေါင်းဆုံရခြင်းသည်၊ နံ–သူတော်ကောင်းတို့နှင့် ပေါင်းဆုံရသောထိုသူကို၊ ပါလေတိ–အကျိုးမဲ့ပယ်ရှား အကျိုးများအောင်၊ ရှက်ဆောင်စောင့်ရှောက်တတ်ပေ၏။ အသဗ္ဘိ–သူယုတ်မာတို့နှင့် ဗဟုသင်္ဂမော–အကြိမ်များစွာပေါင်းဆုံရခြင်းသည်ကား၊ နပါလေတိ–အကျိုးများအောင် မရှက်ဆောင် မစောင့်ရှောက်နိုင်ချေ။

[သုတသောမဇာတ်။]

www.dhammaransi.com



# နောက်ဆက်တွဲ ရှင်းလင်းချက်များ

[ ပရိတ်ကြီး (၁၁)သုတ်နှင့် ဆက်စပ်နေသည့် စကြဝဠာနှင့်လောကဓာတ်သုံးမျိုး စသော အကြောင်းအရာများကို စာဖတ်သူတို့ ဗဟုသုတအဖြစ်ဖြင့် လေ့လာလိုပါက လေ့လာနိုင်ကြစေရန် ရည်ရွယ်လျက် ဤနောက်ဆက်တွဲ ရှင်းလင်းချက်များအခန်းကို ထည့်သွင်း ဖြည့်စွက်လိုက်ပါသည်။]

## (က) စကြဝဠာ နှင့် လောကဓာတ်သုံးမျိုး
[ စာမျက်နှာ(၁၈) အပိုဒ်(၁) ]

လှည်းဘီးစက်ဝိုင်းလျက် တည်ရှိနေသော ကမ္ဘာလောကကြီးကို စကြဝဠာ (စက္ကဝါဠ)ဟု ခေါ်ပါသည်။ ယင်းကိုပင် လောကဓာတ် (လောကဓာတု) ဟုလည်း ခေါ်ပါသည်။

စကြဝဠာ သို့မဟုတ် လောကဓာတ်တစ်ခုတွင် ကျွန်းကြီး လေးကျွန်းနှင့် သမုဒ္ဒရာကြီး လေးစင်းရှိသည်။ အလယ်တွင် မြင့်မိုရ်တောင်ကြီးရှိပြီး၊ ဘေးပတ်ပတ်လည်တွင် စကြဝဠာတောင်တန်းကြီးများရံပတ်နေသည်။ စကြဝဠာတစ်ခုစီတွင်အပါယ်လေးဘုံ၊ လူ့ဘုံ၊ နတ်ဘုံစသော ၃၁-ဘုံတို့ အသီးသီးရှိကြသည်။

www.dhammaransi.com


ထိုကဲ့သို့သော စကြဝဠာတို့ကား ဟစ်ခုနှစ်ခုမက အသင်္ချေ အနန္တပင်ရှိသည်။ ယင်းသို့ရှိရာတွင်—

၁။ ကျွန်ုပ်တို့နေထိုင်ရာ ဤစကြဝဠာနှင့် တဆက်တည်း ဆက်စပ်တည်ရှိသည့် စကြဝဠာပေါင်း တစ်သောင်းရှိ၏။ ဘုရားအလောင်းတော် ပဋိသန္ဓေနေသောအခါ၊ ဖွားမြင်သောအခါစသည်တို့၌ ထိုစကြဝဠာတစ်သောင်းသည် တပြိုင်နက်တုန်လှုပ်၏။ ထို့ကြောင့် ဒသိုပါ စကြဝဠာပေါင်း တစ်သောင်းကို ဇာတိခေတ် ဟု ခေါ်လေသည်။

၂။ မြတ်စွာဘုရား ဟောကြားသော ပရိတ်တရားတော် တို့၏ တန်ခိုးအာဏာသည် စကြဝဠာ တစ်သောင်းမက၊ စကြဝဠာကုဋေတစ်သိန်းတိုင်အောင် ပျံ့နှံ့လွှမ်းမိုးနိုင်၏။ ထို့ကြောင့် စကြဝဠာပေါင်း ကုဋေတစ်သိန်းကို အာဏာခေတ် ဟုခေါ်လေသည်။

၃။ မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်တော်သည်ကား စကြဝဠာကုဋေတစ်သိန်းမက စကြဝဠာပေါင်း အသင်္ချေအနန္တကိုပင် အာရုံပြုနိုင်၏၊ သိမြင်နိုင်၏။ ထို့ကြောင့် စကြဝဠာပေါင်း အသင်္ချေအနန္တတို့ကို ဝိသယခေတ် ဟု ခေါ်ပါသည်။

မြတ်စွာဘုရား မဟာသမယသုတ်ကို ဟောကြားသော အခါ တစ်သောင်းသော စကြဝဠာတို့မှ နတ်ပြဟ္မာများ တရားနာ လာကြကြောင်း အဆိုရှိပါသည်။ ထို့ကြောင့် ပရိတ်တရားနာရန် ဖိတ်ခေါ်ရာ၌လည်း တစ်သောင်းသောစကြဝဠာတို့မှ နတ်ပြဟ္မာများကိုသာ ဖိတ်ခေါ်ခြင်း ဖြစ်ပါသည်။

[စကြဝဠာနှင့် ကျွန်းကြီးလေးကျွန်း စသည်တို့၏ အကြောင်းများကို ဝိသုဒ္ဓိမဂ် ဗုဒ္ဓါနုဿတိနိဒ္ဒေသနှင့် ပဏ္ဍိဘာဝေဒနိယဒီပနီစသော ကျမ်းများ၌ ဖတ်ရှုလေ့လာနိုင်ပါသည်။]

www.dhammaransi.com



## (ခ) လောကဓံတရား ရှစ်ပါး
[ စာမျက်နှာ(၂၄)၊ စာပိုဒ်(၁၄) ]

လောက၌ လူသားမှန်သမျှ မရှောင်သာ မလွဲသာ တွေ့ကြုံရမြဲ ဖြစ်သော တရားရှစ်ပါးကို လောကဓံတရားရှစ်ပါးဟု ခေါ်ပါသည်။

ထိုလောကဓံတရား ရှစ်ပါးမှာ--

၁။ နိန္ဒာ ကဲ့ရဲ့ခံရခြင်း၊

၂။ ပသံသာ ချီးမွမ်းခံရခြင်း၊

၃။ သုခ-ချမ်းသာခြင်း၊

၄။ ဒုက္ခ ဆင်းရဲခြင်း၊

၅။ လာဘ--ပစ္စည်းဥစ္စာရခြင်း၊

၆။ အလာဘ--ပစ္စည်းဥစ္စာ မရခြင်း၊

၇။ ယသ -- ဂုဏ်သတင်း ကျော်စောခြင်းနှင့် အခြံအရံ ပေါများခြင်း၊

၈။ အယသ--ဂုဏ်သတင်း ညှိုးနွမ်းခြင်းနှင့် အခြံအရံ ဆုတ်ယုတ်ခြင်းတို့ ဖြစ်ပါသည်။

သစ္စာလေးပါးကို ထင်ရှားသိမြင်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုထားသော ရဟန္တာပုဂ္ဂိုလ်တို့၏ စိတ်သည် ထိုလောကဓံရှစ်ပါးတို့ကြောင့် တုန်လှုပ်ခြင်းမရှိတော့၊ အကောင်းနှင့်တွေ့၍လည်း ဝမ်းမသာ၊ အဆိုးနှင့် တွေ့၍လည်း ဝမ်းမနည်းတော့ဟု ဆိုလိုပါသည်။

## (ဂ) ပါရမီဆယ်ပါး .... အမျှသုံးဆယ်
[ စာမျက်နှာ(၃၀)၊ စာပိုဒ်(၁) ]။

မြင့်မြတ်သော ပုဂ္ဂိုလ်တို့ ဆည်းပူးအားထုတ်အပ်သော အကျင့်များကို ပါရမီဟု ခေါ်ပါသည်။ မြင့်မြတ်သူ အဖြစ်သို့ ရောက်အောင် ပို့ဆောင်ပေးသော အကျင့်များဟုလည်း ဆိုနိုင်ပါသည်။

ဘုရား ပစ္စေကဗုဒ္ဓနှင့် သာဝကလောင်းတို့ ဖြည့်ကျင့် ဆည်းပူး အပ်သော ပါရမီတို့မှာ ၁၀-ပါးရှိပါသည်။ ၎င်းတို့မှာ အောက်ပါ အတိုင်းဖြစ်ပါသည်။

၁။ ဒါနပါရမီ — သူတစ်ပါးတို့အား မိမိ၏ပစ္စည်းဥစ္စာများကို ကို ပေးကမ်း လှူဒါန်းခြင်း၊

၂။ သီလပါရမီ — ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလ စသော အကျင့်သီလ များကို ထိန်းသိမ်း ဆောက်တည်ခြင်း၊

၃။ နေက္ခမ္မပါရမီ — ကာမဂုဏ်ချမ်းသာတို့မှထွက်ခွာသောအကျင့် ကို ကျင့်ခြင်း၊ မင်းစည်းစိမ်ကိုပင်စွန့်၍ တော ထွက်ခြင်း၊

၄။ ပညာပါရမီ — အပြစ်ကင်းသော အသိပညာ၊ အတတ်ပညာ တို့ကို လေ့လာဆည်းပူးခြင်း၊ သင်ကြားပို့ချ ပေးခြင်း။

၅။ ဝီရိယပါရမီ — သတ္တဝါတို့၏ အကျိုးစီးပွားကို ထက်သန် သော လုံ့လဝီရိယဖြင့် ဆောင်ရွက်ခြင်း၊

၆။ ခန္တီပါရမီ — သူတစ်ပါးတို့က ညှဉ်းဆဲနှိပ်စက်လျှင် သည်းခံ ခြင်း၊ အအေးအပူစသော ဒဏ်တို့ကို ခံနိုင် ရည် ရှိခြင်း၊

၇။ သစ္စာပါရမီ — မှန်ကန်ဖြောင့်မတ်စွာ ပြောဆိုခြင်း၊ အမှန် တရားကို ယုံကြည်အားကိုးခြင်း၊

၈။ အဓိဋ္ဌာနပါရမီ— ကောင်းသောအလုပ်၌ စွဲမြဲ ကြံ့ခိုင်စွာ ရပ် တည်ခြင်း၊ မဖြစ်မနေလုပ်ခြင်း၊

၉။ မေတ္တာပါရမီ — သတ္တဝါတို့အား ရင်ဝယ်သားကဲ့သို့ ချစ်ခင် ကြင်နာခြင်း၊

၁၀။ ဥပေက္ခာပါရမီ— ချစ်အောင်လုပ်သော်လည်းမချစ်၊မုန်းအောင် လုပ်သော်လည်း မမုန်းဘဲ လျစ်လျူရှုခြင်း။

www.dhammaransi.com



ဆောင်ပုဒ်။ ။ဒါနံ သီလဉ္စ နေက္ခမ္မံ၊ ပညာ ဝီရိယပါရမီ၊
ခန္တီ သစ္စာ အဓိဋ္ဌာနံ၊ မေတ္တာ ဥပေက္ခာတိ တေ ဒသ။

ဖော်ပြပါ ပါရမီ ဆယ်ပါးတို့ကို ဖြည့်ကျင့်ရာ၌ သာမန်အားဖြင့်သာ ဖြည့်ကျင့်လျှင် ရိုးရိုး ပါရမီ ဖြစ်၏။

ခြေလက်စသော ကိုယ်အင်္ဂါများ ထိခိုက်ပျက်စီးမှုကိုပင် ခံလျက် ဖြည့်ကျင့်လျှင် ဥပပါရမီ မည်၏။

အသက်ကိုပင်စွန့်၍ ဖြည့်ကျင့်လျှင် ပရမတ္ထပါရမီ မည်၏။

ဘုရားအလောင်းတော်တို့သည် အထက်ပါ အမျိုးသုံးဆယ်သော ပါရမီတို့ကို ဖြည့်ကျင့်ပြီးမှ ဘုရားအဖြစ်သို့ ရောက်ခဲ့ကြသည်။

ရှင်အာနန္ဒာသည် ရတနသုတ်ကို ရွတ်ဆိုသောအခါ ဖော်ပြပါ ပါရမီသုံးဆယ် ဖြည့်ကျင့်ခဲ့ပုံများကို ဆင်ခြင်၍ ရွတ်ဆိုခဲ့၏ဟု ဆိုလိုပါသည်။

## (ဃ) စွန့်ခြင်းကြီးငါးပါး

[ စာမျက်နှာ(၃၀)၊ စာပိုဒ်(၁) ]

ဘုရားအလောင်းတော်တို့သည် သဗ္ဗညုတဉာဏ်ကို ရရှိနိုင်ရန်အတွက် သာမန်လူတို့ စွန့်နိုင်ခဲသည့်စွန့်ခြင်းကြီးငါးပါးကို စွန့်လွှတ်ကာ ပါရမီဖြည့်ခဲ့ကြရသည်။ ထိုစွန့်ခြင်းကြီးငါးပါးမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ ဓနပရိစ္စာဂ — ပစ္စည်းဥစ္စာ၊ ရာထူးဂုဏ်သိမ်၊ စည်းစိမ်တို့ကို စွန့်လွှတ်ခြင်း၊

၂။ ပုတ္တပရိစ္စာဂ — သားသမီးတို့ကို စွန့်လွှတ်ခြင်း၊

၃။ ဘရိယပရိစ္စာဂ— ဇနီးမယားကို စွန့်လွှတ်ခြင်း၊

၄။ အင်္ဂပရိစ္စာဂ — မိမိ၏ ခြေ၊ လက်၊ မျက်စိစသော ကိုယ်အင်္ဂါတို့ကို စွန့်လွှတ်ခြင်း၊

၅။ ဇီဝိတပရိစ္စာဂ— မိမိအသက်ကိုပင် စွန့်လွှတ်ခြင်း။

www.dhammaransi.com

အရှင်အာနန္ဒာသည် ရတနသုတ်ကို ရွတ်ဆိုသောအခါ မြတ်စွာဘုရား၏ စွန့်ခြင်းကြီး ငါးပါး စွန့်လွှတ်ခဲ့ပုံကိုလည်း ဆင်ခြင်၍ ရွတ်ဆိုခဲ့၏ဟု ဆိုလိုပါသည်။

## (င) မာရ်ငါးပါး

[ စာမျက်နှာ (၃၀)၊ စာပိုဒ်(၁) ]

မာရ–မာရ်ဟူသည် သတ္တဝါတို့ကို အသေသတ်တတ်သောအရာဟု မူရင်းအနက်ထွက်ပါသည်။ စင်စစ် သံသရာဝဋ္ဋဆင်းရဲမှ မလွတ်နိုင်အောင် နှောင့်ယှက်ဟန့်တားခြင်းဖြင့် သတ္တဝါတို့၏ အကျိုးစီးပွားကို ဖျက်ဆီးတတ်သော အရာများပင် ဖြစ်ပါသည်။

မာရ်ငါးပါးရှိရာ၊ ၎င်းတို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ ဒေဝပုတ္တမာရ် – သတ္တဝါတို့ သံသရာဝဋ္ဋဆင်းရဲမှလွတ်မြောက်ကြောင်း ကောင်းမှုကုသိုလ်တို့ကို အားထုတ်ရာ၌ ဟန့်တား နှောင့်ယှက် တတ်သော မာရ်နတ်ကို ဒေဝပုတ္တမာရ် ဟု ခေါ်၏။ မြတ်စွာဘုရားသည်ဗောဓိပင်ရင်း၌သဗ္ဗညုတဉာဏ်ကို ရရှိရန် အားထုတ်နေစဉ် မာရ်နတ်သားက လာရောက် ခြိမ်းခြောက် ခဲ့သည်။ မြတ်စွာဘုရားသည် မိမိ ဖြည့်ကျင့် ခဲ့သော ပါရမီတော်တို့၏ အစွမ်းအားဖြင့်ထိုမာရ်နတ်သားကို အောင်မြင်တော်မူခဲ့လေသည်။

၂။ ကိလေသမာရ် – လောဘ၊ ဒေါသစသော ကိလေသာ ဆယ်ပါးတို့သည် သတ္တဝါတို့အား ဆင်းရဲဒုက္ခအမျိုးမျိုးဖြစ်အောင် ညှဉ်းဆဲနှိပ်စက်နေသော တရားများ ဖြစ်၏။ သံသရာဝဋ္ဋမှ မလွတ်နိုင်အောင် ပိတ်ကာထားသော တရားများလည်း ဖြစ်၏။ ထို့ကြောင့် ၎င်းတို့ကို ကိလေသမာရ်ဟု ခေါ်ပါသည်။ မြတ်စွာ

www.dhammaransi.com


ဘုရားသည် ထိုကိလေသမာရ်ကို အရဟတ္တမဂ်ဉာဏ်ဖြင့် ပယ်သတ်အောင်မြင်ခဲ့ပါသည်။

၃။ ခန္ဓမာရ် — သတ္တဝါတို့ အိုခြင်း၊ သေခြင်းအစရှိသော ဆင်းရဲဒုက္ခများကို ခံစားနေရခြင်းမှာ ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့ရှိနေခြင်းကြောင့်ဖြစ်၏။ ခန္ဓာငါးပါး ချုပ်ငြိမ်းသွားလျှင် ထိုဒုက္ခများရှိတော့မည်မဟုတ်။ ထို့ကြောင့် ရုပ်ဝေဒနာစသော ခန္ဓာငါးပါးကို ခန္ဓမာရ်ဟု ခေါ်ပါသည်။

ကိလေသာဆယ်ပါးကို အရဟတ္တမဂ်ဉာဏ်ဖြင့် ပယ်သတ်ပြီးသောပုဂ္ဂိုလ်တို့မှာ နောက်ထပ်ဘဝသစ် မဖြစ်တော့ချေ။ ထို့ကြောင့်မြတ်စွာဘုရားသည် ခန္ဓမာရ်ကိုလည်း ဗောဓိပင်ရင်း၌ပင် အောင်မြင်ခဲ့သည်ဟု ဆိုရပေသည်။

၄။ မစ္စုမာရ် — ဘဝတစ်ခုထဲ၌ အတည်တကျမနေရအောင် သတ္တဝါတို့ကို သတ်ပစ်နေသော သေခြင်းတရားကိုပင် မစ္စုမာရ်ဟု ခေါ်ပါသည်။ နောက်ထပ် ဘဝသစ် မဖြစ်တော့လျှင် သေခြင်းတရားလည်း ရှိတော့မည်မဟုတ်သောကြောင့် မစ္စုမာရ်ကိုလည်း မြတ်စွာဘုရားသည် ဗောဓိပင်ရင်း၌ပင် အောင်မြင်ခဲ့သည်ဟု ဆိုရပါသည်။

၅။ အဘိသင်္ခါရမာရ် — သတ္တဝါတို့၌ ဘဝအသစ်အသစ်များ တစ်ခုပြီးတစ်ခု ဆက်၍ ဖြစ်ပေါ်နေခြင်းမှာ အကြောင်းမဲ့မဟုတ်။ တန်ခိုးရှင်တစ်ပါးက ဖန်ဆင်းပေးသောကြောင့် လည်း မဟုတ်။ မိမိကိုယ်တိုင် ပြုလုပ်ခဲ့သော ကုသိုလ်ကံ၊ အကုသိုလ်ကံတို့ ကြောင့်သာလျှင် ဖြစ်ပေသည်။ ဤသို့ ဘဝအသစ်အသစ်များ ဖြစ်ပေါ်လာအောင် ဖန်တီး

www.dhammaransi.com

ပေးသော ကုသိုလ်ကံ အကုသိုလ်ကံတို့ကို
အဘိသင်္ခါရမာရ်ဟု ခေါ်ပါသည်။

ကိလေသာကင်းကွာပြီးသော ရဟန္တာ ပုဂ္ဂိုလ်များသည် နောက်ထပ် ဘဝသစ်ဖြစ်ဖို့ အတွက် ကုသိုလ်ကံ၊ အကုသိုလ်ကံတို့ကို မပြုလုပ်ကြတော့ပေ။ ယခင်က ပြုလုပ်ခဲ့သောကံတို့မှာလည်း၊ ဘဝသစ်ကိုဖြစ်စေနိုင်သော အစွမ်းသတ္တိကုန်ခန်းသွား၏။ ထို့ကြောင့် မြတ်စွာဘုရားသည် အဘိသင်္ခါရမာရ်ကိုလည်း ဗောဓိပင်ရင်း၌ပင် အောင်မြင်ခဲ့၏ဟု ဆိုရပါသည်။

ရှင်အာနန္ဒာသည် ရတနသုတ်ကို ရွတ်ဆိုသောအခါ မြတ်စွာဘုရား၏ မာရ်ငါးပါး အောင်မြင်ခဲ့ပုံကိုလည်း ဆင်ခြင်၍ ရွတ်ဆိုခဲ့ပါသည်။

## (စ) ကိုးပါးသော လောကုတ္တရာတရား

[ စာမျက်နှာ (၃၀)၊ စာပိုဒ် (၁)။ ]

လောကုတ္တရာတရားဟူသည် လောကသုံးပါးမှ ကျော်လွှားလွန်မြောက်စေနိုင်သော တရားများဖြစ်ပါသည်။

လောကုတ္တရာတရားကိုးပါးမှာ—

၁။ သောတာပတ္တိမဂ်ဉာဏ်၊
၂။ သောတာပတ္တိဖိုလ်ဉာဏ်၊
၃။ သကဒါဂါမိမဂ်ဉာဏ်၊
၄။ သကဒါဂါမိဖိုလ်ဉာဏ်၊
၅။ အနာဂါမိမဂ်ဉာဏ်၊
၆။ အနာဂါမိဖိုလ်ဉာဏ်၊
၇။ အရဟတ္တမဂ်ဉာဏ်၊
၈။ အရဟတ္တဖိုလ်ဉာဏ်၊
၉။ နိဗ္ဗာန်—

တို့ဖြစ်ပါသည်။

www.dhammaransi.com


## (ဆ) စက္ခုငါးပါး

[စာမျက်နှာ (၇၈)၊ စာပိုဒ် (၃)။]

မြတ်စွာဘုရား ရရှိပိုင်ဆိုင်ထားသော စက္ခုအမြင် ငါးပါးမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ မံသစက္ခု -- ပကတိရိုးရိုးမျက်စိ၊

၂။ ဒိဗ္ဗစက္ခု — နတ်မျက်စိကဲ့သို့ အဝေးအနီး၊ အကြီးအသေး၊ အဆင်းအာရုံဟူသမျှကို မြင်နိုင်သော အဘိညာဏ်တန်ခိုး၊

၃။ ပညာစက္ခု — သစ္စာလေးပါးကို သိမြင်သောမဂ်ညာဏ် ဖိုလ်ညာဏ်၊ (ဓမ္မစက္ခုဟုလည်း ခေါ်ပါသည်။)

၄။ ဗုဒ္ဓစက္ခု — သတ္တဝါတို့၏ ဣန္ဒြေအနုအရင့်နှင့် အာသယ အနုသယ ခေါ် အတွင်းသဘောကို သိမြင်သောညာဏ်၊

၅။ သမန္တစက္ခု — သိလိုမြင်လိုသည့် ဝန်းကျင်ဥဿုံအလုံးစုံသော အကြောင်းအရာတို့ကို သိမြင်နိုင်သော သဗ္ဗညုတညာဏ်တော်၊ (စူဠနိဒ္ဒေသပါဠိတော်)

## (ဇ) ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏ(၁၅)ပါး

[စာမျက်နှာ (၇၈)၊ စာပိုဒ်(၇-၈)]

သာမန်အသိအမြင်ထက် ထူးကဲသာလွန်စွာ ထွင်းဖောက်သိမြင်မှုကို ဝိဇ္ဇာဟု ခေါ်သည်။

ထူးကဲသော အသိအမြင်ကိုရရှိရန် အခြေခံဖြစ်သောအကျင့်များကို စရဏရဟု ခေါ်သည်။ ဝိဇ္ဇာသည်မျက်စိ၊ စရဏသည် ခြေထောက်နှင့်တူပါသည်။

ဝိဇ္ဇာသည် သုံးပါးလည်းရှိ၏။ ရှစ်ပါးလည်းရှိ၏။

www.dhammaransi.com

ဝိဇ္ဇာသုံးပါးမှာ—

၁။ ပုဗ္ဗေနိဝါသာနုဿတိဉာဏ် — အတိတ်ဘဝတို့က မိမိ၏ ဖြစ်စဉ်များကို ပြန်၍ အောက်မေ့ဆင်ခြင်နိုင်သောဉာဏ်၊

၂။ ဒိဗ္ဗစက္ခုဉာဏ် — နတ်မျက်စိကဲ့သို့ အဝေးအနီး၊ အကြီးအသေး၊ အဆင်းအာရုံဟူသမျှကို မြင်နိုင်သောဉာဏ်၊

၃။ အာသဝက္ခယဉာဏ် — ကိလေသာ အာသဝတို့ကို ကုန်ခန်းစေနိုင်သော အရဟတ္တမဂ်ဉာဏ် တို့ ဖြစ်၏။

ဝိဇ္ဇာရှစ်ပါးမှာ—

၁။ ဣဒ္ဓိဝိဓဉာဏ် — တန်ခိုးဖန်ဆင်းမှု အမျိုးမျိုးကို ပြီးမြောက် စေနိုင်သော ဉာဏ်၊

၂။ ဒိဗ္ဗသောတဉာဏ် — နတ်တို့၏ နားကဲ့သို့ အဝေးအနီး၊ အတိုး အကျယ် ဖြစ်သောအသံဟူသမျှကို ကြားနိုင်သောဉာဏ်၊

၃။ စေတောပရိယဉာဏ် — သူတစ်ပါးတို့၏ စိတ်အကြံကို သိနိုင်သောဉာဏ်၊ ပရစိတ္တဝိဇာနနဉာဏ်ဟုလည်း ခေါ်သည်။

၄။ ပုဗ္ဗေနိဝါသာနုဿတိဉာဏ် — မိမိ၏ အတိတ်ဘဝက ဖြစ်စဉ်များကို ပြန်၍ အောက်မေ့နိုင်သောဉာဏ်၊

၅။ ဒိဗ္ဗစက္ခုဉာဏ် — နတ်မျက်စိကဲ့သို့ အဝေးအနီး၊ အကြီးအငယ်ဖြစ်သော အဆင်းအာရုံဟူကမျှကို မြင်နိုင်သောဉာဏ်၊

၆။ မနောမယိဒ္ဓိဉာဏ် — မိမိကိုယ်နှင့် ပုံတူဖြစ်သော ကိုယ်ပွားရုပ်တို့ကို ဖန်ဆင်းနိုင်သောဉာဏ်၊

၇။ ဝိပဿနာဉာဏ် — ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ရှုသော ဉာဏ်၊

၈။ အာသဝက္ခယဉာဏ် — ကိလေသာ အာသဝတို့ကို ကုန်ခန်းစေသော အရဟတ္တမဂ်ဉာဏ်၊

တို့ ဖြစ်ပါသည်။

စရဏ(၁၅)ပါးမှာ—

၁။ ပါတိမောက္ခသံဝရသီလ — ပါတိမောက္ခ သိက္ခာပုဒ်များကို စောင့်ထိန်းခြင်း၊

၂။ ဣန္ဒြိယသံဝရ — မျက်စိ၊ နားစသော ဣန္ဒြေ ခြောက်ပါးကို စောင့်ထိန်းခြင်း၊

၃။ ဘောဇနေမတ္တညုတာ — စား သောက် ဖွယ်ရာတို့ကို စားသုံးမှု၌ သင့်လျော်သော အတိုင်းအဆကိုသိ၍ ခံယူစားသုံးခြင်း၊

၄။ ဇာဂရိယာနုယောဂေါ — အအိပ်အနေ နည်းပါးပြီး၊ နိုးကြားမှုများအောင် အားထုတ်ခြင်း၊

၅။ ဟိရီ — မကောင်းမှုမှ ရှက်ခြင်း၊

၆။ ဩတ္တပ္ပ — မကောင်းမှုမှ ထိတ်လန့်ခြင်း၊

၇။ ဗာဟုသစ္စ — အကြားအမြင်များခြင်း၊

၈။ ပညာ—အသိဉာဏ်၊

၉။ သဒ္ဓါ—ကံ၊ ကံ၏အကျိုး စသည်ကို ယုံကြည်ခြင်း၊

၁၀။ သတိ-စွဲမြဲသောသတိရှိခြင်း၊

၁၁။ ဝီရိယ-ဇွဲလုံ့လရှိခြင်း၊

၁၂။ ပဌမဈာန်၊

၁၃။ ဒုတိယဈာန်၊

www.dhammaransi.com


၁၄။ တတိယစျာန်၊

၁၅။ စတုတ္ထစျာန်၊

တို့ဖြစ်ပါသည်။

ဆောင်ပုဒ်။ ။သီ–ဣန္–ဘော–ဇာ၊ စျာန်လေးဖြာ၊ သဒ္ဓါဝီရိယ၊ သတိ၊ပညာ၊ ဟိ–ဩ–ဟာ၊ မှတ်ပါစရဏ။

## (ဈ) ဉာဏ်တော်အား ဆယ်ပါး

[စာမျက်နှာ (၇၉)၊ စာပိုဒ်(၁၀)။]

မြတ်စွာဘုရားတို့၏ ဉာဏ်တော်အားဆယ်ပါးမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(၁) ဌာနာဌာနဉာဏ်– အကြောင်းဟုတ်–မဟုတ်ကို သိသောဉာဏ်၊

(၂) ကမ္မဝိပါကဉာဏ်–ကံတို့၏အကျိုးကိုသိသောဉာဏ်၊

(၃) သဗ္ဗတ္ထဂါမိနီ ပဋိပဒါဉာဏ်–ထိုထိုဘဝသို့ ရောက်ကြောင်းနှင့် နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်များကိုသိသောဉာဏ်၊

(၄)အနေကဓာတုဉာဏ်–ဓာတ်သဘာဝ အမျိုးမျိုးကို သိသောဉာဏ်၊

(၅)နာနာဝိမုတ္တိကတာဉာဏ်– သတ္တဝါတို့၏ နှလုံးသွင်းဓာတ်ခံ အမျိုးမျိုးကို သိသောဉာဏ်၊

(၆) ဣန္ဒြိယပရော–ပရိယတ္တဉာဏ်–သတ္တဝါတို့၏ဣန္ဒြေအနုအရင့်ကိုသိသောဉာဏ်၊

(၇) သံကိလေသဝေါဒါနဝုဋ္ဌာနဉာဏ်–စျာန် သမာပတ်တို့၏ ညစ်ညူးမှု၊ ဖြူစင်မှု၊ ထမြောက်မှုတို့ကို သိသောဉာဏ်၊

www.dhammaransi.com


(၈) ပုဗ္ဗေနိဝါသာနုဿတိဉာဏ်—မိမိ၏အတိတ်ဘဝဖြစ်စဥ်များကိုပြန်၍ အောက်မေ့နိုင်သောဉာဏ်၊

(၉) စုတူပပါတဉာဏ်— သတ္တဝါတို့၏ သေပုံဖြစ်ပုံ များကို မြင်သောဉာဏ်၊

(၁၀) အာသဝက္ခယဉာဏ်—ကိလေသာ အာသဝ တို့ကိုကုန်ခန်းစေသော အရဟတ္တမဂ်ဉာဏ်၊

## (ည) ဝေသာရဇ္ဇဉာဏ်လေးပါး

[စာမျက်နှာ(၇၉)၊ စာပုဒ်(၁၀)။]

ဝေသာရဇ္ဇဉာဏ်ဆိုသည်မှာ၊ 'ငါသည် သမ္မာသမ္ဗုဒ္ဓဘုရားစင်စစ်ကေန်ဖြစ်၏'ဟု ကြွေးကြော်၍ တွန့်ဆုတ်ခြင်းကင်းလျက် ရဲရင့်စွာ ဝန်ခံဝံ့ကြောင်းဖြစ်သောဉာဏ်တော်ဖြစ်၏။ ထိုဉာဏ်တော်လေးပါးမှာ အောက်ပါအတိုင်းဖြစ်၏။"

၁။ 'တရားအားလုံးကို မှန်ကန်စွာ ကိုယ်တိုင်သိမြင်၏ဟုဝန်ခံသောသင်သည် ဤတရားကိုမူ မသိသေးပါ''ဟုတစ်စုံတစ်ယောက်ကလာ၍ စောကြောဖွယ်မရှိကြောင်း မြတ်စွာဘုရားသည်သိတော်မူ၏။ ယင်းသို့သိခြင်းသည် ဝေသာရဇ္ဇဉာဏ်တစ်ပါးဖြစ်၏။

၂။ "ကိလေသာအာသဝများ ကုန်ပြီဟုဝန်ခံသောသင့်အား ဤမည်သော အာသဝကား မကုန်သေးပါ''ဟု တစ်စုံတစ်ယောက်ကလာ၍စောကြောဖွယ်မရှိကြောင်း မြတ်စွာဘုရားသည် သိတော်မူ၏။ယင်းသို့သိခြင်းသည် ဝေသာရဇ္ဇဉာဏ်တစ်ပါးဖြစ်၏။

၃။ "ချာန်မဂ်ဖိုလ်တို့၏ အန္တရာယ်ကို ပြုတတ်၏ဟူ၍ သင်ကဟောကြားထားသော တရားများသည် စင်စစ်အန္တရာယ်ပြုနိုင်စွမ်း မရှိကြပါ''ဟုတစ်စုံတစ်ယောက်က လာ၍စောကြောဖွယ်မရှိကြောင်း မြတ်စွာဘုရားသည် သိတော်မူ၏။ ယင်းသို့သိခြင်းသည် ဝေသာရဇ္ဇဉာဏ်တစ်ပါးဖြစ်၏။

၄။ "အိုခြင်း၊ သေခြင်း စသော ဆင်းရဲများကုန်ဆုံးစေရန် သင်ဟောကြားလားသော တရားများသည် လက်တွေ့ ကျင့်သူအား ထိုဆင်းရဲများကုန်ဆုံးစေရန် မစွမ်းနိုင်ပါ" ဟူ၍ တစ်စုံတစ်ယောက်က လာ၍ စောကြောဖွယ် မရှိကြောင်း မြတ်စွာဘုရားသည် သိတော်မူ၏။ ယင်းသို့သိခြင်းသည်လည်း ဝေသာရဇ္ဇဉာဏ် တစ်ပါးဖြစ်၏။ (အင်္ဂုတ္တရ စတုက္ကနိပါတ်၊ ဝေသာရဇ္ဇသုတ်။)

## (၄) ယောကျ်ားမြတ် လက္ခဏာ (၃၂)ပါး
## [စာမျက်နှာ(၇၉)၊ စာပိုဒ်(၁၂)။]

ဘုရားအလောင်းနှင့် စကြဝတေးမင်းလောင်းတို့၌သာ ပါရှိတတ်သောကိုယ်အင်္ဂါ အမှတ်အသား များကို 'ယောကျ်ားမြတ် လက္ခဏာ' ဟု ခေါ်ပါသည်။

ယောကျ်ားမြတ်လက္ခဏာ (မဟာပုရိသလက္ခဏာ) ၃၂–ပါးမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ ညီညာသော ခြေဖဝါးပြင်ရှိခြင်း၊
၂။ ခြေဖဝါးပြင်တို့၌ စက်ဝန်း အမှတ်အသားများ ပါရှိခြင်း၊
၃။ ခြေဖနောင့်ရှည်ခြင်း၊
၄။ လက်ချောင်း၊ ခြေချောင်းများ ရှည်သွယ်ခြင်း၊
၅။ လက်ဖဝါး ခြေဖဝါးများ နူးညံ့ခြင်း၊
၆။ ဇာကွန်ရက်ပမာ ညီညာသောလက်ချောင်း၊ ခြေချောင်းရှိခြင်း၊
၇။ မြင့်သော ခြေမျက်စိရှိခြင်း၊
၈။ လုံးဝန်းညီညွတ်သော ခြေသလုံးရှိခြင်း၊
၉။ ရှည်သောလက်တံရှိ၍၊ မတ်တတ်ရပ်လျက် မကိုင်း မညွတ်ဘဲ လက်နှစ်ဖက်ဖြင့် ဒူးခေါင်းကို သုံးသပ်နိုင်ခြင်း၊
၁၀။ အိတ်ဖြင့်ဖုံးလွှမ်းအပ်သော ပုရိသနိမိတ်ရှိခြင်း၊

www.dhammaransi.com


၁၁။ ရွှေရောင်ကဲ့သို့ ဝင်းဝါသောအသားအရေရှိခြင်း၊

၁၂။ ချောမွေ့၍ ကြေးညှော်မကပ်နိုင်သော အသားအရေရှိခြင်း၊

၁၃။ မွေးညှင်းတွင်း တစ်ခုစီ၌တစ်ပင်ချင်းပေါက်သောမွေးညှင်းများ ရှိခြင်း၊

၁၄။ မျက်စဉ်း ညိုရောင်ရှိပြီး၊ လက်ယာရစ်လှည့်၍ အပေါ်သို့အဖျား ကော့တက်သော မွေးညှင်းများရှိခြင်း၊

၁၅။ ဗြဟ္မာမင်းကဲ့သို့ ဖြောင့်စဉ်းသော ကိုယ်ရှိခြင်း၊

၁၆။ လက်ဖမိုး၊ ခြေဖမိုး၊ ပခုံးစွန်းနှစ်ဖက်၊ လည်ကုပ်ဟူသော ခုနစ်ဌာနတို့၌ အကြောအရိုး မထင် ပြည့်ဖြိုးသောအသားဖြင့်ရှိခြင်း၊

၁၇။ ကေသရာဇာခြင်္သေ့မင်း၏ ရှေ့ပိုင်းကိုယ်ကဲ့သို့ပြည့်ဖြိုးသော ကိုယ်ရှိခြင်း၊

၁၈။ လက်ပြင်ရိုးနှစ်ခုအကြား၌ ကျောရိုးကြောင်းမထင်၊ ပြည့်ဖြိုးသော အသားဖြင့်ရှိခြင်း၊

၁၉။ ကိုယ်လုံးနှင့် အရပ်ပမာဏ လိုက်ဖက်၍ ပညောင်ပင်ကဲ့သို့ ဝန်းဝိုင်းသော ကိုယ်ရှိခြင်း၊

၂၀။ ညီညာလုံးဝန်းသော လည်တိုင်ရှိခြင်း၊

၂၁။ အရသာကို ကောင်းစွာ ဆောင်ယူနိုင်သည့် အကြောပေါင်း ခုနစ်ထောင်ရှိခြင်း၊

၂၂။ ခြင်္သေ့မင်း၏ အောက်မေးကဲ့သို့ ပြည့်ဖြိုးသော မေးရှိခြင်း၊

၂၃။ အထက်နှစ်ဆယ်၊ အောက်နှစ်ဆယ်အားဖြင့် လေးဆယ်တိတိ ညီမျှသော သွားတော်များ ရှိခြင်း၊

၂၄။ ကြီးသေးမကွာ၊ ညီညာသော သွားတော်များရှိခြင်း၊

၂၅။ မကျဲမလပ် စေ့စပ်ပြေပြစ်သော သွားတော်များရှိခြင်း၊

၂၆။ ဖြူစင်သော စွယ်တော်(အံသွားတော်) လေးချောင်းရှိခြင်း၊

၂၇။ ပျော့ပျောင်း ရှည်ပြန့်သော လျှာရှိခြင်း၊

www.dhammaransi.com


၂၈။ ဖြူဟွာမင်း၏အသံ ကရဝိတ်ငှက်၏အသံကဲ့သို့ အလွန်ကြည်လင်သော အသံရှိခြင်း၊

၂၉။ အလွန်ညိုသော မျက်လုံးရှိခြင်း၊

၃၀။ မွေးကာစ နွားကလေး၏မျက်လုံးအိမ်ကဲ့သို့ အလွန်ကြည်လင်သော မျက်လုံးအိမ်ရှိခြင်း၊

၃၁။ မျက်ခုံးနှစ်ခုကြား၌ လဲဝါဂွမ်းကဲ့သို့လွန်စွာနူးညံ့ဖြူစင်သော ဥဏ္ဏလုံ မွေးရှင်တော်ရှိခြင်း၊

၃၂။ နဖူးပြင်၌ သင်းကျစ်ပြား တပ်ဆင်ထားသကဲ့သို့ ဖြစ်နေခြင်း၊ (ဒီဃနိကာယ်၊ မဟာပဒါနသုတ်။)

## (၄) လက္ခဏာတော်ငယ် ရှစ်ဆယ်

[စာမျက်နှာ (၇၉)၊ စာပိုဒ် (၁၂)]။

မြတ်စွာဘုရားလောင်းနှင့် စကြဝတေးမင်းလောင်းတို့မှာ အထက်ဖော်ပြပါ မဟာပုရိသလက္ခဏာ ၃၂-ပါးအပြင် လက္ခဏာငယ် ၈၀-တို့နှင့်လည်း ပြည့်စုံကုန်၏။ ဇိနာလင်္ကာရဋီကာ၌ ဖော်ပြပါရှိသော"အသီတိ အနုဗျဉ္ဇန"ခေါ် လက္ခဏာငယ် ၈၀-တို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ လက်ချောင်း၊ ခြေချောင်းများ အကြားမထင် စေ့စပ် ပြည့်ဖြိုးခြင်း၊

၂။ လက်ချောင်းခြေချောင်းများ အရင်းမှအဖျားသို့ အစဉ်အတိုင်း ပြေပြစ်စွာ သေးသွယ်သွားခြင်း၊

၃။ လက်ချောင်း၊ ခြေချောင်းများ လုံးဝန်းချောမွတ်ခြင်း၊

၄။ နီမြန်းသော လက်သည်း ခြေသည်းရှိခြင်း။

၅။ ရှည်သော လက်သည်း ခြေသည်းရှိခြင်း၊

၆။ နူးညံ့ ပျော့ပျောင်းသော လက်သည်း ခြေသည်းရှိခြင်း၊

www.dhammaransi.com


၇။ အပြင်သို့ ထွက်မနေတဲ အသားတွင်းဝယ် မြုပ်လျက် ပြေပြစ်သော ခြေဖမျက်ရှိခြင်း။

၈။ ညီညာသော ခြေဖဝါးပြင်ရှိခြင်း၊

၉။ ဆင်၏ခြေလှမ်းပုံကဲ့သို့ ညင်သာခန့်ညားသော ခြေလှမ်းဖြင့် ကြွသွားတတ်ခြင်း၊

၁၀။ ခြင်္သေ့မင်း၏ ခြေလှမ်းပုံကဲ့သို့ တင့်တယ်ရသော ခြေလှမ်းဖြင့် ကြွသွားတတ်ခြင်း၊

၁၁။ ဟင်္သာမင်း၏ ခြေလှမ်းပုံကဲ့သို့ မကျဲမစိပ်သော ခြေလှမ်းဖြင့် ကြွသွားတတ်ခြင်း၊

၁၂။ နွားလားဥသဘ၏ ခြေလှမ်းပုံကဲ့သို့ ခြေတစ်ဘက်နှင့်တစ်ဘက် မထိခိုက်စေတဲ ရှင်းလင်းစွာ ကြွသွားတတ်ခြင်း၊

၁၃။ လက်ယာခြေကို စ၍လှမ်းကြွလေ့ရှိခြင်း၊

၁၄။ အဖုအထစ်မထင်၊ ပြေပြစ်လုံးဝန်းသော ပုဆစ်ဒူးရှိခြင်း၊

၁၅။ ပြည့်ဖြိုးသော ယောကျ်ား အင်္ဂါရှိခြင်း၊

၁၆။ ချက်တော်၌ အပေါက်မရှိခြင်း၊

၁၇။ အပေါ်သို့ စူ၍မထွက် နက်သောချက်တော်ရှိခြင်း၊

၁၈။ လက်ယာရစ်လည်သော ချက်တော်ရှိခြင်း၊

၁၉။ ဆင်နှာမောင်းကဲ့သို့ အရင်းတုတ်၊ အဖျားသေး၍ သွယ်ပြောင်းသော ပေါင်နှင့် လက်မောင်းများရှိခြင်း၊

၂၀။ လွန်စွာအချိုးအစားကျသော အရပ်အမောင်း၊ ကိုယ်လုံးကိုယ်ထည်နှင့် အင်္ဂါ အစိတ်အပိုင်းများရှိခြင်း၊

၂၁။ တစ်ခုနှင့်တစ်ခု လိုက်ဖက်ပြေပြစ်သော ကိုယ်အင်္ဂါအစိတ်အပိုင်းရှိခြင်း၊

၂၂။ ချောမွတ်ပြေပြစ်သော ကိုယ်အင်္ဂါအစိတ်အပိုင်းရှိခြင်း။

www.dhammaransi.com

၂၃။ နိမ့်သင့်ရာ၌ နိမ့်၍ ပြည့်သင့်ရာ၌ ပြည့်သော ကိုယ်အင်္ဂါအစိတ်အပိုင်းများရှိခြင်း၊

၂၄။ ရှုံ့ခြင်း တွခြင်းမရှိ၊ ပြည့်တင်းသော ကိုယ်ခန္ဓာရှိခြင်း၊

၂၅။ မှဲ့၊ တင်းတိတ်၊ ဝက်ခြံစသည်တို့မှ ကင်းရှင်းသော ကိုယ်ခန္ဓာရှိခြင်း၊

၂၆။ နှစ်လိုဖွယ်၊ တင့်တယ်ပြေပြစ်သော ကိုယ်ခန္ဓာရှိခြင်း၊

၂၇။ စင်ကြယ်သန့်ရှင်းသော ကိုယ်ခန္ဓာရှိခြင်း၊

၂၈။ ကုဋေ တစ်ထောင်မျှသော ဆင်ပြောင်တို့၏ အားကိုဆောင်နိုင်ခြင်း၊

၂၉။ မြင့်တက်ပေါ်လွင်သော နှာတံရှိခြင်း၊

၃၀။ နီမြန်းသော သွားဖုံးများရှိခြင်း၊

၃၁။ စင်ကြယ်သော သွားများရှိခြင်း၊

၃၂။ နူးညံ့ပြေပြစ်သော သွားများရှိခြင်း၊

၃၃။ စင်ကြယ်သောမျက်စိ၊ နား၊ နှာခေါင်း၊ လျှာ ဟူသော ဣန္ဒြေများရှိခြင်း၊

၃၄။ လုံးဝန်းသော စွယ်တော် (အံသွား) များရှိခြင်း၊

၃၅။ နီမြန်းသောနှုတ်ခမ်း ရှိခြင်း၊

၃၆။ ရှည်လျားကျယ်ပြန့်သောခံတွင်း ရှိခြင်း၊

၃၇။ နက်သော (ထင်ရှားသော) လက္ခဏာအရေးအကြောင်းများရှိခြင်း၊

၃၈။ ရှည်သောလက္ခဏာ အရေးအကြောင်းများ ရှိခြင်း၊

၃၉။ ဖြောင့်တန်းသော လက္ခဏာအရေးအကြောင်းများ ရှိခြင်း၊

၄၀။ ပုံသဏ္ဌာန်အားဖြင့် နှစ်လိုဖွယ် တင့်တယ်သော လက္ခဏာအရေးအကြောင်းများ ရှိခြင်း၊

www.dhammaransi.com


၄၁။ ကိုယ်တော်၏ ပတ်ဝန်းကျင်၌ တစ်လံမျှလောက် အရောင်အလင်းများထွက်ခြင်း၊

၄၂။ ပြည့်ဖြိုးသော ပါးစောင်း ရှိခြင်း၊

၄၃။ ရှည်ပြန့်သော မျက်လုံး ရှိခြင်း၊

၄၄။ ဝါ၊ ရွှေ၊ ဖြူ၊ နီ၊ နက် ဟူသော အဆင်းငါးမျိုးဖြင့် ကြည်လင်သောမျက်လုံး ရှိခြင်း၊

၄၅။ ကော့ညွှတ်သော မျက်တောင်မွေးများ ရှိခြင်း၊

၄၆။ နူးညံ့ပါးလျှပ်နီမြန်းသော လျှာရှိခြင်း၊

၄၇။ ရှည်လျားတင့်တယ်သော နားရွက်များ ရှိခြင်း၊

၄၈။ အဖုအထစ်မရှိ ချောမွတ်သော ဦးခေါင်းရှိခြင်း၊

၄၉။ အပိန့်အချိုင့်ကင်းသော ဦးခေါင်းရှိခြင်း၊

၅၀။ ဦးခေါင်းမှ ထီးကဲ့သို့ ဝန်းဝိုင်းသော အရောင်အလင်းများထွက်ခြင်း၊

၅၁။ ရှည်ပြန့်သော နဖူးရှိခြင်း၊

၅၂။ လခြမ်းသဖွယ် တင့်တယ်သောမျက်ခုံး ရှိခြင်း၊

၅၃။ နူးညံ့ပျော့ပျောင်းသော မျက်ခုံးမွေးများ ရှိခြင်း၊

၅၄။ အဖျားသေးသွယ် တင့်တယ်သော မျက်ခုံးမွေးများ ရှိခြင်း

၅၅။ ကြီးမားထင်ရှားသောမျက်ခုံး ရှိခြင်း၊

၅၆။ ရှည်သောမျက်ခုံး ရှိခြင်း၊

၅၇။ နုပျိုသောကိုယ် ရှိခြင်း၊

၅၈။ အေးမြသောကိုယ် ရှိခြင်း၊

၅၉။ အလွန်ထွန်းပသောကိုယ် ရှိခြင်း၊

၆၀။ သန့်စင်သောကိုယ် ရှိခြင်း၊

၆၁။ နူးညံ့သောကိုယ် ရှိခြင်း၊


www.dhammaransi.com

၆၂။ ပြေပြစ် ညက်ညော ချောမောသောကိုယ် ရှိခြင်း၊
၆၃။ ကောင်းသောအနံ့ရှိသောကိုယ် ရှိခြင်း၊
၆၄။ ညီညာစွာပေါက်သော မွေးညှင်းများ ရှိခြင်း၊
၆၅။ နူးညံ့သော မွေးညှင်းများ ရှိခြင်း၊
၆၆။ လက်ယာရစ်လှည့်သော မွေးညှင်းများ ရှိခြင်း၊
၆၇။ ကွဲသော မျက်စဉ်း ကျောက်ကဲ့သို့ ညိုသော မွေးညှင်းများ ရှိခြင်း၊
၆၈။ လုံးသောမွေးညှင်းများ ရှိခြင်း၊
၆၉။ ညက်ညောသော မွေးညှင်းများ ရှိခြင်း၊
၇၀။ အလွန်သိမ်မွေ့သော ထွက်သက်ဝင်သက်ကို ဆောင်ခြင်း၊ (အသက်ရှူသိမ်မွေ့ခြင်း)
၇၁။ ကောင်းသောအနံ့ရှိသော ခံတွင်း ရှိခြင်း၊
၇၂။ ဦးထိပ်တော်မှ မွှေးကြိုင်သောအနံ့ ရှိခြင်း၊
၇၃။ အလွန်ညိုသော ဆံပင်များ ရှိခြင်း၊
၇၄။ လက်ယာရစ်လှည့်သော ဆံပင်များ ရှိခြင်း၊
၇၅။ ကောင်းသောပုံသဏ္ဌာန်ရှိသော ဆံပင်များ ရှိခြင်း၊
၇၆။ ညက်ညောသိမ်မွေ့သော ဆံပင်များ ရှိခြင်း၊
၇၇။ မရှုပ်ထွေးသော ဆံပင်များ ရှိခြင်း၊
၇၈။ ညီညာသော ဆံပင်များ ရှိခြင်း၊
၇၉။ နူးညံ့စိုပြည်သော ဆံပင်များ ရှိခြင်း၊
၈၀။ ဦးထိပ်ထက်၌ ကေတုမာလာခေါ် ရောင်ခြည်တော်များ ဖြာထွက်နေခြင်း၊

[ဖော်ပြပါ လက္ခဏာတော်ငယ် ရှစ်ဆယ်တို့ကို မုံရွေးဆရာတော်၏ သမန္တစက္ခုဒီပနီကျမ်း၊ ရှင်ဇနကာဘိဝံသ၏ ရတနာ့ဂုဏ်ရည်ကျမ်း၊ အရှင်ဝါသေဋ္ဌာဘိဝံသ၏ ပရိတ်ကြီး နိဿယသစ်ကျမ်း စသည်တို့၌လည်း ဖတ်ရှုနိုင်ပါသည်။]

❁

www.dhammaransi.com



# ပရိတ်နှင့် ဆိုင်သော မိလိန္ဒပဉှ အမေးအဖြေများ

[သာသနာတော်နှစ် (၅၀၀) ခန့် အချိန်က ပေါ်ထွန်းခဲ့၍အဋ္ဌကထာ ဆရာ ရှင်မဟာဗုဒ္ဓဃောသကပင် အကိုးအကားပြုရသော မိလိန္ဒပဉှ ကျမ်းကြီး၌ ပရိတ်အကျိုးနှင့် ပတ်သက်၍ မိလိန္ဒမင်းကြီး၏အမေးကို ရှင်နာဂသေနက ဖြေကြားခဲ့ပုံများ ပါရှိပါသည်။ စာဖတ်ပရိသတ်များ အလွယ်တကူ လေ့လာနိုင်ရန် မိလိန္ဒပဉှကျမ်း ပစ္စုပါသပဉှ ကဏ္ဍမှ အမေးအဖြေများကို လိုရင်းချုပ်၍ ဖော်ပြလိုက်ပါသည်။]

## ပရိတ်က စောင့်ရှောက်နိုင်သူ

(မိလိန္ဒမင်းကြီး) "အရှင်ဘုရား နာဂသေန 'ကောင်းကင်၌ တည်နေသူသည် လည်းကောင်း၊ သမုဒ္ဒရာအလယ်၌ တည်နေသူသည် လည်းကောင်း၊ တောင်ခေါင်းထဲသို့ ဝင်၍ တည်နေသူသည် လည်းကောင်း၊ သေမင်း၏ ကျော့ကွင်းမှ မလွတ်နိုင်၊ သေမင်း၏ ကျော့ကွင်းမှ လွတ်နိုင်သော အရပ်သည်မရှိ' ဟူသော ဤစကားကို မြတ်စွာဘုရား ဟောကြားခဲ့ပါသည်။

www.dhammaransi.com

တစ်ဖန် ရတနသုတ်၊ မေတ္တသုတ်၊ ခန္ဓပရိတ်၊ မောရပရိတ်၊ ဓဇဂ္ဂပရိတ်၊ အာဋာနာဋိယပရိတ်၊ အင်္ဂုလိမာလပရိတ်ဟူသော ပရိတ်အရံ အတားတို့ကိုလည်း မြတ်စွာဘုရားက ဟောကြားခဲ့ပြန်ပါသည်။

အရှင်ဘုရား နာဂသေန၊ သေမင်း၏ကျော့ကွင်းမှ လွတ်နိုင်သော အရပ်သည် အကယ်၍မရှိငြားအံ့၊ ပရိတ် အရံအတားကို ပြုခြင်းသည် မှားရာ၏။

ပရိတ်အရံအတားကိုပြုသဖြင့် အကယ်၍ သေမင်း၏ကျော့ကွင်းမှ လွတ်ခြင်းသည် ဖြစ်နိုင်ငြားအံ့၊ 'သေမင်း၏ကျော့ကွင်းမှ လွတ်နိုင်သော အရပ်သည်မရှိ' ဟူသောစကားသည် မှားရာ၏။

အရှင်ဘုရား နာဂသေန အစွန်းနှစ်ဖက်ထွက်သော ဤပြဿနာ သည် အရှင်ဘုရားထံသို့ ရောက်လာပါ၏။ အရှင်ဘုရားသည် ဤပြဿနာ ကို ဖြေရှင်းပါလော။"

(အရှင်နာဂသေန) "မင်းမြတ် 'သေမင်း၏ကျော့ကွင်းမှလွတ်နိုင် သော အရပ်သည် မရှိ' ဟူသော စကားကို မြတ်စွာဘုရား ဟောကြား ခဲ့ပေ၏။ တစ်ဖန် ပရိတ် အရံအတားတို့ကိုလည်း မြတ်စွာဘုရားကပင် ဟောကြားခဲ့ခြင်း ဖြစ်ပေ၏။

ထိုသို့ ကြားရာ၌ ပရိတ်အရံအတားသည် သက်တမ်း အကြွင်း ရှိသေး၍ အရွယ်နှင့်ပြည့်စုံသော ပဋ္ဌာနန္တရိယကံ ဟူသော အတားအဆီးမှ ကင်းလွတ်သောပုဂ္ဂိုလ်၏ အကျိုးငှာ ဖြစ်၏။ သက်တမ်းကုန်နေပြီးဖြစ် သောသူအားမူ ဆက်လက်အသက်ရှင်ရန် ပြုနိုင်ခြင်းသည်လည်းကောင်း၊ စွမ်းအား လုံ့လသည်လည်း မရှိပေ။

မင်းမြတ်၊ ဥပမာကား သေ၍ ခြောက်သွေ့နေသော၊ အဆီအနှစ် မရှိတော့သော သစ်ပင်ကို ရေအိုးပေါင်းတစ်ထောင်ဖြင့် ရေသွန်းလောင်း ငြားသော်လည်း တစ်ဖန်ပြန်၍ရှင်သန်စိုပြည်ခြင်းငှာ မဖြစ်နိုင်သကဲ့သို့၊ထို့ အတူပင် သက်တမ်းကုန်ခါနီးသောသူကို ဆေးကုသခြင်း၊ ပရိတ်ရွတ်ခြင်း အမှုတို့ဖြင့် အသက်ရှင်အောင် ပြုလုပ်ခြင်းငှာ မစွမ်းနိုင်ချေ။

www.dhammaransi.com


## ပရိတ်တန်ခိုးများ

(အရှင်နာဂသေန) မင်းမြတ်၊ ပရိတ် အရံအတားပြုသော သူကို ကိုက်လိုသော မြွေသည် မကိုက်ဝံ့၊ ဟောင်းလောင်းပွင့်သော ခံတွင်းသည် ပိတ်သွား၏။ ခိုးသူတို့၏ မြှောက်ချီရွယ်မိုးထားသော တင်းပုတ်သည် လည်း ရိုက်နှက်ရန် မဖြစ်မြောက်နိုင်။ ထိုတင်းပုတ်ကိုင်သူတို့သည် တင်း ပုတ်ကို လွှတ်ချ၍ ချစ်ခင်လာကြကုန်၏။ မုန်ယိုနေသော ဆင်ပြောင်ကြီး သည်လည်း ထိုးရန်လာပြီးမှ ဖယ်ခွာသွား၏။ ပြောင်ပြောင် တောက် သော မီးပုံကြီးသည်လည်း အနီးသို့ရောက်သော် ငြိမ်းသွား၏။ အဆိပ်ကို စားမိလျှင်လည်း ထိုအဆိပ်သည် ဆေးဖြစ်သွား၏။ သတ်လို၍ အနီးသို့ ရောက်လာသော သူသတ်သမားတို့သည်လည်း ကျွန်အဖြစ်သို့ ရောက်သွား ကုန်၏။ နင်းမိသော ကျော့ကွင်းသည်လည်း မဖွဲ့မိချေ။

## ပရိတ်က မစောင့်ရှောက်နိုင်သူ

(မိလိန္ဒမင်းကြီး)အရှင်ဘုရား နာဂသေန၊ ပရိတ်အရံအတားသည် အလုံးစုံသောသူတို့ကို စောင့်ရှောက်နိုင်ပါသလော။

(အရှင်နာဂသေန) မင်းမြတ်၊ ပရိတ် အရံအတားသည် အချို့ သော သူတို့ကို စောင့်ရှောက်၏။ အချို့သောသူတို့ကို မစောင့်ရှောက် နိုင်ချေ။

(မိလိန္ဒ) အရှင်ဘုရား နာဂသေန၊ သို့ဖြစ်သော် ပရိတ်အရံအတား သည် အကျိုးစီးပွားအားလုံးကို မပြီးမြောက်စေနိုင်ပါတကား။

(နာဂသေန) မင်းမြတ်၊ အစာသည် အလုံးစုံသောသူတို့၏အသက် ကို စောင့်ရှောက်ပါသလော။

(မိလိန္ဒ) အရှင်ဘုရား နာဂသေန၊ အစာသည် အချို့သောသူတို့ ၏ အသက်ကို စောင့်ရှောက်၏။ အချို့သောသူတို့၏ အသက်ကိုမူ မစောင့် ရှောက်ပါ။

(နာဂသေန) မင်းမြတ်၊ အဘယ်ကြောင့် ဤသို့ဖြစ်ရသနည်း။

(မိလိန္ဒ) အရှင်ဘုရား နာဂသေန၊ အချို့သောသူတို့သည် အစာ ကို အလွန်အမင်းစား၍ ဝမ်းလျောပြီး သေဆုံးကြရ ပါသည်။ အစာ

www.dhammaransi.com


သည် အသက်ကိုပေးနိုင်လင့်ကစား မကောင်းသဖြင့် မိုဝဲလျှင် အသက်ကို သေစေနိုင်ပါသည်။

(နာဂသေန) မင်းမြတ်၊ ထိုအစာ ဥပမာအတိုင်းပင် ပရိတ် အရံအတားသည် အချို့သောသူတို့ကို စောင့်ရှောက်၏။ အချို့သော သူတို့ကိုမူ မစောင့်ရှောက်နိုင်ချေ။

မင်းမြတ် ပရိတ် အရံအတားသည်—

၁။ ပဉ္စာနန္တရိယ ကံငါးပါးကို ကျူးလွန်မိသူ

၂။ နိယတ မိစ္ဆာ ဒိဋ္ဌိ ရှိသူ

၃။ ပရိတ် တန်ခိုးကို မယုံကြည်သူ

တို့ကို မစောင့်ရှောက်နိုင်ချေ။

မင်းမြတ်၊ မိမိ၏ရင်၌ဖြစ်သော သားကို အစဉ်မပြတ် ကာကွယ်စောင့်ရှောက်လေ့ရှိသော မိခင်ပင်ဖြစ်လင့်ကစား ထိုသားက ကြီးလေးသောအပြစ်ကို ကျူးလွန်၍ မင်းပြစ်မင်းဒဏ်သင့်သောအခါ မိခင်သည် ကာကွယ်စောင့်ရှောက်ခြင်းငှာ မစွမ်းနိုင်သကဲ့သို့၊ ထို့အတူပင် ပရိတ်အရံအတားသည် သတ္တဝါတို့ကို ကာကွယ်စောင့်ရှောက်နိုင်လင့်ကစား ကြီးလေးသော အကုသိုလ်အပြစ်ရှိသူကိုမူ ကာကွယ် စောင့်ရှောက်ခြင်းငှာ မစွမ်းနိုင်ချေ။

(မိလိန္ဒ) အရှင်ဘုရား နာဂသေန၊ အရှင်မြတ်သည် ပြဿနာကို ကောင်းစွာ ဆုံးဖြတ်နိုင်ပါပေသည်။ တပည့်တော်သည် အရှင်မြတ်ကို ကိုးကွယ် ဆည်းကပ်ရသဖြင့် မိစ္ဆာ ဒိဋ္ဌိ အရှုပ်အထွေးကို ဖြေရှင်းနိုင်ခဲ့ပါပြီ။

ဦးမောင်မောင်လေး

[၂၇-၁၀-၈၆]

www.dhammaransi.com

# အမှားပြင်ဆင်ချက်

| စာမျက်နှာ | ကြောင်းရေ | မှား | မှန် |
|---|---|---|---|
| ၁၆ | ၂ | ပရိတ်ဟူသည် | ပရိတ်ရွတ်သူသည် |
| ၂၂ | ၁၂ | ပထမသမိံ | ပထမတ်သမိန် |
| ၂၃ | ၄ | သဂ္ဂမေက္ခံဒ် | သဂ္ဂမောက္ခံဒ် |
| ၂၄ | ၃ | ဝုဍ္ဎိ | ဝုဍ္ဎိ |
| ၂၄ | ၁၅ | ရက္ခသာဒိဟိ | ရက္ခသာဒီဟိ |
| ၂၀ | ၁၃ | သမဏာနုဋ္ဌ | သမဏာနုဋ္ဌ |
| ၃၆ | ၃ | ဒုမ္ဘိက္ခ | ဒုဗ္ဘိက္ခ |
| ၄၄ | ၂ | အရိယာပုဂ္ဂိုလ်တို့သည် | အရိယာပုဂ္ဂိုလ်သည် |
| ၅၀ | ၄ | သမ္ဗေသတ္တာ | သဗ္ဗသတ္တာ |
| ၅၀ | ၆ | တဿဝါ | တသာဝါ |
| ၅၀ | ၂၆ | ဝိထမိဒ္ဓေါ | ဝိတမိဒ္ဓေါ |
| ၅၂ | ၃ | နက်ဘီလူး | နတ်ဘီလူး |
| ၅၄ | ၁၂ | တွေ့ာနှင့်ယှဉ်သော | မေတ္တာနှင့် ယှဉ်သော |
| ၆၃ | ၉ | ဝိဟာရေမှု | ဝိဟရေမှု |
| ၆၄ | ၄ | ဝိဟာရေမှု | ဝိဟရေမှု |
| ၉၅ | ၅ | မဟာကာရုံဏိကာ | မဟာကာရုဏိကာ |
| ၁၀၇ | ၁၀ | သောတ္ထိံ | သောတ္ထိ |
| ၁၀၉ | ၂ | အရိယာဇာ် | အရိယာဇာတ် |
| ၁၂၀ | ၁ | ဗောဇ္ဈင်တရားတို့၏ | ဗောဇ္ဈင်တရားတို့ကို |

www.dhammaransi.com

## ဓမ္မာစရိယ ဦးမောင်မောင်လေး

## ရေးသားသော စာအုပ်များ


၁။ ဗုဒ္ဓ၏ ကိုယ်တွေ့ဝတ္ထုများ (၃–တွဲ) ၁၉၇၆-၇၈

၂။ အနှစ်ချုပ် ဗုဒ္ဓဝါဒ ၁၉၈၁

၃။ ဗုဒ္ဓဝါဒ အခြေပြု ၁၉၈၃

၄။ ဗုဒ္ဓ၏ ဓမ္မအမြုတေများ ၁၉၈၂

၅။ ပိဋကတ်အဖွင့် ဒီဃနိကာယ် ၁၉၈၀

၆။ ပိဋကအနှစ်ချုပ်မဇ္ဈိမ နိကာယ် ၁၉၈၂

၇။ ပိဋကအနှစ်ချုပ် သံယုတ္တနိကာယ် ၁၉၈၅

၈။ ပိဋကအနှစ်ချုပ် အင်္ဂုတ္တရနိကာယ် (ရိုက်နှိပ်ရန် စီစဉ်ဆဲ) (၃-တွဲ)


မြစ်မခစာပေ

www.dhammaransi.com